
www.burmeseclassic.com



လုံးချင်းဝတ္ထုသစ်

# ရင်ပြွတ်နီး

ပန်းကတ္တီပါ စီရင်ချက်

ပန်းချီ သိန်းဇော်ဦး

www.burmeseclassic.com

www.burmeseclassic.com

# ပန်းကတ္တီပါစီရင်ချက်

ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ မေလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

ရှင်မြတ်နိုး-
ပန်းကတ္တီပါစီရင်ချက်/ရှင်မြတ်နိုး။ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၂။
(၂၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ပန်းကတ္တီပါစီရင်ချက်


အခန်း ( ၁ )

မြရိပ်ညိုရဲ့ ခြေလှမ်းလေးတွေက ညရဲ့မီးရောင်အောက်မှာ သွက်သွက်လေးလျှောက်လှမ်းနေသည်။ သူမ အပြင်ထွက်လာခဲ့တာ ဘယ်သူမှမသိ။ အိမ်က အဖေနဲ့အမေလည်းမသိ။

ဒုက္ခပါပဲ။

သူမ အပျော်လွန်ပြီး နောက်ကျသွား၏။ အဖေလည်း နေမကောင်းဘူး။ မြရိပ်ညိုရဲ့ ခြေလှမ်းကို ခပ်သွက်သွက်ပို၍လှမ်းသည်။

"မြရိပ်ညို"

"ဟင်"

"နင် ပြန်လာတာ နောက်ကျလှချည်လား"

သူမ အထိတ်တလန့် မော့ကြည့်လိုက်တော့ ရပ်ကွက်ထဲက သူမတို့အိမ်နီးနားချင်း လရိပ်ထင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ဘာဆိုင်လဲ လရိပ်ထင် … ငါ့ဟာငါ ဘယ်အချိန်ပဲ ပြန်ပြန်ဟာ"

"မြရိပ်ညို"

"ဘာလဲဟ"

"နင်ဘာတွေလုပ်နေတာလဲ … လူကြီးတွေမသိအောင် နင် အပြင်ထွက်နေတာ မဟုတ်လား"

"ဟုတ်တယ်လေ … ဘာဖြစ်လဲ၊ နင်သိစရာမလိုဘူး၊ မစပ်စု နဲ့ … ယောက်ျားလေးဖြစ်ပြီးများ … "

သူမ နည်းနည်းတော့ လန့်နေသည်။ ဒီကောင် လရိပ်ထင် စပ်စပ်စုစု ဖေဖေတို့ကိုပြန်ပြောလိုက်ရင် ဒုက္ခပါပဲ။ သူမ သိပ်ပြီး ရန်စွာလို့ မဖြစ်သေးဘူး။

"အဟဲ … လရိပ်ထင် … အိမ်ကလူတွေကို သွားမပြောနဲ့ နော်၊ နင်ကရော ဘာဖြစ်လို့ ဒီအချိန်အထိ လမ်းထွက်နေရတာလဲ"

"နင့်ကိုစိတ်ပူလို့ ထွက်ကြည့်နေတာလေ"

"ဟား … ဟား … ဟား"

"ဘာရယ်တာလဲ"

"ဘယ်အချိန်ကစပြီး ငါ့ကိုစိတ်ပူသွားရတာလဲ ငါထွက်တာ ကြာပြီလေ"

"ငါသိတာလည်း မကြာသေးလို့ပေါ့ဟ … နင်ဘာထွက်လုပ်





နေတာလဲဆိုတာ ငါသိတယ်"

"နင် … နင် မဟုတ်မဟတ် ပေါက်ကရတွေ လျှောက် မတွေးနဲ့နော် ငါ့မှာလေ … အမေ နေမကောင်းဘူးဆိုတာလည်း နင်သိတယ်၊ ငါကျောင်းဆက်တက်ဖို့လည်း ငွေလိုတယ် … အဖေ က နင်သိတဲ့အတိုင်းပဲ အဖေရှာတဲ့ငွေက အဖေအရက်သောက်တာ နဲ့ပဲလေ … "

"နင် ဘာလုပ်တာလဲ"

"သီချင်းဆိုတာပါ"

"ကလပ်မှာလား"

"အင်း"

"ဘာ … မြရိပ်ညို … "

"နင် အပြင်မှာ ပေါက်ကရတွေ သတင်းမလွှင့်နဲ့နော် … ငါတောင်းပန်ပါတယ်ဟယ် … ငါ့အဖေအကြောင်း နင်သိတဲ့အတိုင်း ပဲ လရိပ်ထင် … ငါ့ကိုသတ်မှာ … "

"နင် … နင် ဘယ်လိုလုပ်"

"ထားလိုက်ပါ … ငါ့ဘဝနဲ့ငါပဲဟယ် … ငါ ရုပ်ဖျက်ထား တာ … ဒီနေ့မှ အရမ်းနောက်ကျနေလို့ပါ။ အရင်က ယောက်ျားလေး တစ်ယောက်လို ငါဝတ်ထားတာပါ"

လရိပ်ထင်ကတော့ သူမတို့နှင့်ဘဝတူတွေဖြစ်ပေမယ့် သူက



www.burmeseclassic.com

www.burmeseclassic.com



စာဂျပိုးတစ်ယောက်ပါ။ သူမလည်း ... ပညာရေးအတွက် ရည်မှန်းချက်တွေ ကြီးမားသူပါ။ ဒါပေမဲ့ ... သူမမှာ ငွေကြေးက မပြည့်စုံပေ။ အဖေ့ဝင်ငွေနှင့် မလုံလောက်။ အမေကလည်း ကျန်းမာရေးချို့တဲ့နေသေးသည်။

"ပြီးတော့လေ ... လရိပ်ထင်၊ ငါ သီချင်းပဲဆိုတာပါဟာ၊ ငါ့ ကိုယ်ကျင့်သိက္ခာကို ငါစောင့်ထိန်းပါတယ် နင်မယုံရင် လိုက်ကြည့်"

"နင့်ကိုတော့ ငါယုံပါတယ် မြရိပ်ညို ... ဒါပေမယ့်ဟာ ပတ်ဝန်းကျင်က သိသွားရင် နင့်ဘဝတစ်ခုလုံး အဖတ်ဆယ်လို့မရအောင် ဖျက်ရမယ်နော်"

"မတတ်နိုင်ဘူးဟာ ... "

မြရိပ်ညိုကို နိုက်ကလပ်တစ်ခုနှင့် ဆက်သွယ်ပေးတာက သူငယ်ချင်းညိုမီပင်။ သီချင်းဆိုတာပါ။ နိုက်ကလပ်မှာ အလုပ်လုပ်သူတိုင်း မကောင်းတဲ့မိန်းကလေးတွေမှ မဟုတ်တာ။ မြရိပ်ညိုဆို ရိုးသားစွာ ဝင်ငွေရှာနေတာပဲဖြစ်သည်။

"ငါ ပညာဆက်သင်ချင်တယ် လရိပ်ထင် ... ဘယ်မှာလဲ စရိတ် ... ငါ ဆယ်တန်းအောင်တယ်၊ အနည်းဆုံး ဘွဲ့လေးတစ်ခုခု ငါရချင်တယ်ဟာ"

မြရိပ်ညိုအား လရိပ်ထင် အပြစ်မတင်ချင်တော့။ သူမဘဝ





ကို သူ အသိဆုံးပင်။ သူတို့ထက်တောင် နွမ်းပါးတယ်။ သူတောင် တက္ကသိုလ်တက်နိုင်သေးတယ်။ မြရိပ်ညိုက စာပေးစာယူနှင့် အင်္ဂလိပ်မေဂျာ ယူထားသည်။

"ငါသွားတော့မယ် လရိပ်ထင် ... နောက်ကျနေပြီ၊ အဖေ မနိုးခင် အိမ်ထဲဝင်ရမှာဟ"

"ငါနဲ့အတူတူသွားမယ်"

"အင်း"

လရိပ်ထင် ... စိတ်ထဲမှာ မြရိပ်ညိုအား အကာအကွယ်အထောက်အပံ့ပေးချင်သည်။ ဒါပေမဲ့ ... သူလည်း မတတ်နိုင်။ ငွေကြေးပြည့်စုံတဲ့ အခါက ကျောင်းထားပေးတာပါ။ ညက တိတ်ဆိတ်နေသည်။ မြရိပ်ညိုအတွက် လရိပ်ထင် မတွေးရဲအောင် ဖြစ်နေရ၏။ ငယ်စဉ်လေးထဲက အတူနေခဲ့ပေမယ့် မြရိပ်ညိုက မာနကြီးသူ သူ့ကိုပင် အဖက်မလုပ်။ ဒါပေမဲ့ ... သူကတော့ မြရိပ်ညိုကို စိတ်ဝင်စားနေတာကြာပြီ။

"လရိပ်ထင်"

"ဟင်"

"နင် လုံးဝနော်"

"အေး ... "

"မြရိပ်ညိုက ဘယ်လိုမိန်းကလေးလည်းဆိုတာ နင်သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ငါလိုက်ပြီး စောင့်ရှောက်ပေးမယ်”

“မလိုပါဘူး၊ နင် ... ငါ့နောက်လည်း မလိုက်နဲ့၊ ငါဟာငါ ငွေရှာတာ နင်စိတ်မဝင်စားပါနဲ့”

“မဟုတ်ဘူးလေ မြရိပ်ညို ... ”

“ငါ သွားပြီ”

“မြရိပ်ညို”

“ငါနဲ့ထပ်ပတ်သက်ဖို့ မကြိုးစားနဲ့တော့နော် လရိပ်ထင်”

သူမ တံခါးလေးကို ဖွင့်ကာအိမ်ထဲဝင်လာခဲ့သည်။ လူကြီးတွေမသိအောင် သူမအပြင်ကို ခိုးခိုးထွက်ပြီး နိုက်ကလပ်မှာ သီချင်းဆိုနေတာ တစ်ပတ်လောက်ရှိနေပြီဖြစ်သည်။ အဖေနဲ့အမေက အိပ်နေကြသည်။ အဖေက အမူးသမား။ မနက်မိုးလင်းရင်တောင် မနဲနိုးရတယ်။ အမေက ရောဂါသည်ဖြစ်၍ အိပ်ဆေးသောက်အိပ်ရသည်။

“အဖေနဲ့အမေ သမီးကို စိတ်မဆိုးကြပါနဲ့ ... မြရိပ်လေ ... ဘာပဲဖြစ်ဖြစ် ငွေလိုအပ်နေလို့ပါ၊ မြရိပ်ညို ရိုးရိုးသားသားလေးနဲ့ပဲ ငွေရှာနေတာပါ”

မြရိပ်ညိုက မာနကြီးတဲ့သူပါ။ ဒါပေမဲ့လည်း သူမငွေရှာချင်သည်။ သူမ သီချင်းဆိုတာ ဝါသနာပါ၏။ အဆိုတော်မလေးတစ်





ယောက်လည်း ဖြစ်ချင်သည်။ လရိပ်ထင် ... နင် ငါ့ကိစ္စတွေမှာ ဝင်မရှုပ်စမ်းပါနဲ့ဟယ်။ ငါ့ဘဝကို မြင့်မားအောင် ငါ့အစွမ်းအစတွေနဲ့ လုပ်ပြချင်တယ်။ ငါ့အမုန်းဆုံးက ငါ့ဆွေမျိုးတွေပဲ။ နင့်အဒေါ်ကမှ ငွေကြေးထောက်ပံ့ပြီး ကျောင်းထားပေးပါသေးတယ်။ ငါ့ကိုတော့ မတူမတန်သလိုလို ဆက်ဆံကြတယ်။ အဖေ့ကို အမွေပြတ်စွန့်လွှတ်ထားတာတဲ့။ အမေနဲ့သားလို့တဲ့ ... အခဲမကြေနိုင်ကြဘူး။ အပြစ်မဲ့တဲ့ မြရိပ်ညိုကိုတောင် စွန့်ပစ်ထားခဲ့ကြသည်။

“မြရိပ်ညို ... တစ်နေ့နေ့တော့ ချမ်းသာရမယ်၊ အမေလည်း ရွှေတွေ ငွေတွေနဲ့ ချမ်းချမ်းသာသာနေရမယ်”

အဖေက သူရှာပေးထားတဲ့ငွေနဲ့ပဲရအောင် နေရမယ်တဲ့။ အဖေက အမေ့ကို နည်းနည်းလေးမှ မကြင်နာခဲ့ပေ။ အမေက အဖေ့ကို ဖျားယောင်းသွေးဆောင်ပြီး အရယူခဲ့တာတဲ့။ အမေ့ကိုမေးကြည့်တော့ အမေက အင်းတဲ့။ အမေက အဖေ့ကို သမီးအပြစ်တင်မှာစိုးရိမ်သည်။

“အဖေက အဖေပဲနော်ရိပ် ... ညည်းက အပြစ်မတင်နဲ့၊ အမေက မှားတာပါ ... ညည်းအဖေက သူဌေးသားလေ”

အမေ့ကို မြရိပ်ညို သနားမိသည်။ အဖေ့အပေါ် အချစ်ကြီးလွန်းနေ၏။ အဖေနှိပ်စက်သမျှ ခံယူသည်။

“အမေ့အပြစ်တွေပါကွယ် ... အမေက ကိုယ်နဲ့မတန်မရော



www.burmeseclassic.com

www.burmeseclassic.com



ကို မှန်းခဲ့တာပဲ၊ သမီးအဖေ ဖြစ်မသွားတာဘဲ ကျေးဇူးတင်ရမယ်လေ"

မြရိပ်ညိုကတော့ အဲဒီလို မတူမတန်ဘူးဆိုတဲ့ လူတန်းစားခွဲခြားဆက်ဆံနေမှုတွေကို မုန်းသည်။ လူလူချင်းပဲ။ အခုထိ အဖေ့ဆွေမျိုးအသိုင်းအဝန်းတွေက အနံ့ကြီးကွင်းကျယ်နှင့်သူမအား အဖက်မလုပ်ခဲ့။ အဖေကလည်း သူ့ဆွေကြီးမျိုးကြီးများကို ယခုထိ အကာအကွယ်ပေးနေသေးသည်။

"မြရိပ်ညို ... အဖေ့အမေက ပြောလိုက်တယ်၊ ကိုယ်ကျင့်သိက္ခာကိုထိပါးတဲ့အလုပ်တွေကို မလုပ်ပါစေနဲ့တဲ့ ... အဖေပြောတာ ကြားလား၊ မိန်းကလေးဆိုတာ ကိုယ့်ဘဝတစ်သက်တာအတွက် ရိုးသားမှုနဲ့ပဲ ငွေရှာရမယ် ... ဘာပဲဖြစ်ဖြစ် အဖေ့ဆွေမျိုးတွေ ဂုဏ်သိက္ခာမဲ့စေမယ့် အပြုအမူတွေကို ရှောင်ပါ ... အဖေကတော့ သတ်ပစ်မယ်"

သူမ ...

နာကြည်းမိသည်။

အဖေက မိသားစုအပေါ် သူဌေးသားဆိုတဲ့ မာန်မာနနှင့် ဖိနှိပ်နေခဲ့သည်။

"ငါချမ်းသာချင်တယ် ... ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ်လေ ..."





တစ်ဖက်အိမ်က လရိပ်ထင် တွေ့သွားတာ သူမစိတ်မလုံ။ ဒီနေ့ ပျော်ရွှင်ခဲ့ရတာတွေ ပျောက်ဆုံးသွားသည်။

"မင်းနာမည်က ဘယ်သူလဲ ..."

"မြရိပ်ညိုပါ"

"မင်းအသံ အရမ်းကောင်းတယ်၊ အဆိုတော်ဖြစ်ချင်လား"

"ရှင်"

"ကိုယ်က ဒီနေ့ရဲ့ ဒီကလပ်မှာကျင်းပတဲ့ မွေးနေ့ရှင်ရဲ့ သတို့းမဟာပဲ ..."

သူမ အံ့ဩတုန်လှုပ်လွန်း၍ ဆက်ပြောစရာစကားတွေ ကုန်ခမ်းသွားပြီ။ သူ့ကို ငေးမောကြည့်မိသွားရသည်။ မွေးနေ့ရှင်သတိုးမဟာက ကြီးကျယ်ခမ်းနားလွန်းသူတဲ့။ လူတွေကို သိပ်အဖက်လုပ်ပြီး စကားပြောတာမဟုတ်ဘူး။ သူအရမ်းစိတ်ဝင်စားလွန်းတဲ့ သူမှ စကားပြောတယ်တဲ့။ ဘုရားရေ ... မြရိပ်ညိုက ကံထူးရှင်ပေါ့။

"မင်းကိုမေးနေတယ်လေ မြရိပ်ညို"

"ရှင်"

"မင်းအဆိုတော် ဖြစ်ချင်လားလို့"

"ဟုတ်ကဲ့ ... ဖြစ်ချင်ပါတယ်"

"ဒီ Visiting Card လေးကို မင်း ယူထား ... မင်းကြိုက်တဲ့ အချိန် ကိုယ့်ကိုလာဆက်သွယ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

သူမ ပျော်ရွှင်ခဲ့ရသည်။ ထိုအကြောင်းတွေကို သူငယ်ချင်း ညိုမီကိုပြောပြတော့ နင်ကံကောင်းတာပဲ။ ဒီအခွင့်အရေးအမျိုး လက်မလွှတ်စေနဲ့တဲ့ နင်သွားဆက်သွယ်တဲ့ သတိုးမဟာဆိုတာက လူပျိုလူလွတ်တဲ့။ နင့်ကိုစိတ်ဝင်စားလို့ လာမိတ်ဖွဲ့တာတဲ့။ သူမက တော့ ကြောက်နေသည်။

"အခွင့်အရေးက ရခဲ့ပေမယ့် သူက စားဖားကြီးဆိုရင် ဘယ်လိုလုပ်မလဲ ညိုမီ"

"ချက်စားလိုက် ... အရေခွံတောင် မခွာဘဲ ကင်စားလိုက် ဟာ၊ ကြော်စားလို့လည်းကောင်းတယ် ... ညိုမှီဖေဖေကတော့လေ ဖားအသားက ကြက်သားနဲ့တောင် မလဲနိုင်ဘူးတဲ့"

"ကောင်မစုတ် ညိုမီ"

ညိုမီလည်း ကလပ်မှာ သီချင်းဆိုတာပါ။ သူမ အိပ်လို့မရ။ ဝင်ငွေတော့ရပါရဲ့။ အမေ့ကို ဆေးကုပေးချင်တယ်။ ဒါပေမဲ့ ... ဘယ်ကနေ ပိုက်ဆံတွေရလာလဲဆိုရင်၊ အဲ ... ဟုတ်ပြီ၊ လရိပ်ထင် သူ့ကို ပုံချရမယ်။ မြရိပ်ညိုအဖေက လရိပ်ထင်ကို အထင်ကြီးသည်။

"သမီး ... မိန်းကလေးတစ်ယောက်အတွက် လရိပ်ထင်ဆို တဲ့ကောင်လေးက ရွေးချယ်သင့်တယ်"

သူမကတော့ ဖေဖေ့ကို မပြောလိုပေ။ အရက်တွေသောက်





ပြီး ပြဿနာရှာနေတတ်သည်။

"ရှုပ်ရှုပ်ရှက်ရှက်တွေသိရင် သတ်ပစ်မှာနော် မြရိပ်ညို"

သူမကလည်း သူမဘဝကို ဘာမဟုတ်တာလေးနှင့် အပျက် စီးမခံပါဘူး။ မြရိပ်ညို အဆိုတော် ဖြစ်ချင်သည်။

"နင့်ကိုသတိုးမဟာဆီ ဆက်သွယ်လိုက်လေ မြရိပ်ညို"

"စဉ်းစားဦးမယ်ဟာ"

"နင်ကလဲဟယ်"

ညက သူမ ပျော်နေသည်။ ကိုသတိုးမဟာရဲ့ ရီဝေဝေမျက် လုံးအစုံက သူမအား စူးစူးစိုက်စိုက် ကြည့်နေသည်။

"ဟဲ့ ... မြရိပ်ညို၊ နင့်ကိုလေ သူဌေးက အရမ်းကြည့်နေ တယ်"

မြရိပ်ညို ပျော်နေလို့မဖြစ်ပါဘူး။ အထင်ကြီးစရာလည်း မရှိ ပေ။ သူတို့လို သူဌေးတွေက မြရိပ်ညိုတို့လို မိန်းကလေးမျိုးတွေကို မြတ်မြတ်နိုးနိုးနှင့်လက်ထပ်ပါ့မလား ... ဇဝေသေးတယ်။ ကိုသတိုး မဟာက ချောလိုက်တာ။ ခန့်တယ်။ နုဖတ်နေတာပဲ။ လူပျိုလူ လွတ်ဖြစ်နေ၍လည်း မိန်းကလေးတွေက စိတ်ဝင်တစားရှိကြသည်။

"သမီး သူဌေးသားဆိုပြီး သူ့ကိုရတာနဲ့ ချမ်းသာမယ်လို့ မထင်နဲ့နော် ... အမေ့ကိုကြည့် ..."

သူဌေးသားကိုယူပြီး အမေခံစားနေရတဲ့ဘဝတွေ သူမတွေ့



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

"မြရိပ်ညို ... နင်ဘာတွေတွေးနေတာလဲ ... မတန်မရာ ကိုသတိုးမဟာက နင့်ကိုအပျော်အနေနဲ့ပဲ တွေးထားမှာ ... နင် ဘာအရူးထနေတာလဲ"

သူမ အိပ်ပစ်သည်။

"အဟွတ် ... ဟွတ် ... "

"အဟွတ်"

"ဟင်"

အမေချောင်းဆိုးသံကြောင့် မြရိပ်ညို နိုးလာသည်။ အမေ့ အခန်းထဲ ချောင်းကြည့်၏။ အဖေက မထ။ အမေချောင်းဆိုးရင်း အပြင်ဘက်သို့ ပြေးထွက်လာသည်။

"သမီး လန့်နိုးသွားတာလား ... အဟွတ် ... ဟွတ်"

"အမေ"

"ဟင် ... အဟွတ်"

အမေက အိမ်ရှေ့ရောက်တဲ့အထိပြေးသည်။ အမေ့ကို ကြောက်လို့ပါ။ သူမကလည်း အမေနောက် ပြေးလိုက်လာ၏။ အမေ ချောင်းတဟွတ်ဟွတ်။

"အမေ"

"အဟွတ် ... ဟွတ် ... ဟင် ... "





"ဆေးခန်းပြမလား"

"နေပါစေ ... အမေလည်း အခုချောင်းဆိုးပျောက်ဆေးတွေ သောက်နေတာပဲ"

"ပြပါအမေ ... ညနေသွားပြကြမယ်"

"ပိုက်ဆံက ... "

"အမေ"

"ဟင်"

"သမီးကိုလေ ... ဟိုဘက်အိမ်က လရိပ်ထင်က အမေ့ဆေး ဖိုးပေးထားတယ်"

"ဟင်"

"မြရိပ်က လက်မခံပါဘူး၊ သူက အတင်းပေးတယ် ... အမေ့ ဆေးဖိုးတဲ့လေ"

"အင်းလေ ... လရိပ်ထင်လေး အမေ့ကို မကြာခဏ လာ ကြည့်ပေးရှာပါတယ် ... ဆေးဖိုးလည်းပေးတယ်၊ အမေက လက် မခံတာပါ ... အဟွတ်"

"အခုတော့ မြရိပ်လည်း မထူးတော့ဘူးဆိုပြီး လက်ခံလိုက် တယ် ... ညနေ ဆေးခန်းသွားရအောင်နော်"

"အင်း ... ပြချင်တယ်"

တော်ပါသေးရဲ့။ အမေက လက်ခံလို့ အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



အတော်လေး ဆိုးနေသည်။ အမေ ဝိန်သွားတယ်။ မဖြစ်ဘူး။ ဆေးကုသပေးမှဖြစ်မှာပါ။ အမေကတော့ ချောင်းကို တဟွတ်ဟွတ်ဆိုးနေ၏။ အဖေထပြီး ဆူပွက်မှာလည်း ကြောက်သည်။

အမေလည်း ငယ်စဉ်ကချောမောလှပသူတဲ့။ ဆင်းရဲလို့သာတဲ့ ... သူမကတော့ အဖေ့ကို တာဝန်မကြေဟု ထင်မိ၏။

အမေအိပ်မှ မြရိပ်ညိုလည်း ပြန်အိပ်သည်။

အခန်း ( ၂ )

"လရိပ်ထင်"

"ပြော"

"အမေ့ကို ဆေးခန်းပြရမယ်သိလား ... အဲဒါလေ ... နင်က ဆေးဖိုးပေးတယ်လို့ အမေ့ကို ငါပြောထားတယ်"

"ညက နင်ရှာလာတဲ့ပိုက်ဆံနဲ့လား"

"စကားပြောတာ ကြည့်ပြောနော် လရိပ်ထင် ... ဘာနင်ရှာလာတာလဲ ငါက ရိုးရိုးသားသားပါဟဲ့"

"ငါကလဲ ဘာပြောလို့လဲ ... ရိုးရိုးသားသားပဲဟာ၊ နင်ရှာလာတဲ့ငွေ မဟုတ်လို့လား"

"ဟွန်း ... "

သူမ မျက်စောင်းလေးထိုးပစ်တော့ လရိပ်ထင်ရယ်သည်။ ဒီကောင့်ကိုတော့ မြရိပ်ညို ရန်ရှာလို့ မဖြစ်သေးပါဘူး။ အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပြရမယ်။ လိုအပ်တာလေးတွေလည်း ဝယ်ပေးရမယ်။

"နင့်အမေ ညက ချောင်းတွေအရမ်းဆိုးနေတာ ကြားတယ် ငါထလာချင်လိုက်တာ မြရိပ်ညို ... နင်နဲ့စကားပြောနေသံ သဲ့သဲ့လည်းကြားတယ်"

"အမေချောင်းဆိုးနေတယ်ဟာ ... နင်သိတယ် မဟုတ်လား။ အဖေကလည်း နင်သိထားတဲ့အတိုင်း အမေ့ကို အမြဲတမ်း ရန်လုပ်နေတယ်လေ"

"မြရိပ်ညို ... "

"ဟင်"

"နင် ... နင် ... ပိုက်ဆံရှာတာလည်း ရှာတာပေါ့ဟာ၊ နင့်ကိုယ်ကျင့်တရားနဲ့ မာနကိုလည်း ငါယုံတယ် ... ငါက စေတနာနဲ့ပါ"

လရိပ်ထင်။ ဒီကောင်ကတော့ အမြဲတမ်း ဆရာကြီးလုပ်ချင်တယ်။ သူမ အကြောင်းတွေကို မတိုင်ပင်နိုင်။ သူမကို ဆုံးမပြောဆိုနေတာတွေ စိတ်ပျက်သည်။

"ဟဲ့ ... လရိပ်ထင်၊ မေမေမေးရင် နင်ပေးတာလို့ပြောဖို့ အရေးကြီးတယ်"

"နင်ပိုက်ဆံက ဘယ်လောက်လဲ မြရိပ်ညို ... ငါပေးနိုင်တဲ့ အတိုင်းအတာ ဟုတ်ရဲ့လား"





"အေးပါဟ ... ငါသိပါတယ်၊ ငါကရော ဘယ်လောက်ရမှာလဲ ... "

"နင် ဒီညရော ... "

"မသွားတော့ဘူး"

"ငါ့လိမ်တာလား"

"နင် စောင့်ကြည့်နေလေ"

မလွှဲသာလို့သာ လရိပ်ထင်နှင့်စကားပြောနေရတာပါ။ သူမ အထင်မကြီးပါ။ သူမ ချမ်းသာချင်သည်။ အမေ့ကိုလည်း ဆေးကုပေးချင်တယ်။

လရိပ်ထင်ကတော့ အခေါ်တွေပဲ ချမ်းသာတာပါ။ သူမ ပြန်ဝင်လာခဲ့သည်။

"အဟွတ် ... ဟွတ်"

"အဟွတ်"

အမေ ချောင်းဆက်ဆိုးနေသည်။ မြရိပ်ညို အပြင်ထွက်ရဦးမယ်။ သတိုးမဟာနဲ့ သွားတွေ့ဖို့ ဆုံးဖြတ်ထားသည်။

"မင်း ချောင်းဆိုးတာကလည်း တစ်ညလုံး မအိပ်ရဘူး ... နားကိုညည်းနေတာပဲ ... မင်းကိုယူမိတာ ငါ့ဘဝတစ်ခုလုံး ဒုက္ခတွေနဲ့ပဲ ကြုံတွေ့နေရတယ် ... အလကားပဲ"

"အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေကို ကာကွယ်မနေနဲ့ ... နင်လည်း အလုပ်ရှာ၊ မိဘတွေ အသက်ကြီးပြီ"

အဖေ ဘယ်လောက်များအသက်ကြီးသေးလို့လဲ။ အမေကတော့ မြရိပ်ညို လက်ကိုတို့သည် ... မပြောနဲ့တဲ့။ အမေမျက်နှာသစ်ပြီး အဖေ့အတွက် စောစောထပြီး မုန့်ထွက်ဝယ်ပေးရသည်။ နေမကောင်းတဲ့ကြားမှ အမေ ဝယ်ပေးထားတဲ့ မုန့်ဟင်းခါးကို ထမင်းနှင့်စားသည်။

အဖေ့ စရိုက်ကလည်း တစ်နေ့ တစ်နေ့ နည်းတာမဟုတ်။ အမေလည်း ဈေးရောင်း၊ စက်ချုပ်နှင့်ပိုက်ဆံရှာ၍ အဖေ့ရဲ့လိုအပ်ချက်တွေ အဆင်သင့် ဖြည့်ပေးထားရသည်။

"ချောင်းဆိုးပျောက်အောင်လုပ် ... ငါနားညည်းတယ်၊ မင်းရောဂါက ဘာလဲ၊ ငါ့ဆွေမျိုးတွေအိမ်မှာ တစ်ပတ်နေမယ်၊ မင်းရောဂါကုထား ... မြရိပ်ညို သမီးကိုလည်း သတိပေးထားမယ် နာမည်မပျက်စေနဲ့ ... "

အဖေ ထွက်သွားသည်။

အမေကတော့ ပြည့်ဝဲလာတဲ့ မျက်ရည်တွေကို မြရိပ်ညို မမြင်စေရန် ပုတ်ခတ်ထိန်းသိမ်းနေ၏။ မြရိပ်ညိုတော့ အမေ့လက်ကို တင်းတင်းဆုပ်ကိုင်၍ အမေအားရှိစေရန် အဖေ့ကိုလည်း အပြစ်တင်စကားတွေ မပြောတော့ပါဘူး။





အမေက မကြိုက်။ ရှဲကြီးမည်တဲ့။

"အမေ"

"ဟင်"

"ညနေ ဆေးခန်းသွားပြမယ်၊ လက်ခံပေးပါ ... အမေ့ချောင်းဆိုးကြီးက ပျောက်မှဖြစ်မယ်လေ ... အဖေ ပြန်မလာရင် ဘယ်လိုလုပ်မလဲ"

"အေးပါအေ ... သမီးမှာရော ပိုက်ဆံရှိလို့လား၊ ဟိုကောင်လေးကို အားနာတယ်ဟဲ့ ... သမီးအဖေကိုလည်း အပြစ်မတင်နဲ့ မြရိပ်ညို ... သူက သူ့ဒွေးသားလေ ... အမေက အတင်းယူခဲ့တာ မယူရင် တိုင်မယ်တောမယ်လုပ်လို့ ယူခဲ့တာပါ"

"အမေကလည်း ကိုယ့်ကို သားမယားလို ပြုကျင့်ပြီးမှ မယူလို့ရမလား ... သမီးသာဆို လာပြီးငြင်းကြည့်ပါလား၊ ထောင်ထဲ တန်းထည့်ပစ်လိုက်မယ်"

"သမီး မြရိပ် ... "

"အမေ"

"ညည်းအဖေ ပြောသွားတာ ကြားလား ... သူ့အမျိုးအဆွေ ဂုဏ်သိက္ခာကျမှာ အရမ်းကြောက်တယ်၊ သမီးကိုသတ်မှာနော်၊ အမေလည်း မကြိုက်ပါဘူး ... သတိထား ... မိန်းကလေးတစ်ယောက် တည်တည်ငြိမ်ငြိမ် အလုပ်လေးတစ်ခုခုရှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"သမီးလေးက အရမ်းလှတယ် ... အဖေတူသမီးလေးပါ၊ သမီးအဖေက အရမ်းချောတယ် ဖြူတယ် ခန့်တယ်"

"တော်ပါတော့ အမေရာ"

အမေက ယောကျ်ားကို အမွှန်းတင်လွန်းနေသည်။ အမေ့အကျင့်။

အဖေ့အပေါ် အကောင်းမြင်လွန်း၏။ မြရိပ်ညိုကတော့ အမေ့အတွက် လိုအပ်တာတွေလုပ်ပေးပြီး ပြင်ဆင်၍ အပြင်ထွက်လာခဲ့သည်။

"အမေ ... သမီးအလုပ်ရှာရမယ်၊ စိတ်မပူနဲ့နော် ... အနားယူနေပါ ... အအေးမခံနဲ့"

"အင်း ... အင်း ... အမေ့အတွက်လည်း စိတ်မပူနဲ့"

"ဟုတ်ကဲ့"

မြရိပ်ညို အပြင်ထွက်လာခဲ့သည်။ သူမ အဆိုတော်ဖြစ်ချင်တယ်။ ကလပ်မှာဆိုတုန်းက လူတိုင်းကြိုက်နှစ်သက်ကြ၏။ ကိုသတိုးမဟာနဲ့သွားတွေ့ရမယ်။ သူမ အဆိုတော်ဖြစ်မှ အဆင်ပြေမှာပါ။

အပြင်ထွက်လာခဲ့သည်။ ကိုသတိုးမဟာရဲ့ ကုမ္ပဏီရှေ့ရောက်တော့ သူမ ခြေလှမ်းတွေ တုန့်ခနဲ တွန့်ဆုတ်ရပ်တန့်သွား၏။





အဆောက်အဦကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေက မြရိပ်ညိုလို အနုတ်အစုတ် ကောင်မလေးတစ်ယောက်အတွက် အလွန်သေးနုတ် သိမ်ငယ်သွားရသည်။

"ဝင်သွားလို့ ဖြစ်ပါ့မလား ... ဒီလူက ... "

ဖုန်းဆက်ကြည့်ဖို့ သူမ စိတ်ကူးလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ကိုသတိုးမဟာကိုယ်တိုင် လိုလိုလားလား ဆီးကြိုဆက်ဆံတာမျိုးပဲဖြစ်ချင်လာ၏။ သူမက ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားကို မြူဆွယ်ဖြားယောင်းတာမျိုး မဖြစ်စေချင်။

အမေ့ကို ကြည့်ပါလား။ အနှိမ်ခံဘဝ ... သဘောမတူလို့ အမွေဖြတ်ထားကြသေးသည်။

"အမေ့ကို အကြောင်းပြပြီး အဖေ့ရသင့်တဲ့အမွေတွေကို အပိုင်စီးထားကြတာပါ ... အဖေ့မှာ ဘာအပြစ်ရှိလို့လဲ"

မြရိပ်ညို ရင်ထဲသို့ မာနတွေက အထုအထည်နှင့်ဝင်ရောက်လာသည်။ ကိုသတိုးမဟာအား လုပ်ငန်းသဘောအရပဲ သူမ ပတ်သက်ချင်ခဲ့၏။

သူမ ဖုန်းဆက်လိုက်တော့ ဖုန်းက တစ်ခါတည်းနှင့် အဆင်ပြေပြေဝင်သွားသဖြင့် သူမရင်တွေ ဒိတ်ခနဲ လှုပ်ခါသည်။

"ဟဲလို ... သတိုးမဟာပါ"

"ဟို ... ဟို ... ကျွန်မကလေ ... ကျွန်မက ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်သူလဲ"

"ရှင်"

သူ့အော်သံကြီးက ကျယ်လောင်စွာထွက်ပေါ်လာ၍ သူမ လန့်သွားသည်။ ဘယ်လိုဖြစ်ရတာလဲ။ ကလပ်မှာတွေ့တုန်းက တော့ ပြုံးရယ်ရွှင်ပြနေတာပဲ။ သူမအား အရေးတယူရှိလှန်း၏။

သူမ နှုတ်ခမ်းက စူတင်းသွားသည်။

"ဟော့ ... မင်းဘယ်သူလဲ၊ ဒီမှာအလုပ်တွေ ရှုပ်နေတယ်၊ မင်းဘယ်သူလဲ"

"ကျွန်မက ... ကျွန်မက မြရိပ်ညိုပါ၊ ဆရာက ကဒ်ပေး ထားတယ်လေ ... ဗစ်စစ်တင်းကဒ်ပါ ... ဒါကြောင့် ... ကျွန်မ ကလပ်မှာ သီချင်းဆိုပါတယ် ... ဆရာ့မွေးနေ့ကလေ ... "

"ဩော် ... မှတ်မိပြီ၊ အခုတော့ ကိုယ်အလုပ်တွေအရမ်းရှုပ် နေတယ်၊ မြရိပ်ညို နောက်မှပြန်ဆက်သွယ်ပါ"

"ဟုတ်ကဲ့"

သူက ဖုန်းကိုပိတ်ပစ်လိုက်သည်။

ထင်သားပဲ ... သူတို့က ဒီလိုပဲလေ ... တော်ပါပြီ။ နောက် ထပ် သူ့ဆီ လုံးဝဖုန်းမဆက်တော့ဘူး ... ကျွန်မမှာလည်း မာနတွေ ရှိပါတယ်။

တကယ်ပါပဲ ... အလုပ်ကို ကြိုးစားပြီး လုပ်ပါ့မယ်ဆိုမှ သူမ





စိတ်ထဲမှ နာကျင်သွားရကာ ဘယ်ကိုသွားရမှန်းလည်းမသိ။

အမေ့ဆီ ပြန်ရမယ်။ အမေမှ နေမကောင်းတာ။ ဆေးခန်း လည်းပြရမယ်။ ပြန်တော့မယ် ... သူငယ်ချင်း ညိုမိဆီလည်း မသွား ချင်။ သူမကိုယ်က ယုံကြည်ပြီး သူ့ကို ဆက်သွယ်မိတာ။

ရှက်တယ် ... သူမ ခန္ဓာကိုယ်တစ်ခုလုံးလည်း ပူထူနေ သည်။ သူမ ဘတ်စ်ကားပေါ် ပြန်တက်ပြီး အိမ်ပြန်လာခဲ့၏။ သူမခြေလှမ်းတွေက လေးလေးလံလံ အသိကင်းမဲ့နေသည်။

"မြရိပ်ညို"

"ဟင်"

"နင်ဘာဖြစ်လာတာလဲ ... နေပူကြီးထဲမှာ လသာတယ် ထင်ပြီး တစ်လှမ်းခြင်းလျှောက်နေတယ် ... ထီးရော မပါဘူးလား ထီးရောရှိရဲ့လား"

"အင်း ... ရှိပါတယ်၊ ဟုတ်ပါရဲ့ဟယ် မြရိပ်ညိုလေ အမေ့ အကြောင်းတွေတွေးပြီး စိတ်ထဲမှာအသိတွေ ကင်းမဲ့နေသလိုပဲ။ အမေ အရမ်းနေမကောင်းဖြစ်နေတာလေ"

လရိပ်ထင်ကို တွေ့လိုက်ရတော့ သူမအားကိုးရာအရိပ်လေး တစ်ခုကို တွေ့လိုက်ရသလိုပင်။ ထူးထူးခြားခြားပဲ ... သူက သူ့ ထီးအရိပ်အောက်သို့ ဝင်စေသည်။

"နင် အအေးသောက်မလား၊ ဟိုမှာဆိုင် ခဏလေးနားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါမြရိပ်ညို … နေပူကြီးထဲမှာဟာ နင်နေမကောင်းဖြစ်မှခက်မယ်၊ အပူရှပ်တော့မှာပဲ … လာပါ … ငါ တိုက်မယ်၊ ဆေးခန်းက ညနေမှ မဟုတ်လား"

"အင်း"

"လာ"

လရိပ်ထင်က ရှေ့ကနေ အအေးဆိုင်လေးထဲဝင်သွားသဖြင့် မြရိပ်ညိုလည်း ရင်တွေပူလောင်နေတာကြောင့် အအေးဆိုင်ထဲ ဝင်လိုက်ခဲ့သည်။ ခြေလှမ်းတွေလည်း ဆက်မလှမ်းချင်တော့။

သတိုးမဟာဆီ မတန်မရာ အဆက်အသွယ်လုပ်ခဲ့တာကိုက သူမ အမှားတွေပါ။

"ထိုင်"

"အင်း"

"လိုင်ချီးသောက်မလား"

"အင်း"

"နင်ကြိုက်တယ် မဟုတ်လား"

"အင်း"

"ဘာအင်းလဲ"

"နင်ပြောနေတာတွေအားလုံးကိုလေ၊ ကဲ … အအေးမှာစမ်း ပါ"





သူ

ရယ်သည်။

မြရိပ်ညိုက သူနှင့်အအေးဆိုင်ထဲမှာ ထိုင်လို့လက်ခံသဘောတူတာပဲ လရိပ်ထင်ကျေနပ်ပျော်ရွှင်ရသည်။

မြရိပ်ညိုက ငွေကြေး မချမ်းသာပေမယ့် မာနတော့ ချမ်းသာ၏။ သူမမျက်နှာက တင်းနေတတ်သလို လရိပ်ထင်ကို အရေးတယူ လုပ်တာပင် သူမကလပ်မှာ အလုပ်လုပ်တာ ပတ်ဝန်းကျင်အား ပြောပြမှာကြောက်၍ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ်လေ … လရိပ်ထင်ကတော့ ပီတိတွေဖြာနေခဲ့၏။ အအေးတွေ လာချပေးတော့ သူမရှေ့ ရွှေ့ပေးခဲ့သည်။

"သောက်လေ"

"အင်း"

"လာပြန်ပြီ … အင်း … "

သူမလည်း ရယ်သည်။ သူကျေနပ်သွားရ၏။ မြရိပ်ညိုရယ်။ ငါလေ … နင့်ကိုပျော်ရွှင်စေချင်တယ်။ ငါလုပ်ပေးနိုင်တာတွေ အားလုံး လုပ်ပေးချင်တယ်။

မြရိပ်ညိုအမေ ဆေးကုစရိတ်အတွက် သူ့ အသုံးစရိတ်တွေကို ချုံ့ခြိုးချွေတာပြီး ပိုက်ဆံစုထားသည်။

"မြရိပ်ညို"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"ဒေါ်လေးစံပယ် ဆေးကုဖို့လေ ငါငွေစုထားတာရှိတယ်"

"ငါ့မှာရှိပါတယ်ဟယ် ... မပေးပါနဲ့၊ ငါသိချင်းဆိုခတွေရှိတယ်၊ နင်ပေးတာလို့ပြောနေရင်ပဲ ကျေးဇူးအများကြီးတင်ပါတယ် လရိပ်ထင်ရယ်"

လရိပ်ထင်ကတော့ ပညာကလည်းတော် ကြိုးစားပြီး ရိုးသား တည်ကြည်လို့ ရပ်ကွက်ထဲမှာတော့ စတားပဲ။ သူမကတော့ ယောကျ်ားတစ်ယောက် အထောက်အပံ့ကို အသေးအမွှားလေးကအစ လက်မခံလိုပေ။ သူမက ကိုယ်ပိုင်အစွမ်းအစတွေနဲ့ ချမ်းသာချင်သည်။

"မြရိပ်ညိုရာ ... ငါ့ကိုအရင်းနှီးဆုံးသူငယ်ချင်းအဖြစ် သတ်မှတ်ပါ၊ နင်နဲ့ငါက ငယ်ငယ်လေးထဲက အတူတူနေလာကြတာလေ၊ တစ်ယောက်အကြောင်းတစ်ယောက်သိတယ်၊ အားမနာပါနဲ့ဟာ၊ ငါစုထားတဲ့ပိုက်ဆံလက်ခံပေးပါ ... ဒေါ်လေးစံပယ်အတွက် ကုသိုလ်ယူချင်လို့ပါ"

လရိပ်ထင်က အရင်ထဲက အဖေနှင့်အမေ့အတွက် သိတတ်သူပါ။ စားစရာကအစ လာရောက်ပို့ပေးတတ်သည်။

"သမီးနော် ... ကိုယ့်ဘဝတူတူချင်းပဲ ရွေးချယ်ပါ၊ သူဌေးသားတွေကို အထင်မကြီးနဲ့ ... နင့်အဖေကိုပဲကြည့် လရိပ်ထင်ဆို





မဆိုးဘူး"

အမေ့စကားတွေကို မြရိပ်ညို ပြန်ကြားယောင်လာ၍ လရိပ်ထင်ကတော့ အဖေသဘောကျ သမက်လောင်းပါ။ ဒါပေမဲ့ မြရိပ်ညို မရွေးချယ်လိုပေ။ သူမက ချမ်းသာချင်တဲ့သူပါ။

ယောကျ်ားတစ်ယောက်နဲ့လည်း လက်မထပ်ချင်ဘူး။ ဘဝကို ရုန်းကန်ရမည်။ အိမ်ထောင်ရေးကို မထူထောင်လိုပေ။ အအေးခွက်ကို ယူသောက်မိသည်။

"အေးသွားလား"

"အင်း"

"ငါပေးတဲ့ပိုက်ဆံလေးကို လက်ခံနော် ... ပြောလေ ... အင်းလို့"

"ဟင့်အင်း"

"ဟာကွာ"

"ရပါတယ် လရိပ်ထင်ရာ ... လောလောဆယ်တော့ မြရိပ်ညိုမှာ ပိုက်ဆံရှိနေသေးလို့ပါ ... မရှိရင် ချေးမှာနော်၊ သိမ်းထားလိုက်"

သူမလေသံက နည်းနည်းလေးတင်းမာသွား၍ လရိပ်ထင်ဆက်မပြောတော့။ နင့်စိတ်ထဲမှာ မြရိပ်ညိုကို အထင်မသေးနဲ့နော်၊ ငါယောကျ်ားတစ်ယောက်ဆီက အထောက်အပံ့ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့မှ လက်မခံနိုင်ဘူး။ ငါက နိုက်ကလပ်မှာ သီချင်းဆိုပြီး ငွေရှာတာ ဖြူစင်တယ်လို့ထင်တယ် လရိပ်ထင်။

"ပြန်မယ်ဟာ ... အမေ့ကို ဆေးခန်းပို့ရမယ် နင်နေခဲ့လေ"

ရပ်ကွက်ထဲမှာ လရိပ်ထင်နှင့်တွဲ၍ ပြန်မဝင်လိုပေ။ ပတ်ဝန်းကျင်က အတင်းအဖျင်းပြောစရာ ဖြစ်နိုင်သည်။ လရိပ်ထင်ကို ရပ်ကွက်က အထင်ကြီးကြ၏။ သူမ အရင်ထသည်။

"သွားပြီနော် လရိပ်ထင် ..."

"နင် ဆေးခန်းသွားရင် ငါလိုက်ပို့ပေးရမလား မြရိပ်ညို"

"ဖြစ်တယ် ... မလိုပါဘူးဟာ၊ ငါ့ကိုတော့ တစ်မျိုးမထင်နဲ့နော် လရိပ်ထင် ... ပတ်ဝန်းကျင်က တစ်မျိုးဟာ၊ ငါ့ကို အာရုံစိုက်မှာလည်း မလိုလားဘူး၊ ငါက ငွေရှာရမယ်လေ"

"မြရိပ်ညို"

"ဟင်"

"ငါ့ကိုယုံကြည်ပေးပါ၊ နင့်ကို ဒုက္ခရောက်အောင် ငါ ဘယ်တော့မှ မလုပ်ပါဘူး၊ သူငယ်ချင်းအနေနဲ့ အကူအညီပေးချင်တာပဲ ရှိပါတယ်"

"သိပါတယ်ဟာ"

သူမ ပြန်လာခဲ့သည်။ ကိုသတိုးမဟာရဲ့ ဆက်ဆံမှုကြောင့် သူမ စိတ်ထဲမှာ မကျေနပ်ချက်တွေ ပြည့်နှက်နေကာ ရှက်လည်း





...ာ်နေ၏။

တော်ပါပြီ ... ရှင့်ကို ဘယ်တော့မှ မဆက်သွယ်တော့ဘူး။ ...သံက မာကျောလိုက်တာ။ နောက်မှထပ်ပြီး ဆက်သွယ် ပါတဲ့။ ...ြီးကျယ်ခမ်းနားလွန်းတယ်။ ကျွန်မကို အထင်မသေးပါနဲ့ ...သတိုးမဟာ ... ကျွန်မဘက်ကနေ ရှင့်ကိုထပ်ဆက်သွယ်ဖို့ဆိုတာ ...ရှိလာတော့မှာ မဟုတ်တော့ပါဘူး။ သူမ အိမ်လေးထဲဝင်လာ ...နှင့် အမေ့ချောင်းဆိုးသံက ဆီးကြိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

သူ့အလုပ်ကိစ္စတွေများနေတာရော ဧည့်သည် တွေရှိနေတာရောမို့ မိန်းကလေးတစ်ယောက်နှင့်စကားမပြောလိုပေ။ မြရိပ်ညို ဘယ်လိုထင်သွားမလဲ။ ကောင်မလေးက လမ်းဘေး ဖုန်းကနေ ဆက်သွားတာပဲဖြစ်သည်။

"ကိုယ် တောင်းပန်ပါ့မယ် မြရိပ်ညို ... မင်းကိုဆက်သွယ်ဖို့ ပြောခဲ့တာကိုပဲ လူကြီးလူကောင်း မပီသလိုက်တာလို့ မင်းထင်နေမလား"

မြရိပ်ညို အသံကို သူနှစ်သက်သည်။ ဖွဲ့မက်စရာပဲ ... မြရိပ်ညိုကို မြေတောင်မြှောက်ပေးလိုနေ၏။ ထို့ကြောင့်ပင် သူကိုယ်တိုင် သွားရောက်၍ မိတ်ဆက်ခဲ့သည်။

"ဥက္ကဋ္ဌ"

"အင်း"





"ညနေ လုပ်ငန်းရှင်ကြီးတစ်ဦးက နာမည်ကြီး ဟိုတယ်ကြီးမှာ ဧည့်ခံပွဲတက်ရောက်ဖို့ ဖိတ်ပါတယ်"

"ဒီညနေတော့ ဘယ်လိုကိစ္စမျိုးနဲ့မှ ကိုယ်မအားတော့ဘူး၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ညစာမစားနိုင်တော့ဘူး ... ဒါရိုက်တာပဲသွားပါ"

"ဥက္ကဋ္ဌ အခုတွေ့ဆုံပွဲက ဥက္ကဋ္ဌကိုယ်တိုင် သွားမှဖြစ်မယ် နော် ... အရေးကြီးတဲ့ပုဂ္ဂိုလ်တွေ ဆုံကြမှာပါ"

"ကိုခန့်ပဲ သွားပါ ... ကိုယ်တစ်ကယ်မအားဘူး၊ အလုပ်ကိစ္စ ရှိတယ် ... ကိုယ်မသွားရင် မဖြစ်ဘူး"

သတိုးမဟာအတွက် မြရိပ်ညိုက အရေးကြီးသူဖြစ်သွားသည်။ သူတွေ့ချင်နေခဲ့၏။ သတိရ တမ်းတမိနေခဲ့သည်။

"ဥက္ကဋ္ဌ ဘယ်လိုအကြောင်းကြောင့်လဲ ... ကောင်မလေး တစ်ယောက်ကြောင့်လား"

"ဘာ"

"စောစောက ကောင်မလေးတစ်ယောက် ဖုန်းဆက်တယ်"

"ဥက္ကဋ္ဌ"

"မင်းပဲ သွားပါ"

ကိုခန့်က သူ့လက်ထောက်တစ်ယောက်ဖြစ်ပြီး လူယုံတော်တစ်ယောက် လုပ်ငန်းပိုင်းမှာ ယုံကြည်ရသည်။ သူနှင့်ငယ်သူငယ်ချင်းဖြစ်ပေမယ့် မိဘတွေက နွမ်းပါးကြ၍ သူ့လိုနိုင်ငံခြားမှာသွား၍



www.burmeseclassic.com

www.burmeseclassic.com



ပညာမသင်နိုင်ခဲ့။ ဒါပေမဲ့လည်း ... ကိုခန့်က အလုပ်တာဝန်မှာ ကျေပွန်လွန်းသူဖြစ်သည်။ လုပ်ငန်းခွင်မှာ သူ့ကိုရှိသေလေးစား၏။ အပြင်ရောက်ရင်တော့ ပြောမနာဆိုမနာ။

ကိုခန့်က အိမ်ထောင်နှင့် ကလေးအဖေ။ သူကတော့ လူပျိုကြီး။

"မြရိပ်ညိုရယ် ... မင်းဆီကိုရောက်လာဖို့ ကိုယ်အရမ်းဆန္ဒတွေ ပြင်းပြနေပါတယ်ကွာ ... တွေ့ချင်တယ်"

မြရိပ်ညိုက ဘယ်လိုကောင်မလေးမျိုးလည်းကွာ။ ကလပ်မှာ သီချင်းဆိုတဲ့အဆင့်က ဆင်းရဲနွမ်းပါးတဲ့ကောင်မလေးပဲ ဖြစ်ရမယ်။ သူ့ဆီ ဖုန်းဆက်တာ ဘာကြောင့်လဲ။

သူမရဲ့ အေးစက်စက်အပြုံးတွေ။ သူ့ကို မြူဆွယ်ဖြားယောင်းဖို့အတွက်လား။ ဘာပဲဖြစ်ဖြစ် သူကတော့ မြရိပ်ညိုကို သတိရနေသည်။

ညနေရုံးဆင်းတော့ သူပြန်ပြီး ရေချိုးပြင်ဆင်နေ၏။ ထူးခြားတာက ရင်ခုန်နေခြင်းပင်။

"မင်းအရမ်းလှတယ် ... တကယ်ပဲ ကိုယ့်နှလုံးသားကိုထိစေတယ် မြရိပ်ညို ... "

မြရိပ်ညိုက ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် အဆိုတော်မလေးတစ်ယောက်အဖြစ် ကိုယ်မြှောက်ပေးချင်တယ်။





မင်းကို ကူညီမှာပါ။

သူ သေသပ်သားနားတဲ့ အနောက်တိုင်းဝတ်စုံနှင့် ကလပ်သို့ရောက်လာခဲ့သည်။ တကယ်ကြောင်တယ်။ သူ့စိတ်တွေ အရမ်းလောနေသည်။

"ဆရာ ... ကြွပါ ... ဘာများသုံးဆောင်ပါမလဲခင်ဗျာ"

"ဒီမှာ ... "

"အမိန့်ရှိပါ"

"မင်းတို့ ဒီကလပ်မှာ သီချင်းဆိုတဲ့ မြရိပ်ညိုဆိုတာကို သိလား"

"ဩော် ... အချိန်ပိုင်းအဆိုတော်မလေးလား ... အရမ်းလှတယ်လေ ... တောင့်တောင့်ဖြောင့်ဖြောင့် ... "

"ဟုတ်တယ်"

"စောသေးတယ်ခင်ဗျ ... နဲနဲ ညဥ့်နက်တယ်၊ အစောဆုံး ၁၀ နာရီလောက်မှ ရောက်လာတတ်တဲ့ ကောင်မလေးပါ"

"ဩော် ... ညဥ့်နက်မှလာတာလား"

ဘာဖြစ်လို့လဲ။ ညဥ့်ငှက်မလေးလား။ မနေ့ညက သူ့မွေးနေ့မိတ်ဆွေတွေရဲ့ တောင်းဆိုမှုအရ ဟာက်ပီးကလပ်မှာ လုပ်ပေးခဲ့ရသည်။ ဟုတ်တယ် ... မြရိပ်ညိုက ညဥ့်နက်မှရောက်လာတာ။

"ဆရာ ခင်မင်ချင်လို့လား ... မြရိပ်ညိုကို စိတ်ဝင်စားတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေများတယ်၊ ဒါပေမဲ့ … မြရိပ်ညိုက ဘယ်သူမှစိတ်မဝင်စားဘူး၊ အချိန်ပိုင်းလောက်ပဲနေတာပါ"

"ဩော် … "

"ဆရာ … ဘာလိုအပ်ပါလဲ၊ အဖော်လိုအပ်တယ်ဆိုရင်လည်း ကျွန်တော်တို့ စီစဉ်ပေးနိုင်ပါတယ်"

"ရတယ်"

သူ အပြင်ထွက်လာခဲ့သည်။ မြရိပ်ညို ဘယ်မှာနေတာလဲ။ အချိန်ပိုင်းပဲ ရောက်လာတတ်ပြီး ညဉ့်နက်မှတဲ့။ သူ လူရှင်းတဲ့နေရာတွင် ကားကိုထိုးရပ်ပြီး ထိုင်နေလိုက်၏။

ကလပ်မှာ အစောကြီး စောင့်မနေချင်ပေ။ သူက လူသိများတဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်အနေနှင့် လူမြင်လည်း မခံလိုပေ။ သူ့လုပ်ရပ် မှားနေပြီလား။

မြရိပ်ညိုကိုတွေ့ဖို့ သူ့ဆုံးဖြတ်ချက်က အခိုင်မာဆုံးပင်။

ည ဆယ်နာရီ။ ရင်မောရတယ် မြရိပ်ညို … ကိုယ် တကယ်ပဲ မိန်းကလေးတွေ သိပ်စိတ်ဝင်စားခဲ့တာမဟုတ်ဘူး။ မြရိပ်ညိုကတော့ သူ့ရင်ကို ဖွဲငြိနေခဲ့သည်။

ဆယ်နာရီကျော်သည်နှင့် သတိုး ကားနှင့် Happy ကလပ်ကို ပြန်မောင်းလာခဲ့သည်။

"မြရိပ်ညို ရောက်နေပြီပဲ"





မြရိပ်ညိုအသံကို သူကြားလိုက်ရ၍ ရင်ထဲမှာ အေးစိမ့်ကြည်နူးမိသွားသည်။ သူ ဝင်ထိုင်လိုက်၏။ အဖြူရောင်ဝတ်စုံလေးနှင့် မြရိပ်ညိုက လှပလွန်းနေသည်။

"မြရိပ်ညို … မင်းအသံလေးကို ကြိုက်တယ်ကွာ၊ မင်းလိုအပ်တာတွေ ကိုယ်ဖြည့်စွမ်းပေးမှာပါ"

ကပွဲမှာလည်း အတွဲတွေက ကိုယ်စီ သီချင်းသံစဉ်အလိုက် ကနေကြသည်။

သူ … မြရိပ်ညိုကို တောင်းဆိုရမလား။ ရှက်တော့ ရှက်မိ၏။ သူ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်နှင့်တွဲ၍ မကခဲ့ဘူး။

သူ တောင်းဆိုရမလား။ မြရိပ်ညိုကတော့ သူ့ဘက်သို့ လှည့်မကြည့်။ သူကြောင်စီစီ … မနက်ကတော့ ဖုန်းဆက်ပြီး အခုကျတော့လည်း တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ဘူးသလိုပင်။

ခပ်စိမ်းစိမ်း ကောင်မလေး။ ကြီးကြီးကျယ်ကျယ်နှင့် ပဲပေးနေတာများလား။

"သူဌေး"

"ဟင်"

"မြရိပ်ညိုလေ … "

"အင်း … ကိုယ် မြရိပ်ညိုနဲ့တွဲကချင်တယ် … ရမလား"

"မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွ"

"မြရိပ်ညိုက ယောက်ျားလေးတွေနဲ့ တွဲမကပါဘူး၊ မိန်း ကလေးချင်းပဲ ကတာပါ"

"ဒါပေမဲ့ သူဌေးရဲ့နာမည်ပြောပြီး မေးကြည့်ပေးပါ့မယ် နာမည်ပြောပါ"

"သတိုးမဟာ ... ကိုယ့်နာမည်ပဲပြောလိုက်ပါ မြရိပ်ညိုသိ တယ်"

"ဟုတ်ကဲ့ ... ခဏလေး စောင့်ပေးပါခင်ဗျာ"

"အင်း"

ဝိတ်တာကောင်လေးက တရိုတသေနှင့်ပြောပြီး စင်နောက် သို့လျှောက်သွားသည်။ မြရိပ်ညိုက သူ့ကိုတွေ့လျှက်သားနှ အဖက်မလုပ်တာ သူ့ကိုအထင်လွဲစိတ်ကောက်နေတာလည်း ဖြစ်နိုင် ၏။ သူ့ဆီက လေသံမာမာနှင့် တုန့်ပြန်လိုက်၍ ဖြစ်နိုင်သည်။

"သူဌေးခင်ဗျာ ... မြရိပ်ညိုက လုံးဝလက်မခံပါဘူး"

"ဘာပြောတယ်"

"မြရိပ်ညိုက ယောက်ျားလေးတွေနဲ့ တွဲမကပါဘူးတဲ့၊ ဒီမှာ လည်း အကြာကြီးနေလို့ မရပါဘူးတဲ့ ... ဦးသတိုးမဟာကိုသိပေမယ့် အကူအညီမလိုအပ်တော့ပါဘူးတဲ့"

"ဟုတ်လား"





မင်းက မာနပြလိုက်တာပဲ မဟုတ်လား မြရိပ်ညို။ စင်ပေါ် မှာ မြရိပ်ညိုက အေးဆေးတည်ငြိမ်နေသည်။ အကူအညီမလိုတော့ ပါဘူးတဲ့။

သူမှားတယ် ... သူ့ရဲ့လိပ်စာကတ်ကို သူကိုယ်တိုင်ပေးခဲ့ တာပဲ။ သူက မထေမဲ့မြင်လုပ်မိသွား၏။ သူ့စိတ်တွေက ထူးဆန်းပြီး မာန်မာနတွေ ပျောက်ကွယ်နေသည်။

"ဒီမှာ"

"ဗျာ"

"မြရိပ်ညိုကို ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်ရှိလား"

"မရှိပါဘူး မြရိပ်ညိုက အချိန်ပိုင်းလာဆိုတာ တစ်ပတ်ပဲရှိ ပါသေးတယ်"

မြရိပ်ညိုနှင့်ပတ်သက်တဲ့မိန်းကလေးတစ်ယောက် သူ့ဆီ လျှောက်လာသည်။

"မြရိပ်ညိုရဲ့ သူငယ်ချင်းညိုမီပါ"

"သြော် ... ထိုင်ပါ"

"မနက်က မြရိပ်ညို သူဌေးဆီကို ဖုန်းဆက်တယ်လို့ပြောပါ တယ်"

"ဟုတ်တယ် ... ကိုယ်အလုပ်မအားလို့လေ၊ မြရိပ်ညိုနဲ့တွေ့ ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိုမီကတော့ မြရိပ်ညိုရဲ့ မာနကိုသိထားသည်။ ကိုသတိုး မဟာထံမှ ဘယ်လိုအကူအညီမျိုးကိုမှ မယူနိုင်တော့ကြောင်း ပြောခဲ့၏။ ညိုမီ ဖြောင်းဖျလို့ပင်မရ။

"မြရိပ်ညိုက ဆင်းရဲနွမ်းပါးပါတယ် သူဌေး"

"ကိုယ့်ကို သတိုးလို့ပဲခေါ်ပါ"

"ဩော် ... ဟုတ်ကဲ့၊ ကိုသတိုး သူက မိဘတွေမသိအောင် ညဥ့်နက်မှ ခိုးထွက်လာပြီး သီချင်းဆိုတာပါ"

"ဘယ်လို"

"မြရိပ်ညို ကျောင်းစရိတ်ရော သူ့အမေ နေမကောင်းလို့ ဆေးဖိုးရောပါ အချိန်ပိုင်း ငွေရှာတာပါ"

"ဟုတ်လား"

မြရိပ်ညိုအကြောင်းကြားရတာ စိတ်မကောင်းဖြစ်သွားရသည်။ ဖြစ်မှဖြစ်ရလေ မြရိပ်ညိုရယ်။

"သူ့အဖေက လက်မခံဘူး ... မြရိပ်ညိုအဖေက အရက်တွေသောက်ပြီး မိသားစုတာဝန်ကို သိပ်မယူဘူး"

ညိုမီကတော့ မြရိပ်ညိုကို အဆိုတော်အဖြစ်တွေ့မြင်လိုသည်။ သူငယ်ချင်းအတွက် ကူညီနေတာပဲဖြစ်၏။ မြရိပ်ညိုက မာနကြီးလွန်းတယ်။ တော်ပါပြီ ... ဘယ်သူ့ဆီကမှ အောက်ကျခံပြီး အကူအညီမတောင်းတော့ဘူးတဲ့။





"မြရိပ်ညိုကိုတွေ့ချင်တယ် ... ညိုမီ ကူညီပါ"

"မြရိပ်ညို ပြန်တော့မယ် ... သူ့ကို ကလပ်ကကား လိုက်ပို့တယ် ... ရပ်ကွက်ထိပ်အထိပေါ့"

"ညိုမီရော လိုက်ခဲ့ပါ၊ ကိုယ်သွားတွေ့မယ်"

"မြရိပ်ညိုက မာနရှိတယ်၊ ညိုမီက အဆိုတော်မလေးဖြစ်စေချင်ပါတယ်၊ ဒါပေမဲ့ ... မြရိပ်ညိုကတော့ ဘယ်သူ့ဆီကမှ အကူအညီ မယူဘူးတဲ့၊ သူ့ဟာသူ ကြိုးစားမယ်တဲ့"

"ညိုမီ"

"ရှင်"

"ဒီဖုန်းကို မြရိပ်ညိုကို ပေးပေးပါ"

"မဖြစ်ဘူးထင်တယ် ... မြရိပ်ညိုက လက်ခံမှာမဟုတ်ဘူး၊ နောက်မှပဲ ပေးပါနော်"

ကိုသတိုးက လူပျိုလူလွတ်ဖြစ်၍ မြရိပ်ညိုနှင့်အဆင်ပြေစေချင်သည်။ သူမတို့ လိုက်သွားတော့ ကလပ်က ကြိုပို့ကားက ထွက်သွားပြီဖြစ်၏။ ကိုသတိုးက မြရိပ်ညိုနေတဲ့ ရပ်ကွက်အထိ လိုက်သွားမယ်တဲ့။

"မလိုက်ပါနဲ့တော့ ကိုသတိုး ... နောက်နေ့မနက်မှ ညိုမီ အကျိုးအကြောင်း ပြောပြပေးပါ့မယ်"

"ကိုယ် တောင်းပန်ပါတယ်လို့ ပြောပေးပါ ညိုမီ ... ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာ စီးပွားရေး အစုရှယ်ယာရှင်တွေရှိနေလို့ပါ … ကိုယ့်အခု အရေးကြီးတဲ့ တွေ့ဆုံပွဲကိုတောင်မသွားဘဲ ဒီကိုလာခဲ့တာပါလို့”

“ဟုတ်ကဲ့ … ကျွန်မ ပြောပေးပါ့မယ်”

“ကျေးဇူးပါပဲဗျာ”

ညိုမီကို မြရိပ်ညိုနေထိုင်တဲ့ရပ်ကွက် လိုက်ပြပေးဖို့တောင်းဆိုမိတဲ့အထိ သူ ရူးသွပ်သွားရသည်။

“နောက်နေ့မှပါ … ညိုမီလည်း မအားသေးလို့လေ၊ စိတ်မပူပါနဲ့ ကိုသတိုးရယ် … ညိုမီ အကောင်းဆုံးဖြစ်အောင် သူငယ်ချင်းကိုဖျောင်းဖျပေးပါ့မယ်”

သတိုးစိတ်ထဲမှာ တစ်ခုခုကို စိတ်တိုင်းမကျသလိုကြီးဖြစ်နေသည်။ မြရိပ်ညိုကို သတိရတမ်းတမိနေ၏။ သူ အိမ်ပြန်ရောက်လာသည်။

“သတိုး … မင်းနောက်ကျလှချည်လားကွာ၊ လေးလေး စောင့်နေတာကွ”

“ဒီည အလုပ်ကိစ္စတွေ အရမ်းများသွားလို့ပါ”

“အေး … အေး … အနားယူတော့”

သတိုးမှာ မိဘတွေမရှိကြတော့ပေ။

ဦးလေးဖြစ်သူက ငယ်စဉ်လေးထဲက ကျွေးမွေး စောင့်





ရှောက်လာခဲ့တာ။ သတိုးမိဘ သဖွယ်ပါပဲ။

အစ်မဖြစ်သူက သားကိုအမွေပစ္စည်းတွေနှင့်အတူ လေးလေးဗလထံတွင် အပ်နှံထားခဲ့သည်။ လေးလေးကလည်း သတိုးအား သားတစ်ယောက်ပမာ အိမ်ထောင်ပင်မပြုဘဲ လူပျိုကြီးအဖြစ်စောင့်ရှောက်ပေးခဲ့၏။ သူ့ကို အရိပ်လိုကြည့်နေတတ်တဲ့ လေးလေးက …

“သတိုး … သား ဘာဖြစ်လို့လဲ၊ မျက်နှာလေးညိုနေပါလား၊ မင်းဘာဖြစ်လာလို့လဲ အလုပ်မှာ အဆင်မပြေဘူးလားကွာ”

“ပြေပါတယ် လေးလေး … သတိုးအတွက် စိတ်မပူပါနဲ့ လေးလေး အနားယူတော့”

“လေးလေးက အရေးမကြီးပါဘူး … သတိုးပဲ အရေးကြီးတာ … လေးလေးဘဝမှာ သတိုး အရေးကြီးဆုံးပဲ … သတိုးဘယ်လိုအခက်အခဲတွေပဲရှိရှိ ဖွင့်ပြောပါကွာ”

“ဘာမှမဖြစ်ပါဘူး လေးလေးရာ၊ တစ်ခါတလေတော့လည်း အလုပ်ကိစ္စတွေများလို့ ပင်ပန်းနွမ်းနယ်နေတာပါ”

“ဒါဆိုလည်းပြီးရော … လေးလေး အိပ်တော့မယ်”

“ဟုတ်ကဲ့”

လေးလေးက သူ့ကို နှုတ်ဆက်ပြီး အိပ်ခန်းထဲဝင်သွားသည်။ သတိုး အပေါ်ထပ်သို့ တက်လာခဲ့၏။ သူ ဘာဖြစ်လို့များ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွမှုတွေ ပျောက်ဆုံးနေရတာလဲ။ ယခုကဲ့သို့ ညှိုးနွမ်းလေးလံမှု တစ်ကြိမ်တစ်ခါမှ မရှိခဲ့။ သတိုးက ငယ်စဉ်လေးထဲက တက်ကြွလန်းဆန်းနေသူပါ။

"မြရိပ်ညိုက ဆင်းရဲတယ်၊ အချိန်ပိုင်းအဆိုတော် လုပ်နေတာပါ၊ မိဘတွေ မသိအောင် ထွက်လာပြီး သီချင်းဆိုတာ ဝါသနာလည်း အရမ်းပါလို့"

မြရိပ်ညို သူငယ်ချင်းပြောတဲ့စကားတွေကို ကြားယောင်လာခဲ့သည်။ ထူးဆန်းတဲ့ ကောင်မလေး … သူ့ကို တစ်စက်လေးမျှပင် လှည့်မကြည့်။ စိမ်းကားလွန်းနေ၏။ သူအိပ်ခန်းထဲဝင်လာပြီး အိပ်ယာပေါ် ပစ်လှဲအိပ်လိုက်သည်။

"မြရိပ်ညိုရေ … မင်းကြောင့် ကိုယ်အရမ်းခံစားနေရပြီထင်တာပဲ၊ ကိုယ် ဘယ်လိုလုပ်ရတော့မလဲ"

ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးကို သူချစ်ခင်နှစ်သက်နေသည်။ သူ့မွေးနေ့မှာ သီချင်တဲ့အသံလေးကို သူစွဲလမ်းခဲ့ရ၏။ အဆိုတော်မလေးအဖြစ် မြေတောင်မြှောက်ပေးဖို့ ကမ်းလှမ်းခဲ့သည်။

"ကိုယ် ဒီလောက်အထိ ခံစားနေရမယ်လို့ မထင်ပါဘူးကွာ၊ ရင်တွေနာကျင်နေတယ်၊ မင်းရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ပါဆိုရင်တောင် ကိုယ်တောင်းပန်မိမလားဘဲ"

သတိုး အိပ်လို့မရ။ မြရိပ်ညိုနှင့်တွေ့ဆုံလိုနေသည်။ သူ့လို





ယောကျ်ားတစ်ယောက်က ဘာမဟုတ်တဲ့ အဆိုတော်မလေးတစ်ယောက်ကိုပင် သွေနှလုံးသားထဲအထိ စူးနစ်တိုးဝင် ချစ်မြတ်နိုးသွားမိတာ အမှန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"မြရိပ်ညို"

"ဟင် ... လရိပ်ထင် ... နင် ... နင် ငါ့ကိုပဲ စောင့်ကြည့်နေတာလား"

"နင် တကယ်ပဲ ယောကျ်ားလေးတစ်ယောက်နဲ့ တူနေပါလားဟ"

"ငါ့ဘဝနဲ့ ငါပဲလေ"

"ငါ စိတ်ပူတယ်"

"ဘာကိုလဲ ... နင့်ကို ငါပြောထားပြီးပြီနော်၊ ငါ့ကိစ္စတွေမှာ ဝင်မပါပါနဲ့လို့"

"ဝင်ပါရမှာပဲ မြရိပ်ညို၊ နင်က ငါ့သူငယ်ချင်းလေ၊ နင့်ဘဝအတွက် ငါကဝင်ပါနေရမှာပဲ"

"နင့်သဘောပဲဟာ"





မြရိပ်ညို မပြောလိုတော့။ လရိပ်ထင်ကို သူမ လန့်ရသေး ည်။ သူမ ဝါသနာပါတဲ့အလုပ်ဖြစ်နေ၍ လရိပ်ထင် အကာအကွယ် စောင့်ရှောက်ပေးနေတာကိုပဲ ကျေးဇူးတင်ရမည်။

"မြရိပ်ညို"

"ဟင်"

"ဒေါ်လေး ... နေကောင်းလား"

"သက်သာတယ် ... ဒါကြောင့် ငါအပြင်ထွက်တာလေ"

"အင်းလေ ... နင့်ကိုလည်း ငါအပြစ်မတင်ပါဘူး၊ နင့်အတွက် လိုအပ်တာပဲ၊ နင့်အဖေကတော့ တစ်ကိုယ်ကောင်းဆန်လွန်းပါ ယ်"

"ငါ့အဖေကို မဝေဖန်စမ်းပါနဲ့ လရိပ်ထင် ... အဖေလည်း ဖေ့အကြောင်းနဲ့အဖေ ရှိမှာပေါ့ဟ"

"ဆောရီး"

သူမ သတိရသွားမိတာက ကိုသတိုးမဟာပင်။ သူမနှင့်တွေ့ စောင့်နေပေမယ့် သူမကတော့ လုံးဝမပတ်သက်ဖို့ဘဲ ဆုံးဖြတ် ားသည်။

"ရှင်က သူဌေးမင်းပဲ၊ မြရိပ်ညိုလို အဆင့်က ကောင်မလေး ကို အပျော်ပဲကြံမှာလေ ... ရှင်က အတည်ကြံမလား"

သူမ ဖုန်းဆက်တာပင် လေသံက မာတင်းနေသည်။ မြရိပ်

www.burmeseclassic.com



ညိုက သူ့အတွက် ဂုဏ်သိက္ခာကင်းမဲ့စေတဲ့ မိန်းကလေးပါ။ တော်ပါပြီ။

ရှင်ကြီးဆီက ဘာအကူအညီမှ မတောင်းတော့ဘူး ကိုသတိုးက အပျော်ပါပဲ။ သူမနှင့်တွဲကဖို့ တောင်းဆိုနေသည်။

"ဟွန်း ... ဝေးသေးတယ်၊ ကျွန်မက ရှင်ထင်ထားသလို အပေါစား မဟုတ်ဘူး"

သူမ သီချင်းပဲဆိုသည်။ ကျွန်တာတွေ ဘာတစ်ခုမှမလုပ်။ မိန်းကလေးချင်းပဲ သူမ တွဲက၏။

ဒါပေမဲ့လည်း မြရိပ်ညိုဘဝက သူများတွေလို လွတ်လွတ်လပ်လပ် မပျော်နိုင်ပါဘူး။ ကြမ်းတမ်းလွန်းသည်။

"ကိုသတိုး ... အဲ ... လရိပ်ထင်"

"နင် စောစောက ဘယ်သူ့နာမည် မှားခေါ်လိုက်တာလဲ ကိုသတိုးတဲ့ ... "

"ဘာမှမဟုတ်ပါဘူး ... နင်ကလဲ ... အိမ်ရောက်နေပြီ နင်သွားတော့"

"မြရိပ်ညို ... နင့်မှာ ... "

"သွားပြီ"

သူမ ခြေလှမ်းသွက်သွက်ဖြင့် လရိပ်ထင်ကို ကျော်တက်လိုက်သည်။





တကယ်ပါပဲ ... အရေးထဲ ဒီလူ့နာမည်ကို ယောင်ပြီး ခေါ်မိ းသေးတယ်။ လရိပ်ထင် ကြားသွားတော့ ပြဿနာပဲ။

သူမ အိမ်လေးထဲ ဝင်လာသည်။

"ကျွီ"

"ဟာ"

အရေးထဲ တံခါးကိုဖွင့်တာ လက်ချော်ပြီး အသံကမြည်သွား ြရိပ်ညို လန့်သွားသည်။

"ဘယ်သူလဲ အပြင်က ... "

"ဘုရားရေ"

အဖေ့အသံနှင့် လူးလွန့်လာ၍ သူမ အိမ်လေးထဲအမြန်ဝင် တံခါးကိုပြန်ပိတ်၍ ဘုရားစင်ရှေ့မှာ ငုတ်တုတ်လေးထိုင်သည်။

"ဘယ်သူလဲလို့ မေးနေတယ်လေ"

"သမီးပါ"

"ဟင် ... ဒီအချိန်ကြီး ဘာထလုပ်တာလဲ ... ပြောစမ်း ပ်ညို"

အဖေ ထွက်လာသည်။ အမူးမပြေသေးသည့် ပုံစံနှင့် ဒယိမ်း ိုင်။ သူမ ကြောက်၍ မလှုပ်ရဲတော့။

မြရိပ်ညို အပြင်ထွက်တာ သိသွားရင်တော့ အသေ အသတ် ာ။



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို"

"ရှင် အမေ ... "

"အပြင်ကိုထွက်တာလား ပြောစမ်း ... မလိမ်နဲ့နော်၊ ရည်းစားနဲ့ချိန်းတွေ့တာလား"

"မဟုတ်ပါဘူး အမေ ... သမီးအိပ်မပျော်လို့ ဘုရားရှိခိုးမလို့ပါ"

"ဘာပြောတယ် ... နင်လိမ်နေတာပဲ အဓိပ္ပာယ်မရှိတာဘာလဲ အမေက အရက်သမား မူးမို့ နင်လိမ်ပြောတိုင်းရမယ်ထင်လား"

"တကယ်ပါအမေ ... သမီး လုံးဝအပြင်မထွက်ပါဘူး"

အမေက သူမအား စူးစူးဝါးဝါးနှင့်ကြည့်သည်။

"နင် ... နင် လိမ်နေတာပဲ ... နင်ဝတ်ထားတဲ့အဝတ်အစားကဘာလဲ"

"သမီး ယောကျ်ားလေးတစ်ယောက်လို ဝတ်စားတတ်တာ အမေသိတာပဲ"

"နင် ... နင့်ကို ဘောင်းဘီမဝတ်ရဘူးလို့ ငါပြောထားတယ် မဟုတ်လား"

"ညအိပ်တုန်းဝတ်တာပဲ အမေ"

"ငါမယုံဘူး ... နင်လိမ်နေတာပဲ၊ ညဘက်အပြင်ထွက်တာ





နင် ဘယ်သူနဲ့သွားချိန်းတွေ့တာလဲ ပြောစမ်း"

"မတွေ့ပါဘူးအမေ ... သမီးမှာ ဘာရည်းစားမှလည်းမရှိပါဘူး ... တကယ်ပါ"

"အဟွတ် ... ဟွတ်"

"အဟွတ်"

အမေ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ထလာသည်။ အဖေ့ဒေါသက အမေ့ထံရောက်သွားတော့သည်။

"နင်က ဘာထလုပ်တာလဲ ... ချောင်းတဟွတ်ဟွတ်နဲ့ ကျက်သရေမရှိဘူး၊ အခန်းထဲ ပြန်ဝင်စမ်း"

"ညဥ့်နက်နေပါပြီ ကိုမောင်ရယ် ... လူကြားလို့လည်း မကောင်းပါဘူး၊ ဆူချင်ရင် မနက်မှဆူပါနော် ... သဲ တောင်းပန်ပါတယ်"

"နင့်ပါးစပ်ပိတ်ထားစမ်း ... ငါ့သမီးကို ငါဆုံးမနေတာ၊ မြရိပ်ညို နာမည်ပျက်ရင် ငါတို့တစ်မျိုးတဆွေလုံး ဂုဏ်သိက္ခာကျဆင်းရမယ်ဟ၊ ငါ့ကြောင့် တမိသားစုလုံး ဂုဏ်ငယ်ခဲ့ကြရတယ် ... ငါ့သမီးကပါထပ်ပြီး ငါတို့ဆွေမျိုးသားချင်းတွေရဲ့ ဂုဏ်သိက္ခာထပ်ပြီးအကျမခံနိုင်ဘူး"

သမီးက ဘာလုပ်နေလို့လဲ အဖေဟု မေးပစ်ချင်သည်။ အဖေကတော့ ဘာတွေတာဝန်ကျေလို့လဲ။ အဖေ့အမျိုးတွေကရော



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဆွေမျိုးလို့ သတ်မှတ်ထားလို့လားဟု မေးချင်နေ၏။

မမေးရဲ ... အဖေက ပို၍ပင် ဆူပွက်သောင်းကြမ်းတော မည်။ အဖေပြော ဆိုသမျှ ခေါင်းငုံ့ခံနေမှပါ။

"သမီးလေး ... ဝင်အိပ်တော့"

"မိသဲ ... နင်ဝင်မပါနဲ့လို့ ပြောထားတယ် မဟုတ်လား နင်ဝင် ... ရောဂါသည်မ ... နင့်လိုမိန်းမမျိုးကို ငါယူမိတာ နောင်ဇ ရပြာယ်၊ အဆင့်အတန်းမရှိတဲ့မိန်းမ ... "

"အဟွတ် ... အဟွတ်"

"အဟွတ်"

"ငါ လုပ်လိုက်ရ"

"အဖေ"

အမေ့လက်ကိုဆွဲပြီး သူမ အိပ်ခန်းထဲ ပို့လိုက်သည်။

"အမေဝင်မပါပါနဲ့ အဖေ့အကြောင်း အမေသိရဲ့သားနဲ့ ... မိသားစုကို အပြစ်မရှိအပြစ်ရှာနေတာလေ"

"သမီး"

"သမီးအတွက် မပူနဲ့ ... ဘာမှမဖြစ်ဘူး၊ အမေ စိတ်သောက ရောက်ရမယ့်အလုပ် သမီးဘာတစ်ခုမှ မလုပ်ပါဘူး"

"သမီးရယ်"

"အမေ အိပ်တော့ ... လုံးဝထွက်မလာနဲ့နော်၊ သမီးတို့





သတ်မပစ်လောက်ပါဘူး ... အဖေက စေတနာနဲ့ ဆုံးမနေတာပါ အမေ"

အမေက မျက်ရည်တွေ လိမ့်ဆင်းကျလာပေမယ့် အသံ မထွက်ရဲ၊ အမေ့ကို သနားလိုက်တာ။ အဖေ့ဆီပြန်ရောက်လာတော့ ထုံးစံအတိုင်းပဲ ရစ်သည်။

"ထိုင်စမ်း"

"အဖေ"

"နင် ဘယ်သူနဲ့ ချိန်းတွေ့ရတာလဲ ... ငါ့ကိုမလိမ်နဲ့နော်၊ တံခါးက ဖွင့်ပြီးပိတ်တဲ့အသံ နင်အပြင်ကိုထွက်တယ် မဟုတ်လား"

မြရိပ်ညို အဖေ့ရှေ့မှာ ဒူးတုတ်ထိုင်ရင်း ပြောစရာစကား မရှိတော့သလို နေပစ်လိုက်သည်။

အဖေ့စိတ်တိုင်းကျ ပြောဆိုရိုက်နှက်ပါစေ။ မိသားစုအပေါ် အကြင်နာကင်းမဲ့လွန်းတဲ့ အဖေ့ကို မြရိပ်ညို နာကြည်းမိနေ၏။

အဖေ ပြောလိုက်လျှင် အဖေက အကောင်းပဲ။ အမေက ဖြားယောင်းသွေးဆောင်ပြီး အတင်းအကြပ် လက်ထပ်ယူခဲ့လို့ သူ စိတ်မာတ်ကျသွားကာ ဘဝကို ရေစုန်မျှောပစ်လိုက်တာတဲ့။

သူ့ဒွေးသားဆိုပြီး အကြောင်းပြချက်နှင့် ဘာအလုပ်မှ မယ်မယ်ရရ အဖေ မလုပ်ခဲ့။

အမေ့ဝဋ်က ကြီးမားလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးတာကို ဖြေစမ်း မြရိပ်ညို ... "

"ဖြန်း"

"အား"

"ဖြန်း"

သူမအသံမထွက်အောင် အံကြိတ်၍ခံပစ်သည်။ ရိုက်ပါ အဖေ မကျေနပ်ရင် အမေနဲ့သမီးကို သတ်ပစ်လိုက်ပါ။

"ဦးလေးမောင်"

"ဟင် ... မင်း လရိပ်ထင်"

"မြရိပ်ညို တကယ်ပဲ အပြင်မထွက်ပါဘူး၊ ကျွန်တော်ရှိနေပါတယ် ... စာကျက်ရင်း အပြင်မှာ လမ်းထွက်လျှောက်နေတာပဲ"

"အေးကွာ ... ဦးလေးမောင်က သမီးမွေးထားတော့ မျက်ခြေမပြတ်ကြည့်ပြီး ဆုံးမ သွန်သင်နေရတာကွ၊ အပြင်ထွက်သွားလားလို့"

"မထွက်ပါဘူး ... ညဥ့်နက်နေပြီလေ မနက်မှမေးပါလား မြရိပ်ညို တကယ်လည်း အပြင်မထွက်ပါဘူး"

"မင်းပြောတာတော့ ယုံပါတယ် လရိပ်ထင် ... မင်းက လူတော်လေးပဲ၊ ဦးလေးမောင်က သားလိုချင်တာကွ ... ဒါပေမဲ့ ကံဆိုးပါတယ်၊ သမီးပဲ မွေးတယ်"

"မြရိပ်ညို နင်လည်းအိပ်တော့ ... ဦးလေးမောင်လည်း အိပ်





ပါတော့မျာ"

"အေး ... အေး"

အဖေကထပြီး သူ့အခန်းလေးထဲ ပြန်ဝင်သွားသည်။ မြရိပ်ညိုလည်း ကျေးဇူးပဲဟုပြောပြီး သူမအခန်းလေးထဲ ဝင်လာခဲ့၏။ အမေက ငုတ်တုတ်ထိုင်နေဆဲပင် ဖြစ်သည်။

"ဟိုဘက်အိမ်က ကောင်လေးလား"

"အင်း"

"မောင်မင်းကြီးသားကိုတော့ ကျေးဇူးတင်ပါတယ် ... အမေတို့ကို အစစအရာရာ ကူညီတယ်၊ မောင်လရိပ်ထင်အမေကလဲ ကူညီပါတယ်"

"အမေ အိပ်တော့"

"သမီးလေး ပါးမှာ ... "

"ရတယ်အမေ ... အထူးအဆန်းမှ မဟုတ်တော့တာ"

"သမီး"

"ဟင်"

"ညည်းအဖေကို အမေခွင့်မလွှတ်ချင်တော့ဘူး၊ အမေကွာရှင်းပေးလိုက်တော့မယ်"

"ဘာပြောတယ် အမေ"

"သူက အမေ့ကို ကွာချင်နေတာပါ၊ ဒါကြောင့် ... အမြန်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ အမေက ဘယ်လိုပဲ ကွာချင်လည်း ကျွန်မ လုံးဝမကွာပေးနိုင်ဘူးဆိုလို့သာပါ ... သူ့ရဲ့ ဆွေကြီးမျိုးကြီးတွေဆီ အပြီးအပိုင်ပြန်သွားပါစေတော့ကွယ်"

"သမီးကို အဖေရိုက်တာ ဆန်းလို့လား ... အိပ်တော့အမေ"

အဖေ့ကို အမေ ဘယ်လောက်ထိ ချစ်မြတ်နိုးတယ်ဆိုတာ မြရိပ်ညို သိသည်။ အမေကျန်းမာရေး ချို့တဲ့နေတဲ့အချိန်မှာ စိတ်သောကတွေ မခံစားစေလိုတော့။

အဖေနဲ့သာ ကွာရှင်းလိုက်လျှင် အမေ သေမလားပဲ။

"သမီးလေးရယ် ... အပြစ်မဲ့တဲ့ သမီးလေးကို နှိပ်စက်တာတော့ အမေသည်းမခံနိုင်ဘူး၊ သမီးအရွယ်ရောက်နေပြီပဲ"

"မြရိပ်ညိုက အဖေရိုက်တာ ဘာမှမဖြစ်ပါဘူး အမေရာ ... အရိုက်ခံနေကျပဲဟာ"

အမေ ဝမ်းနည်းကြေကွဲနေတာကို မြရိပ်ညို မမြင်မတွေ့ရက်။ သူမ ဘာမှမဖြစ်သလိုလို ရယ်လျှက် ဝင်အိပ်လိုက်သည်။

"သမီး"

"အမေ"

"အပြင်ထွက်သေးလား"

"ဟင့်အင်း"

"မောင်လရိပ်ထင် ကယ်ပေလို့ပေါ့ ... အမေတော့ မောင်





လရိပ်ထင်အပေါ် ကျေးဇူးတွေများလွန်းနေပါပြီကွယ်"

ဒေါ်သဲသဲကတော့ သမီးလေးကို မောင်လရိပ်ထင်နှင့်နီးစပ်စေချင်သည်။ လူကြီးချင်းတွေကလဲ သဘောတူကြ၏။ ခက်နေတာက သမီးလေးပင်။ မာနတကြီးနဲ့ အခုတလောမှ အရောတဝင်လေးရှိလာသည်။

"သမီးအဖေက မောင်လရိပ်ထင်ကိုတော့ လေးစားတယ်၊ ချီးမွမ်းစကားတွေလည်း ပြောတယ် ... ဘယ်တတ်နိုင်မလဲလေ အမေ့ဝဋ်ကြွေးပဲပေါ့"

"အဟွတ် ... ဟွတ်"

"အဟွတ်"

"အမေ"

"အဟွတ်"

"တောက် ... ကျက်သရေကိုမရှိဘူး ... အတူတူမနေတာပဲကောင်းတယ်၊ သွားပြီ ... မြရိပ်ညို နင်လည်း သတိထားနေ့၊ နာမည်ပျက်လို့ကတော့လား ငါ့အမျိုးတွေကြားထဲမှာ ပြောစရာမဖြစ်စေနဲ့"

"ဝုန်း"

အဖေ အပြင်ကိုထွက်သွားသည်။ ဆွေမျိုးတွေက အဖေတစ်ယောက်ထဲကိုသာ လက်ခံကျွေးမွေးကြပြီး မြရိပ်ညိုတို့သားအမိကိုတော့ အဖက်မလုပ်ကြ။ အမေ့တွေ လက်ဝါးကြီးအုပ်ထားကာ



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိုတော့ အရှိုသတ်ထားကြသည်။

"သမီးလေးရယ် ... အမေ့ဘဝကိုသာ စံနမူနာယူပါတော့ သူဌေးသားဆိုတာ တကယ်တမ်းဆိုရင် ဘာအထင်ကြီးစရာမှ မရှိပါဘူးအေ"

သမီး မြရိပ်ညိုက တသွေးတမွေးလေးချောမောလှပ၍ ဒေါ်သဲသဲစိတ်ပူသည်။ မိမိကဲ့သို့ အဖြစ်မျိုးနှင့် မကြုံတွေ့စေလိုပေ။

"သမီးလေးမှာ ချစ်သူတွေ ဘာတွေရှိနေပြီလားတောင် မသိဘူး"

"မရှိပါဘူး အမေ"

"အမေ စိတ်ပူလို့ပါအေ၊ သမီးအိမ်ထောင်ဖက် ရွေးချယ်ရင်တောင် ဘဝတူချင်းတွေပဲ ရွေးချယ်ပါ"

"သမီးကို စိတ်မပူပါနဲ့အမေရယ် ... အိမ်ထောင်ရေးကို ကြောက်လို့ပါ၊ သမီးဘဝရပ်တည်ရေးအတွက် အရင်ဆုံးကြိုးစားမယ်"

"သမီးပညာရေး ရှေ့ဆက်ဖို့လည်း အမေစိတ်ပူတယ် ... အမေ အမြန်ဆုံးနေကောင်းချင်ပါပြီအေ"

ကိုမောင့်အမျိုးတွေက မိမိတို့သားအမိကို အဖက်မတန်သလို ပြောဆိုကြပြီး အထောက်အပံ့လည်း မပေးကြ။

သူတို့မောင်ကိုတော့ လိုအပ်တာ ထောက်ပံ့ကြသည်။





ယောက်ျားကလည်း မိမိ နှင့်သမီးကို နိမ့်ကျသူတွေအဖြစ် အထင်သေးစွာ သတ်မှတ်ထားခဲ့၏။

သမီး မြရိပ်ညိုအတွက် ရင်နာရသည်။ ကံဆိုးရှာသူလေး ... လိမ်မာရေးခြားရှိသူ။

နာကျင်နေ၏။

ကိုမောင် ...

ရှင်တော်တော် ရက်စက်တာပဲ။ ကျွန်မ သမီးလေးမှာ ဘာအပြစ်များရှိလို့လဲတော်။ ယောက်ျားကိုဖက်တွယ်မနေတော့ဘဲ ကွာရှင်းလိုက်ဖို့ပဲ ဒေါ်သဲသဲ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

မြရိပ်ညို တစ်ဖက်သို့စောင်းလှဲအိပ်နေရင်း မျက်ရည်တွေစီးကျနေသည်။ အမေနှင့်သူမက တခန်းအတူတူအိပ်သည်။ အဖေကတော့ တာဝန်မှဲ့ရွာထွက်သွား၏။ အနည်းဆုံး တစ်လလောက်တော့ နေတော့မည်ဖြစ်သည်။

"မြရိပ်ညိုကို ဒီလောက်အထိ အထင်မသေးပါနဲ့အဖေ၊ သမီးကြိုးစားမှာပါ၊ ဘယ်သူ့အထောက်အပံ့မှမယူဘဲ သမီးအကောင်းဆုံးဖြစ်အောင် လုပ်ပြမှာပါ"

အဖေ့ဆွေမျိုးတွေက လုံးဝကို လှည့်ကြည့်တာမဟုတ်။ အဖေကတော့ ဆွေမျိုးမှ ဆွေမျိုးပါ။ သူရသင့်တဲ့အမွေတွေကိုတောင် မတောင်းဘဲ တစ်နေ့နေ့ သူ့ဆွေမျိုးတွေဆီပဲ မှီခိုရမှာတဲ့။ အဖေက ဇနီးနှင့်သမီးထက် ညီမတွေကိုသာ ချစ်ခင်သည်။

အမေ ရယ် ... သေလောက်တဲ့ရောဂါတွေ မဖြစ်ပါနဲ့ဦးနော်။





သမီးဘဝလေး ရပ်တည်နိုင်တဲ့အထိ အသက်ရှင်ပေးပါနော်။ အမေ့ဘဝတွင် ဘယ်လိုအကြောင်းနှင့်မျှ စိတ်ချမ်းသာပျော်ရွှင်မှု မရခဲ့။

မျက်ရည် အလိမ်းလိမ်းနှင့် မြရိပ်ညို မခံစားနိုင်။

အဖေ့ကို နာကြည်းမိသည်။

"မြရိပ်ညို ... နင့်ကို သူဌေးကတွေ့ချင်လို့ အစောကြီးထဲကသာစောင့်နေတာတဲ့ ... ညွှန့်ကြိုကောင်လေးတွေက ပြောတယ်"

"ငါ ဘယ်သူ့ဆီကမှ အကူအညီမတောင်းချင်ဘူး၊ အလကားပါဟာ ... အပျော်ပါ"

"ဘာဖြစ်လဲဟာ ... ကိုသတိုးက အပျော်ဆိုရင်တောင် ငါတို့အဆင့်က"

"ညိုမီ ... "

"လှေကားထစ်တစ်ခုလေ"

"မြရိပ်ညို အဲဒီလောက်အထိ စိတ်ဓာတ်အောက်တန်းမကျဘူးညိုမီ"

လှေကားထစ်တစ်ခုတဲ့။ မဖြစ်နိုင်ပါဘူး။ မြရိပ်ညိုတန်ဘိုးမဲ့မှာကြောက်တယ်။ နာမည်လည်း အပျက်မခံနိုင်ဘူး။ နိုက်ကလပ်မှာ အဆိုတော်လုပ်လည်း ဘာဖြစ်လဲ။ ရိုးသားစွာငွေရှာခြင်းတစ်ခုဟုထင်သည်။

"တော်ပါပြီ ... အန္တရာယ်များလိုက်တာ မလုပ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါတခြားအလုပ်ပဲ ရှာမယ် ... ”

သူမ တွေးနေသည်။

အမေကပြောတယ် ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်းပြီး ယူရတာလောက် မိန်းကလေး တစ်ယောက်ရဲ့ တန်ဘိုးမဲ့တာမရှိဘူးတဲ့။

မပိုင်ရင် ခြင်တောင်မရိုက်ပါနဲ့ သမီးရယ်တဲ့။ ကိုယ့်အသားပဲ နာလိမ့်မယ်တဲ့။ အမေဘဝက နှစ်ပေါင်းများစွာ အနှိမ်ခံဘဝ အပြော အဆိုခံ။

“သမီးကတော့ တန်ဘိုးရှိတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်ချင်ခဲ့တာပါအမေ”

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေလိမ့်ဆင်းကျနေသည်။ အမေကတော့ အိပ်ဆေးသောက်၍ အိပ်နေ၏။ သနားစရာကောင်းတဲ့ အမေ။

“မြရိပ်ညိုရယ် ... နင်ကလဲလေ မရှိသေးကြီး၊ နင့်အမေကို ချမ်းချမ်းသာသာလေးထားချင်တယ်ဆို ခဏလေးပဲဖြစ်ဖြစ်ဆို”

မြရိပ်ညို အိပ်နေရာကနေ ထ၍ထိုင်မိသည်။ ကိုသတိုးက သူမကို အတည်ကြံတာတော့ လုံးဝမဖြစ်နိုင်။ စိတ်ပျက်လိုက်တာ။ အမေသိသွားရင် သေဦးမယ်။ သူမ ပြန်အိပ်သည်။

“ငါမလုပ်နိုင်ဘူး ... ကိုသတိုးက အရမ်းချမ်းသာတာပဲ၊ ငါ





ကို ဘယ်လိုလုပ် အတည်ကြံမလဲ၊ အမလေး မြရိပ်ညိုရယ် ... မကြံကောင်းမစီရာ”

သူမ အိပ်တော့မယ်။ ကိုသတိုးအကြောင်း မတွေးတာ အကောင်းဆုံးပဲလေ။ စိတ်ပျက်တယ်။ ဟွန်း ... သူမကို ဆက်ဆံလိုက်တာ မာရေကျောရေ၊ သူမ အိပ်ပျော်သွားသည်။

“သမီးလေး ထတော့လေ ... ဒီနေ့ သမီးကျောင်းကိုသွားမယ်ဆို”

“ဟင်”

“နေတောင် အတော်မြင့်နေပြီလေ”

“ဟင် ... ဟုတ်သားပဲ ... ဒီနေ့ Practical ရှိနေတာပဲ၊ မြရိပ်ညို မသွားလို့မဖြစ်ဘူးအမေ”

သူမ အိပ်ရာမှ လူးလဲထပြီး မျက်နှာသစ်ရေချိုးသည်။ သူမ ကစားပေးစာယူနှင့် ဓါတုဗေဒ အဓိက ယူထား၏။ တစ်ပတ်မှာ နှစ်ရက်တော့ လက်တွေ့လုပ်ရ၍ ကျောင်းကိုသွားရသည်။

“အမေရေ ... မြရိပ်ညို နောက်ကျပြီထင်တယ်၊ သွားမယ်နော် ... အမေ နေကောင်းတယ်မဟုတ်လား၊ ဆေးတွေသောက်နော်”

“ရှုတ်”

သူမ အမေ့ကိုဖက်၍နမ်းသည်။ ငွေကြေးတွေ မပေးနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာတော့ စိတ်ချမ်းသာမှု အပျော်တော့ ပေးနိုင်ပါတယ်။

"သမီး"

"ရှင် အမေ"

"အမေလေ ငွေကြေးချမ်းသာမှုထက် စိတ်ချမ်းသာပျော်ရွှင်မှုကိုပဲ အလိုလား အတောင်းတဆုံးပါကွယ် ... ငွေကြေးချမ်းသာမှု နောက်ကိုလိုက်ပြီး ဘဝတစ်လျှောက်လုံး စိတ်သောကရောက်ရမယ့်အလုပ်တွေကို အမေကြောက်တယ် ... အမေ့ကို စံနမူနာယူနော်"

"စိတ်ချပါအမေရာ ... မြရိပ်ညို သိပါတယ်၊ အမေမကြိုက်တဲ့ အလုပ် မြရိပ်ညို ဘယ်တော့မှ မလုပ်ပါဘူး"

"သာဓု ... သာဓု ... သာဓုကွယ်၊ အမေစိတ်ချမ်းသာလိုက်တာ၊ လိမ်မာတဲ့သမီးလေးပါ၊ အမေ့သမီးကို အမေအယုံကြည်ဆုံးပဲ"

သူမ ထွက်လာခဲ့သည်။

"အဟွတ် ... ဟွတ်"

"အဟွတ်"

အမေ့ချောင်းဆိုးသံက သူမနောက်မှကပ်ပါလာသည်။ အမေကြိတ်ပြီး ဆိုးနေတဲ့အသံကပင် မြရိပ်ညိုအတွက် ပေါက်ကွဲမှုပြင်းထန်လွန်းနေ၏။

အမေ့ကို ဆေးခန်းထပ်ပြရဦးမယ်။ အထူးကုနဲ့ ပြချင်လိုက်





တာ။

အမေက ချောမော်လှပသည့်မိန်းမတစ်ယောက် ပါ။ အစားကောင်းတွေစားပြီး တသွေးတမွေးဖြစ်သွားရင် အရမ်းကြည့်လို့ကောင်းမှာပဲ။ အမေ့အသက် ဘယ်လောက်များကြီးနေသေးလို့လဲ။ အသက်လေးဆယ်ကျော် လရိပ်ထင်ရဲ့ အမေတောင် အရွယ်တင်နေသေးသည်။ အမေနဲ့ ရွယ်တူပဲ။

"ကျွီ"

"အမေ့"

"အို"

သူမ အတွေးတွေနှင့် လျှောက်လာနေတုန်း ကားတစ်စီးက သူမအနားထိုးရပ်လာ၍ ကြည့်လိုက်တော့ ကိုသတိုးမဟာ ဖြစ်နေသည်။

"တက်လေ"

"ရှင်"

"မင်းကိုလိုက်ပို့ပေးမယ်"

"အို ... မလိုပါဘူး၊ နေပါစေ ... ကျွန်မက ဘတ်စ်ကားစီးတဲ့ သူတန်းစားပါ ကိုသတိုးမဟာ၊ နေပါဦး ... ကျွန်မနေတဲ့ရပ်ကွက်ကို ဘယ်ကသိတာလဲ၊ ကလပ်ကလား တော်တော်သစ္စာမရှိတဲ့လူတွေ

"



www.burmeseclassic.com

www.burmeseclassic.com



"တက်ပါ မြရိပ်ညို ... မင်းတို့ရပ်ကွက်ထဲကလူတွေ မမြင်ခင် ကိုယ်ကတော့ အတင်းခေါ်မှာနော် ... ပွဲချိုပြီး တင်သင့်ရင်လည်း တင်ရမယ်"

"ဘာရှင့် ... လုပ်ရဲလုပ်ကြည့်ပါလား၊ ဒီမှာလာလုပ်လို့ကတော့ ရှင်အသက်ပါ ပျောက်သွားမယ်"

"ကိုယ်မကြောက်လို့လာတာလေ ... ကိုယ် မင်းကိုတောင်းပန်စကားတွေ ပြောချင်တယ်၊ မင်းနဲ့ခဏလေးပဲ ဖြစ်ဖြစ်ပါ"

"မလိုက်ဘူး ... ဘာတောင်းပန်စကားလဲ၊ ကျွန်မက ရှင်ထင်သလောက် အညာမလွယ်ဘူးနော်၊ အပျော်လည်းကြံမယ်လို့ ယောင်လို့တောင်မတွေးနဲ့၊ ရှင့်ဆီက ဘာအကူအညီမှလည်းမယူတော့ပါဘူး ... ထပ်လည်းမပတ်သက်တော့ဘူး၊ ရှင့်ဟာရှင် ဘယ်လောက်ပဲ ချမ်းသာပါစေ ကျွန်မ အထင်မကြီးဘူးနော် ... တကယ်ပြောတာ"

သူမ ဘယ်လိုလုပ်ရမလဲ။ ရပ်ကွက်ထိပ်မှာ ဖြစ်နေသဖြင့် ပြဿနာတက်မှာလည်း ကြောက်ရသည်။ နာမည်ပျက်ရမှာ။ အမေဆုံးမပြောဆိုလိုက်တဲ့စကားတွေကိုလည်း မြရိပ်ညို သဘောပေါက်၏။

ရပ်ကွက်ထိပ်မှာတော့ မဖြစ်ဘူး။ လရိပ်ထင် ထွက်လာရင်လည်း ခက်မည်။





မှန်းစရာကောင်းလိုက်တဲ့လူ။

"တက်လေအမိ ... ကိုယ်က ရိုးရိုးသားသားပါ ... မင်းကိုတောင်းပန်စကားတွေပြောချင်လို့ ကိုယ့်ရဲ့အရေးတကြီးအလုပ်တွေကို ထားပစ်ခဲ့တယ်၊ မင်းကိုတန်ဖိုးထားတာပါ မြရိပ်ညို"

"ဒုက္ခပါပဲ"

"တက်လေ"

"ဖယ်ပါ ... ကျွန်မတက်မယ်"

သူက သူမလက်လေးကို ဆုပ်ကိုင်မယ်ပြုတော့ ဆတ်ခနဲယ်၍ သူ့ကားပေါ်တက်လိုက်သည်။ မထူးတော့ဘူး ... ဒီလူ့ကိုပြတ်ပြတ်ပြောပစ်ရမယ်။ မြရိပ်ညို တကယ်ပဲ စိတ်မသက်မသာဖြစ်သည်။

"ဒီမှာ"

"နောက်မှပြော"

"ကျွန်မ ကျောင်းသွားရမယ် ... ဒီနေ့ Practical ရှိတယ်"

"လိုက်ပို့ပေးမယ်လေ"

"ရှင့်ကို ကျွန်မ စိတ်လည်းမဆိုးဘူး၊ ကျွန်မတကယ်ပဲ အကူအညီ မလိုတော့လို့ပါ"

"မင်းဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ အဲဒီအချိန်မှာ ကိုယ့်ဆိုင်နိုးအစည်းအဝေးရှိနေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသိပါတယ် ကိုသတိုးအပေါ် ကျွန်မဘယ်လိုမှ မအောင်းမေ့ပါဘူး၊ ကျွန်မအရမ်းအဆိုတော်ဖြစ်ချင်တဲ့ ဆန္ဒတွေစော ပြီး မဆင်မခြင် ဆက်သွယ်မိလိုက်တာပါ"

မြရိပ်ညို မင်းဘယ်လိုကောင်မလေးလဲကွာ။ မင်းအမေ နေ မကောင်းဘူး။ မင်းပိုက်ဆံ အရမ်းလိုအပ်နေတာမဟုတ်လား။ ကိုယ် က ငွေမမက်တဲ့ မိန်းမတွေကို နှစ်သက်တယ်။ မင်းကို ကိုယ်အထင် မသေးပါဘူး။ ကိုယ်ချစ်မိသွားရင်တောင် အတည်ပဲကြိုးစည်မှာပါ

"အဲဒါကြောင့်လေ ... ကိုသတိုး တောင်းပန်စရာမလိုပါဘူး ကျွန်မစိတ်ထဲမှာလည်း ဘယ်လိုမှဖြစ်မနေပါဘူး၊ ဒါပဲမဟုတ်လား"

"အင်း"

"ကျွန်မကို ကျောင်းအထိလိုက်မပို့ပါနဲ့၊ ကားရပ်ပေးပါတော့ ကျွန်မ ပဲများနေတာမဟုတ်ဘူးနော် ... ကျောင်းမှာနာမည်မကြီး ချင်ဘူး၊ ကျွန်မအဖေရဲ့တူမတစ်ယောက် ကျွန်မနဲ့မကျာတူမှာရှိ တယ်၊ အဖေသိသွားရင် သတ်လိမ့်မယ်"

မြရိပ်ညိုက သူမအဖေနှင့်ပတ်သက်တာတွေ ရှင်းပြနေ သည်။

ဒီမိန်းကလေးအား သူစိတ်အနှောက်အယှက်မပေးချင်တော့ ၍ ကားကို ရပ်ပေးလိုက်သည်။

"ကျေးဇူးပါပဲနော်"





"မြရိပ်ညို"

"ရှင်"

"ဘာမှမဟုတ်တော့ပါဘူး၊ မင်းအငှားကားနဲ့သွားပါလား"

"အို ... ရပါတယ်၊ ဘတ်စ်ကားက တစ်မှတ်တိုင်ထဲလိုတော့ တာပါ ... ပြန်ပါတော့နော်"

ကျောင်းမှာ အဖေ့တူမရှိတယ်။

စာပေးစာယူ တက်ပြီး ... လုပ်ငန်းရှင်ကြီးလုပ်နေတာပါ။ နောက်ဆုံးပေါ်ကားနဲ့ပါပဲ။

မြရိပ်ညိုနှင့် ဆုံပေမယ့် အရေးအရာပင် မလုပ်။ တကယ်ဆို အဖေ့ဘက်က ကုမ္ပဏီပိုင်ရှင်တွေများသည်။ သူမအလုပ်ရဖို့ မခက်ခဲ့။

မတွေးချင်တော့ပါဘူး။

သူမ ဘတ်စ်ကားပေါ် ပြေးတက်လိုက်တော့ ညိုမြီက ကားပေါ် ပါလာသည်။

"ဟဲ့ ... မြရိပ်ညို"

"ဟင် ... ညိုမြီ"

"နင့်ကို သူလိုက်ပို့တာ မဟုတ်လား"

"နင်"

"ကိုသတိုးကား လမ်းမှာတွေ့လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

သူမ ပတ်ဝန်းကျင်ကလူတွေ ကြားသွားမှာစိုးရိမ်မိသည်။ ဘတ်စ်ကားကြီးရပ်သွားတော့မှ စိတ်သက်သာရာရပြီး ကားပေါ်မှ တိုးဝှေ့ဆင်းခဲ့၏။ ညိုမြီနှင့်ကားပေါ်မှ နှစ်ယောက်သား အပြေးအလွှား ဆင်းကြသည်။

"ဟဲ့"

"ညိုမြီ … နင်သစ္စာဖောက်ပဲ၊ ဘာဖြစ်လို့ ငါနေတဲ့ရပ်ကွက်ကို ပြောပြလိုက်ရတာလဲဟ"

"နင့်ကို ထောစေချင်လို့လေ"

"ဘာ"

"သူက အတင်းမေးတာ … ငါက နင့်ကိုအထင်သေးစေမယ့် စကားတွေမပြောပါဘူးဟ … ဘာပဲဖြစ်ဖြစ်လေ နင်အလိုက်အထိုက် ဆက်ဆံထားသင့်တယ်လို့ ငါထင်တယ်"

ညိုမြီကတော့ သူငယ်ချင်းကောင်းပီသသူပါ။ စေတနာနှင့် ပြောဆိုနေတာဖြစ်ကြောင်း မြရိပ်ညို သိနေသည်။

"မြရိပ်ညို"

"ဟင်"

"ကလပ်ပိုင်ရှင် ကိုဇော်လေ နင့်အမေဆေးဖိုးအတွက် ကြိုတင်ငွေ ထုတ်ယူပါတဲ့"





"တော်ပါပြီဟာ … ငါမလုပ်တော့ဘူးညိုမြီ၊ မနေ့ညက ငါ ပြန်တော့ အဖေနိုးသွားလို့ … လရိပ်ထင်ကယ်လိုက်လို့ပေါ့၊ တကယ် မလွယ်ဘူးဟ ကြောက်တယ် … အမေ့ကိုလည်း ချမ်းချမ်းသာသာ ထားဖို့ထက် စိတ်ချမ်းသာအောင်ပဲ ထားချင်တယ်"

"ဟုတ်ပါတယ်လေ … နင့်ဘဝအကြောင်း ငါအသိဆုံးပဲဟာ ငါလည်းမကူညီနိုင်ဘူး၊ နင့်အတွက် အလုပ်တစ်ခုခုရအောင် ငါပြောထားပါတယ်၊ ငါတို့ကုမ္ပဏီကလဲ လောလောဆယ် လူမလိုသေးဘူးလေ"

"ရပါတယ်ဟာ … ငါ့အတွက်မပူနဲ့၊ အဖေက အပိုသာမပေးတာပါ၊ စားဖို့စရိတ်တော့ သူ့ဆွေမျိုးတွေဆီက တောင်းတောင်းပေးပါတယ်"

"အင်းနော် … နင့်အဖေကလည်း ချမ်းသာတဲ့သူဖြစ်ပြီး နင်တို့ရမယ့်အမွေတွေက အများကြီးပဲ … နင့်အဖေမတောင်းလို့"

"တော်ပါပြီဟာ"

"ငါကတော့လေ ကိုသတိုးက လူယုတ်မာတစ်ယောက် မဟုတ်လောက်ဘူးလို့ ထင်တယ် … နင်အခြေအနေတော့ စောင့်ကြည့်စေချင်တယ်ဟာ"

"နေပါစေတော့ ညိုမြီ … အဖေသိသွားရင် ငါ့ကိုသတ်မှာဟ၊ ဆားလိုက်ပါ … ငါ့ဘဝနဲ့ငါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် ကျောင်းထဲဝင်လာတော့ အဖေတူမ မြရိပ်ညို့နှင့်ညီအစ်မ တစ်ဝမ်းကွဲ ခင်ရတနာကိုတွေ့ရသည်။

"ဟဲ့ ... ဟိုမှာ နင်တို့အမျိုး၊ နင့်အဖိုးအဖွားတွေရဲ့အမွေတွေနဲ့ ချမ်းသာနေလိုက်ကြတာဟယ်"

"သွားမယ် ... သူ့ကိုကြည့်ပြီးအားကျနေလို့ ဘာမှရမှာမဟုတ်ဘူးဟ ... စိတ်မဝင်စားပါဘူး၊ အထင်လည်းမကြီးဘူးညိုမီ"

မြရိပ်ညို့ ခြေလှမ်းသွက်သွက်နှင့် ကျောင်းထဲဝင်လာခဲ့သည်။

ညိုမီ့ကိုသာပြောရတာ သူမရင်ထဲမှာ ခံပြင်းလွန်းရ၏။ အဖေကြောင့်ပါ။ မြရိပ်ညို့ကို သမီးအရင်းတစ်ယောက်လိုမှ အဖေသတ်မှတ်ရဲ့လား။

မကိုခင်မှ ဥကိုခင်တယ်တဲ့။ အဖေက အမေ့ကိုမှမချစ် တာ။ မုန်းတီးရွံရှာနေတာပဲလေ။

သူမ Practical လုပ်နေရင်း ကိုသတိုးကို သတိရမိလာသည်။ အဖေ့အမျိုးတွေရဲ့နှိမ်ချဆက်ဆံ မှုကိုလည်း မခံချင်ဘူး။ ကိုသတိုးလိုယောကျ်ားတစ်ယောက်က သူမအား အတည်ကြံစည်ဖို့ဆိုတာလည်း လုံးဝမဖြစ်နိုင်ပေ။

ကံဆိုးလိုက်တဲ့ အမေနဲ့မြရိပ်ညို့။ လောကကြီးက ဘာတွေလဲဟာ။ ကိုသတိုးနဲ့က ဘယ်လိုမှပတ်သက်လို့မဖြစ်ပါဘူး။ မြရိပ်ညို့





အပြတ် ပြောပစ်လိုက်တာ ကောင်းတယ်။

စာတွေထဲမှာပဲ စိတ်ကို ဖွတ်နှစ် ပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"မြရိပ်ညို"

"ဟင် ... ရှင် ... ရှင် ဘာဖြစ်လို့ စောင့်နေရတာလဲ ... ခုကွပါပဲ"

"ကားပေါ်တက်ပါ"

"ဒီမှာ"

"တက်ပါ မြရိပ်ညို"

"ပြဿနာပဲ ... ဟို ... ဟိုမှာ ... အဲ"

သူမ ကားပေါ်သို့ ရွှေ့ခနဲတက်ပြီး ခေါင်းလေးငုံ့ထားမိသည်။ အဖေ့တူမ ကားပါ။ မြရိပ်ညိုသာ ချမ်းသာတဲ့ယောကျ်ား တစ်ယောက်ရဲ့ကားပေါ် ပါသွားခဲ့ရင် ပြောလို့ဆုံးမှာမဟုတ်တော့။ မနာလိုဝန်တိုစိတ်တွေနှင့် မွဲရွဲ့နေမည်။

အဖေ့ကိုလည်း ဂုံးချောမှာ သေချာသည်။





"မြရိပ်ညို"

"ရှင်"

"မင်းခေါင်းကြီးကို ထောင်လိုက်ပါတော့ မြရိပ်ညို ... ဘယ်သူ့ကားမို့လဲကွာ၊ ဒီလောက်ကြောက်နေတာ၊ ကားပေါ်မှာ မိန်းကလေးတစ်ယောက် မောင်းသွားတာ"

"အဲဒါ ... အဖေ့တူမလေ၊ ကျွန်မကိုသာ ရှင့်ကားပေါ်ပါသွားတာတွေ့လိုက်ရင် အဖေ့ကို အတို့အထောင်လုပ်မှာသိလား ... ဆွေဝုဏ်မျိုးဝုဏ်ကို ဖျက်ဆီးနေပြီး အကျင့်ပျက်တဲ့ ကောင်မလို့ ပြောမှာ"

မြရိပ်ညို မင်းက ရိုးသားတာပဲ။ တကယ့်ကို ဖြူစင်တယ်ကွာ။ ကိုယ်ထင်တောင်မထင်ဘူး။ ဆွေကြီးမျိုးကြီးထဲကပဲ။

"ကားကိုမောင်းတော့လေ ... ဒီမှာရပ်မနေပါနဲ့"

"ကောင်းပါပြီဗျာ"

"သေချင်တယ်"

"မြရိပ်ညို"

"ဟင်"

"မင်းကိုပစ္စည်းတွေ ကိုယ်ဝယ်ပေးချင်တယ်၊ ညီမလေးတစ်ယောက်အနေနဲ့ပါ ... တစ်မျိုးတော့မထင်စေချင်ဘူး၊ ရိုးရိုးသားသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ကျွန်မ ဘာမှလက်မခံဘူးနော်၊ အမေရှေ့မှာ ကျွန်မသုံးလို့လည်း မရဘူး ကိုသတိုးက ကျွန်မပြောတာတွေကို မယုံဘူးလား"

"ယုံပါတယ် မင်းက ရိုးသားတဲ့ကောင်မလေးဆိုတာပါ"

သတိုးစိတ်ထဲမှာ မြရိပ်ညို့ရဲ့ အခက်အခဲတွေကို ကူညီချင်သည်။ အဆိုတော်မလေးဖြစ်စေရန် လုပ်ဆောင်ပေးဖို့လည်း ဆုံးဖြတ်ထား၏။ မြရိပ်ညို့အမေက နေမကောင်းဘူးဆိုတာလည်း သိထားသည်။

"ပစ္စည်းတွေဝယ်ပေးတာ လက်မခံနိုင်ဘူးဆိုရင်လည်း မင်းအမေဆေးဖိုးအတွက် ငွေတော့လက်ခံပါ။ ကိုယ်တကယ့်ကို ရိုးရိုးသားသားပါကွာနော်"

"မယူဘူး … ကျွန်မကို ဘာထင်နေလို့လည်းဟင်၊ အထင်သေးတာလား၊ ကျွန်မ ရှင့်ဆီက ဘာအကူအညီမှမလိုချင်ဘူး"

ကိုသတိုးမဟာနှင့်မြရိပ်ညို့ အဝေးဆုံးမှာနေချင်သည်။ ကိုသတိုးက ဘယ်လိုလူမျိုးလဲ။ အဖေ့ထက်ဆိုးတဲ့ယောကျ်ားတစ်ယောက် ဖြစ်နိုင်၏။ သူ့ငွေးကိုမြူဆွယ်ဖြားယောင်းပြီး အရယူတဲ့ မိန်းမတစ်ယောက်အဖြစ် ဘဝတစ်လျှောက်လုံး အစွတ်စွဲခံရတာမျိုး မလိုလားမိပေ။

"ကျွန်မအိမ်ပဲပြန်မယ် … အမေနေမကောင်းဘူး၊ တောင်း





ပန်ပါတယ်နော် … ကျွန်မကိုထပ်ပြီး လာမပတ်သက်ပါနဲ့တော့"

"မြရိပ်ညို့"

"ရှင်"

"ကိုယ် မင်းနဲ့မပတ်သက်ဘဲ မနေနိုင်တော့ဘူးဆိုရင်ရော"

"ဘာပြောတယ် … အမိပ္ပါယ်မရှိတာ ရှင့်လိုလူမျိုးကများ"

မြရိပ်ညို့ နှုတ်ခမ်းလေးကိုတွန့်ပစ်ပြီး မဲ့ပြုံးလေးပြုံးလိုက်တာကို သူနှစ်သက်သဘောကျစွာ စူးစိုက်ကြည့်မိနေသည်။

ဟုတ်တယ် မြရိပ်ညို့ … မင်းကို ကိုယ်မပတ်သက်ဘဲ မနေနိုင်တာတော့ အမှန်ပဲ။ ဒါပေမဲ့ကွာ မပတ်သက်သင့်ဘူးဆိုတာလည်း ကိုယ်သိနေပါတယ်။ မင်းနဲ့ကိုယ် အတိအလင်း ဒါပဲမဟုတ်လား။

တရားဝင်လက်ထပ်ယူ ဖို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာ သိနေလို့ပဲ။

"ကားရပ်ပေးပါတော့ … ကျွန်မအဆိုတော်လည်း မဖြစ်ချင်တော့ပါဘူး၊ အလုပ်ပဲရှာတော့မယ် … ကိုသတိုးရဲ့ခေါင်းထဲကနေ မြရိပ်ညို့ကို ဖယ်ထုတ်ပစ်လိုက်ပါ … ပြီးတော့လေ ကျွန်မမှာချစ်သူလည်းရှိပါတယ်"

"လရိပ်ထင်လား"

"ဘာရှင့်"

"မင်းအကြောင်းတွေ တော်တော်များများကိုယ်သိထားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် မြရိပ်ညို”

“ဟွန်း”

လရိပ်ထင်ဆိုတဲ့ကောင်လေးက မြရိပ်ညို့ရဲ့ အိမ်နီးနားချင်းကောင်လေး။ မိဘတွေက သဘောတူထားတာ။ မြရိပ်ညိုက မချစ်ဘူးဆိုတာ ညိုမိက ပြောပြထားသည်။

“ထားလိုက်ပါတော့ကွာ … ကိုယ်ပေးတဲ့ငွေကို လက်ခံပေးပါ။ မင်းနဲ့မပတ်သက်ဖို့ ကိုယ်ကြိုးစားပါ့မယ်၊ ဒါကိုတော့ ချေးတာလို့ပဲ သဘောထားပါ၊ မင်းဆပ်နိုင်တဲ့နေ့ ပြန်ဆပ်လေ … ရော့”

သူမ ကြည့်လိုက်တော့ အိတ်လေးတစ်လုံးနှင့် ထည့်ထားတာ ပိုက်ဆံက တော်တော်လေးများမည့်ပုံပင်။

မြရိပ်ညို လက်မခံချင်ပါဘူး။ သူမစိတ်တွေလည်းမလုံ။ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက်တွေကိုလည်း မြရိပ်ညို ဆက်မစဉ်းစားရဲ။

ကိုသတိုးကိုလည်း သူမ အားနာလာသည်။

“မင်း ဒီငွေတွေကို လက်ခံပေးပါ၊ မင်းအသုံးပြုချင်တဲ့နေရာမှာသုံးပေါ့၊ ကိုယ်က ငွေတွေအရမ်းပေါနေလို့ ကုသိုလ်ဒါနပြုတာပါ”

“သတိုးမဟာကလည်း မြရိပ်ညိုအား ငွေတွေနှင့်ထောင်ချောက်ဆင်ကျုံးသွင်းလိုခြင်း မဟုတ်တာတော် မြရိပ်ညိုအား သူ့လက်ထဲ မလှုပ်သာ မလွန့်သာအောင် ချုပ်ကိုင်ထားလိုနေသည်။





မင်းကို ကိုယ့်အနားမှာပဲရှိစေချင်တာက ကိုယ့်အမှားပါ၊ ...လေးလေးက မျိုးရိုးဂုဏ်ကို ထိန်းသိမ်းပြီး သတိုးအား နိမ့်နိမ့်ကျကျ ...နီးကလေးတွေနှင့် နီးစပ်သွားမှာ အကြောက်ဆုံးပင်။

သတိုး သိသည်။

“ယူပါ မြရိပ်ညို … ကိုယ်ကူညီတာပါ။ မင်းဆီကနေ ဘယ်လို ...ခွင့်အရေးမျိုးမှ မတောင်းဆိုပါဘူး … ကတိ … ”

မြရိပ်ညို ဘာဆက်လုပ်ရတော့မလဲ။ ငွေကလိုအပ်နေသည် ...က်ဖြန် အမေ့ကို ဆေးခန်းပို့ရဦးမယ်။

“ယူပါ မြရိပ်ညိုရယ် … မင်းကို လုံးဝအထင်မသေးပါဘူးကွာ၊ ...ယ်တို့မိတ်ဆွေတွေအဖြစ်တော့ ရှိနိုင်သေးတယ် မဟုတ်လား”

“ကိုသတိုး”

“ပြော”

“ကျွန်မမှာ ချစ်သူရှိနေတာအမှန်ပါ … လရိပ်ထင်ကို ကျွန်မ ...ဖြေပေးပြီးပြီ”

“အဲဒါနဲ့မဆိုင်ဘူး၊ မင်းလက်ခံပေးပါ … ကိုယ်ပြောထားပြီး ...လေ၊ စေတနာနဲ့ပါလို့”

သူမလက်ခံလိုက်သည်။ ညဘက်တွေမှာ ကလပ်မှာအလုပ် ...တာ အခြေအနေက အန္တရာယ်များနိုင်သည်။ အပြင်ထွက်ရတာ ...စွန့်စားရ၏။ သူမကို သူက ရပ်ကွက်နှင့်ခပ်လှမ်းလှမ်းမှာရပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျေးဇူးပဲနော် ကိုသတိုး ..."

"မြရိပ်ညို"

"ရှင်"

"ကိုယ်တို့က မိတ်ဆွေတွေနော်"

သူမ ရပ်ကွက်ထဲ အပြေးကလေးဝင်သွားသည်။

သတိုး ဘာတွေလုပ်မိမှန်းပင် မသိတော့။ မြရိပ်ညိုက သတိုးရင်ထဲမှာ ဝင်ရောက်နေရာယူထားပြီဖြစ်၏။ မင်းကို ချစ်တယ်။ ကိုယ်ဆက်ပြီး ပတ်သက်ဖို့ ဆုံးဖြတ်ထားပြီးပြီ မြရိပ်ညို။

သူ ဘယ်မှသွားချင်တဲ့ စိတ်မရှိတော့သဖြင့် ပြန်လာခဲ့သည်။

"တူလေး သတိုး ..."

"လေးလေး ..."

"မင်းစောသားပဲ ... အတော်ပဲကွယ်၊ လေးလေးက မင်းအတွက် ကျောက်ပွင့်သုပ်လေး လုပ်ထားတာ၊ အတူတူထမင်းစားခွင့်ရပြီပေါ့"

လေးလေးက သတိုးအပေါ် အလွန်အမင်း ဂရုစိုက်လွန်းနေသည်။ ငယ်စဉ်လေးထဲက သတိုးကိုအလိုလိုက် အကြိုက်ဆောင်၍ လိုလေသေးမရှိအောင် စောင့်ရှောက်လာခဲ့ကာ လေးလေးအမွေပင် အိမ်ထောင်မပြုဘဲ သူ့အတွက် ပေးခဲ့သည်။





"တူလေး ... ရေချိုးအနားယူတော့ လေးလေး ညစာပြင်ဆင်တော့မယ်၊ ပြီးရင် ... ဆင်းလာခဲ့နော်"

"ဟုတ်ကဲ့"

သူအပေါ်တက်လာခဲ့သည်။ ရေချိုးခန်းထဲဝင်လာခဲ့၏။ ရေပန်းကိုဖွင့်ပြီး သူခေါင်းကနေ ရေလောင်းပစ်သည်။

"မြရိပ်ညို ... မင်းကိုမေ့လို့မရဘူးကွာ ... မင်းကိုချစ်တယ်အား ..."

သူ အော်ပစ်သည်။

ရင်ထဲမှာ နာကျင်ရသည်။

"လရိပ်ထင်က ကျွန်မချစ်သူပါ ကိုသတိုး"

"အား"

ခပ်ကြောင်ကြောင် အော်ပစ်လိုက်သည်။ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကြောင့် သူ့စိတ်တွေ ရှုပ်ထွေးလေးလံနေရ၏။

ရေချိုးခန်းထဲကနေထွက်ပြီး အဝတ်အစားလဲကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

"တူလေးရေ ... လာဟေ့ ... ညစာကတော့ အဆင်သင့်ပဲ"

လေးလေးက ညစာကို ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးထားသည်။ အလုပ်သမားတွေရှိနေပေမယ့် သူ့အတွက်ဆို ကိုယ်တိုင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှ ကျေနပ်သူ။

"လေးလေးတို့ လက်ဆုံမစားရတာတောင် တစ်လလောက်ရှိပြီ အခွင့်အရေးပဲကွာ"

လေးလေးကို သူကြည့်မိသည်။ အထက်တန်းကျပြီး နိုင်ငံခြားမှ ပညာသင်လာသူ။ သူ့အတွက်ဘဝကို နှစ်မြှုပ်ထားခဲ့သူ။

"လေးလေး"

"ပြော"

"ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ အစီအစဉ်ရှိလား"

"ဘာပြောတယ်တူလေး ... မင်းစကားက ထူးဆန်းတယ်၊ အမှန်တကယ် ဝန်ခံရရင် တစ်ကြိမ်တစ်ခါမှ မင်းကို အိမ်ထောင်ပြုပေးဖို့ မစဉ်းစားမိဘူးကွ၊ လေးလေး စိတ်ထဲမှာ မင်းကိုကလေးပဲ ထင်ထားတာ"

မြရိပ်ညိုလို အဆင့်ရှိတဲ့ကောင်မလေးမျိုးကို လေးလေး ဘယ်လိုနည်းနှင့်မှ သဘောတူလက်ခံမှာမဟုတ်။ သေချာနေသည်။

"လေးလေးကိုယ်တိုင်ရော လူပျိုကြီးပဲ လုပ်တော့မှာလား"

"သေချာတာပေါ့ကွ ... တူလေးကြောင့်လေ၊ မင်းကို စောင့်ရှောက်နိုင်ပေါ့၊ လေးလေးက လူပျိုကြီးဖြစ်ရမယ်လေ မဟုတ်ဘူးလား"

"သတိုးတော့ လူပျိုကြီးလုပ်မှာမဟုတ်ဘူး"





"ကောင်းတယ် တူလေး ... မင်းတွေ့နေပြီလား၊ လေးလေးကမင်းကိုယုံပါတယ်၊ မင်းရွေးချယ်မယ့် ဇနီးလောင်းက လုံးဝအညံ့စားမဟုတ်ဘူးဆိုတာပဲ"

သူထင်ထားတဲ့အတိုင်းပင် လေးလေးက သူ့ကိုတော်ရုံတန်ရုံ မိန်းကလေးတစ်ယောက်နှင့် သဘောတူမှာမဟုတ်။

"သတိုး"

"ဟင်"

"မင်းတွေ့ထားပြီလားကွ၊ ဘယ်သူလဲ လေးလေးကိုပြနော်၊ မင်းလက်ထပ်မယ့် ကောင်မလေးက ဘယ်သူလဲ ... မိဘတွေက ဘာလုပ်လဲ ပညာအရည်အချင်းရော ... "

"နောက်မှပါ"

"ဘာလဲကွ၊ လေးလေးစိတ်ပူအောင် မလုပ်နဲ့နော်၊ မင်းသိထားဖို့က မင်းလက်ထပ်မယ့်မိန်းကလေးက သာမန်ဆိုရင် လုံးဝမဖြစ်နိုင်ဘူး"

"သတိုး ဘာဖြစ်လို့ ဒီအရွယ်အထိ ချစ်သူရည်းစားမထားခဲ့တာ ဘာကြောင့်လဲ လေးလေးသိလား"

"ပြောစမ်းပါဦး"

"ကျွန်တော့်ကို ပန်းချင်းယှဉ်မယ့် မိန်းမမျိုးနဲ့လက်မထပ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် သတိုး ... မင်းစကားအဓိပ္ပာယ်က ဘာလဲ ကွ၊ မင်းနဲ့ဂုဏ်ဒြပ်တူမှ လိုက်ဖက်တင့်တယ်မှာပေါ့"

"လေးလေးဆန္ဒကလား"

"သတိုး မင်းပြောတဲ့စကားကို လေးလေးနားမလည်ဘူး မင်းလက်ထပ်မယ့် မိန်းကလေးက ... "

"အခု လောလောဆယ်တော့ ကျွန်တော် ဘာမှမစဉ်းစားရ သေးပါဘူး ... ကျွန်တော် ချစ်မြတ်နိုးတဲ့ မိန်းကလေးကိုပဲ လက် ထပ်ချင်တယ်၊ လေးလေးနဲ့ ဆွေးနွေးကြည့်တာပါ"

"သတိုး"

"ဗျာ"

"မင်းလက်ထပ်မယ့် မိန်းကလေးက မင်းနဲ့အဆင့်အတန်းတူ တာပဲ ဖြစ်စေချင်တယ် ... မင်းကို လေးလေးပြောထားမယ် ... လေးလေး သဘောမတူတာကို မင်းမလုပ်စေချင်ဘူး"

"လေးလေးကလဲဗျာ ... ပြောပြတာပါ၊ လေးလေးသဘော မတူရင် သတိုးဘာမှမလုပ်ပါဘူး"

"လေးလေးကတော့ မင်းအိမ်ထောင်ရေးက ဘဝတစ်သက် တာအတွက်ဖြစ်လို့ နဲနဲလေးမှ ခွင့်မလွှတ်နိုင်ဘူး ... နိမ့်ကျတဲ့ မိန်းကလေးဆိုရင်တော့ လုံးဝသဘောမတူဘူး"

တူလေးသတိုးမျက်နှာ အခုတလော ညှိုးညှိုးနွမ်းနွမ်းဖြစ်





နေတာ သူသိသည်။

ကောင်မလေးတစ်ယောက်ကြောင့်လား။ သတိုးအနေနှင့် မိန်းကလေးတွေကို စိတ်မဝင်စားဘဲ စီးပွားရေးမှာသာ နှစ်ထား တတ်သူဖြစ်သည်။

"ကဲပါလေးလေးရာ ... ကျွန်တော်က စကားအဖြစ်ပြောပြ တာပါ၊ လေးလေးလည်း ရှာပေးလေ၊ တစ်ခါတလေ ကျွန်တော် အိမ်ထောင်ပြုရင် ကောင်းမလားလို့ပါ"

"သတိုးရယ် ... လေးလေးလည်း မင်းအိမ်ထောင်ရေး အတွက် စဉ်းစားထားတာ မရှိသေးပေမယ့် မင်းလက်ထပ်ရင်တော့ ခင်းအိမ်ထောင်ဖက်က အတင့်တယ်ဆုံး မိန်းကလေးဖြစ်စေချင် တယ် ... လေးလေးရဲ့ အကြီးမားဆုံးဆန္ဒပဲ ... "

မြရိပ်ညိုကတော့ မဖြစ်နိုင်ပါဘူး။ ရပ်ကွက်ထဲက သာမန် မိန်းကလေး ဆင်းရဲ၍ နိမ့်ကျသူ။ ဖြူစင်ရိုးသားတဲ့ မိန်းကလေးကို တော့ သူလက်ထပ်လိုခဲ့သည်။

"သတိုးမှာက ငွေတွေ ဂုဏ်တွေ ပြည့်စုံနေတာပဲ လေးလေး၊ တစ်ခါတလေ ချောမောလှပပြီး ဖြူစင်တဲ့မိန်းကလေးမျိုး ရွေးချယ် ချင်တယ်၊ ကျွန်တော်နဲ့ မယှဉ်ပြိုင်နိုင်တဲ့ မိန်းကလေးမျိုးလေ"

"မဖြစ်ဘူး"

ဦးသုတ ခပ်ပြတ်ပြတ်ပဲ ငြင်းပစ်သည်။ မဖြစ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတိုးကောင်မလေး တွေ့နေပြီလားပဲ။ မိမိက ဂုဏ်သိက္ခာနှင့်
အဆင့်အတန်းကို အမိကထားသူပါ။

“လေးလေးကတော့ မင်းကို တော်ရုံမိန်းကလေးနဲ့ လုံး
သဘောမတူဘူးနော် သတိုးမဟာ ... လေးလေးတောင်မှ မင်း
အရွယ်က အရမ်းချစ်မြတ်နိုးခဲ့ရတဲ့ မိန်းကလေးကို ဆင်းရဲလို့မယူ
ဘူး၊ သားစဉ်မြေးဆက်အတွက်ပဲလေ”

သူထင်ထားပြီးသားဖြစ်သည်။ လေးလေးက သူ့ကိုအထွတ်
အထိပ်ထားသူ။ အိမ်ထောင်ဘက်ကိုတောင် သူနှင့်တန်တဲ့ သူကို
မတွေ့နိုင်ခဲ့။ ကြိုးတွေများပြီး သူ့အိမ်ထောင်ဘက်က ရှာမတွေ့နိုင်ဘဲ
ဖြစ်ရသည်။

“သတိုးအတွက် ဘာမှမပူနဲ့နော် လေးလေး ... အိမ်ထောင်
ဘက်လည်းမတွေ့သေးပါဘူး၊ စဉ်းစားမိတာပါ”

“သတိုးနော် ... ဘာမဟုတ်တဲ့မိန်းကလေးတစ်ယောက်ကို
မချစ်မိစေနဲ့ကွ၊ ဘဝအတွက် အချစ်က သိပ်အရေးမကြီးဘူး ...
သတိုးက ဘယ်လိုယောကျ်ားမျိုးလဲ၊ ပတ်ဝန်းကျင်အသိုင်းအဝန်းမှာ
မတင့်တယ်တဲ့အလုပ်တွေ မလုပ်စေချင်ဘူး ... ပွဲတက်မယားက
အရေးကြီးတယ်ကွ”

“အင်း”

လေးလေး စိတ်ပူနေပြီး စုံစမ်းနေမှာ စိတ်ပူ၍ သတိုးဆက်





မပြောတော့ မြရိပ်ညိုကို သူကိုယ်တိုင်ပင် သူနှင့်လက်ထပ်ယူမည့်
မိန်းကလေးပါဟု လူပုံအလယ်မှာ ထုတ်ဖော်မပြောရဲပေ။

ပွဲတက်မယားလည်း မဖြစ်နိုင်ဘူး။ သူ့ရင်ထဲမှာ နာကျင်
ကြေကွဲနေမိသလိုပင်။

လေးလေးကိုယ်တိုင်က မျိုးရိုးအဆင့်အတန်းနှင့်ဂုဏ်သိက္ခာ
ကို အလေးအနက်ထားလွန်းသည်။

ရပ်ပစ်လိုက်ဖို့ပဲ စဉ်းစားနေခဲ့၏။

ဒါပေမဲ့လည်း ... သူ့နှလုံးသားက အလွယ်တကူ လက်မခံ
နိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

သူမ အိမ်လေးထဲ လှမ်းဝင်လိုက်ရာ အိမ်လေးက တိတ်ဆိတ်ငြိမ်သက်နေ၏။ မြရိပ်ညို စိတ်ပူသွားသည်။

အမေ့ချောင်းဆိုးသံပဲဖြစ်ဖြစ် သူမအား ဆီးကြိုနေစေလို၏။ အမေ့အသံလည်း မကြားရပေ။ အိမ်တံခါးကလဲ ဖွင့်ထားသည်။

သူမ အိမ်လေးထဲသို့ အပြေးအလွှား ဝင်သွားမိ၏။ အမေလည်း ရှိမနေပေ။ အိမ်ဘေးမှမချိုက သူမတို့အိမ်လေးထဲ ဝင်လာသည်။

"မြရိပ်ညို ... ညည်းအမေ ဆေးရုံတင်ရတယ်၊ လရိပ်ထင်တို့သားအမိ ခေါ်သွားကြတာပဲ"

"အမေ ဘာဖြစ်လို့လဲဟင်"

"အသက်ရှူမဝလို့လေ"

"မြရိပ်ညို လိုက်သွားမယ်၊ မချို အိမ်စောင့်ထားပါဦးနော်"





"အေး ... အေး ... စိတ်ချ၊ သိပ်တော့ စိတ်မပူပါနဲ့ဟယ်၊ လရိပ်ထင်တို့သားအမိ ရှိပါတယ်၊ အရမ်းဂရုစိုက်ကြပါတယ်"

"ဟုတ်ကဲ့ ... ဒါဆို မြရိပ်ညို သွားပြီနော်"

"ဖြည်းဖြည်းသွားပါဟယ် ... ကားတွေဘာတွေနဲ့သတိထားနော်"

မချိုအား ဘာမှဆက်ပြောမနေတော့ဘဲ လမ်းမသို့ပြေးထွက်လာပြီး ကားငှားသည်။ အမေ ဘာမှမဖြစ်ပါစေနဲ့။ ကိုသတိုးပေးထားတဲ့ ပိုက်ဆံဖိနပ်ကိုလည်း တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားမိသည်။

"ကျေးဇူးပါပဲ ... ကျွန်မစိတ်တွေကို သက်သာစေလို့ပါ"

အမေ့ကို ဆေးကုသဖို့ စရိတ်ရှိနေ၍ သူမစိတ်အားရှိရသည်။ ရန်ကုန်ဆေးရုံကြီးကိုရောက်တော့ လရိပ်ထင်က ဆေးရုံကြီးရှေ့မှာ စောင့်နေသည်။

"လရိပ်ထင် ... အမေရောဟင် ... အမေ ဘာမှမဖြစ်ဘူးမဟုတ်လား"

"မြရိပ်ညို"

"ဟင်"

"နင်စိတ်ကို အေးအေးထားစမ်းပါ၊ ဘာဖြစ်လို့ ဒီလောက် အလောတကြီး ဖြစ်နေရတာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဟာ အမေလေ ... အမေ နေကောင်းတယ် မဟုတ်လား"

လရိပ်ထင် ကြည့်ရတာ တစ်စုံတစ်ခုအားပြောဖို့ ဝန်လေးနေပုံပင်။ သူမ စိတ်ပူသွားရသည်။ အမေ ဘာမှမဖြစ်ပါစေနဲ့။ ဆေးကုဖို့ ပိုက်ဆံတွေ မြရိပ်ညိုမှာရှိနေပါပြီ။

ဆေးရုံကြီးထဲပြေးဝင်ဖို့လုပ်တော့ လရိပ်ထင်က တားထားသည်။

"မြရိပ်ညို"

"ဟင်"

"နင့်အမေ ဆုံးသွားပြီ"

"ဘာပြောတယ် လရိပ်ထင်"

"ဒေါ်လေး သဲသဲဆုံးသွားတယ်၊ ဆေးရုံရောက်မှလေ၊ ငါ နင့်ကို လိုက်ခေါ်မလို့ဘဲ ... ဒါပေမဲ့လေ ဒေါ်လေးသဲက မခေါ်နဲ့တဲ့ နင့်ရှေ့မှာ ထွက်မသွားချင်ဘူးတဲ့၊ အမေ့ကိုတော့ နင့်ကိုစောင့်ရှောက်ပေးပါလို့ သေသေချာချာမှာတယ်"

"အမေ ... ဖြစ်မှဖြစ်ရလေ အမေရယ်"

"အလောင်းကိုတော့ ရေခဲတိုက်ထဲသယ်သွားပြီ၊ နင်ကြည့်ချင်လား"

"ကြည့်မယ် ... ငါအမေ့ကို ကြည့်ချင်တယ် ... အမေ ဘာ





ဖြစ်လို့များ ငါ့ကို နှုတ်မဆက်ဘဲ လူ့လောကကြီးထဲကနေ ထွက်သွားရတာလဲ လရိပ်ထင် ... ဒီမှာပိုက်ဆံတွေလေ၊ အမေ့အတွက် ငါရှာလာခဲ့တာပါ"

"မြရိပ်ညို ... နင် ... နင် ဒီငွေတွေ ဘယ်ကနေရလာတာလဲ"

"ကိုသတိုးပေးလိုက်တာလေ ... အမေ့အတွက် ငါလက်ခံလာခဲ့တာ"

"အိမ်ပြန်ကြမယ်"

"မပြန်ဘူး ... ငါ့အမေက မရှိတော့ဘူးပဲ၊ ငါ အမေနဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး"

"နင် အဲဒီလိုမလုပ်ပါနဲ့ဟာ ... နောက်မှမိသားစု ပြဿနာတွေ ရှင်းစမ်းပါ၊ လောလောဆယ် ပြန်ကြမယ်၊ နင့်စိတ်ကိုထိန်းပါ မြရိပ်ညို"

ဟုတ်တယ်။ ငါထိန်းရမယ်။ အမေရဲ့နောက်ဆုံးခရီးက အလှပဆုံးဖြစ်စေရမယ်။

အမေ ... မြရိပ်ညိုကို ဘာတွေဖြစ်စေချင်တာလဲဟင်။ လရိပ်ထင်ရဲ့အမေလက်ထဲ အပ်ထားခဲ့ရတာရော အဓိပ္ပာယ်ရှိလား။

"ငါ ရေခဲတိုက်ကိုသွားမယ် ... အမေ့မျက်နှာကိုခဏလေးပဲ ဖြစ်ဖြစ်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်စိတ်ကိုထိန်းနော် … နင်လည်းအသက်အရွယ်ရတဲ့ ပညာတတ်တစ်ယောက်ပဲ … လူတွေကို အတည်ငြိမ်ဆုံးရင်ဆိုင်နိုင်အောင် အဆင်သင့်ပြင်ထားစမ်းပါ"

လရိပ်ထင်ကတော့ မြရိပ်ညို့နှင့်ကိုသတိုးမဟာတို့ ပတ်သက်မှုကို စိတ်ပူမိသည်။ ငွေကြေးတွေနဲ့တောင် နင်တို့က ဆက်ဆံနေကြပြီလား။ မြရိပ်ညို့နဲ့ နိုက်ကလပ်မှာတွေ့ကြတဲ့ သူငွေး။

"အမေ … သမီးကိုထားခဲ့တာလား၊ နှုတ်ဆက်ဖို့တောင် ဆန္ဒမရှိတော့ဘူးလားဟင်၊ သမီး အရမ်းဝမ်းနည်းတယ်"

"မြရိပ်ညို … ပြန်ကြမယ်ဟာ … အသုဘကိစ္စ စီစဉ်ရဦးမယ် ပြန်ကြစို့"

မြရိပ်ညို ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အဖေရှိနေ၏။

အမေ့ကို သေစေချင်နေတာမဟုတ်လား။ မြရိပ်ညိုတို့ သားအမိကို ဘယ်လိုမှ အဖက်မလုပ်တဲ့အဖေ့အစ်မလည်း ရောက်နေ၏။ မရတနာရောပဲ။

သူတို့ရဲ့နောက်ဆုံးပေါ် ကားကြီးက မြရိပ်ညိုတို့အိမ်ရှေ့မှာ ရပ်ထားသည်။

"သမီး ပြန်ရောက်လာပြီပဲ၊ ဒီမှာ ကြီးကြီးခင်ရောက်နေတယ် နှုတ်ဆက်လိုက်ဦး"

တကယ်တော့ မြရိပ်ညို လုံးဝ နှုတ်မဆက်ချင်။ အမေရှိစဉ်





က မတူမတန်ဟု ဆိုပြီး မောင်ကိုမြှောက်ပေး၍ အမေနှင့်မြရိပ်ညို အနှိပ်စက်ခံဘဝ။

ဒါပေမဲ့ … အမေ့အသုဘ အေးအေးချမ်းချမ်းပြီး သွားစေချင်၍ သူမ နှုတ်ဆက်သည်။

"သမီးက မြရိပ်ညိုပါကြီးကြီး"

"ရတနာနဲ့ တစ်တန်းထဲဆို … သမီးက ကုမ္ပဏီကိုဦးစီးနေရတော့ မြန်မာပြည်က ဘွဲ့လေးတစ်ခုရစေချင်လို့ စာပေးစာယူတက်ခိုင်းထားတာ၊ သမီးရတနာက မတက်ချင်ဘူးလေ"

ကြီးကြီးကျယ်ကျယ်တွေပဲ။ အဖေ့အမျိုးတွေ လုပ်ငန်းကြီးတွေလုပ်နေကြတာ၊ ပညာတွေ နိုင်ငံခြားမှာသွားသင်လာကြတာတွေ အဖေကတစ်ဆင့် မကြားချင်မှအဆုံးပဲ။

မြရိပ်ညိုကတော့ လုံးဝ အထင်မကြီးပါ။

"ညည်းလေးမှာ အမေမရှိတော့ဘူးဆိုတော့ ကြီးကြီးခင်ကပဲ ခေါ်ထားရတော့မယ်၊ ညည်းအဖေက မူးလေ … ရက်လည်ပြီးရင်တော့ ကြီးကြီးနဲ့လိုက်ခဲ့"

"ရှင်"

"ဟုတ်တယ် မြရိပ်ညို … အဖေ ဆုံးဖြတ်တာပဲ၊ မမခင်နောက်လိုက်ရမယ် … ပြီးတော့ သမီးကို ကျောင်းဆက်ထားအုံးသိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို မလိုက်လိုပေ။ သူတို့ ကျွေးမွေးစောင့်ရှောက်မယ်ဆိုတာက မြရိပ်ညိုကို အစေအပါးအဖြစ်ပါ။ မခင်ရတနာဆိုတာလဲ မြရိပ်ညိုအား အဖေ့သမီး ညီအစ်မဝမ်းကွဲမှန်းသိသိကြီးနှင့် ကျောင်းမှာ အဖက်ပင်မလုပ်။

အဖေ့မျက်နှာထားက တင်းနေသည်။ အမျိုးတွေအပေါ် အဖေက အမြဲတမ်းမျက်နှာသာပေးခဲ့၏။ အမေ့ကြောင့် သူ့အမျိုးတွေ ဂုဏ်သိက္ခာငယ်ရသည်ဟု ထင်ထားသည်။

"ကျွန်တော့်သမီးက ကျွန်တော့်အမိန့်တစ်ခုထဲပါ မမခင်၊ မလိုက်လို့မရဘူး၊ သူ့ပညာရေး ကျွန်တော်ဆက်ပြီး တာဝန်မယူနိုင်ဘူးလေ"

"မြရိပ်ညို အလုပ်ဝင်ရတော့မယ်ထင်တယ်အဖေ"

"မလုပ်ရဘူး ... မမခင်ကိုပဲ အနီးကပ်ပြုစုစောင့်ရှောက်ရမယ်၊ အိမ်မှုကိစ္စတွေ ဝိုင်းလုပ်ပေးရင်း သူတို့ရဲ့အုပ်ထိန်းမှုအောက်မှာ နေရမယ်"

ပြင်းထန်လွန်းတဲ့အဖေ့အမိန့်။ သူမလက်မခံနိုင်ပါဘူး။ အမေ့အသုဘကိစ္စရှိ၍ ငြိမ်နေလိုက်သည်။

"မြရိပ်ညိုကို ကျွန်စာရင်းသွင်းမလို့လားအဖေ ... အမိပွါယ်မရှိတာဘဲ လိုက်မနေပါဘူး"

သူမ စိတ်ထဲကနေ တွေးနေမိသည်။ ဘယ်လိုလုပ်ရမလဲ။





လရိပ်ထင်အမေ ဒေါ်လေးမေကတော့ အလိုက်အထိုက်နေလိုက်တဲ့။

"ညည်းအဖေက လွန်တယ် မြရိပ်ညို ... တာဝန်မဲ့တယ်၊ ဒါပေမဲ့ ... လောလောဆယ်တော့ ညည်းအမေကိစ္စနဲ့သည်းခံလိုက်ပါ၊ ဒေါ်လေးမေလည်း ညည်းအတွက် တစ်ခုခုစဉ်းစားပေးပါ့မယ်"

"ဟုတ်ကဲ့"

အဖေကတော့ အမေ့အသုဘ သူ့အစ်မသဘောပဲ။ မြရိပ်ညိုဆီမှာ ကိုသတိုးပေးထားတဲ့ ပိုက်ဆံတွေရှိပေမယ့် ထုတ်မသုံးရဲ။ အဖေက ဦးစီးနေသည်။

ညိုမီလည်း လာ၏။ ကလပ်ကလည်း ငွေ လှူသည်။

"နင် ဘယ်သူတွေနဲ့သိနေတာလဲ မြရိပ်ညို ... အရှုပ်အထွေးတွေမလုပ်နဲ့၊ ဒီလူတွေ ဘာလုပ်လည်းဆိုတာ ငါသိတယ်"

"အဖေ"

"အဖေ့အစ်မ အုပ်ထိန်းမှုအောက်မှာပဲနေရမယ်၊ ငါ့အမိန့်"

အမေရှိစဉ်ထဲက အဖေက သူ့အမိန့်ကိုလိုက်နာစေရသည်။ အမေ့အပေါ် ရက်စက်ခဲ့သည်ဟု ထင်မိ၏။

ညိုမီက ငွေလှူပြီး ပြန်သွား၏။ ကိုသတိုးက ဘာအကူအညီ ... ရမလဲတဲ့ မေးနေတယ်ဆို၍ မလိုပါဘူးဟု ပြောလိုက်သည်။

"ငါ့ဆီကိုမလာဖို့ ပြောပေးပါ၊ အဖေ့အကြောင်း နင်သိတာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့အမျိုးအဆွေတွေအပေါ်ကလွဲပြီး လူမှုရေးမသိဘူးဟ”

“နင် လိုက်နေမှာလား”

“အခြေအနေအရပေါ့ဟာ”

“အမြင်ကတ်တယ်၊ နင့်ကို ကျွန်လိုခိုင်းမှာဟ မြရိပ်ညို”

“သိတယ်”

“နင် ဘာဆက်လုပ်မလဲ”

“မသိသေးဘူး”

“ကိုသတိုးကတော့ နင့်ကိုအရေးစိုက်ပါတယ်၊ ဟဲ့ … နင့်အတွက် ဖုန်းတစ်လုံးပေးလိုက်တယ်၊ ယူထား … ”

“အဖေသိသွားလိမ့်မယ်”

“ယူထားစမ်းပါ၊ အသံမမြည်ဘူး၊ တုန်လာရင် နင်ကိုင်လိုက်”

“အင်းလေ … ယူထားလိုက်မယ်”

ကြီးကြီးခင်တို့အိမ်မှာ ကျွန်ခံရမှာထက် မြရိပ်ညို တစ်ခုခု လုပ်ပစ်ဖို့ပဲ စဉ်းစားနေသည်။ အဖေ့အမိန့်ကို မြရိပ်ညိုမနာခံနိုင်ဘူး။ မြရိပ်ညို ရပ်တည်နိုင်အောင် ကြိုးစားရမယ်။

“ငါသွားပြီနော် … နင့်အဖေက ကြောက်စရာကြီးဟ”

ညိုမီတို့ ပြန်သွားသည်။ အဖေကတော့ သူ့အစ်မအနားမှာ ပြာယာခတ်အောင် လုပ်ပေးဖို့ ညွှန်ကြားနေသည်။ မြရိပ်ညို မလုပ်ချင်ပေမယ့် လုပ်ရသည်။





အမေ့အသုဘကတော့ စည်စည်ကားကား ပြည့်ပြည့်စုံစုံ ပြီးစီးသွားခဲ့၏။ ကြီးကြီးခင်ငွေတွေနဲ့ပါ။ မြရိပ်ညိုမှာရှိတဲ့ ပိုက်ဆံကတော့ သိမ်းထား၏။ နောက်မှ အမေ့အတွက်လှူမယ်။

“မြရိပ်ညို”

“ဟင်”

“နင့်အဖေရဲ့အမျိုးတွေနဲ့ နင်လိုက်မသွားချင်ဘူးမဟုတ်လား”

“အင်း”

“ငါတို့ လက်ထပ်ကြမယ်”

“ဘာ … ဘာပြောတယ် လရိပ်ထင်”

“နင့်ကို ငါချစ်တယ်၊ ငယ်ငယ်လေးထဲက သံယောဇဉ်ကြီးခဲ့တာပါ မြရိပ်ညို၊ အမေကလည်း နင်နဲ့သဘောတူတယ်”

“နေပါဦး လရိပ်ထင်၊ ငါစိတ်ထဲမှာ တွေဝေနေတယ်၊ ငါအိမ်ထောင်မပြုချင်သေးဘူး”

“နင့်အဖေက ငါနဲ့ဆိုသဘောတူမှာလေ၊ နင်အဆင်ပြေတာပေါ့၊ စိတ်ချပါဟာ … နင့်ကိုပျော်ရွှင်အောင် ထားနိုင်ဖို့ ငါကြိုးစားပါ့မယ်၊ ငါက နောက်ဆုံးနှစ်ရောက်နေပြီပဲ … မကြာခင် အင်ဂျင်နီယာဘွဲ့ရတော့မယ်၊ ငါယောကျ်ားပါ … တာဝန်ယူမယ်”

“နင် စိတ်ကူးမယဉ်စမ်းပါနဲ့ လရိပ်ထင်၊ နင်တောင် ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေအထောက်အပံ့နဲ့ ကျောင်းနေရတာလေ၊ နင့်မိဘတွေကလဲ ငွေမှမရှိတာ၊ ငါကပ်မစားချင်ပါဘူး … မဖြစ်ဘူး”

“မြရိပ်ညို … နင်က ကိုသတိုးကိုမှ အထင်ကြီးတာလား”

“ကိုသတိုးကို ငါအထင်ကြီးတာတော့မဟုတ်ဘူးဟ၊ ဒါပေမဲ့ ငါချမ်းသာချင်တယ်၊ အတ္တကြီးပြီး မောက်မာလွန်းတဲ့ ငါ့အမျိုးတွေကို ငါလုပ်နိုင်တယ်ဆိုတာ ပြချင်တယ်”

“နင် ရူးနေလား မြရိပ်ညို၊ နင်ဘယ်တုန်းက ဒီလိုမဟုတ်မဟုတ်အတွေးတွေ ဝင်လာရတာလဲ … နင့်ကိုသူက အတည်ယူမလား”

အပျော်လည်း ငါ့အတွက်ကိစ္စမရှိတော့ဘူး လရိပ်ထင်။ အဖေ က ငါ့ကိုတောင် သူတို့အိမ်မှာ ကပ်ရပ်နေပြီး အိမ်မှုကိစ္စတွေလုပ် ပေးစေချင်တာဟ။ ငါမလုပ်နိုင်ဘူး။

ငါပိုင်တဲ့တိုက်ခန်းလေးနဲ့ ငါအဆိုတော်ဖြစ်ချင်တယ်ဟ။ ဘယ်သူလုပ်ပေးနိုင်မလဲ။ ငါလက်ခံမယ်။

ငါ့ကိုတော့ မုတ်ဝန်းကျင်က ထင်ချင်သလိုထင်။

“ငါ့ရင်ထဲမှာ အချစ်လည်းမရှိဘူး၊ နာကြည်းနေတယ်၊ ငါ့အမေ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ပြီး သေရတာ ငါအရမ်းနာကျင်ရတယ်”

လရိပ်ထင်ကို မချစ်ဘူး။ သူမက ဆင်းရဲတဲ့ဘဝကို မုန်းတီး





လာပြီ။

အဖေ့ကိုလည်း သူမ ဆန့်ကျင်ရမယ်။

အမျိုးတွေအိမ် လိုက်မသွားဘူး။ နေလည်း မနေဘူး။

“မြရိပ်ညို”

“ပြော”

“နင်ခဏလေးပဲ စောင့်နေပါ … ငါကြိုးစားမယ်၊ နင်လိုအပ်နေတဲ့ ဘဝမျိုးလေ၊ ငါ့ကို စောင့်ပေးပါဟာ”

လရိပ်ထင် … နင့်ကိုတော့ အားနာပါတယ်။ လက်ထပ်တဲ့အထိတော့ ငါမစဉ်းစားမိဘူး။ ငါ့ရင်ထဲမှာ အချစ်တွေကင်းပျောက်သွားတယ်။ အမေနဲ့အတူလေ။

အဖေ့ဆွေမျိုးတွေအလယ်မှာ သူမ ချမ်းချမ်းသာသာနေပြလိုသည်။

“အမေ မရှိတော့ ငါ့ရည်ရွယ်ချက်တွေလည်း ပြောင်းသွားပြီဆင်တယ် လရိပ်ထင်”

သူမစိတ်ထဲမှာပဲ ပြောနေမိတဲ့စကားတွေပါ။ လရိပ်ထင်လည်း ယောက်ျားပီသတဲ့သူပါ။ မြရိပ်ညိုကတော့ လုံးဝအထင်ကြီးရ၊ လရိပ်ထင် ပညာရေးမှာ ကြိုးစားပေမယ့် သူ့မိဘတွေက ဆင်းရဲသူတွေပဲ။ နွားခမ်းပွဲချင်း မီးမွှတ်လို့ မီးမတောက်နိုင်ဘူးဟ။

အမေ ရက်လည်ည … သူမကတော့ သူမကို လာနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



မလားဟု တွေးမိရင်း စောင့်နေခဲ့သည်။

"မြရိပ်ညို အထုပ်ပြင်ထားနော်၊ မနက်ဖြန် မမခင်အိမ်ကို လိုက်သွားရမယ်"

"အဖေ"

"ဘာမှဆင်ခြေမပေးစမ်းနဲ့၊ အဖေ့စကားအတိုင်းလုပ် ... သမီးရှေ့ရေးအတွက်ပဲ၊ မမခင်က သမီးကြီးတော် အရင်းပါ၊ သမီး အမေကြောင့် ပစ်ထားတာ"

အမေမှာ ဘာပြစ်မှုတွေကျူးလွန်ထားမိလို့လဲ အဖေရယ်၊ သူဌေးသားကို မြူဆွယ်ယူခဲ့လို့လားဟင်။

အဖေကိုယ်တိုင်လည်း အမေ့ကို ခြေတော်တင်ခဲ့တာပဲဟာ၊

"ညည်းအမေက အပျိုစင်နုနုထွတ်ထွတ်လေး၊ ဆင်းရဲတယ် ဆိုက်ကားသမားရဲ့သမီးလေ ... ညည်းအဖေက သူဌေးသား၊ လွန် လွန်ကျူးကျူးတွေဖြစ်ကြတော့ ညည်းကိုယ်ဝန်ရှိလာတယ်၊ မသ အဖေက အတင်းအကြပ် လက်ထပ်ပေးဖို့ တောင်းဆိုခဲ့တယ်၊ ညည်း အမေက တားရှာပါတယ်အေ ... ဒါပေမဲ့ မသဲအဖေကြောင့် လက်ထပ်ခဲ့ရပေမယ့် မတူမတန်ဘူးဆိုပြီး ပြဿနာအကြီးအကျယ် တက်လိုက်ကြတာ ... မသဲ သနားစရာပါဟယ်"

လရိပ်ထင်ရဲ့အမေက မြရိပ်ညိုအမေရဲ့ ငယ်သူငယ်ချင်းပါ၊ တိုင်ပင်ဖော်တိုင်ပင်ဖက်တွေ။ အဖေက ယောက္ခမတွေရှိစဉ်ထဲက





ဒုက္ခပေးတာပါ။ အမေ့ကို အမျိုးမျိုးနှိပ်စက်ခဲ့သည်။

"မင်း ဘယ်လောက်ပဲ ငါတို့မိသားစုကို နှိပ်စက် နှိပ်စက်ကွာ အရေးကြီးတာက ငါ့သမီး လင်ကောင်ပေါ်ဖို့ပဲ ... ငါတို့အမျိုးထဲမှာ လင်ကောင်မပေါ်ဘဲ ကလေးမမွေးဘူးကွ"

အမေကတော့ အဖေဘက်မှအကာအကွယ်ပေးခဲ့သည်။ မျက်ရည်နှင့်မျက်ခွက်။ သမီးကြီးလာမှ အဖေကအမျိုးတွေဆီကနေ ပိုက်ဆံတောင်းတောင်းပေးခဲ့၏။

မြရိပ်ညို မတွေးချင်ရပ။ အဖေ မျက်နှာပေါ်မှာ ဒေါသ မုန်တိုင်းတွေ ပြင်းထန်စွာ ရိုက်ခတ်တော့မည့် အတိုင်းပဲ။

ဒီအိမ်ကို ရောင်းပစ်မယ်တဲ့။ အမေ့မိဘတွေအိမ်ကို တောင် အဖေက သူ့သဘောနှင့်ရောင်းပစ်ဖို့ လုပ်နေသည်။ ငါ့အမိန့်ကို ဆန့် ကျင်ရင် နင့်ကိုသတ်ပစ်မယ်တဲ့။

အဖေကတော့ပြောပြီး အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"မင်း ဘာလိုအပ်နေလဲ မြရိပ်ညို ... ကိုယ်အားလုံး ဖြည့်ဆွမ်းပေးနိုင်တယ် ပြောစမ်းပါ ... ကိုယ်အကူအညီပေးနိုင်မယ့်အရာတွေ ပြောပြစမ်းပါ"

"ကျွန်မ တိုက်ခန်းတစ်ခန်းလိုအပ်တယ်၊ ကျွန်မနာမည်နဲ့နော်၊ အပြီးအစီးအပိုင် ... "

မထူးတော့ဘူး။ ယူတော့မယ်။ မြရိပ်ညိုဘဝက ဒီလိုမှမထူထောင်နိုင်ရင် သူများအစေအပါးဘဝနဲ့ နေရတော့မှာပါ။ အဖေ့ဆွေမျိုးတွေကို မုန်းတယ်။ အမေ့ကိုပစ်ထားကြတာ။ ကိုသတိုးလိုယောကျ်ားတစ်ယောက်အတွက် သူမဘဝ ဘယ်လိုအနေအထားပဲဖြစ်ဖြစ် အံသွားလေးကိုတင်းကြပ်စွာ ဖိကပ်ထားမိသည်။

"မြရိပ်ညို"

"ရှင်"





"မင်းသဘောထားက ... "

"ကျွန်မ ဘာဖြေရှင်းချက်မှမပေးနိုင်ဘူး ကိုသတိုးပေးချင်လည်း ပေးပါ။ ဒါပေမဲ့ ... ကိုသတိုးဆီက လက်ထပ်ခွင့်မတောင်းဆိုဘူး"

"မင်း ... မင်း မာနတွေ ... "

"ခေါက်ထားလိုက်စမ်းပါ၊ ဘာမာနလဲ ... ကျွန်မမှာ ရွေးချယ်စရာလမ်းမှမရှိတာ၊ အမျိုးတွေအိမ်မှာ တွယ်ကပ်နေပြီး အစေအပါးဘဝ အရောက်မခံနိုင်ဘူး"

သတိုးလည်း မြရိပ်ညိုအား ချစ်မိနေသည်။

လက်ထပ်ဖို့အထိတော့ မဖြစ်နိုင်။ သူ့ပတ်ဝန်းကျင်မှာတော့ မတင့်တယ်နိုင်။ သူမကို သနားသည်။

"ကျွန်မ အဆိုတော်ဖြစ်ချင်တယ်၊ အရင်းအနှီးလိုအပ်တယ်"

မြရိပ်ကို အံ့သြစွာကြည့်မိနေသည်။ မိခင်သေဆုံးပြီးမှ သူလုပ်ချင်တာကို လုပ်တော့မည့်သဘောပင်။

"ကိုယ် ... မင်းကိုချစ်တယ်"

"အဟက်"

"ဘာရယ်တာလဲ"

"မလိုအပ်လို့ပါ"

"မြရိပ်ညို ... "



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ဘာလဲ ... ရယူပိုင်ဆိုင်လိုခြင်းလား၊ စွန့်လွှတ်အနစ်နာခံခြင်းလား၊ ကျွန်မကို တရားဝင်ချစ်သူ လက်ထပ်မယ့်ကောင်မလေးလို့ ကိုသတိုးက ထုတ်ဖော်ပြောနိုင်လို့လား"

သူမ ... နှုတ်ခမ်းသားလေးတွေ တွန့်မဲ့မဲ့ မျက်ဝန်းလေးတွေက နာကျည်းမှုတွေ အပြည့်။ သတိုးသိနေသည်။ မြရိပ်ညို မလုပ်ချင်ဆုံးအလုပ်။

"ကိုယ်ရင်ထဲကနေ တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ချစ်ခဲ့မိတာပါ မြရိပ်ညို ... ဒါပေမဲ့ ... "

"ကျွန်မကို ပွဲတက်မယားအဖြစ်တော့ ရှင်ပွဲမထုတ်နိုင်ဘူးမဟုတ်လား"

"ကိုယ်အရမ်းရှက်တယ် ... တာဝန်မဲ့လွန်းတယ်လို့လည်းကိုယ်ခံစားရတယ် ... ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ် တခြားမိန်းကလေးတစ်ယောက်ကို လက်မထပ်ဘူး"

"လူပျိုကြီးပေါ့"

ကိုသတိုးရဲ့စိတ်ရင်းအမှန်ကို မြရိပ်ညို သိနေသည်။ သူမကိုချစ်နေတာလည်း ယုံမိ၏။

မြရိပ်ညို ငိုချင်နေ၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံလာသည်။ အဖေ ဘာပြောမလဲ။ အမေ့အပေါ်ပဲ ရက်စက်ပါ။





"မင်းအဖေက"

"ကျွန်မ ဆန့်ကျင်မယ်"

"မြရိပ်ညို"

"ကိုသတိုးနဲ့ ပတ်သက်နေတာတွေ ကိုသတိုးနာမည်ကိုရောလုံးဝထုတ်ပြီး မသုံးပါဘူး"

မင်းပြတ်သားလှချည်လား မြရိပ်ညို။

စိန်ခေါ်မှုက ပြင်းထန်လွန်းတယ်။ မင်းမျက်ဝန်းတွေကအစိမ်းရောင်တွေ ကန့်လန့် ကာရံထားသလိုပဲ။

သတိုး စိတ်မောမိသည်။ သူယောကျ်ားပီသစွာ လက်ထပ်ယူလိုခဲ့၏။ ရိုးသားဖြူစင်တဲ့ ကောင်မလေးတစ်ယောက်။

"ဘယ်လိုလဲ ကိုသတိုး ... အဖြေကို အမြန်ဆုံးပေးပါ၊ ကျွန်မအမြန်ဆုံး လှုပ်ရှားရလိမ့်မယ်"

"ကိုယ့်မှာ အဖြေကရှိပါတယ်၊ မင်းကို ကူညီမှာပါ ... ကျန်ဘာတွေ နောက်မှစဉ်းစားကြမယ်လေ"

"အိုကေ"

သူမ အပေါ်စားဆန်ဆန်ပဲ ဖြေလိုက်သည်။ ကိုသတိုးကရောသူမအား အတည်ကြံမှာမှ မဟုတ်တာဘဲ အချစ်ဆိုတာကို လုံးဝသည့်စဉ်းစားစရာ မလိုဘူး။

"တိုက်ခန်းကိုကြည့်မယ် ... မင်းလိုချင်တဲ့အနေအထားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပါ။ ကိုယ်လည်း လာနေမယ်"

"ကောင်းပါပြီ ... ဒါဆို ... "

"အခုပဲ သွားရှာကြမယ်လေ၊ မင်းကအမြန်ဆုံးလိုအပ်နေတာပဲ မဟုတ်လား ... မြရိပ်ညို ... "

"အင်းလေ"

တကယ့်ကို လူ့လောကကြီးထဲမှာ ပေါ့ပျက်ပျက်ယောင်ချာချာပါ။ မြရိပ်ညိုဘဝက ဒီလိုပဲဖန်တီးလာခဲ့ပြီပဲ။ လျှောက်ရတော့မယ်။

အဖေအမျိုးတွေကို ဘယ်လိုအကြောင်းနဲ့မှ မခယဘူး။

"လရိပ်ထင် ... နင်ရော ငါ့ကိုဘယ်လိုမိန်းမအမျိုးအစားသတ်မှတ်မလဲ၊ သတ်မှတ်စမ်း ... အထင်သေးသွားပြီလား၊ ဒါ ... ငါ့ရဲ့ကံကြမ္မာလေ"

သူမနှင့်ကိုသတိုး ... တိုက်ခန်းလိုက်ရှာကြတာကတော့ တကယ့်ကို တရားဝင်မင်္ဂလာပွဲကြီး ကျင်းပကြပြီး လက်ထပ်ကြမယ့် ချစ်သူစုံတွဲတွေလိုပဲ။

"မြရိပ်ညို ... မင်းကြိုက်တာရွေးနော်၊ ငွေကအရေးမကြီးဘူး"

ရောင်းမယ့်တိုက်ခန်းပိုင်ရှင်မိန်းမကတောင် သူမကိုအားကျရသည့်အဖြစ်မျိုးပါ။ ကိုသတိုးက တယုတယ ဂရုတစိုက်။





သူမ လက်လေးကို ဆုပ်ကိုင်လိုက်စဉ် သူမ အလန့်တကြားရှန်းဖယ်ပစ်မိ၏။ သူရယ်သည်။

"မြရိပ်ညို"

"ရှင်"

"တို့နှစ်ယောက်ကို တိုက်ခန်းပိုင်ရှင်ကတောင် အားကျနေတာနော်"

"ဆောရီး"

သူမ တောင်းပန်ရသည်။ ဘာပဲဖြစ်ဖြစ်လေ သူကမြရိပ်ညိုငြင်းဆန်လို့မရတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ရင်ထဲမှာ နာနာကျင်ကျင်။

"တိုက်ခန်းကတော့ မင်းစိတ်ကြိုက်ဝယ်ပြီးပြီနော် ... ပစ္စည်းတွေဖြည့်ဖို့ ကိုယ်စီစဉ်ထားတယ်၊ မနက်ဖြန်ဆို မင်းနေလို့ရပြီ"

"ဟုတ်ကဲ့"

"ကိုယ်ကားတစ်စီး ဝယ်ပေးမယ် ... ပြီးတော့ မင်းနာမည်နဲ့ဘဏ်မှာစာရင်းဖွင့်ပေးမယ်၊ မင်းကိုပျော်ရွှင်အောင်ထားမှာပါ"

မြရိပ်ညိုက သူနှင့်မိဘလူကြီးတွေ သဘောတူထားတဲ့ခနီးဆောင်းသာဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အခုတောင်ရင်ထဲမှာ ပီတိတွေ ပြည့်နှက်နေသည်။

"မင်း အခုဘယ်သွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို"

"အိုကေ"

သူက သူမနေထိုင်တဲ့ရပ်ကွက်လေးနားအထိ လိုက်ပို့ပေးသည်။

"မနက်ဖြန် ကိုယ်တို့ရဲ့မင်္ဂလာဦးညလေးနော်"

"ရှင်"

"မင်းစဉ်းစားထားနော် ... ဟုတ်ပြီလား"

"ဟုတ်ကဲ့"

မြရိပ်ညို တကယ့်ကို ဂယောင်ဂတမ်းပဲ။ လူလည်း ယောင်ချာချာ။ အပျော်ဆိုတာကို နည်းနည်းလေးမှမခံစားမိ။ မီးတောက်တွေပဲ ထတောက်မတတ်။

သူ အိမ်လေးထဲဝင်လိုက်တော့ အဖေလည်းမရှိ တစ်ယောက်တည်းပါ။

"အမေ ... သမီးလုပ်တာတွေ အမှားတွေဆိုတာ သိပါတယ် မိန်းကလေးတစ်ယောက်ရဲ့တန်ဘိုးမဲ့ရတဲ့ အဖြစ်လေ ... အမေ့လို မခံစားရအောင် သို့ကို ဘယ်တော့မှလူကြီးမိဘတွေ သဘောမတူဘဲ အတည်မယူနိုင်းပါဘူး၊ ခေတ်မှီဆေးဝါးတွေကလည်း ပေါ်နေတယ်ဆိုတော့ ... ကလေးအဖေဖော်ခိုင်းစရာမှ မလိုတာဘဲ"

သူမတစ်ယောက်တည်း နာကျင်စွာ ရယ်မောမိသည်။ အမေ





က အဖေကြောင့်ထင်တယ်။ ဆွေမျိုးဂုဏ်သိက္ခာအတွက်ပဲ စဉ်းစားနေတဲ့အဖေက ယောက်ျားတစ်ယောက်ရဲ့ တိတ်တိတ်ပုန်းဇနီးဖြစ်သွားရင် အဖေအရမ်းရှက်လိမ့်မယ်။

မြရိပ်ညိုကို အသေတောင် သတ်နိုင်တယ်။

"မြရိပ်ညို"

"ဟင် ... လရိပ်ထင်"

"နင် ဘာတွေလုပ်နေတာလဲ ... နင်နဲ့ကိုသတိုး တိုက်ခန်းတောင် ဝယ်ပြီးကြပြီဆို"

"နင်ဘယ်ကသိလာတာလဲ ... သတင်းကလည်းမြန်လိုက်တာ လရိပ်ထင်ရာ၊ နင်လိုက်စုံစမ်းနေတာလား"

"နင် ရူးနေပြီလား မြရိပ်ညို ... နင့်ကိုဒီလောက်အထိ စိတ်ခာတ်တွေနိမ့်ကျနေမယ်လို့ ငါမထင်မိဘူး"

"ဟား ... ဟား ... ဟား နင်အရမ်းရယ်ရတာပဲ လရိပ်ထင်၊ ဘာလဲ ... ငါကအဖေ့အမျိုးတွေဆီသွားပြီး ကျွန်ခံနေရမှာလား၊ ငါ့လက်တွေက နုဖတ်နေတာပဲ ... အလုပ်ကြမ်းတွေ ငါလုပ်နိုင်မလားဘဲ့"

သူမ မျက်ရည်တွေမကျပြချင်။ လရိပ်ထင်က ကျောင်းသားဘဝပဲရှိသေးသည်။ နင့်အနာဂတ်ကို ငါရိုက်ချိုးဖွဲ့ချေ မလုပ်ချင်လို့ပါ လရိပ်ထင်ရယ်။ နင်ကရော ဘယ်လိုတာဝန်ယူပေးနိုင်မှာမို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"အမေက နင့်ကိုလက်ထပ်မယ်ဆိုရင် သဘောတူတယ်တဲ့၊ နင့်အဖေကို ပြောမယ်တဲ့"

"တော်စမ်းပါဟာ ... ဒီလိုဘဝမျိုးကြီးကို ငါလုံးဝမနှစ်သက်တော့ဘူး။ နင့်လမ်းနင် အေးအေးချမ်းချမ်းလျှောက်လှမ်းစမ်းပါဟာ"

"မြရိပ်ညို"

"ငါသွားမှဖြစ်မယ်ဟ၊ ငါချမ်းသာချင်တယ် ... ငါ အဆိုတော်ဖြစ်ချင်တယ်၊ နင်ပဲ ငါ့အသံက အရမ်းကောင်းတယ်ဆို၊ အဆိုတော်နာမည်ကြီးဖြစ်နိုင်တယ်ဆို"

လရိပ်ထင် ဘယ်လိုမှခံစား၍ မရနိုင်တော့။ မြရိပ်ညိုနှင့် ကိုသတိုးတို့ တိုက်ခန်းဝယ်တာ သူ အမှတ်မထင်သိလိုက်ရသည်။ တိုက်ခန်းရောင်းတဲ့သူတွေက သူ့သူငယ်ချင်းရဲ့အဒေါ်တွေ။

"အရမ်းချစ်ကြတဲ့ ချစ်သူတွေပဲကွ၊ နာမည်တွေက သတိုးမဟာနဲ့မြရိပ်ညိုတဲ့"

နင် အရမ်းလွန်တယ်။ နင့်ဘဝကို ရေစုန်မှာမျှောပစ်တော့မယ်ပေါ့လေ။ မြရိပ်ညိုကိုလည်း အပြစ်မတင်ရက် ကံဆိုးလွန်းသည်။

"လရိမ်ထင်"

"ဘာလဲ"

"ငါ ဒီလိုဆုံးဖြတ်တဲ့ကိစ္စ နင်ကလွဲပြီး ဘယ်သူ့မှအသိမပေးပါနဲ့ဟာ ... ငါတောင်းပန်ပါတယ်၊ ငါ့ကြောင့်ထက် ကိုသတိုးမဟာရဲ့





အနာဂတ်ကြောင့်ပါ ... ဘယ်တော့မှ တရားဝင်လက်မထပ်ပါဘူး၊ အချစ်ဆိုတာလည်း ငါတို့အတွက် မလိုအပ်ပါဘူး"

"နင် ... နင်"

"ငါ့ကို မွှေ့ပစ်လိုက်ပါ လရိပ်ထင်၊ ဒေါ်လေးကိုလည်း ငါ တောင်းပန်ပါတယ်ဟာ ... ငါ့ဘဝက ဒီလိုပဲ ဖန်တီးလာတာ နင် သက်ခံပါ"

"မြရိပ်ညိုရယ်"

"လရိပ်ထင် ... နင် ... နင်"

"နင့်ကိုချစ်တယ် ... ငါကြိုးစားမယ်၊ နင်ဘယ်ဘဝပဲရောက်ရောက်ဟာ"

လရိပ်ထင်က စိတ်တွေကိုထိန်းချုပ်မထားနိုင်တော့ဘဲ ပေါက်ကွဲစွာ မြရိပ်ညိုအား ပွေ့ဖက်ထားမိသည်။

"နင့်ကို ငါလုံးဝမစွန့်လွှတ်နိုင်ဘူး၊ ငါတစ်သက်လုံး ပိုင်ဆိုင်အားချင်တယ် ... အရမ်းချစ်တယ်၊ ငါငယ်စဉ်လေးထဲက ချစ်လာရတာ အရမ်းချစ်တယ်"

"လွှတ်စမ်းပါ လရိပ်ထင် ... အဓိပ္ပါယ်မရှိတာတွေ၊ ငါ့အမေအလွဲပြီး ဘယ်သူ့ကိုမှမချစ်ဘူးဟ ... ရှေ့လျှောက်လည်း ငါမချစ်အတ်အောင် လေ့ကျင့်ထားမှာ လွှတ် ... "

"ခဏလေးပါ ... နင်နဲ့ငါဝေးရတော့မယ်၊ ငါ့ရင်ခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးနေပေးပါ”

လရိပ်ထင်ရယ် ... နင့်ကိုလည်း မခံစားစေချင်ပါဘူး။ နင် ဘယ်လောက်အထိ ငါ့အပေါ် သံယောဇဉ်ကြီးခဲ့ရတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့လေ ... နင်ကတော့ မဖြစ်ဘူး။

သူမ ရှုန်းဖယ်သည်။ လရိပ်ထင်က မလွှတ်။ သူမကိုနမ်းဖို့ ကြိုးစားနေ၏။ သူမ ရုတ်အတင်းပဲ ရုန်းဖယ်တွန်းထိုးပစ်သည်။

“နင်က ငါ့ကိုစော်ကားချင်တာလား လရိပ်ထင် ... သူခွေး တစ်ယောက်ရဲ့ တိတ်တိတ်ပုန်းဘ၀ကို ခံယူတော့မယ်ဆိုပြီး ငါးမရ ရေချိုးပြန်ချင်တာလား”

“မြရိပ်ညို”

“လွှတ်”

“တစ်နေ့နေ့မှာ နင့်ကိုငါလက်ထပ်မယ်၊ နင်လိုချင်တဲ့ဘ၀ ရောက်တဲ့နေ့ပေါ့”

“အရှုးကောင်ပဲ ... အပိုတွေ လာပြောမနေနဲ့၊ နင်လား ငါ့ ဘ၀က စုတ်ပြတ်သပ်နေမှာနော်”

“ဘယ်ဘ၀ပဲရောက်ရောက်ဟာ ... နင်ကလွဲပြီး ငါဘယ်လို မိန်းကလေးနဲ့မှ လက်မထပ်ဘူး”

“ဟား ... ဟား ... ဟား”

လရိပ်ထင် အရူးတစ်ယောက်လို မြရိပ်ညိုကို ငေးကြောင်





ကြည့်နေမိသည်။ စွန့်လွှတ်လိုက်ရတဲ့ မိန်းကလေးက သူတန်ဖိုး အထားဆုံးနှင့် အချစ်မြတ်နိုးဆုံးမိန်းကလေးဖြစ်နေသည်။

“ကိုသတို့ရွာမည်ကိုတော့ လုံး၀အသုံးပြုလို့ မဖြစ်ဘူးနော်၊ ဘတ်စကားပဲ ... ကိုသတိုးက ငါ့အပေါ် အရမ်းကောင်းတယ်”

“တောက်”

လရိပ်ထင် ပြန်ထွက်သွားတော့ အဖေပြန်ရောက်လာသည်။

“သမီး အထုပ်ပြင်တော့ ... ကြီးကြီးခင်အနားမှာ နေရမယ်၊ သမီးအနာဂတ်အတွက်ပဲ၊ အနာခံမှအသာစံရမယ် ... အဖေ့စကားကို သက်ခံစမ်းပါ မြရိပ်ညို”

“အဖေ”

“နင့်အမေလို အကျင့်မကောင်းတဲ့မိန်းမအဖြစ်မခံနိုင်ဘူးနော် ရိပ်ညို ... နင့်ကိုစောင့်ရှောက်ထားရမယ် ... နင့်ကိုစည်းကမ်း ထားရမယ်၊ အဖေ့မျိုးရိုးဂုဏ်သိက္ခာအတွက် အရေးကြီးတယ်”

သူမရင်ထဲမှာ အနာကျင်ရဆုံးက အဖေ့စကားတွေပင်။ မျိုး ဏ်သိက္ခာတဲ့။ စိတ်မပူပါနဲ့အဖေ။ သမီးက ဘယ်လိုမှမျိုးရိုး ဂုဏ် ကို မထိန်းသိမ်းနိုင်တော့ပါဘူး။

အဖေကတော့ ဒယိမ်းဒယိုင်နှင့် အိပ်ခန်းထဲ၀င်ဖို့ပြင်သည်။

“နင်အဖေ့စကားကို နားထောင်ရမယ် မြရိပ်ညို ... ငါ့အစ်မ င်လာအောင် ကြိုးစားပါ ... ငါ့အစ်မ သံယောဇဉ်တွယ်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက် အမွေရမယ်"

ရသင့်ရထိုက်တဲ့အမွေကို အဖေကိုယ်တိုင် တောင်းပါလား။ သမီးတို့ ရသင့်တာပဲဟာ။ အမေ့အစ်မက လက်ဝါးကြီးအုပ်ထားပြီး သူ့မိသားစုအတွက်ပဲထားနေတယ်။

သမီးအရွယ်ရောက်လာပြီ ဘယ်အချိန်အထိ ဆင်းဆင်းရဲရဲနဲ့ အနှိမ်ခံဘဝမှာနေရမှာလဲ။ သူမ အော်ဟစ်ပြောဆိုပစ်ချင်သည်။

"ကြပ်ကြပ်သတိထား ... နင့်အမေလို အကျင့်ဆိုးတွေကို ပြင်၊ ငွေမျိုးတွေကပဲ နင့်ကိုစောင့်ရှောက်ပေးနိုင်တယ်"

အဖေ အခန်းထဲပြန်ဝင်သွားသည်။ သူမလည်း အခန်းလေးထဲဝင်ပြီး ရှိသမျှ ပစ္စည်းတွေကို သိမ်းနေသည်။

အမျိုးတွေဆီသွားဖို့တော့ မဟုတ်ပါဘူး။ အကောင်းဆုံး ကွန်ဒိုတိုက်ခန်းကြီးမှာ စည်းစိမ်တွေအပြည့်နဲ့ နေထိုင်ဖို့ပါ။

"သမီးအဖေက ဘဝနာခဲ့ရသူပါ ... အမေ့ကြောင့် ဆင်းရဲနွမ်းပါးတဲ့ဘဝမှာ နေခဲ့ရတယ် ... အဖေက အဖေပဲနော် မြရိပ်ညို။ စိတ်နဲ့တောင် မပြစ်မှားပါနဲ့ သမီးငရဲကြီးမယ်၊ မိဘဂိုဏ်းသင့်လိမ့်မယ်"

အဖေ့ကို အပြစ်တင်မှာ အမေအကြောက်ဆုံးပင်။

အဖေက လူသတ်သမားနဲ့တူတဲ့ ခင်ပွန်းပါ။ အမေ့အသက်ကို မသတ်ပေမယ့် အမေ့ဘဝနှင့်ဂုဏ်သိက္ခာကို သတ်ခဲ့သည်။





အမေသွေးဆိုပြီး မြရိပ်ညို အား နည်းနည်းလေးမှမချစ်။ ကလေးဘဝမှာတောင် ငိုယိုလျှင် အော်ဟစ် ရိုက်နှက်မောင်းထုတ်ပစ်တတ်သည်။

"သမီးအဖေက သနားစရာကောင်းတယ် မြရိပ်ညို ... မိဘတွေရဲ့ အစွန့်ပစ်ခံရတယ်၊ သူဌေးသားက ဆင်းရဲနေရတယ်၊ အမေ့အဖေက သားမက်ဖမ်းလိုက်တာပါ"

အဖေ့ကို ဘယ်တော့မှ ဂုဏ်သိက္ခာမဲ့စေရန် အပြစ်မပြောခဲ့တဲ့အမေ့အား အဖေက ချိုးချိုးနှိမ်နှိမ် ပက်ပက်စက်စက်အော်ဟစ်ပြောဆိုနေခဲ့သည်။ နင့်အမေ အကျင့်ဆိုးတွေ မပါစေနဲ့တဲ့။

သူမ မျက်ရည်တွေ ပြည့်လာပြီး အသံမထွက်ရဲ၍ ကြိတ်ပြီးငိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

မြရိပ်ညို့ ခြေလှမ်းလေးက အခန်းတစ်ခုထဲလှမ်းဝင်လိုက်သည်နှင့် သူမ အံ့ဩတုန်လှုပ်မိသွားရသည်။

ခမ်းနားလွန်းပြီး အဖိုးတန်ပစ္စည်းတွေ ပြည့်နှက်လွန်းတဲ့ အခန်းကြီးကို သတိုးက ပြည့်စုံအောင် ဖြည့်စွမ်းပေးရင်း အချစ်တွေကို သက်သေပြနေတာလား။

မုန်းလိုက်တာ … သူမ လုံးဝမနှစ်သက်မိ။

"အဖေ … သမီးကတော့ လက်ခံလိုက်ပြီ၊ အဖေ့ဆွေမျိုးတွေဆီမှာ အောက်ကျခံပြီး ကျွန်တစ်ယောက်အဖြစ် မနေနိုင်လို့ပါ"

သူမ

ငိုပစ်ချင်သည်။

နှုတ်ခမ်းလေးများပင် ဆတ်ဆတ်တုန်ရီချင်နေသည်။

"သမီးအမေ့ကို ဒီလိုချမ်းချမ်းသာသာ နေစေချင်တာပါ။ ဘဝ





တစ်လျှောက်လုံး အမေစိတ်သောကတွေ ခံစားခဲ့ရတယ် … အဖေက အထင်သေးနှိပ်စက်တယ် … ရောဂါဘယတွေနဲ့ အမေ ဘယ်လောက်အထိ အခက်ခဲဒုက္ခတွေ ခံစားခဲ့ရလဲ"

အမေ့ကို သတိရမိသည်။ သူမက စည်းစိမ်တွေအပြည့်နှင့် အမေ့အား နေစေချင်ခဲ့၏။ ဒါတွေက အမှားတွေလားဟင်။

"သမီး ရှက်ပါတယ်အမေ … စိတ်တွေလည်းမလုံဘူး၊ သမီးက မာနဘယ်လောက်ကြီးတယ်ဆိုတာ အမေ အသိဆုံးပါနော်"

အမေကတော့ အဖေ့ကို ဒေါသဖြစ်စေမည့် အပြုအမူတွေကို မလုပ်စေခဲ့ရ။ အဖေ့မျက်နှာကိုပဲ အရိပ်တကြည့်ကြည့်။

"မြရိပ်ညို့"

"ဟင်"

"ဘာဖြစ်လို့ လန့်နေရတာလဲကွာ၊ ကိုယ်စီစဉ်ပေးတာ မင်းစိတ်ကျေနပ်ရဲ့လား"

"အင်း"

"မင်းပျော်သလိုနေပါ … အားနာစရာ မလိုဘူးနော်"

"ပြည့်စုံပါပြီ ကိုသတိုး"

"လမ်းမပေါ်မှာ ရပ်ထားတဲ့ကားလေးက မင်းအတွက်ပဲ"

"ရှင်"

"မင်း ကောင်းမောင်းသင်ရမယ် … ကိုယ်သင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ … မြရိပ်ညို သင်တန်းမှာပဲ သွားသင်မယ်"

"ကိုယ့်ကို ဘာဖြစ်လို့ကြောက်ရွံ့ထိတ်လန့်နေရတာလဲ"

"ကျွန်မ"

"မင်းကို ဖြူစင်တယ် … မကြောက်ပါနဲ့ ကိုယ်က လူယုတ်မာတစ်ယောက် မဟုတ်ပါဘူး"

သတိုးလက်ထပ်မယ့်ဘဝ လက်တွဲဖော်က မြရိပ်ညိုလို ဖြူစင်တဲ့ မိန်းကလေး။

"မင်း … ဟင်း ထမင်းတွေ ချက်တတ်လား မြရိပ်ညို"

"ဟင့်အင်း"

"ကိုယ် မင်းနဲ့အတူနေဖို့ အဒေါ်ကြီးတစ်ယောက် ပို့ပေးမယ်နော်"

"ဟုတ်ကဲ့"

"ဘာမှမပူပါနဲ့ မြရိပ်ညို၊ ကိုယ့်ကိုအားနာနေစရာ မလိုပါဘူး မင်းလိုအပ်တာတွေ ပြောလေ"

"မလိုတော့ပါဘူး ကိုသတိုး ပြည့်စုံပါတယ်"

"အိုကေ"

သတိုးကတော့ မြရိပ်ညိုအား ပိုင်ဆိုင်ရ၍ ပျော်ရွှင်ကျေနပ်နေမိသည်။

"ကိုယ် မင်းကိုချစ်တယ် … ကိုယ်လေးလေး မရှိတဲ့နောက်





ကိုယ်အတိအလင်းကြေညာမှာပါ။ မင်းက ကိုယ့်ဇနီးဖြစ်ကြောင်းလေ"

သူ့စိတ်ထဲမှာ တွေးနေမိသည်။ မြရိပ်ညိုက သူမဆန္ဒနှင့် ဆန့်ကျင်ဘက်ကို မှန်းတီးနာကြည်းစွာ သဘောတူလက်ခံလိုက်ရခြင်းကြောင့် သူမ မျက်ဝန်းအရိပ်တွေထဲမှာ ထင်ဟပ်နေသည်။

"တီ … တီ … "

"တီ … "

သူ့ဖုန်းမှ အသံမြည်လာ၍ သူဖွင့်ကြည့်လိုက်တော့ လေးလေး ဖြစ်နေသည်။

"တူလေး … ဘယ်ရောက်နေလဲ၊ မင်းအတွက် လေးလေး စိတ်ပူနေတယ်၊ အိပ်လို့တောင်မရဘူးကွာ"

"ကျွန်တော့်ဘက်ကတော့ အေးအေးဆေးဆေးပါပဲ … လေးလေး စိတ်မပူပါနဲ့"

"လေးလေး ခေါင်းတွေအရမ်းမူးနေတယ်၊ မင်းပြန်လာခဲ့ပါ ဒီနေ့ ကုမ္ပဏီပိတ်ရက်လေ … မင်းအရင်ကအိမ်မှာပဲနေတယ်"

"ကျွန်တော် ပြန်မလာနိုင်တော့ဘူးထင်တယ် လေးလေး၊ အဝေးကိုရောက်နေတယ်၊ စိတ်မပူပါနဲ့ဗျာ … ဆေးခန်းပြလိုက်နော်"

"သတိုး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာတွေလုပ်နေလဲ ... လေးလေးက ပြန်လာပါဆို မင်းလာသင့်တယ်၊ ဘယ်အဝေးကိုရောက်နေတာလဲ၊ လေးလေးနေ မကောင်းဘူးကွ"

လေးလေးက သူ့ကိုစိတ်ပူနေပြီဆိုသာ သတိုးသိသည်။ သူ့ကိုတွေ့ရာ မိန်းကလေးကို မချစ်မိဖို့ ငယ်စဉ်လေးထဲက တတွတ်တွတ် သတိပေးနေခဲ့၏။ သူ စိတ်ရှုပ်ထွေးရသည်။

"သတိုး ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်လေးလေး"

"မင်း ပြန်လာခဲ့ပါ ... ဆက်ဆက်နော် ... လေးလေး မင်းကို မိတ်ဆက်ပေးဖို့ မိန်းကလေးရှိတယ်၊ မဖြစ်တော့ဘူး မင်းဘဝတင့်တယ်ဖို့ လေးလေးကိုယ်တိုင် စီမံရတော့မယ်"

"လေးလေး"

"မင်း လေးလေးစကားတွေကို ဘယ်တုန်းကများ ဆန့်ကျင်ငြင်းဆန်ခဲ့ဘူးလို့လဲကွ"

သူ ဖုန်းကိုပိတ်ပစ်လိုက်ရင်း မြရိပ်ညိုအား တောင်းပန်သောအကြည့်တွေနှင့် အားနာလွန်းစွာ ကြည့်မိသည်။

"ကိုသတိုး ပြန်ပါ ... မြရိပ်ညိုတစ်ယောက်ထဲလည်း နေရဲပါတယ်နော် ... နောက်မှပဲ အဖော်ကို စီစဉ်ပေးပါ"

"မြရိပ်ညို"

"ရှင်"





"ကိုယ်မပြန်ဘူး ... မင်းတစ်ယောက်ထဲ ကိုယ်ဘယ်လိုလုပ် ပြန်နိုင်မလဲ"

ကိုသတိုး အသိုင်းအဝိုင်းဘက်က ဘယ်လိုနည်းနဲ့မှ သဘော မတူနိုင်ဘူးဆိုတာ မြရိပ်ညိုသိသည်။

အမေကတော့ တမလွန်ကနေ မြရိပ်ညိုအား ငါ့စကားနား မထောင်ဘူးလို့ ဆူပူက်နေမလား။ အဖေကရော သူမကို ဒေါသတွေ ပေါက်ကွဲနေပြီထင်သည်။

"ကိုယ် မပြန်ဘူး"

"မြရိပ်ညို သတ္တိရှိပါတယ် ကိုသတိုး ပြန်ပါ ... လူကြီးတွေ သံသယဖြစ်အောင် မလုပ်ပါနဲ့နော်"

"မြရိပ်ညိုရယ်"

သူ့ခန္ဓာကိုယ်က မြရိပ်ညိုအနား တိုးကပ်သွားမိသည်။ သတိုး စိတ်တွေကို ဘယ်လိုမှထိန်းချုပ်ထားလို့ မရတော့ဘူး။ မြရိပ်ညို ကိုယ်လုံးလေးအား သိမ်းကျုံးပွေ့ဖက်ထားမိတော့ သူမငြိမ်သက်နေသည်။

"မင်းငိုနေလား ... အဲဒီလိုတွေ မင်းမဖြစ်ချင်ဘူးဆိုတာ ကိုယ်သိတယ်၊ ကိုယ်လည်း ဒီလိုအခြေအနေမျိုးကို မဖန်တီးပစ်ချင်ပါဘူး မြရိပ်ညို"

"မြရိပ်ညို မငိုပါဘူး ... ဒီလိုအခြေအနေမျိုးက မြရိပ်ညိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် သဘောတူညီမှုနဲ့ ဖန်တီးခဲ့တာပဲ"

"မြရိပ်ညို"

"ကိုသတိုး ..."

"မင်းအပေါ် ရက်ရက်စက်စက် စော်ကားလွန်ကျူးမှုတွေ ဘာတစ်ခုမှ မလုပ်ဘူး၊ ဒါပေမဲ့ ... ကိုယ်ရင်ခွင်ထဲမှာတော့ ခဏလေး နေပေးစမ်းပါ"

သူမ စိတ်တွေကို တင်းပစ်မိသည်။ သူမအတွက် ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲသို့ ပထမဆုံးအကြိမ် တိုးဝင်မိခြင်းပင်။

တကယ်ပဲ အံ့ဩမိနေတာက သူမနှလုံးသားတွေ အေးစက်နေခြင်းပင်။

အချစ်ဆိုတာကို မမွေးမြူဘူး။ အမေ့ရဲ့ခံစားချက်တွေကို မြရိပ်ညို အသိဆုံးပါ။

"ကိုသတိုးကို ကျွန်မ ကျေနပ်ပါတယ်၊ ကျွန်မဘဝကို ဖူထောင်ပေးခဲ့တာပါ ... အရမ်းပြည့်စုံနေတယ်၊ ကျွန်မ ဘယ်လိုအကြောင်းနဲ့မှ ကိုသတိုး စိတ်အနှောက်အယှက်ဖြစ်အောင် မြရိပ်ညို ဘယ်တော့မှ မလုပ်ပါဘူး"

"မင်းကိုချစ်တယ် ... ကိုယ့်ရင်ထဲမှာ အချစ်တွေပြည့်နက်နေတယ်၊ ကိုယ့်လေးလေးက ..."

လေးလေးအကြောင်းတွေကို သူ ပြောပြမိသည်။

ဖိုးလပြည့်စာပေ



"ကိုသတိုး လေးလေးဆီ ပြန်ပါနော် ... မြရိပ်ညို နေရဲပါတယ်၊ ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းရမှာပဲလေ"

"ကိုယ် မနက်ဖြန် အလုပ်သမားပို့ပေးမှာပါ၊ မင်းအတွက် စိတ်ချလုံခြုံမှုရှိအောင် ကိုယ်အားလုံးစီစဉ်ပေးပါ့မယ်"

မြရိပ်ညိုအတွက် အကောင်းဆုံးနေရာဟုထင်သည်။ အရာအားလုံးပြည့်စုံနေတာပဲလေ။ ပြီးတော့လည်း ... ကိုသတိုးက လူလွတ်။

အနမ်းက ပူနွေးပြင်းပြစွာ ကျရောက်လာ၏။ မြရိပ်ညို မငြင်းမိ။

ကိုသတိုးက သူမအား ကယ်တင်စောင့်ရှောက်သူပါ။

"ကိုယ့်နှလုံးသားထဲမှာ အချစ်တွေရှိနေတယ်၊ ကိုယ်က ဘာဝန်မဲ့လွန်းပါတယ် ... ကိုယ်တရားဝင် ပိုင်ဆိုင်ထားခွင့်မရှိဘူးဆိုပေမယ့် ကိုယ့်ရင်ခွင်ထဲမှာ နေပေးပါလို့ တောင်းဆိုပါရစေ"

ကိုသတိုး ပြုသမျှ နုရသူပါ။

အနမ်းမိုးတွေ ဘယ်လောက်ပဲ သဲသဲမဲမဲနှင့် အညိုးကြီးစွာသွန်းချနေပါစေ မြရိပ်ညိုရဲ့ အပျိုစင်ဘဝလေးကိုတော့ မဖျက်ဆီးခဲ့။ ကိုယ်မလုပ်ရက်လို့တဲ့ သူပြန်သွားသည်။

"ကိုယ် မနက်ဖြန်လာခဲ့မယ် ... မင်းအတွက် အဖော်လည်းခေါ်ခဲ့မယ်၊ စိတ်မချဘူးကွာ၊ ဖုန်းဖွင့်ထားနော် ... ကိုဆက်မယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အားမငယ်ပါနဲ့ မြရိပ်ညိုရယ်"

ချစ်မြတ်နိုးရတဲ့ချစ်သူကို ပွေ့ဖက်ချော့မော့နှစ်သိမ့်မှုပေးသလို သတိုးတကယ်ပဲ စိတ်ပူပင်ပြီး အားပေးမိသည်။

သူပြန်လာ၏။ လေးလေးက အကောင်းပကတိ စောင့်နေခဲ့၏။

သူ့စိတ်ထဲမှာ ပထမဆုံးအကြိမ် လေးလေးအပေါ် တင်းသွားသည်။

"မင်းပြန်လာအောင် လေးလေး ပြောလိုက်တာကွ ... လေးလေးစိတ်တွေ မီးတောက်တော့မယ် သတိုးရာ"

"လေးလေးရာ ... သတိုးကလေးမဟုတ်တော့ပါဘူး။ အလုပ်ကိစ္စတစ်ခုအတွက် အဝေးရောက်နေတာပါ"

"သတိုး"

"ဗျာ"

"မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးဖို့ တစ်နေရာကို သွားရမယ်၊ ဒါကြောင့် ... လေးလေး စိတ်ပူနေတာကွ၊ ချိန်းထားပြီးပြီ"

"ဗျာ ... ဟာ ... လေးလေးကလဲ ကျွန်တော် အိမ်ထောင်မပြုသေးပါဘူး၊ မိန်းကလေးတစ်ယောက်ချစ်ဖို့ လုံးဝခံစားမှု ကင်းမဲ့နေတယ်"





"မတွေ့သေးလို့ပါကွ၊ သတိုးကို လေးလေး ဒီအတိုင်းထားလို့မဖြစ်တော့ဘူး ... လေးလေး စိတ်ပူတယ်ကွာ၊ တွေ့ကရာ မိန်းကလေးမျိုးနဲ့တွေ့သွားမှာကိုလေ ... ဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်ဘူး၊ လေးလေးတူဆိုပေမယ့် သားပါပဲ"

လေးလေးကို စိတ်သောကရောက်အောင်တော့ သတိုး မလုပ်လိုပေ။

သတိုးကိုယ်တိုင်ပင် သာမန်မိန်းကလေးတစ်ယောက်အား ဇွဲတက်မယားအဖြစ် ပွဲမထုတ်ရဲ။ သူ့စိတ်တွေ မလုံမလဲတော့ ဖြစ်ရသည်။

"ခဏနားလိုက် ... မင်းရေချိုးပြင်ဆင် တို့တူအရီး အဲဒီအိမ်မှာ ထမင်းစားရမယ်"

သတိုး ငြင်းပစ်ချင်သည်။ မြရိပ်ညိုကလွဲပြီး တခြားမိန်းကလေးနှင့် မပတ်သက်ချင်ပေ။ သူချစ်ရတာက မြရိပ်ညိုပဲ။ တစ်ယောက်ထဲ ကျန်ခဲ့၏။ သူ စိတ်ပူသည်။

"မင်းပြန်လာတာ လေးလေး အရမ်းဝမ်းသာတယ်၊ လိမ်မာတဲ့ ကလေးပါ ... ဒီအရွယ်ရောက်တဲ့အထိ လေးလေးကို မဆန့်ချင်တဲ့သားပါ"

သတိုးအပေါ် ထပ်ကို တက်လာခဲ့သည်။ ဘယ်လိုလုပ်ရမလဲ။ လေးလေးဆန္ဒတွေကို ဆန့်ကျင်လို့မဖြစ်။ လေးလေးဘဝတွေ နှင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သံယောဇဉ်ကြီးကြီး စောင့်ရှောက်သူဖြစ်သည်။

"မြရိပ်ညို ... ကိုယ်က မင်းအဖေနဲ့တူနေပြီလားကွာ"

မြရိပ်ညို စိတ်ဓာတ်ကို သူလေးစားသည်။ အချောင်ယူချင်တာ မဟုတ်။ အပေးအယူဆိုတာကို နားလည်သည်။

"ကိုယ် မရက်စက်နိုင်ဘူး၊ မင်းဘဝလေးကို မဖျက်စီးရက်ပါဘူးကွာ"

သူ ... အဖော်အဖြစ် ထားပေးမည့်အဒေါ်ကြီးတစ်ယောက် စီစဉ်ပေးထားသည်။

"တူလေးရေ ... ပြီးပြီလားကွယ် ... လေးလေးစောင့်နေပြီ"

"ဟုတ်ကဲ့"

သူ ရေချိုးခန်းထဲဝင်လာခဲ့သည်။ တကယ်ပါပဲကွာ ... မြရိပ်ညိုနှင့်တွေ့ဆုံရတာ ကံကြမ္မာက ဆိုးဝါးလွန်းသည်။ သူအောက်ဆင်းလာခဲ့၏။ လေးလေးက ရှိုးအပြည့်။

"သွားစို့"

"လေးလေး"

"ပြော"

"ကျွန်တော် ကြည့်ပါရစေဦးနော် ... စကားတွေ အလွန်အကျွံ မပြောပါနဲ့ဦး ..."

"ဒီမိန်းကလေးက ပညာရော၊ စီးပွားရေးမှာ ဦးစီးနိုင်တာ





ရော အားလုံးပြည့်စုံတယ်၊ မင်းငြင်းစရာ မရှိဘူး"

"လေးလေးနဲ့ ဘယ်လိုလုပ် သိနေတာလဲ"

"လေးလေးမိတ်ဆွေက အောင်သွယ်တော်လေ ... "

"အချစ်ဆိုတာရော လေးလေး"

"မချစ်ဘဲနဲ့ လက်ထပ်လိုက်ရတဲ့သူတွေက ပိုပြီးချစ်သွားတတ်ကြတယ်ကွ"

သူ

စိတ်ပျက်သည်။

ခံစား၍မရ။

မြရိပ်ညိုထံ သွားချင်သောဆန္ဒတွေက ပြင်းပြနေသည်။

လေးလေး ကျေနပ်စေရန် သတို့ လိုက်သွားခဲ့၏။ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးပါပဲ။ ခင်ရတနာတဲ့။

"ကျွန်တော့်တူလေး သတို့မဟာကတော့ လုပ်ငန်းကြီးကိုလည်း ဦးဆောင်နေရပါတယ် ... ချစ်သူရည်းစားလည်း ထားဖို့စိတ်ကူးထဲတောင် မထည့်နိုင်သေးဘူးနော်"

"ကျွန်မတို့ သမီးလေးကလဲ ပညာရော အလုပ်အကိုင်ရောဆိုတာသားလေးနဲ့ တန်းတူပါပဲ ... ပြည့်စုံပြီးသားပါ"

သူကတော့ သူနှင့်ပခုံးချင်းယှဉ်မယ့် မိန်းမမျိုး မနှစ်သက်။ အိမ်ထောင်ရေးမှာ မာနခြင်းပြိုင်နေတာမျိုး စက်ရုပ်အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



–ါ်အပ်

ခင်ရတနာ မျက်နှာပေါ်မှာ မာနတွေအပြည့် ခံစားလို့မရ

ပေ။

"ရတနာကတော့ ကိုယ်နဲ့တန်တဲ့လူ မတွေ့သေးဘူး ထင်

ထားတာ … ကိုသတိုးကတော့ ပြည့်စုံတဲ့ယောက်ျားပါ"

"ကိုယ်ကတော့ စီးပွားရေးလုပ်ငန်းတွေပဲ စိတ်ဝင်စားခဲ့တာ

ပါ ရတနာ … အချစ်မရှိဘဲနဲ့လည်း ကိုယ်လက်ထပ်ဖို့ ဆန္ဒမရှိတာ"

"ရတနာ စဉ်းစားပါ့မယ်"

သူ လုံးဝမနှစ်သက်တဲ့ မိန်းကလေးတစ်ယောက်ပဲ။ မာန

သူ့ထက်သာလွန်းမယ့်သူထင်သည်။

ရုပ်ရည်လေးရှိ၏။ သတိုး မနှစ်သက်တဲ့ မိန်းမမျိုး။

လေးလေးကတော့ သဘောအကျကြီးကျနေသည်။

"မိန်းကလေးက ပြည့်စုံလွန်းတယ် … သတိုးစဉ်းစားကြ

စမ်းပါ၊ ဘယ်လောက် တင့်တယ်လိုက်မလဲ … နေနဲ့လ ရွှေနဲ့မြ"

"ကျွန်တော် စဉ်းစားပါရစေဦး လေးလေး … "

"ကောင်မလေးဘက်က လက်ခံရင်တော့ လေးလေးစီစဉ်

မယ်၊ သတိုးလက်ခံပါ"

လေးလေးကို ဘာမှဆက်မပြောလိုတော့။ သူအကြောင်

အမျိုးမျိုးပြပြီး ငြင်းပစ်ဖို့ပဲ စဉ်းစားထားသည်။

ဖိုးလပြည့်စာပေ



"တူလေးလို ဂုဏ်သရေရှိ လုပ်ငန်းရှင်လူပျိုအတွက် ပွဲတက်

ယားဆိုတာ အရေးအကြီးဆုံးပဲကွ … တင့်တယ်နေရမယ်လေ"

သူ့အပေါ်ထပ် တက်လာခဲ့သည်။

မြရိပ်ညိုကို သတိရလိုက်တာ။ သူမအကြောင်း စဉ်းစား

ိုက်ရင် အပျော်တွေစီးဝင်လာရ၏။ အိပ်ရာပေါ် ပစ်လှဲချမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"မြရိပ်ညို အမိုက်မ … ငွါစကားကို ဆန့်ကျင်တယ်ပေါ့လေ"

ဦးမောင်မောင်မြ ဒေါသတွေ ပေါက်ကွဲသွားရသည်။

မြရိပ်ညို ဘယ်ကိုထွက်ပြေးသွားတာလဲ။ ကြည့်စမ်း … ရှိင်းစိုင်းလိုက်တာ။ အဖေ့အမျိုးတွေဆီမှာ သမီး ကျွန်မခံနိုင်လို့ ထွက်သွားပါပြီတဲ့။ သမီးအဖြစ်ကနေ စွန့်လွှတ်ပေးပါတဲ့။

"ဘယ်လောက် မိုက်မဲလဲ … အဖေက သမီးရှေ့ရေးအတွက် လုပ်တာပါ၊ ဒင်းနားမလည်ဘူး၊ ဒင်းအမေသွေးပဲ အဆင့်မရှိဘူး"

မိမိအား ဆင်းရဲတွင်းထဲ ဆွဲခေါ်ခဲ့တဲ့မိန်းမအဖြစ် သဲသဲကို မုန်းတီးမိသည်။ နာကြည်းစွာ ညှင်းပမ်းနှိပ်စက်မိ၏။ သမီးကိုရောပဲ

"လရိပ်ထင် … "

"လရိပ်ထင် … "





တစ်ဖက်အိမ်မှ လရိပ်ထင်ကို အော်ခေါ်တော့ ရောက်လာသည်။

"ဘာဖြစ်လို့လဲ ဦးလေးမောင်"

"ဒီမှာ … အမိုက်မ ထွက်ပြေးသွားတယ် မရှိတော့ဘူးကွ၊ စာရေးထားခဲ့တယ်"

မြရိပ်ညို ထွက်သွားမယ်ဆိုတာသူသိသည်။

ဦးလေးမောင်ကလည်း ဦးလေးမောင်ပဲ။ မိသားစုကို နှိပ်စက်လွန်း၏။ လရိပ်ထင် မကြိုက်။ ဒေါ်လေးသဲဆိုရင် သေတဲ့အထိ စိတ်သောကတွေ ရောက်ခဲ့ရသည်။

"ဒီကောင်မ ဘယ်သွားတာလဲ မင်းသိလား"

"မသိပါဘူး ဦးလေး … မြရိပ်ညိုက ကျွန်တော့်ကိုပြောဆိုတာတွေ မရှိပါဘူး"

မြရိပ်ညိုအတွက် ဘယ်လိုပဲဖြစ်ဖြစ် လရိပ်ထင် အကာအကွယ်ပေးလိုသည်။ နင့်ခံစားချက်တွေကို ငါနားလည်ပါတယ် မြရိပ်ညို။ အချစ်ဆိုတာ ပေးဆပ်ခြင်းတစ်ခုထဲလို့ ငါခံယူထားပါတယ်။

"ငါ ရဲစခန်းကိုသွားတိုင်မယ်၊ ဒီကောင်မကို လုံးဝအလွတ်ပေးဘူး … အားကိုးရှိလို့ပဲဖြစ်မယ် … မင်းလိုက်ခဲ့"

"ခဏလေး … တော်ကြာ မြရိပ်ညို ယောကျ်ားနောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရင် သွားတိုင်လည်း အဝိုပဲဖြစ်မယ်"

"မရဘူး ... ရှာမယ်၊ သတ်ပစ်မယ် ... ခင်းကို လုံးဝ စွန့်မလွှတ်ဘူး၊ ငါ့စကားကို ဖယ်ရှားပစ်တာ လက်မခံဘူး"

"ရဲစခန်းတွေ ဘာတွေ အကျယ်အကျယ် တိုင်မနေပါနဲ့ဗျာ ရှင်းလင်းရတာမလွယ်ဘူး ... မြရိပ်ညို ပြောသလိုပဲ သမီးအဖြစ်က သာ စွန့်လွှတ်လိုက်ပါ ဦးလေး"

"ဘာပြောတယ်ကွ"

"မြရိပ်ညိုမှာ အတတ်ပညာတွေရှိတာပဲ၊ အရမ်းအဆိုးကြီး ဖြစ်မှာ မဟုတ်ပါဘူးဗျာ ... တိုင်မနေစမ်းပါနဲ့၊ ဦးလေးလည်း အိမ် ရောင်းပြီး အမျိုးတွေဆီ သွားနေလိုက်ပါ"

"လရိပ်ထင် ... မင်းဘာတွေ သိထားလဲကွ"

"မသိပါဘူး ... ဦးလေးရာ၊ ပြဿနာအရှည် အရှည်တွေ မဖြစ် စေချင်တော့ဘူး ... ဦးလေးတို့ အသိုင်းအဝန်းတွေလည်း သိကြ ကျမယ် ပြောစရာကြီးဖြစ်မှာပါ"

လရိပ်ထင် ပြောတာလည်း အမှန်ပါပဲ။ မိမိအမျိုးတွေ သိကြ ကျမယ်။ ရှက်စရာကောင်းလိုက်တာ။

လရိပ်ထင်ကိုလည်း မကြိုက်ဘူး။ သမီးကိုချစ်တဲ့ လရိပ်ထင် စိတ်ဓာတ်ကို မိမိသဘောကျ နှစ်သက်သည်။

"မင်းပြောတာလည်း ဟုတ်တယ်၊ ငါ့အမျိုးတွေ သိကြာကျ





မယ် ... နေပါစေကွာ၊ ဖြစ်ထားလိုက်မယ် ... ငါကတော့ အမွေ မပေးအောင်ကွ"

"ဦးလေးမောင်"

"ပြော"

"ဦးလေးမောင် ဘာဖြစ်လို့ အဆင်းရဲခံနေရတာလဲ၊ အမွေ တွေ ရစရာရှိတယ်လေ"

"မတောင်းချင်ပါဘူးကွာ ... အစ်မကို တမင်ပေးထားတာ မိန်းမကြောင့် ဦးလေးမောင်ကို ဒင်းအဖေက အတင်းအကြပ်ခြိမ်း ခြောက်ပြီး ယူနိုင်းတာကွ"

ဦးလေးမောင် စိတ်ဓာတ်ကို သူလုံးဝ မနှစ်သက်မိ။ ပြဿ နာမရှိဘဲ ပြဿနာရှာနေ၍ မြရိပ်ညို ဘဝ စိတ်သောကတွေ ဆင်းရဲ ဒုက္ခတွေနှင့် ကြမ်းတမ်းစွာ ဖြတ်သန်းလာခဲ့ရသည်ထင်သည်။ ယောက်ျားလည်း မပီသဟုထင်တယ်။

မြရိပ်ညိုကို စိတ်ချမ်းချမ်းသာသာ ထားနိုင်မည့်ဘဝအခြေ အနေရောက်စေရန် လရိပ်ထင် ကြိုးစားမည်။

ဦးလေးမောင်ကတော့ မြရိပ်ညိုအား ကြိမ်းမောင်းဆဲဆိုရင်း အရက်တွေပဲ သောက်နေသည်။

"နင် ဘယ်လိုဘဝမျိုးရောက်နေပြီလည်းဆိုတာ ငါသိ



www.burmeseclassic.com

www.burmeseclassic.com



တယ် မြရိပ်ညိုရယ် ... နင့်ကို အပြစ်မတင်ရက်ပါဘူးဟာ"

ဦးလေးမောင်က ဆိုးသည်။ မြရိပ်ညိုပို၍ အရှက်ကွဲမှာ စိတ်ပူ၍ သူတားဆီးနေရ၏။

ဦးလေးမောင် အိပ်သွားမှ သူ့အိမ်ဘက် ပြန်ကူးလာသည်။

"ဒင်းကြောင့် အမေ့သူငယ်ချင်းလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ သေဆုံးရတယ် ... မြရိပ်ညိုကိုလည်း အမျိုးတွေအိမ် ကျွန်ခံနိုင်းဦးမယ် ထွက်သွားပါစေ ... ဒါပေမဲ့ ဘယ်သွားလဲ ဘာတွေဖြစ်နေပြီလဲဆိုတာ သားစုံစမ်းဦးနော် ... သဲသဲက အမေ့ကို အပ်ထားခဲ့တယ်၊ မြရိပ်ညိုလေးကို အမေသမီးလေးလို ချစ်တာပါ"

မြရိပ်ညိုအတွက် အမေလည်း စိတ်မကောင်းဖြစ်နေသည်။

"အင်းလေ ... သားဘဝကိုလည်း မြရိပ်ညိုလေးက ဘယ်လိုလုပ် နစ်ရက်မလဲ၊ သားလည်း အမျိုးတွေအထောက်အပံ့နဲ့ ကျောင်းတက်နေရတာပဲ ... မပြည့်စုံသေးဘူးလေ"

မြရိပ်ညိုအား သူ့အမေက အထင်သေးစိတ်ဆိုးမှာ လရိပ်ထင် အစိုးရိမ်ဆုံးပင်။ မြရိပ်ညိုမှာ အပြစ်မရှိစေရန် သူ့အမြဲတမ်းကာကွယ်ပြောဆိုပေးခဲ့သည်။

"သား တစ်နေ့နေ့တော့ မြရိပ်ညိုနဲ့ လက်ထပ်မယ်အမေ ရည်ရွယ်ချက်တွေ မအောင်မြင်သေးလို့ပါ"





"ကောင်းတယ်သား ... အမေကတော့ အိမ်ထောင်ရေးမှာ ဝင်မစွက်ဖက်ချင်ဘူး ... မင်းဆန္ဒပဲ၊ နှစ်ပေါင်းများစွာ သားပဲပေါင်းရမှာလေ ... သားချစ်မြတ်နိုးတဲ့ မိန်းကလေးပဲ ဖြစ်သင့်ပါတယ်"

"သားအရမ်းကျေးဇူးတင်ပါတယ်အမေ ... မြရိပ်ညိုက သားငယ်စဉ်လေးထဲက ချစ်ခဲ့ရတဲ့သူပါ၊ သား ကြိုးစားမှာပါ"

"မြရိပ်ညိုလေးကို ရှာပါဦး ... ဘယ်ကိုများထွက်သွားလဲ ပညာရေး တပိုင်းတစနဲ့လေ"

"ဟုတ်ကဲ့ ... သားရှာမှာပါ၊ မြရိပ်ညို သားနဲ့အဆက်အသွယ်လုပ်မှာပါ ... မပူပါနဲ့အမေ"

"သဲသဲက အမေ့သူငယ်ချင်း အမေ့ကို အသေအချာအပ်ထားတယ် ... မြရိပ်ညိုလေးကို အမေထိန်းကျောင်းခဲ့ရတာ သမီးအရင်းလေးလိုပဲလေ"

အမေက သမီးမရှိ၍ မြရိပ်ညိုကို ချစ်သည်။ ဒေါ်လေး သဲသဲပင် မထိန်းခဲ့ရ၊ သူနှင့်တန်းတူ ချစ်ခဲ့သည်။ မြရိပ်ညို ဘယ်မှာရှိနေလဲဆိုတာ သူသိထား၏။ ကိုသတိုးမဟာနှင့် အတူတူနေမယ်ဆိုတာလည်းသိသည်။

"မြရိပ်ညို ... နင်ဘယ်ဘဝပဲရောက်ရောက်ပါဟာ ငါလက်ထပ်မယ်၊ ငါယောက်ျားပါ ... တာဝန်ယူမယ်၊ နင့်ကို ငါနားအလည်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို ဖုန်းနံပါတ်ကိုလည်း လရိပ်ထင် သိထားသည်။ ဒါပေမဲ့ ... မဆက်သွယ်ချင်။ မြရိပ်ညိုကို မနှောင်ယှက်လိုပေ။ နင် အဆင်ပြေဖို့ပဲ အရေးကြီးပါတယ်ဟာ။ သူပညာရေးကိုပဲ ကြိုးစားရင်း မြရိပ်ညိုကို မေ့ပစ်ဖို့ ဆုံးဖြတ်ထားသည်။

"သား ကျောင်းသွားဦးမယ် ... အမေ ဦးလေးမောင် သောင်းကျန်းနေရင်လည်း အမေ နှစ်သိမ့်ပေးထားပါနော်"

"အေး ... အေး ..."

လရိပ်ထင် ကျောင်းကိုထွက်လာခဲ့သည်။ နင့်အတွက် ငါ တာဝန်ယူမပေးနိုင်တာ အရမ်းကြေကွဲရတယ် မြရိပ်ညို၊ နင်ချမ်းသာ ချင်တာလည်း နင့်အပြစ်မှမဟုတ်တာတဲ့။ နင့်အဖေရဲ့ တာဝန်မဲ့မှု တွေကြောင့်ပါ။ သူကျောင်းရောက်တော့ သူနှင့်အတန်းဖော်နေရီရီ နှင့် တွေ့ပြီး မြရိပ်ညိုအကြောင်း မသိမသာ စုံစမ်းကြည့်မိသည်။

"နေရီ့အဒေါ်က ပြောတာလေ ... မြရိပ်ညိုဆိုတာက တစ် ယောက်ထဲနေတာတဲ့ ... ပထမတော့ စုံတွဲထင်လို့သိလား၊ နောက် မှ သူ့ဌေးကြီးရဲ့ စပွန်ဆာတဲ့"

"နေရီ"

"ဒီလိုပဲဖြစ်မှာပါပဲလေ ... အရမ်းချောတယ် လရိပ်ထင်၊ ပေး တာတော့အပြည့်ပဲ ... ကားတောင် ဝယ်ပေးထားတယ်"

"ဟုတ်လား"





မြရိပ်ညိုအား နိမ့်နိမ့်ချချပြောနေတာကို တားဆီးပစ်ချင် သည်။

"နင်ပျော်နေလား မြရိပ်ညို ... အားလုံးပြည့်စုံနေပြီလား၊ နင့်ဘဝ အေးချမ်းပြီလားဟာ"

မြရိပ်ညိုအား လရိပ်ထင် သတိရလွမ်းဆွတ်နေသည်။ နေရီရီ တို့အခန်းနှင့် မျက်နှာချင်းဆိုင်မှာ နေရီရီအဒေါ်အခန်း။ မြရိပ်ညို စပွန်ဆာနှင့်နေထိုင်တာကိုလည်း သူ့စိတ်တွေ မသက်သာမိ။

"တချို့မိန်းကလေးတွေက မလွဲသာမရှောင်သာလို့ နေထိုင် ကြရတာတွေလည်းရှိနိုင်တယ် နေရီရီ အပြစ်ပြောလို့တော့မရဘူး လေ"

"နေရီက နမျောလို့ပါ လရိပ်ထင် ... သူက အရမ်းချောတယ် ဟ ... အဒေါ်ကြီးတစ်ယောက်တော့ ရောက်လာတယ်"

"ဟိုလူကရော"

"ညတော့ မအိပ်ဘူးဟ ... ငါတို့လည်း မစပ်စုရဲဘူး၊ မိန်း ကလေးအချင်းချင်းလေ"

"ဟုတ်တယ် နေရီ ... ဘာပဲဖြစ်ဖြစ် မိန်းကလေးချင်းလေ အတင်းပြောတာတွေ ဥပက္ခာပြုထားတာတွေ မလုပ်သင့်ဘူး၊ အကူ အညီပေးသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို့ကို စောင့်ရှောက်ပေးဖို့ မသိမသာ ပြောရသည်။ နေရီရီက သူ့ကိုကြိတ်၍ သဘောကျနှစ်သက်နေတာ သူသိ၏။ သူ့နှလုံးသားတွေထဲမှာ မြရိပ်ညိုပဲ ရှိနေသည်။

"လရိပ်ထင်"

"ဟင်"

"နေရီတို့အိမ်ကိုလိုက်ပြီး ညစာစားပါလား"

"ဟာ ... မစားတော့ပါဘူး၊ နောက်မှနော်"

မြရိပ်ညို့ကို တွေ့ချင်၍ နေရီရီနှင့် အလိုက်အထိုက်ဆက်ဆံနေတာပါ။ နှင့်အတွက်ပါ စိတ်ပူတယ် မြရိပ်ညို။ ပတ်ဝန်းကျင်ကကွဲရဲ့ ရှုံ့ချကြမှာလေ။

"အိမ်မှာလေ လရိပ်ထင်အကြောင်း နေရီအမြဲတမ်း ပြောပြောပြနေတာပါ ... မေမေက တွေ့ချင်နေတယ်"

"ကောင်းပါပြီ နေရီ ... ကိုယ်လိုက်လာပေးပါ့မယ် ... အခုတော့ ကိုယ်အိမ်ပြန်ရမှာလေ ... ဆောရီးနော်"

"မနက်ဖြန် ညနေနော် ... မေမေ့ကို ပြောထားမယ်၊ ပြီးတော့လေ မြရိပ်ညို့ဆိုတာကိုလည်း ပြချင်တယ်၊ အရမ်းချောတာပဲ နှမျောစရာကြီး ... သူ့စပွန်ဆာ ကိုသတိုးမဟာကလဲ အရမ်းခန့်ပြီးချောတယ် ... အင်းလေ အတည်တော့ ဘယ်သူကယူမှာလဲ ကောတီ





ဒွိတို့ ဘာတို့ကတွေ့တာဖြစ်မှာပဲ"

"ကိုယ်ပြန်မယ် နေရီရီ ... နောက်နေ့မှပဲ"

"နေရီ လိုက်ပို့ပေးမယ်လေ ... တစ်ခါတလေလောက် လရိပ် ထင်တို့အိမ်ကို လိုက်လည်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူးနေရီ ... ကိုယ်ပညာသင်နေဆဲလေ၊ ဆွေမျိုးတွေက ထောက်ပံ့ပေးထားတာ၊ ကိုယ့်အပေါ် သံသယဝင်သွားလို့မဖြစ်ဘူး"

"မေမေကတောင် လရိပ်ထင် အရမ်းစာတော်တာပဲလို့ ပြောပြတော့ အဲဒီလို ကလေးမျိုးကို မြေတောင်မြှောက်ပေးချင်တယ်တဲ့"

"လောလောဆယ်တော့ ကိုယ့်အဒေါ်က လိုလေသေးမရှိအောင် ထောက်ပံ့နေတယ်နေရီရီ ... မလိုပါဘူး ကျေးဇူးပဲ ... "

နေရီရီရဲ့ ညှုတုတု ချိုအီအီအကြည့်တွေကို ကျောခိုင်းပစ်လိုက်သည်။

ကိုယ်က အသက်ထက်ဆုံး မြရိပ်ညိုအပေါ် သစ္စာရှိနေမှာပါ။ မြရိပ်ညို လိုအပ်လာတဲ့အချိန်တွင် အဆင်သင့်အနေအထားမှာ လရိပ်ထင် ရှိနေစေလို၏။

ချစ်သူရည်းစား မထားဘူး။ နေရီရီ တားနေသည့်ကြားမှ သူ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်မောရတယ်ကွာ ... ချစ်ရတဲ့ မြရိပ်ညို၊ ငယ်ချစ်ဦးရယ် လွမ်းတယ်"

မြရိပ်ညိုနှင့်ပတ်သက်ပြီး သူလုံးဝခံစားနိုင်ခြင်း မရှိပေ။

စပွန်ဆာနှင့် နေထိုင်ရတဲ့ ဘဝကိုလည်း မြရိပ်ညို နှစ်သက်မှာမဟုတ်။ မြရိပ်ညို၏ ခံစားချက်နှင့်မာနတွေကို လရိပ်ထင် အသိဆုံးပါ။ ငယ်စဉ်လေးထဲက အတူတူကြီးပြင်းလာကြသူတွေ။

အမေကတော့ မြရိပ်ညိုသတင်း စုံစမ်းဖို့ပဲ ပြောနေသည်။

အခန်း ( ၁၁ )

"သတိုးရေ... တူလေး မင်္ဂလာသတင်းပဲဟေ့ ... ခင်ရတနာက လက်ထပ်မယ်တဲ့ သဘောတူတယ်"

သတိုး စိတ်ပျက်သွားသည်။ ခင်ရတာကို လက်မထပ်လိုပေ။ မြရိပ်ညိုကို ဘယ်လိုလုပ်ရမလဲ။ သူချစ်မြတ်နိုးတာက မြရိပ်ညို။

"ခင်ရတနာနဲ့သာ သတိုးလက်ထပ်လိုက်ရင် ဘယ်လောက်များတင့်တယ်မလဲ၊ အရည်အချင်းရှိတယ် ... ဂုဏ်ဒြပ်တွေနဲ့ပြည့်စုံတယ်"

"ကျွန်တော်ကတော့ အေးချမ်းတည်ငြိမ်ပြီး ကျွန်တော့်ကို အိမ်ရှင်မပီပီသသ ပြုစုပေးမယ့် မိန်းမတစ်ယောက်ကိုပဲ လက်ထပ်ချင်တာပါ"

"လေးလေးကတော့ မျိုးရိုးဂုဏ်သိက္ခာကိုကြည့်ရမယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး၊ ခင်ရတနာကိုပဲ လက်ထပ်ရမယ်”

“သတိုးအတွက် ငွေမလိုဘူးလေ … သတိုးဇနီးမယားက စီးပွားရှာနေတာလည်း မကြိုက်ဘူး”

“မဟုတ်သေးဘူး သတိုး … အရေးကြီးတာက ပွဲတက်မယားပဲ … မင်းရဲ့ဂုဏ်ဒြပ်နဲ့လိုက်ဖက်မယ့် ဇနီးက အရေးအကြီးဆုံးပဲ … မမက လေးလေးကို အမိကမှာထားခဲ့တာလေ”

လေးလေးကိုယ်တိုင် မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းလွန်းသူဖြစ်နေတော့လည်း ခက်နေသည်။ သူ လေးလေးစကားကိုလည်း မဆန့်ကျင်စေလိုပေ။

“ခင်ရတနာနဲ့ လက်ထပ်ဖို့ လေးလေးစီစဉ်ရမယ် … မိန်းကလေးရှင်က ဂုဏ်သိက္ခာကြီးမားတဲ့သူတွေကွ … သွားပြီး ကမ်းလှမ်းထားပြီးမှ ပျက်ကွက်တာ မကောင်းပါဘူး … လေးလေးစီစဉ်တော့မယ် ခင်ရတနာလို ချွေးမမျိုး ဘယ်မှာ သွားရှာမလဲသတိုး”

ဦးသုတ စိတ်ထဲမှာ သတိုးကို မသက်သာတော့ပေ။

သတိုး ပြောင်းလဲနေတာယ်။ ချစ်သူရည်းစားရှိနေပြီဟု ထင်သည်။ မိမိထံ ခေါ်လာမပြရဲတာ အကြောင်းရှိရမည်။ အဆင့်အတန်းမရှိတဲ့ မိန်းကလေးဖြစ်မှာ အကြောက်ဆုံးပင်။





မဖြစ်ဘူး … ခင်ရတနာနဲ့ လက်ထပ်ဖို့ စီစဉ်မယ်။ သတိုး …အယာ ပျက်ယွင်းနေ၏။

လုပ်ငန်းခွင်မှာ သတိုးအချိန်ပြည့် မရှိဘူးဆိုတာ သိနေသည်။

“ခင်ရတနာနဲ့ပဲ လက်ထပ်ပါ … လူကြီးတွေအားလုံး ပြော…ပြီးနေပြီလေ … သတိုးက ငယ်ငယ်လေးထဲက လေးလေးစကား… နားထောင်ခဲ့တဲ့ သားလိမ္မာလေးပါ”

“အင်းလေ … သဘောပဲ၊ သတိုးကတော့ လေးလေးစိတ်…်းသာဖို့ပဲ အဓိကပါ”

“ဝမ်းသာလိုက်တာ တူလေးရယ် … မင်းမာမီ့ဆန္ဒတွေပါ…ာ … မမအမိက မှာခဲ့တာပဲ၊ မင်းတင့်တင့်တယ်တယ် လိုက်ဖက်…ယ့် သတို့သမီးရစေဖို့ပဲ”

သူ …

မြရိပ်ညိုထံ သွားလိုနေသည်။ အလုပ်သမားအခေါ်ကြီးကို…တော့ ပို့ပေးထားပြီးဖြစ်သည်။

“လေးလေး … သတိုးသွားပြီနော် … သတိုးအိမ်ထောင်ရေး…တော့ လေးလေးဆန္ဒအတိုင်းပဲ စီစဉ်ပါ”

“ကောင်းပါပြီကွယ် … သတိုးဘဝမှာ အမှားအယွင်းကြီးဖြစ်…ားရမှာ လေးလေးအကြောက်ဆုံးပဲ”

သတိုးနောက်မှပဲ ကြည့်ရှင်းမယ်ဆိုပြီး အမြန်ဆုံး…လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြရိပ်ညိုနေထိုင်တဲ့ တိုက်ခန်းပေါ်တက်လာခဲ့၏။ သူ့ရင်တွေ တုန်လှုပ်နေသည်။ အခန်းဝတွင်ရပ်၍ သူ့စိတ်တွေတည်ငြိမ်စေရန် ခဏရပ်နေရသေး၏။

ကိုယ့်ရင်ထဲကိုအပျော်တွေ စီးဝင်နေတယ် မြရိပ်ညို။

"ကရင် ... ရင် ..."

"ကရင် ..."

တံခါးကို လာဖွင့်ပေးသူက အဖော်အဒေါ်ကြီးပင်။

"မောင်သတိုး ဝင်ပါ"

"မြရိပ်ညိုရော"

"ရှိပါတယ်"

အိပ်ခန်းဝမှာ မြရိပ်ညို ရပ်နေသည်။

အပြုံးလေးက လှစ်ခနဲ ပေါ်ထွက်လာပေမယ့် ရင်တွေ နာကျင်နေမယ်ဆိုတာ သူသိ၏။ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် ကျောက်ရုပ်လေးလိုပဲ။

"မြရိပ်ညို"

"ရှင်"

"မင်း နေကောင်းရဲ့လားကွာ"

"ကောင်းပါတယ် ကိုသတိုး"





သတိုးစိတ်ထဲမှာ မြရိပ်ညိုမှ မောင်ရယ်မျှော်လိုက်ရတာဆို ...မ်းသာအားရ ဆီးကြိုစေလိုသည်။

သူမက ပြောထားပြီးသားပဲ အချစ်ဆိုတာ မလိုအပ်ဘူးလို့ ...ကိုယ်တိုင် တခြားမိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့ ... မဟုတ်လား။

"အထဲကိုဝင်ပါ ကိုသတိုး"

အေးစက်လိုက်တဲ့ ဆီးကြိုမှု။ အပေးအယူတစ်ခုခုရှိထား ...ိုလို့။ အိပ်ခန်းကြီးထဲ ဖိတ်ခေါ်နေသည်။

"ကိုယ်တို့ အပြင်ထွက်ကြမယ် မြရိပ်ညို ... တစ်ခုခုထွက် ...ကြမယ်"

သူလည်း သူမအိပ်ခန်းထဲ ဝင်ချင်ပေမယ့် စိတ်ကမလုံ။ ...ပြင်ထွက်ဖို့ ခေါ်မိသည်။

"ဟင့်အင်း ..."

"ဘာဖြစ်လို့လဲကွာ"

"လောလောဆယ်တော့ ကျွန်မ လမ်းမသလားချင်သေးလို့

အဲဖေက ဘယ်လိုတုန့်ပြန်မလဲ။

သူမ ကြောက်နေသည်။ ပတ်ဝန်းကျင်ကရော သူမကို ...နေတစောင်း ကြည့်နေကြ၏။ မြရိပ်ညို မျက်နှာမပြောင်ရဲသေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ကိုသတိုးကရော ညမှလာတာပါ။

“မြရိပ်ညို”

“ရှင်”

“မင်းအဆင်ပြေရဲ့လားကွာ”

“အင်း”

“ဒီညတော့ ကိုယ်မင်းနဲ့ညအိပ်ဖြစ်လိမ့်မယ် ထင်တယ်”

“ရှင်”

သူမမျက်နှာလေးပေါ်မှာ ရှက်သွေးလေးတွေ ဖြာခနဲ ရဲတက်သွားကာ အကြည့်ကို ဖြတ်ခနဲ လွှဲပစ်လိုက်လေသည်။ မတတ်နိုင်တော့ဘူးကွာ။ ကိုယ်လက်ထပ်ရတော့မယ် လေးလေးဆန္ဒပါ။ မင်းလက်ခံမှာပါ။

“ကိုယ် ညအိပ်ခွင့်ရှိမလား”

“အို … ဟို … ဟို … အင်း … လက်ခံရမှာပဲလေ၊ အဘေကြီးထဲက လက်ခံထားခဲ့တာပဲဟာ”

“ဟုတ်တယ်နော် … ကိုယ်တို့နှစ်ယောက်က နားလည်မှုရှိကြတာပဲ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်”

လရိပ်ထင် … နင်ကတော့ ငါငြိမ့်နေပြီဆိုပြီး အထင်တွေ



သေးနေပြီလားဟာ။ ငါ့ဘဝကို နင်အသိဆုံးပါနော်။ ငါအဖို့မှန်းဆုံး အခြေအနေတစ်ခုပါ။ ငါ့ဘဝက ချမ်းချမ်းသာသာနဲ့ ရပ်တည်နိုင်ခဲ့တယ်။ ဒီလောက်လေးတော့ ပေးဆပ်ရမှာပဲဟာ။ ငါ့နှလုံးသားတွေ အလွန်အမင်း နာကျင်ရပါတယ်။

“မြရိပ်ညိုကို ကိုယ်ချစ်တယ်”

မျက်ရည်တွေက မြရိပ်ညိုမျက်ဝန်းလေးတွေထဲသို့ တရိပ်ရိပ်တိုးဝင်ပြည့်လာသည်။ မြရိပ်ညို … နင်ဘာဖြစ်လို့ ဝမ်းနည်းကြေကွဲနေရတာလဲ။

ကိုသတိုးက လူယုတ်မာတစ်ယောက် မဟုတ်ပါဘူး။ နင့်ကို ချစ်မြတ်နိုးတဲ့သူပါ။ အချစ်ဆိုတာကို ခံစားမိလာရသည်။

“ကိုယ့်ကိုယ့်ပါ မြရိပ်ညိုရယ် … ကိုယ့်ရင်ထဲမှာ မင်းအပေါ် ချစ်မြတ်နိုးနေပြီး နာကျင်ရပါတယ်၊ ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် မင်းကို ပိုင်ဆိုင်ထားချင်ပါတယ်”

မြရိပ်ညိုရဲ့ချစ်သူ ယောက်ျားတစ်ယောက် မဟုတ်ဘဲနှင့် အပေးအယူတစ်ခုကြောင့် ပေးဆပ်ခဲ့ရပေမယ့် သူမရင်ထဲမှာ မထင်မှတ်ဘဲနှင့် ကိုသတိုးကို ချစ်သွားမိသည်။

အချစ်ဆိုတာကို သူမရင်ထဲမှာ မွေးမြူမထားချင်မိ … ကိုသတိုးက သူမအား ဘယ်အချိန်အထိများ ချစ်နေနိုင်မလဲ။

လရိပ်ထင်ကိုလည်း သတိရနေမိသည်။

ဝိုးလပြည့်ဓာပေ

www.burmeseclassic.com



"မြရိပ်ညိုကို ပြည့်စုံအောင် ထားပေးမှာပါ။ ပျော်ရွှင်အော
ပါ ... ကိုယ်ကတိပေးပါတယ် မြရိပ်ညိုရယ်"

နာကျင်လိုက်ဖို့စေသော အနမ်းတွေ။ ကိုသတိုးအား မ
စေရန် ကြိုးစားရင်း မြရိပ်ညို ချစ်မိသွားရသည်။

သူ့ဖုန်းမှ အသံလေး မြည်လာတော့ ပိတ်ပစ်၏။ အုပ်ထိန်း
လေးလေးဆိုတာက ပြန်ခေါ်တာဟုလည်း ပြောသည်။

"ကိုယ့်လေးလေးပါ"

"ပြန်ပါ"

"မပြန်ဘူးကွာ ... ကိုယ် မြရိပ်ညိုကို မထားခဲ့နိုင်ဘူး
ချင်ရာဖြစ်ပဲ"

"အဲဒီလို မလုပ်ပါနဲ့ ကိုသတိုးရယ် ... မြရိပ်ညိုက လျှို့
ဝှက်ဝှက်လေး နေချင်ပါတယ်၊ လူတွေသတိထားမိသွားမှာ အ
ကြောက်တယ်"

"နေပါစေကွာ ... နောက်မှပဲ ရှင်းမယ်"

သတိုးဘာမှ မစဉ်းစားချင်တော့။ ချစ်သူနှင့်တစ်ည
အပျော်တွေနှင့်နေသည်။ မြရိပ်ညိုက အရုပ်လေးတစ်ရုပ်ကဲ့သို့
သက်နေပေး၏။

ဒါပေမဲ့လည်း သူမ မျက်ဝန်းလေးတွေထဲမှာ တင်းမာမှု
ပြေလျော့နေသည်။





"မြရိပ်ညို"

"ရှင်"

"ကိုယ့်ကို ချစ်လားလို့ မမေးချင်ပါဘူးကွာ၊ ရှုးကြောင်
ကြောင်နိုင်တယ်ကွာနော်"

"မမေးပါနဲ့ ကိုသတိုး ... မြရိပ်ညိုလည်း မကြိုက်ဘူး ...
အချစ်မလိုအပ်လို့ပါ"

သူမ နှလုံးသားတွေ နာကျင်ရသည်။ ကံဆိုးစွာဖြင့် လူ့လော
ကကြီးထဲသို့ မြရိပ်ညို ဝင်ရောက်လာရသည်။

အမေက သူမကို နှုတ်ပင်မဆက်ဘဲ ထားရစ်ခဲ့၏။ အဖေက
အခုလောက်ဆိုလျှင် မြရိပ်ညိုအား ဒေါသတွေပေါက်ကွဲကာ သတ်
ပစ်ဖို့တောင် ရှာဖွေနေပြီဖြစ်သည်။

"မြရိပ်ညို"

"ရှင်"

"ပျော်ရွှင်အောင်နေပါ ... ကိုယ်တို့ကားမောင်းကျင့်မလား
အပြင်ထွက်ကြမယ်လေ"

"ကျွန်မ သင်တန်းတက်နေပါတယ် ကိုသတိုး"

သူမ ... ပြည့်စုံချမ်းသာစွာ နေထိုင်ရသည်။ ကိုသတိုးက
သူမအား တရားဝင်လက်ထပ်ယူခြင်း မရှိတာဘဲ ပြောစရာရှိနေ

www.burmeseclassic.com



သည်။

"မြရိပ်ညိုအတွက် ပြည့်စုံနေပါပြီ ... မလိုအပ်တော့ပါဘူး ကျွန်မပျော်ပါတယ် ကိုသတိုး"

"မြရိပ်ညိုရယ်"

ကိုသတိုး ရင်ခွင်က သူမအတွက် ပူလောင်နေသလိုပင်။ အချစ်ဆိုတာကို ရင်ထဲသို့ တိုးဝင်တွယ်ကပ်လာမှာ ကြောက်ရွံ့မိနေသည်။

ကျွန်မကို အချစ်တွေ မပေးပါနဲ့ တောင်းပန်ပါတယ်နော်။ ကျွန်မကို ကယ်တင်စောင့်ရှောက်ပေးထားတဲ့ ကိုသတိုးမဟာ အတွက် တရားမျှတစွာ ပေးဆပ်ရပါတော့မယ်။

"မင်း ကြေကွဲဝမ်းနည်းနေလားကွာ ... ပြောစမ်းပါ မြရိပ်ညို"

သူမအား ညင်သာစွာဖက်သည်။ အနမ်းလေးက ဖွဖွပေး၏။ ရင်နာရတယ်။

ကိုသတိုးကို ချစ်သည်။ မြရိပ်ညိုဘဝက အချစ်မရှိစေရ။

သူမနှင့် ကိုသတိုး ပျော်မယ်ပင်မကြာသေး ဖုန်းဝင်လာသည်။

"ရတနာ ... ကိုယ်မအားသေးဘူး၊ နောက်နေ့မှတွေ့ကြမယ် ကိုယ် လုံးဝ မလာနိုင်ဘူး ရတနာ"





ကိုသတိုး ဖုန်းပိတ်ပစ်လိုက်သည်။ ဘယ်သူလဲဟု မမေးမိ။ မြရိပ်ညိုနဲ့လည်း မဆိုင်ဘူးလေ။

"မြရိပ်ညို"

"ရှင်"

"ရတနာဆိုတာ ဘယ်သူလဲလို့ မင်းမသိချင်ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲကွာ"

"မြရိပ်ညိုနဲ့မဆိုင်လို့ပါ၊ ကိုသတိုးရဲ့ ကိုယ်ရေးကိုယ်တာလေ"

မြရိပ်ညိုက ဘယ်လိုမိန်းကလေးမျိုးလဲ။ သူ့ကိုမချစ်တာလား။ သူနည်းနည်းလေးတော့ မျက်နှာပူသွားရပေမယ့် စောစောထဲက သဘောတူထားခဲ့တာပဲလေ။

"ကိုယ့်ကို လူကြီးတွေက လက်ထပ်ပေးဖို့ သဘောတူထားတဲ့ မိန်းကလေးပါ"

"ရတနာတဲ့လား"

"ခင်ရတနာပါ"

သူမ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

ခင်ရတနာ။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် နေရိပ်လိပ်စာက သူမနှင့်ညီအစ်မဝမ်းကွဲ တော်စပ်သူ။ အဖေ့တူမ ... မောက်မာလွန်းသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က လုံးဝမချစ်ဘူး မြရိပ်ညို … မင်းယုံပါကွာ၊ ကိုယ့် လေးလေးက အရမ်းပဲ မျိုးရိုးဂုဏ်ကို ထိန်းသိမ်းနေတာလေ"

အဖေ့လိုပေါ့။ တွေ့ကြသေးတာပေါ့ ခင်ရတနာ။ ညီအစ် တစ်ဝမ်းပဲကွဲတာတောင် အဖက်မလုပ်ချင်ပေ။ နှိမ်ချဆက်ဆံ သည်။

"ကျွန်မ ကျွန်သွားခံရမှာက ရှင်နဲ့လက်ထပ်မယ့် ခင်ရတ အိမ်လေ … ဒင်းတို့ကြောင့် ကျွန်မက ရှင့်ရဲ့တိတ်တိတ်ပုန်း ရောက်ရတာ"

သူမ ရင်ထဲမှာ နာကြည်းလွန်းနေသည်။ နှုတ်ခမ်းသား ကို တင်းတင်းစေ့ထားမိ၏။

အေးချမ်းစွာနေထိုင်လိုတဲ့ မြရိပ်ညိုအတွက် ကံကြမ္မာ က မီးလောင်ရာလေပင့်လိုက်တာပဲ။ ခင်ရတနာနဲ့ လက်ထပ်မှာ သတိုးမဟာ။

အရမ်းရယ်ရတာပဲ။ သူမ အော်ဟစ်ရယ်မောပစ်လိုသည်

"ကိုယ်က လုံးဝလက်မခံပါဘူး၊ လေးလေး စီစဉ်တာပါ"

"ရပါတယ် … ကိုသတိုး ရှင်းပြစရာမလိုပါဘူး"

"မြရိပ်ညို မျက်နှာလေးမှိုင်တွေသွားသလိုပဲ"

"အချစ်ဆိုတာကို မုန်းလို့ပါ"

"ကိုယ့်ကို မြရိပ်ညို မချစ်ပါနဲ့ ကိုယ်လည်း မခံစားချင်ဘူး





ကိုယ်တို့ပတ်သက်မှုက နာကျင်ရပါတယ်"

သူမစိတ်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရသည်။ ကိုသတိုးလို လူတစ်ယောက်ကို ခင်ရတနာ အမိဖမ်းတော့မည်။ ဘယ်လိုလူနှင့်မှ တူတန်တယ် မထင်တဲ့ မိန်းမတစ်ယောက်။

"အချစ်ဆိုတာ တစ်မျိုးပဲနော် ကိုသတိုး … မချစ်ပါဘူးလို့ ထိန်းချုပ်ထားလေ ပေါက်ကွဲလာလေပဲ … အချစ်မလိုပါဘူးလို့ လေ့ကျင့်နေတာမှ … "

"မြရိပ်ညို"

"ဘာမှမဟုတ်ပါဘူး ကိုသတိုးရယ်"

သူမ ကိုယ်လေးက ကိုသတိုးရင်ခွင်ထဲ မသိမသာ တိမ်း ညွတ်သွားလေရာ ကိုသတိုးက အထိတ်တလန့် ပွေ့ဖက်ထားသည်။

ခင်ရတနာ လောကကြီးထဲမှာ နင်ဖြစ်စေချင်တိုင်းဖြစ်လို့ ရမယ်ထင်နေလား။ စိန်ခေါ်မှုတွေ အပြည့်ရှိနေတယ်။ ငါ့အမေကို မတူမတန် ဘူးလို့ထင်နေတဲ့ နင်တို့သားအမိ။ စိတ်ထဲသို့ မထင်မှတ် ဘဲ အပျော်တွေ စီးဝင်လာသည်။

"မင်း … မင်း ကိုယ့်ကိုချစ်နေပြီလား မြရိပ်ညိုရယ်"

"ဟင့်အင်း … မချစ်ပါဘူး၊ ကျွန်မတို့နှစ်ယောက်ကြားမှာ အချစ်မှ မလိုအပ်တာပဲ … မဟုတ်ဘူးလား ကိုယ်ရယ်"

"မြရိပ်ညို"

www.burmeseclassic.com



မြရိပ်ညို့ရဲ့ နာကြည်းမှုတွေ လက်တုန့်ပြန်လိုမှုတွေက သူ့ရဲ့ ရိုးသားဖြူစင်မှုကို ဝါးမျိုချေဖျက်ပြောဖြစ်သွားသည်။

စိတ်တွေ တုန်တုန်လှုပ်လှုပ်နှင့် နာကျင်သွားရပေမယ့် ကိုသတိုးအား ခင်ရတာနာ ရယူပိုင်ဆိုင်ဖို့ မြရိပ်ညို့ လက်မခံနိုင်းလုံးဝ တားဆီးပစ်ရန် ဆုံးဖြတ်ထားသည်။

အခန်း ( ၁၂ )

လရိပ်ထင် စိတ်ပူသည်။ မြရိပ်ညို့နှင့် တွေ့ချင်ပေမယ့် သူ့မစိတ်တွေ အနှောက်အယှက်ဖြစ်မှာလည်း စိုးရိမ်မိနေ၏။ နေရီကတော့ ကိုသတိုးဆိုတာ ညအိပ်သည်တဲ့။ ရင်ထဲမှာ ရှုးနင့်သွားသည်။

“လရိပ်ထင်”

“ဟင်”

“ညစာလိုက်စားမယ် မဟုတ်လားဟင် ... မေမေတို့ကို ပြောထားပြီးပြီ”

“လိုက်စားပါ့မယ်နေရီ ... မင်းကိုလည်း အားနာတယ်၊ လူကြီးတွေပါ အားနာဖို့ကောင်းနေပြီ”

သူ ...

မြရိပ်ညို့နဲ့ တွေ့ချင်တယ်။

ငွေကြေးတွေ ပြည့်စုံချမ်းသာတယ်ဆိုပေမယ့် မင်းစိတ်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာရဲ့လား။ မြရိပ်ညို စိတ်ခေတ်ကို လရိပ်ထင် အသိဆုံးပင်။ ဦးလေးမောင်ကလည်း မြရိပ်ညိုကို ရှာဖွေနေသည်။ သက်ဆိုင်ရာကို မတိုင်စေရန် လရိပ်ထင် ဖျောင်းဖျထားရ၏။ နေရီနှင့်အရော တဝင်နေပြရသည်။

"နေရီကတော့ လရိပ်ထင်နဲ့ခင်မင်ခွင့်ရတာ အရမ်းပျော်တယ်၊ မေမေတို့လည်း လရိပ်ထင်ကို တွေ့ချင်နေတယ်လေ"

"ကိုယ်ကတော့ အားနာတယ် နေရီရယ်"

"ဘာများအားနာစရာရှိလဲ လရိပ်ထင် ... ပြီးတော့လေ နေရီမှာ မွေးချင်းညီအစ်ကိုမောင်နှမလည်း မရှိဘူး"

ကျောင်းဆင်းတော့ နေရီအိမ်လိုက်လာခဲ့ရသည်။ သူတွေ့ချင်တာက မြရိပ်ညို။

"လာလေ လရိပ်ထင်"

"တိုက်ခန်းတွေက အတော်လေးကောင်းတာပဲ"

"ဒီမှာလေ ... ဟိုအမျိုးသမီးအခန်းလေ"

"ဟုတ်လား"

နေရီတို့နှင့် မျက်နှာချင်းဆိုင်။

"မင်းအကောင်းဆုံးတော့ နေနိုင်တာပဲ ... မင်းပျော်နေပြီလား မြရိပ်ညို ..."

မြရိပ်ညို အခန်းက ပိတ်ထားသည်။ လရိပ်ထင် စိတ်ကို





အတော်လေး ထိန်းချုပ်ထားရ၏။ နေရီ့မိဘတွေက ပျူပျူငှာငှာနှင့် ဆီးကြိုနေကြသည်။

"ဖေဖေ ... သူက နေရီ့သူငယ်ချင်းလရိပ်ထင်ပါ၊ စာအရမ်းတော်တယ်"

"အေးကွယ် ... သမီးကတော့ မောင်လရိပ်ထင်အကြောင်း ပြောပါတယ်၊ ရိုးသားကြိုးစားတဲ့အကြောင်း ပြောပါတယ်"

"ဟုတ်ကဲ့"

လရိပ်ထင် စိတ်ထဲမှာ မြရိပ်ညိုကိုပဲ သတိရနေသည်။ သူမနေတဲ့အနီးအနားမှာ သူရောက်နေရတာ နွေးထွေးနေသလိုပင်။ ရိပ်ညိုက ငွေကြေးမက်မောပြီး အကျင့်စာရိတ္တ ပျက်ပြားသည့် း:ကလေး မဟုတ်ပေ။

"လရိပ်ထင်"

"ဟင်"

"ဖေဖေနဲ့မေမေပါ"

"ဟုတ်ကဲ့"

သူ ဘာပြောမှန်းမသိ။ စိတ်တွေက ထွေပြားနေသည်။ ကယ်ပဲ တခမ်းတနားပဲ။ နေရီ ဘာပြောထားလဲ။ စိတ်တော့ စ်ရ၏။ ညစာကတော့ အဆင့်မြင့်လွန်းသည်။

"စားနော် လရိပ်ထင် ... အားမနာပါနဲ့ တကျောင်းထဲသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေပဲဟာ"

"အင်း"

"စားကွယ် ... အားမနာပါနဲ့၊ အန်ကယ်တို့မှာလည်း မိသားစု မှ မရှိတာ"

"ဟုတ်ကဲ့"

"မောင်လရိပ်ထင်လည်း တစ်ဦးတည်းသောသားဆို"

"ဟုတ်ကဲ့ ... ကျွန်တော့်မှာ အမေပဲရှိပါတယ်၊ ဆင်းရဲပါတယ်၊ အဒေါ်အထောက်အပံ့နဲ့ ကျောင်းတက်ရတာပါ"

"အင်း ... မင်းကြိုးစားတယ်လို့ကြားတယ်၊ မိဘဆင်းရဲတာ ချမ်းသာတာက အရေးမကြီးဘူးမောင်ရင် ... အန်ကယ်တို့က အားပေးပါတယ်"

ခုက္ခပါပဲ။ သူက အထင်မကြီးစေရန်ပြောကာမှ နေရီ့အဖေက သဘောကျနေသည်။ သူ့ကို သမက်အဖြစ် ချိန်ရွယ်နေပုံပင်။ မျက်နှာပူမိ၏။ သူ ရောက်လာတာက မြရိပ်ညို့ကြောင့်ပါ။

"မင်းကားမောင်းတတ်လား မောင်လရိပ်ထင်"

"ဟုတ်ကဲ့ ... ကျွန်တော့်အဒေါ်မှာ ကားရှိတော့ မောင်းတတ်ပါတယ်၊ တစ်ခါတလေ လိုက်မောင်းပေးရပါတယ်"

"ကောင်းတာပေါ့ကွာ ... အပြန်ကားယူသွား၊ သမီးပြန်ယူလာခဲ့နော်"





"ရပါတယ် အန်ကယ် ... ကျွန်တော် ဒီအတိုင်းပဲပြန်ပါ့မယ်"

"မဟုတ်တာကွယ် ... အန်ကယ်တို့ကတော့ မောင်လရိပ်ထင်ကို လေးစားတယ်၊ ယုံလည်းယုံကြည်ပါတယ်"

သေရော ... မြရိပ်ညို။

နင့်ကို စောင့်ရှောက်ပေးဖို့ ငါကြိုးစားတာပါ။ ငါ့ရင်ထဲမှာ မြရိပ်ညိုပဲရှိနေတယ်။

"မောင်လရိပ်ထင်"

"ဗျာ"

"မင်းအတွက်လိုအပ်တာတွေ အန်ကယ်တို့က အကူအညီပေးချင်တယ် ... သဘောရိုးနဲ့နော် ... အန်ကယ်ငယ်ငယ်က ဘဝနဲ့တူလို့ အားပေးချင်ပါတယ်"

"လောလောဆယ်တော့ ကျွန်တော့်အဒေါ်က လိုလေသေးမရှိထောက်ပံ့ပေးထားပါတယ်၊ ကျေးဇူးတင်ပါတယ် အန်ကယ်"

မြရိပ်ညို့နှင့်တွေ့ဖို့ လရိပ်ထင် ဘယ်လိုဖန်တီးရမလဲ။ သူ အားတောကြံစည်နေသည်။ ရင်တွေ တဒိန်းဒိန်း ခုန်လာနေသလိုပင်။

နေရီတို့အဒေါ် ရောက်လာတော့ သူ့အတွက် အခွင့်အရေးသာသည်။

"ဒါက နေရီ့သူငယ်ချင်းပါ ... လရိပ်ထင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သားအကြောင်းကိုတော့ နေရီက အမြဲတမ်း ပြောပြပါတယ်ကွယ် ... မင်းက တကယ်ကို ယောကျ်ားပီသတယ် ချောလိုက်တာ"

သူ ...

မြရိပ်ညိုအကြောင်းတွေ သိချင်နေသည်။

"အန်တီက အရှေ့ခန်းကိုလာတာ ... ကိစ္စလေးရှိလို့ပါ"

"အဲဒီအခန်းက မြရိပ်ညိုဆိုတဲ့ ကောင်မလေးက တရားဝင် မှမဟုတ်တာဘဲ ရွှေရဲ့ ... တိတ်တိတ်ပုန်းပါ။ စိတ်ပျက်စရာကြီးရွှေ အတုမြင်အတတ်သင် ... မှန်းစရာကောင်းလိုက်တာ"

"ဟုတ်လို့လားဟယ် ... ကောင်လေးက အရမ်းချစ်တာပါ"

"စပွန်ဆာပုံဆို မရွှေရယ် ... မမတို့တောင် သမီးပျိုလေး ရှိလို့ ပြောင်းပြေးချင်နေတာ"

မြရိပ်ညိုအတွက် နာကျင်ရသည်။ ပတ်ဝန်းကျင်က ပြောဆို ကဲ့ရဲ့ဝေဖန်နေမှာကို မြရိပ်ညိုရော ဒေါ်လေးသဲသဲပါ စိုးရိမ်ခဲ့ကြ၏။

ဦးလေးမောင်ဆို လုံးဝလက်မခံပေ။ သိသွားရင် မြရိပ်ညိုကို အသေတောင် သတ်မလား မသိဘူး။

"ရွှေရယ် ... တိုက်ခန်းရောင်းတာ ကြည့်မရောင်းဘူး အကျင့်ပျက်တဲ့ မိန်းကလေးကိုမှ ... "

"မဟုတ်ဘူးလေ ကောင်လေးက အရမ်းကြင်နာလွန်းတော့





ချစ်သူတွေထင်တာပေါ့ ... နှစ်ယောက်လုံးချစ်စရာလေးတွေပါ တယ် ... ဘယ်လိုဖြစ်ရတာလဲ"

လရိပ်ထင် မနေနိုင်တော့။ မြရိပ်ညိုကို ဒီလောက်အထိ နှိမ် ချပြောဆိုနေစရာမလိုဟု ထင်သည်။

"ဒါကတော့ ကံကြမ္မာအရ ဖြစ်တာပါ"... သူ့ဘဝနဲ့သူပဲလေ၊ အကြောင်းကြောင်းတွေလည်း ရှိနိုင်ပါတယ်"

"ဟုတ်တယ် မောင်လရိပ်ထင် ... အန်ကယ်လည်း အဲဒီလို သတ်မှတ်တယ် ... သူဖြစ်တိုင်း ကိုယ်ကလိုက်ဖြစ်စရာမှမရှိတာ ဘဲ ... "

"မေမေရယ် ... နေရီတို့သူများအကြောင်းမသိဘဲနဲ့ ပြော နေလို့မကောင်းပါဘူး ... သူ့အကြောင်းနဲ့သူပဲလေ၊ မြရိပ်ညိုကို ကြည့် ရတာ အရမ်းပျံလန်ပြီး ကလက်နေတာတော့ မဟုတ်ပါဘူး တည်ငြိမ်ပါတယ်"

"သမီး ... အတုမြင် အတတ်သင်တော့မလုပ်နဲ့၊ နောင်တစ် နေ့ ဒုက္ခရောက်မှာ ... မယားကြီးရှိနေရင် အဆဲခံရဦးမယ်၊ ရှက်စရာ ကြီး ... မာမီတော့ အငတ်ခံပြီးပဲသေပစ်မယ်၊ ကိုယ့်ရုပ်ကိုယ့်ရည် လေးနဲ့ မိန်းကလေးဆိုတာ မာနရှိရမယ်လေ"

သူ ပြန်ချင်လာသည်။ မြရိပ်ညိုအကြောင်းတွေ မကြားလို တော့။ မြရိပ်ညိုကို တွေ့ချင်တယ်။ မင်းဘာတွေဖြစ်နေလဲ။ အေး



www.burmeseclassic.com

www.burmeseclassic.com



အယူလေဆိုတဲ့ မြရိပ်ညို့ရဲ့စကားက ရှင်းနေသည်။

"မြရိပ်ညို့ကို မေ့ပစ်လိုက်ပါ လရိပ်ထင်၊ ငါလေ မဖြစ်မနေ ဒီလိုဘဝမျိုးကို ခံယူဖို့ ဆုံးဖြတ်လိုက်ပြီ ... နင်နဲ့ပတ်သက်စရာ အကြောင်းလည်း မရှိတော့ဘူး ... မေ့ပစ်လိုက်တော့"

မြရိပ်ညို့ ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေ ပြည့်နှက်နေမည်ဆိုတာ သူ ခံစားရသည်။ ငယ်ပေါင်းတွေပဲ။

"အန်တီလေးကတော့ ဟိုဘက်ခန်းသွားရမယ်"

"ကျွန်တော်လည်း ပြန်တော့မယ်အန်ကယ် ... အမေမျှော်နေမှာမို့ပါ"

"အေးကွယ် ... နောက်လည်း လာပါ ... အန်ကယ်တို့ကို မိသားစုလို သဘောထားပါ ... သမီးနေရီကိုလည်း စောင့်ရှောက်ပေးပါဦး"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦး"

"သမီး လိုက်ပို့လေ"

လရိပ်ထင် တမင်ထတာ။ နေရီ့အန်တီလေးလည်း ထပြီး မြရိပ်ညို့အခန်းကိုသွားသဖြင့် သူလည်း မသိမသာကြည့်သည်။ ကံကောင်းစွာပင် တံခါးလာဖွင့်ပေးသူ မြရိပ်ညို့ဖြစ်နေ၏။

သူ့ကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ သူမ မျက်ဝန်းလေး ပြူးကျယ်သွားသည်။





"ဝင်ပါအန်တီ ... မြရိပ်ညို့ မျှော်နေတာပါ"

မြရိပ်ညို့ကို ကျန်းကျန်းမာမာနှင့်တွေ့လိုက်ရ၍ လရိပ်ထင် စိတ်အေးသွားရသည်။ မျက်နှာလေးကတော့ အရင်ကလို လန်းဆန်းတက်ကြွမနေပေ။

သူက မသိမသာ လက်ပြလိုက်၏။

နင့်ကိုငါ ကူညီချင်တယ် မြရိပ်ညို့ရယ်။ စိတ်ပူတယ်။ နာကျင်ရတယ်။ ငါ ကြိုးစားနေမှာပါ။

တစ်နေ့နေ့ ... ကိုသတိုးမဟာ မြရိပ်ညို့ကို အပြီးအပိုင် စွန့်ပစ်ထားခဲ့မှာပါ။

ဘယ်လောက်ပဲ နင်းခြေခံထားရတဲ့ ပန်းပွင့်လေးဖြစ်နေပါစေ ငါအမြတ်တနိုး ကောက်ယူသိမ်းဆည်း စောင့်ရှောက်ပေးထား ချင်ပါတယ် မြရိပ်ညို့ရယ်။

"လရိပ်ထင်"

"ဟင်"

"မြရိပ်ညို့က ချောတယ်နော် ... နှမျောစရာကြီး၊ မာနရှိရှိနဲ့ သန့်သန့်စင်စင်နေပြရင် ယောက်ျားကောင်းရနိုင်ပါတယ်"

"ထားလိုက်ပါ နေရီ ... ကံကြမ္မာအရပေါ့လေ၊ ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းပဲ စောင့်ရှောက်ပေးသင့်ပါတယ်"

"အမေက လုံးဝလက်မခံဘူး၊ နေရီ့ကိုလည်း အားမကျဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ် ... တစ်ခဏတာပဲ ကောင်းစားမှာတဲ့ အသက်ကြီးလာရင် မလွဲမသွေ စွန့်ပစ်ခံရလိမ့်မယ်တဲ့ ... လမ်းမှာဆုံမိရင်တောင် လုံးဝ ပတ်ပတ်သက်သက် မလုပ်ရဘူးတဲ့၊ မာမီက ခါးခါးသီးသီးပဲ"

သူ ကားပေါ်တက်လိုက်သည်။

ငါ့ဘေးနားမှာရှိနေတာ နေရီမဟုတ်ဘဲ နင်ဆိုရင် ဘယ်လောက်များ ငါ့ဘဝပြည့်စုံလိုက်မလဲ မြရိပ်ညို။ တို့နှစ်ယောက်ဟာ ငယ်စဉ်လေးထဲက အတူတူနေလာခဲ့ကြပြီး ... အခုတော့ အဝေးကြီး ဝေးနေရတယ်ဟာ။ အဲဒါ နင့်အဖေကြောင့်ပဲ။

"လရိပ်ထင်တို့အိမ်အထိ နေရီလိုက်လည်မယ်နော်"

နေရီရီဟာ မာနမရှိတဲ့ မိန်းကလေးဟု လရိပ်ထင်စိတ်ထဲ ထင်မိသည်။ မြရိပ်ညိုက သူ့ကိုအထင်တကြီးနှင့် အရောတဝင် မလုပ်ခဲ့။ ကိုသတိုးနှင့်တောင် မလွဲသာမရှောင်သာဘဲ ပတ်သက်သွားခဲ့ရတာပါ။

သူ အထင်ကြီးသူက မြရိပ်ညိုတစ်ယောက်ထဲဖြစ်နေ၏။ အမြဲတမ်း နားလည်ခွင့်လွှတ်ပေးမိသည်။

"ဒီနေ့တော့ အမေမရှိဘူး နေရီ ... မလိုက်နဲ့နော်၊ ကိုယ် ဒီကနေပဲ ဘတ်စ်ကားစီးပြီးပြန်မယ်၊ နောက်မှတွေ့ကြတာပေါ့၊ ကိုယ့်အမေကိုလည်း ကြိုတင်ပြောရဦးမယ်လေ ... တော်ကြာ ချွေးမလောင်းခေါ်လာတယ်ထင်နေဦးမယ်"





"ဟုတ်သားပဲနော်"

ရပ်ကွက်ထဲသို့ နေရီကိုခေါ်သွားလို့ မဖြစ်ပေ။ မြရိပ်ညို အကြောင်းတွေသိသွားမှာ စိတ်ပူ၍ဖြစ်သည်။

သူ ဘတ်စ်ကားနှင့် ပြန်လာခဲ့၏။ သူထင်ထားတဲ့အတိုင်းပင် မြရိပ်ညိုအဖေက အရက်တွေမူးပြီး သောင်းကျန်းနေသည်။

"မြရိပ်ညို ... ခွေးမ ... ဘယ်ရောက်နေလဲ၊ နင်ဘယ်လောက်အထိ လုံခြုံအောင်ပုန်းနေနိုင်မလဲ ... ပုန်းစမ်း ငါသိလို့ကတော့ အသေပဲ"

"ဝုန်း"

"ဒိုင်း"

အိမ်လေးထဲမှာရှိနေတဲ့ ပစ္စည်းတွေကို ပစ်ပေါက်ခွဲနေသည်။ လရိပ်ထင် ဝင်သွား၏။ သူ့ကိုမြင်တော့ နည်းနည်းလေး ငြိမ်သက်သွားသည်။

"ဦးလေး ဘာတွေဖြစ်နေတာလဲဗျာ၊ ပြောတော့ဖြင့် ခွေးမျိုး ဝဏ်သိက္ခာကို ထိန်းသိမ်းရမယ်ဆို ... "

"ငါအရမ်းဒေါသဖြစ်ရတယ်ကွ လရိပ်ထင် ... ငါ့စကားကို ဆန့်ကျင်လို့ကွ၊ ငါ့အစ်မရှေ့မှာ မျက်နှာကို ဘယ်လိုပြရမှန်းတောင် မသိဘူး၊ ပြောကြပြီလေ ... အဆင့်အတန်းမရှိတဲ့ မိန်းမရဲ့သွေးပဲလို့"

"တော်ပါတော့ ဦးလေးမောင်ရာ ... လူကြားပါတယ် မြရိပ်



www.burmeseclassic.com

www.burmeseclassic.com



ညိုကို သမီးအဖြစ်ကနေ စွန့်လွှတ်လိုက်တော့၊ ကျွန်တော် သတင်း ကြားရတာ အရမ်းချမ်းသာနေပြီတဲ့"

"ဘာပြောတယ်ကွ"

"လရိပ်ထင် ကြားတာပါ၊ အတိအကျတော့ ဘာမှမသိဘူး ဦးလေးမောင် အသက်ကြီးပါပြီ ... မြရိပ်ညိုက အမြဲတမ်း ဦးလေး ကိုကြောက်နေရတာ၊ အဖေကို ဘယ်ယုံမလဲ"

"ငါက ဒင်းကောင်းစားရေးလုပ်နေတာကွ၊ အစ်မဆီမှာ အ မလို့၊ ဒင်းလိမ်မာရင်ရမှာပဲ ... အစ်မကနေမလား၊ ဒင်းကြောင့် ငါ မျက်နှာပျက်ရတယ်၊ ငါ့တူမ ရတနာ ဘယ်လောက်လိမ်မာလဲ ... ရွေးချယ်တတ်တယ်"

"မြရိပ်ညိုဘဝက အမြဲတမ်း စိတ်သောကတွေနဲ့ ဆင်းဆင်း ရဲရဲနေရတယ်၊ ဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရတာလေ ... ဦးလေးမောင်က ရော ဒေါ်လေးသဲသဲသေတာတောင် ဦးလေးမောင် ဘာတာဝန် ယူခဲ့လဲ ... ပြန်စဉ်းစားပါဦးဗျ"

ဦးလေးမောင်ရဲ့လုပ်ရပ်တွေကို လရိပ်ထင် လုံးဝသဘော မကျနိုင်တော့။ မိဘအမွေတွေရဖို့ရှိပါလျှက်နှင့် မယူဘဲ အစ်မထံမှာ ပဲထားသည်။ မြရိပ်ညို မဆင်းရဲသင့်။ အနိမ့်ခံဘဝမှာ နေထိုင်လာခဲ့ ရတဲ့ မြရိပ်ညို။

"မင်း ... မင်း ဘာသိလို့လဲ"





"ဦးလေးမောင်ကို ဘယ်လိုပဲအရယူယူ တာဝန်က တာဝန် ပဲလေ ... ဒေါ်လေးသဲကို မုန်းနေရင်တောင်မှ မြရိပ်ညိုမှာ ဘာ အပြစ်ရှိလို့လဲ ဦးလေးမောင် သွေးလေ"

ဦးလေးမောင် ငြိမ်သက်သွားသည်။

လရိပ်ထင်လည်း သည်းမခံနိုင်တော့အောင် ဒေါသတွေက ပေါက်ကွဲချင်လာရ၏။ မြရိပ်ညိုမှာ အပြစ်မရှိ၊ အစ်မအိမ် ကျွန်အဖြစ် ပို့ဆောင်ဖို့ ကြံစည်တာပင် ရက်စက်လွန်းသည်။

ဦးလေးမောင်အပြစ်တွေ တာဝန်မဲ့မှုတွေကို လရိပ်ထင် ပြစ်ပြစ်နှစ်နှစ် ပြောနေ၏။ မထူးတော့ဘူး။ မြရိပ်ညိုကို ထပ်ပြီး အရှက်ခွဲဖို့ ဖိနှိပ်ဖို့ ထပ်ကြိုးစားနေမှာကိုတော့ သူတားဆီးပစ်ရမည်။

အမေက တစ်ဖက်ကနေကူးလာပြီး သူ့ကိုခေါ်သည်။ အမေ ကိုယ်တိုင်လည်း သူငယ်ချင်း သဲသဲအတွက် ဦးလေးမောင်ကို ရန်တွေ့နေ၏။

ဦးလေးမောင် စကားတစ်ခွန်းမှမပြောတော့ဘဲ ခေါင်းငိုက် စိုက်ချကာ ငြိမ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

လရိပ်ထင် ဘယ်ကနေ ဒီကိုရောက်လာရတာလဲ။ သူမနေထိုင်တဲ့အခန်းအား လရိပ်ထင်သိသည်။ ဒါကြောင့်လဲ ... အခြေအနေသိဖို့ ရောက်လာတာများလား။

ဘာပဲဖြစ်ဖြစ် လရိပ်ထင်ကိုတော့ မြရိပ်ညို ကျေးဇူးတင်မိသည်။ သူမဆန္ဒတွေအတိုင်း ဖြစ်စေခဲ့၏။ ငါ့ကိုတော့ မေ့ပစ်သင့်တယ် လရိပ်ထင် ... ဘဝတွေက အရမ်းခြားနားသွားပါပြီဟယ်။

မျက်နှာချင်းဆိုင်မှ ကောင်မလေးက လရိပ်ထင်နဲ့ ဘယ်လိုပတ်သက်နေလဲ။ နေရီရီဆိုတဲ့ကောင်မလေး အမေကတော့ မြရိပ်ညိုအား မနှစ်သက်သည့်ပုံပင်။

"သမီးတို့ ဧည့်စာရင်းတိုင်ဖို့ကိစ္စတွေ တခြားလိုအပ်တဲ့အကူအညီတွေပြောပါ ... အားမနာနဲ့နော်"

"ဟုတ်ကဲ့ ... ပြည့်စုံပါတယ်၊ ဘာမှမလိုအပ်ပါဘူး၊ ကျေးဇူး





ပါပဲနော်"

"အေးကွယ် ... အန်တီကတော့ လူငယ်တွေရဲ့သဘောသဘာဝကို နားလည်ပါတယ်လေ ... ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပါ"

"ကျေးဇူးတင်ပါတယ်"

အိမ်ခန်းရှင်အဒေါ်ကြီးက အပြီးအပိုင်ရောင်းထားပြီးတာတောင် လိုအပ်တဲ့အကူအညီတွေ ပေးနေခဲ့သည်။ ကျေးဇူးတင်ပါတယ်။

မြရိပ်ညိုလည်း ရှက်နေမိတာပါပဲ။ မျက်နှာပူသည်။

"မြရိပ်ညိုလေး ... ညစာ ဘာစားမလဲကွယ်"

"ထမင်းပေါင်းပဲစားချင်ပါတယ် ... ဒေါ်လေးရယ် စီစဉ်ပေးပါနော်"

"အေး ... အေး ... "

ကိုသတိုးမလာတာပင် သုံးရက်လောက်ရှိနေပါပြီ။ ရတနာ့ဆီ သွားနေတာလား။

သူမဘဝ အခြေအနေကို နားလည် လက်ခံထားပေမယ့် ကိုသတိုးနှင့်တော့ အဖြစ်မခံနိုင်ပါဘူး။ အချစ်တွေကတော့ ဝင်လာလိုက်ပျောက်သွားလိုက် ... ကိုသတိုးအား သူမချစ်သူအဖြစ် မသတ်မှတ်ရင်တောင် ရတနာ့လက်ထဲသို့ အလွယ်တကူ မပေးလိုက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဂုဏ်မောက်လွန်းတဲ့မိန်းမ ... အဖေကရော လရိပ်ထင်နှင့် စကားပြောချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်နေသည်။

"နေရီရီက နှင့်ချစ်သူလား လရိပ်ထင် ... နင်ကတော့ ကံအရမ်းကောင်းတယ်ဟာ"

လရိပ်ထင်ကိုတော့ သူမ တစ်ခါတရံ အလွန်အမင်းသတိရနေတတ်သည်။ သူမအား အနစ်နာခံ၍ ချစ်နေတဲ့သူပါ။

"ကလင် ... လင် ... "

"ဟင် ... ကိုသတိုးလား ... မဖြစ်နိုင်ပါဘူး၊ ကိုသတိုးဆိုရင် ဖုန်းကြိုတင်ဆက်မှာပဲ"

"ကလင် ... လင်"

"ကလင် ... "

သူမ ထပြီး တံခါးဖွင့်ပေးလိုက်တော့ တစ်ဖက်ခန်းက နေရီရီဆိုတဲ့ကောင်မလေး ဖြစ်နေသည်။

"နေရီရီ ဝင်ပါ ... ထိုင်လေ ... "

"ဝင်မယ်နော်"

"အင်း ... ထိုင်လေ"

သူမ ဝင်ထိုင်သည်။ မြရိပ်ညို စဉ်းစားမရ၊ ဘာကိစ္စကြောင့် ရောက်လာရတာလဲ။ သူမကို အထင်သေးပြီး အဖက်မတန်သလိုလို နေသူတွေပါ။





"ပြောပါ နေရီရီ ... ကိစ္စရှိလို့လား"

"ကိစ္စကတော့ အထူးအထွေမရှိပါဘူး ... ဟိုလေ ... မာမီ မသိအောင် ခိုးဝင်လာတာပါ"

"ပြောပါဦး ... "

"မြရိပ်ညိုက နေရီ့နာမည်သိနေတာပဲ"

"သိတာပေါ့ ... မင်းအဒေါ်က ပြောပြထားတာလေ"

"ဟုတ်သားပဲ"

"ကိစ္စက"

"မြရိပ်ညိုကို ကူညီပါလို့ ကျွန်မချစ်တဲ့ယောကျာ်းတစ်ယောက်က ပြောထားလို့ပါ"

"ဘာပြောတယ်"

"ဘာပဲဖြစ်ဖြစ်လေ မြရိပ်ညိုက တစ်ယောက်ထဲနေတာ မဟုတ်လား ... နေရီ့ချစ်သူက လူမှုရေးသဘောကျတယ်၊ မာမီက တင်းမာနေတာတောင်မှ လရိပ်ထင်က မကြိုက်ဘူး"

"လရိပ်ထင်"

"အင်း ... သူ့နာမည်က လရိပ်ထင်ပါ၊ နေရီ့အတန်းဖော်လေ"

"ဟုတ်လား"

လရိပ်ထင်ရယ် ... နင်ဒီလောက်အထိ မြရိပ်ညိုကိုလိုက်ပြီး စောင့်ရှောက်နေရလားဟယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို ဘာအကူအညီလိုအပ်လဲဟင်၊ လူတစ်ဖက်သားကို ကူညီတာ လရိပ်ထင်က ကြိုက်နှစ်သက်တယ်လေ … ဘာမှမဟုတ် ပါဘူး၊ မနက်ဖြန် သူနဲ့တွေ့ရင် ပြောစရာစကားရှိအောင်ပါ"

"ဪ"

နေရီကတော့ လရိပ်ထင်အကြိုက်တွေကို လုပ်ပေးခြင်းဖြင့် လရိပ်ထင်ရဲ့စိတ်ဝင်စားမှုကို ခံယူလိုသည်။ မာမီက တစ်ဖက်မိန်း ကလေးကို အထင်သေးစကားပြောတာ လရိပ်ထင် မနှစ်သက်ပုံ ပင်။ လရိပ်ထင်အား နေရီရီကြိုက်ပြီး သဘောကျနေ၍ သူသဘော ကျအောင် လုပ်ပေးလိုသည်။

"လရိပ်ထင်ကလေ မိန်းကလေးတစ်ယောက်ထဲနေတယ် ဆိုပြီး အထင်မသေးနဲ့တဲ့ … အကူအညီပေးစရာရှိတာ ပေးပါတဲ့"

လရိပ်ထင် နင်ကတော့လေ ငါ့ကိုပုံစံအမျိုးမျိုးနဲ့ စောင့် ရှောက်နေတာပဲ။ ကျေးဇူးတင်ပါတယ်ဟာ။

"လရိပ်ထင်က နေရီရီ့ချစ်သူလား"

"ချစ်သူအဆင့် မဟုတ်ပါဘူး … လရိပ်ထင်က အရမ်းပဲတည် တယ်၊ မိန်းကလေးတွေကိုလည်း လုံးဝစိတ်မဝင်စားပါဘူး၊ အခု တလောမှ နေရီရီနဲ့အရောတဝင်နေတာ … နေရီရီဘက်ကပဲ ချစ်နေ ရတာပါ၊ သူစိတ်ဝင်စား အထင်ကြီးအောင်ရော မနက်ဖြန်ကျောင်း မှာတွေ့ရင် ပြောစရာစကားရှိနေအောင်ရော ဝင်လာခဲ့တာပါ"





ဖြစ်မှဖြစ်ရလေ နေရီရီရယ်။ မင်းကို လရိပ်ထင်က ချစ်မယ် ထင်နေလား။ ဒါပေမဲ့ … မြရိပ်ညိုကတော့ လရိပ်ထင်ကောင်းစား တာမြင်တွေ့လိုသည်။ နေရီရီက သင့်တော်ပါတယ်။ ပညာကလဲ အင်ဂျင်နီယာဖြစ်မည့် မိန်းကလေးပါ။

"မြရိပ်ညိုမှာက ဘာမှမလိုအပ်ပါဘူး နေရီရီ … ကျေးဇူးပါပဲ အခုလိုအထင်မသေးဘဲ အကူအညီပေးလို့လေ"

"နေရီက လူမှုရေးသိတဲ့မိန်းကလေး စိတ်သဘောထားဖြူ စင်တဲ့မိန်းကလေးအဖြစ် လရိပ်ထင်ကို မြင်စေချင်တယ်လေ"

နင်အရမ်းကံကောင်းလိုက်တာ လရိပ်ထင် … ချမ်းသာပြီး ပြည့်စုံတဲ့ အသိုင်းအဝန်းထဲက နေရီရီ။ သူမအသိုင်းအဝိုင်းကလည်း လက်ခံတယ် လရိပ်ထင်ရယ်။

ငါကျေနပ်ပါတယ်ဟယ် … နေရီရီက နင့်ဘဝအတွက် အကောင်းဆုံးပါ။ မြရိပ်ညိုကတော့လေ နင့်ဂုဏ်သိက္ခာကို ညှိုးနွမ်း တန်ဖိုးမဲ့စေမယ့် မိန်းကလေးမျိုးပါ။

"အကူအညီလိုရင်ပြောပါနော် … နေရီ ကူညီမယ်၊ မာမီက တော့ နဲနဲမာနကြီးတယ်။ မြရိပ်ညိုကို အားကျသွားမှာစိုးရိမ်နေလို့ ပါ"

"ဟုတ်ပါတယ် မြရိပ်ညိုဘဝက အားမကျသင့်ပါဘူး၊ ရှုံ့ရှ ခုန်းတီးစရာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလည်း မဟုတ်ပါဘူး ... လရိပ်ထင်ကတော့ ဘယ်သူ့ကဖြစ်ချင်မှာလဲတဲ့ ဆိုးဝါးတဲ့ကံကြမ္မာအကြောင်းတွေ ရှိနေလို့ဖြစ်မှာပါတဲ့၊ အကူအညီတောင် ပေးသင့်တာတဲ့လေ"

သူမအတွက် လရိပ်ထင် ကြိုးပမ်းနေသည်။ ရင်တွေစူးနင့်လာရ၏။ လရိပ်ထင်ကိုသာ သူမရွေးချယ်ခဲ့လျှင် ... မဖြစ်ပါဘူး။ မြရိပ်ညိုဘဝက ဆိုးဝါးလွန်းလို့ပါ။

အဖေက အမျိုးတွေအိမ်ပို့တော့မည်။ မြရိပ်ညိုအတွက် အခွင့်အရေးမရဘဲ ကျွန်အဖြစ် နှိမ်ချဆက်ဆံခံရဖို့ပဲရှိသည်။

"နေရီ သွားတော့မယ်"

"ကျေးဇူးပဲ"

"နေရီ့အတွက်ကတော့ မနက်ဖြန် လရိပ်ထင်နဲ့စကားပြောဖော်ရပြီလေ"

နေရီရီ ပြန်ထွက်သွားသည်။ လူတွေက တစ်မျိုးပဲလေ။ သူမတံခါးပြန်ပိတ်လိုက်၏။ အဒေါ်ကြီးက ထမင်းပွဲပြင်ပြီးကြောင်း လာပြောသည်။

"ထမင်းပေါင်းရပြီ မြရိပ်ညို"

"ဟုတ်ကဲ့"

ထမင်းပေါင်း ပူပူနွေးနွေးလေး အဒေါ်ကြီးလက်ရာက အရမ်းကောင်းတယ်။ မြရိပ်ညို ဘာပဲစားစား အမေ့ကို သတိရမိ





သည်။ အမေ့ကို အစားကောင်းကောင်းတွေ ကျွေးချင်တာပါ။ သူမထမင်းစားပြီးတော့ ကိုသတိုးထံ ဖုန်းဆက်သည်။

"ကိုသတိုး ... မြရိပ်ညိုကို ပြစ်ထားခဲ့ပြီလားဟင် ... အရမ်းသတိရနေလို့ပါ"

"ကိုယ် မအားသေးဘူး မြရိပ်ညို ... မင်းမဆက်နဲ့နော် ကိုယ်ဆက်သွယ်မယ် ... ဒါပဲ"

"ကိုသတိုး"

ဖုန်းက ကျသွားသည်။ ထပ်ဆက်သွယ်၍မရတော့ ပိတ်ပစ်လိုက်တာပါ။ ဒီအချိန်ကြီးအထိ ဘယ်ကအလုပ်တွေရှုပ်နေတာလဲ။ အလကားလူ ... လုံးဝကတိမတည်ဘူး။

ဘုရားရေ ... ရတနာနဲ့ စေ့စပ်နေတာလား။ ကိုသတိုးပြောတော့ မြရိပ်ညိုကိုပဲ ချစ်တာပါ ဆို။

"ရတနာနဲ့တော့ လုံးဝခွင့်မပြုနိုင်ဘူး၊ ကိုသတိုး ... ကတိတည်တဲ့ယောကျ်ားတစ်ယောက်ပဲ"

ကိုသတိုးကို မချစ်မိစေရန် မြရိပ်ညို ထိန်းသိမ်းထားနိုင်သည်။ မြရိပ်ညို၏ နှလုံးသားတွေက ဒီလောက်လည်း မပျော့ညံ့ပါဘူး။

ဒါပေမဲ့ ... နာကြည်းမှုတွေကတော့ အဆောက်အအုံက ထုထည်ကြီးမားလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသတိုး မြရိပ်ညိုကို ချစ်တယ်ဆို ... စွန့်ပစ်ထား
လားဟင်"

သူမ ... ကိုသတိုးထံ ဖုန်းထပ်ဆက်သည်။

"မြရိပ်ညို အရမ်းတွေ့ချင်နေပြီ လာခဲ့ပါနော်"

သတိုး ခက်နေသည်။ တဖက်က မြရိပ်ညို ဘာတွေဖြစ်
ပြီလဲဟု စိတ်ပူရသလို ဒီမှာလည်း ခင်ရတနာနှင့်ဈေးစပ်ပွဲ ကျင်း
နေသည်။

လေးလေးက မျက်ခြေမပြတ်ပေ။ ခင်ရတနာက မေး

"ဘယ်ကဖုန်းလဲ မောင်"

သတိုး နာကျင်ရသည်။ ခင်ရတနာက အပိုင်ချည်နေ
မောင်တဲ့ ... သတိုး မနှစ်သက်မိ။ ဒါပေမဲ့လဲ ... လေးလေး
ဖြစ်နေ၏။ သတိုးသာ သူ့စကားကို နားမထောင်လျှင် သေပစ်
ဟု အဆိပ်တွေ ဘာတွေသောက်၍ အထိတ်တလန့်နှင့် လက်
သည်။

"ကိုယ့် မိတ်ဆွေပါ"

"မိန်းကလေးလား"

"မဟုတ်ပါဘူး ရတနာ"

"ပေး ... အဲဒီဖုန်းကို ရတနာ ပြန်ဆက်ကြည့်မယ်"

သူ့ကိုယ်ရေးကိုယ်တာတွေကိုဝင်ပြီး စွက်ဖက်တာ





မကြိုက်။ ရတနာက တရားဝင်ဇနီးမောင်နှံတွေ မဖြစ်သေးနှင့် ပိုင်
စိုးပိုင်နင်း လုပ်နေသည်။

"မောင်နော် ... ရှုပ်ပွေတာတွေ ရတနာ မကြိုက်ဘူး ...
ယောကျ်ား ပီပီသသ ကိုယ့်ဂုဏ်သိက္ခာကို မှည့်တစ်ပေါက်မစွန်း
အောင် နေပြစမ်းပါ"

"ရတနာ"

"အခု ဈေးစပ်တာဆိုပေမယ့် တစ်နေ့နေ့ လက်ထပ်ကြမှာ
လေ၊ မောင့်မိတ်ဆွေက ဘာဖြစ်လို့ ခဏခဏ ဈေးစပ်ပွဲမှာ ဖုန်းဆက်
နေရတာလဲလို့"

သူ ဘာမှမပြောလိုတော့။ ဈေးစပ်ပွဲကို အမြန်ဆုံးပြီးဆုံးစေ
ချင်သည်။ ရတနာက မလွယ်ဘူး။ မာန်မာနတွေ မောက်မာလွန်း
၏။ တစ်ခါတရံ သူ့စီးပွားရေးမှာပင် ဝင်ရောက်စွက်ဖက်တတ်သည်။

"ကျွန်မက Generation ကို အမိကထားတယ်မောင်၊ မျိုးရိုး
လေ ... ကျွန်မသားသမီးတွေ အဖေပဲဖြစ်ဖြစ်၊ အမေပဲဖြစ်ဖြစ်
နာမည်ပျက်လေး မှဲ့လေးတစ်ပေါက်တောင် မစွန်းစေချင်ဘူး"

"မင်းနဲ့ကိုယ် ... "

"တလအတွင်း လက်ထပ်မယ်"

"တော်ပြီကွာ"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"စေ့စပ်ပွဲပြီးရင် မင်္ဂလာပွဲကျင်းပဖို့ တရားဝင်လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးဖို့ကိစ္စတွေ ဆက်လုပ်ရမယ်နော် မောင်ပြန်လို့ မဖြစ်သေးဘူး"

ရတနာက သူ့လက်ကိုဆွဲထားသည်။ သတိုး စိတ်ဒိုက်ရသည်။ ဘာကြောင့်လဲ ... မင်းလိုမိန်းမမျိုးကို မကြိုက်ဘူးကွာ။ သူသွားမှဖြစ်မယ်။

မြရိပ်ညိုအား လေသံမာမာနှင့်ပြောလိုက်ရတာပင် စိတ်ထဲမှာ ခံစားရ၏။ ရတနာ့ကြောင့်ပဲ။ လေးလေးကလည်း မျက်နှာဖြူဖတ်ဖြူရော်။ စေ့စပ်ပွဲပြီးတော့ သူ ခဏတဖြုတ် လစ်ထွက်လာခဲ့သည်။ မြရိပ်ညို အခန်းရောက်လာ၏။ သူမက သူ့ရင်ခွင်ထဲပြေးဝင်ဖက်တွယ်ထားသည်။

"ကိုသတိုးကလေ မြရိပ်ညိုကို စွန့်ပစ်သွားပြီလားလို့ စိတ်ပူလိုက်ရတာ"

"မြရိပ်ညို"

"ကိုသတိုး ..."

"ကိုယ့်ကို မချစ်ပါနဲ့၊ မင်းနဲ့အပေးအယူအတိုင်း လက်ခံပေးစေချင်တယ်"

"ရှင်"





"ကိုယ် တောင်းပန်ပါတယ် ... ကိုယ်က တစ်လအတွင်းခင်ရတနာနဲ့ လက်ထပ်ရမယ်၊ လေးလေးက အဆိပ်သောက်တဲ့အထိကိုယ့်ကိုအကျပ်ကိုင်တယ်၊ ကိုယ့်ကို နားလည်ပေးပါကွာ"

မြရိပ်ညိုကို ဖက်တွယ်ထားတဲ့ ကိုသတိုးလက်တွေက အားပျော့လွန်းသည်။

ဟုတ်ပါတယ် ... ကျွန်မတို့ အပေးအယူသဘောမျိုးနဲ့ ပတ်သက်ဆက်ဆံခဲ့ကြတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့လေ ခင်ရတနာနဲ့တော့ မဖြစ်ဘူး။ ကျွန်မကို ဒီလိုဘဝမျိုးရောက် အောင်တွန်းပို့ခဲ့တာလေ။ အမေနှင့်သူမအား နှိမ်ချဆက်ဆံခဲ့တဲ့ မိသားစုဝင်။

ကိုသတိုးရင်ခွင်ထဲ ပို၍ တိုးဝင်လိုက်သည်။

"ကျွန်မ ရှင့်ကိုချစ်တယ်"

"မြရိပ်ညို"

"တကယ်တမ်းကျတော့ ကျွန်မ ငွေကြေးကြောင့်မဟုတ်ပါဘူး ... အချစ်ကြောင့်ထင်တယ်"

"ဟင်"

"ကျွန်မ ရှင့်ကို အရူးအမူး ချစ်နေမိပြီထင်တယ် မောင်ရယ် ကျွန်မ ဘာဆက်လုပ်ရမလဲဟင်"

"မြရိပ်ညို"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရင်ခွင်ထဲကနေ ကျွန်မကို ဖယ်ထုတ်မပစ်ပါနဲ့နော်"

"မြရိပ်ညိုရယ်"

သတိုး လက်လေးက ပို၍ပင် တင်းကြပ်လာသည်။ မြရိပ်ညို ငြိုးသွား၏။

ရတနာ နင့်ကို ငါဒုက္ခပေးပစ်မယ် ... နင်လက်ထပ်မယ့် ယောက်ျားက တကယ့်ကိုဖြူစင်နေတဲ့ ဂုဏ်ဒြပ်တွေနဲ့ပြည့်စုံတဲ့ ယောက်ျားတစ်ယောက် မဖြစ်စေရဘူး။

"မြရိပ်ညိုကို မောင်ချစ်ပါတယ်၊ နှလုံးသားထဲကကို မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတာပါ၊ ဒါပေမဲ့ ... မောင် တောင်းပန်ပါတယ်၊ မောင့်နောက်ကွယ်မှာပဲ လျှို့လျှို့ဝှက်ဝှက်လေး နေပေးပါကွာနော်"

သတိုးကိုယ်တိုင်က မောင်ဆိုတဲ့ အသုံးအနှုန်းကို မြတ်နိုးစွာ သုံးစွဲမိသွားသည်။

သူလည်း မြရိပ်ညိုကို မစွန့်လွှတ်နိုင်ပါဘူး။ ရတနာနှင့် လက်ထပ်ပြီးလည်း မစွန့်လွှတ်ဖို့ ဆုံးဖြတ်ထား၏။ မြရိပ်ညိုက ချစ်တယ်ဟုပြောသံလေးက သတိုးနားထဲမှာ အချိုသာဆုံး ဖြစ်နေသည်။

"မောင် ဘယ်တော့မှ မစွန့်လွှတ်ဘူး မြရိပ်ညိုအားမငယ်ပါနဲ့ကွာ ... မောင်ရှိပါတယ်"

"မောင်မလာတော့ ကျွန်မ အရမ်းစိတ်ပူသွားရတယ်၊





ကြောက်တယ် မောင်ရယ် ... "

"မကြောက်ပါနဲ့ကွာ ... မိန်းမတစ်ယောက်ကို မလွှဲမရှောင် ဘလို့ လက်ထပ်ရရင်တောင် မြရိပ်ညိုကို စွန့်ပစ်မထားဘူး တ်ချပါ မောင် ချစ်တာကလည်း မြရိပ်ညိုပါ"

မြရိပ်ညိုဘဝမှာ ကိုသတိုးပဲရှိနေခဲ့တာပါ။

ဒါပေမဲ့ ... ယောက်ျားတစ်ယောက်ကို ဖြားယောင်း မြူ ယ်တာတွေ ကျွန်မ လုံးဝ မနှစ်သက်ခဲ့ဘူးလေ။ ခင်ရတနာ ကြောင့်ပဲ။

အဖေ့ကို နှစ်ပေါင်းများစွာ တတိတိ ညှင်းပန်းနှိပ်စက် တ်ခဲ့ကြတဲ့ အမျိုးတွေ၊ အဖေကတော့ သူ့တူမ လင်ကောင်း းကောင်း ဂုဏ်သရေရှိ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ရ ာမှာမို့ ပျော်ရွှင်နေမှာပဲ။

သူမ ရင်ထဲသို့ မုန်းတီးနာကြည်းမှုတွေ အထပ်လိုက် ဝိကျ သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"လရိပ်ထင်"

"ဗျာ ... ဦးလေးမောင်"

"မင်း စဉ်းစားကြည့်ပါဦးကွာ၊ တကယ်တော့ ငါက သူ့ဦးလေးအရင်းကြီးပါကွာ၊ ငါ့တူမ ခင်ရတနာလေ ... ဒီနေ့စေ့စပ်တယ်၊ အရမ်းကြီးကျယ်ခမ်းနားတာပဲ၊ ဦးလေးကို မတက်ရဘူးတဲ့ ဦးလေးနဲ့ မတန်ဘူးတဲ့"

"ဦးလေးမောင် ရသင့်ရထိုက်တဲ့အမွေတွေ ဘာဖြစ်လို့ ကိုယ့်မိသားစုအတွက် အသုံးမပြုခဲ့တာလဲ၊ မြရိပ်ညိုဆို ဦးလေးသမီးလေ ဘယ်လောက်အနှိမ်ချခံနေရလဲ ... မြရိပ်ညိုက သူ့အမေအတွက် နာကြည်းနေရရှာတာပါ"

ဦးမောင်မောင် စဉ်းစားနေသည်။ မိမိကတော့ ဇနီးသားသမီးထက် အစ်မကို ပိုသံယောဇဉ်ကြီးခဲ့သည်။ ချစ်ခင်ခဲ့၏။ အရွေ





တွေပင်မယူ။

"လေးလေးက ရုပ်ပျက်တယ်၊ နောက်ဆို အိမ်ကိုမလာပါနဲ့ ရတနာ့ခင်ပွန်းက သိတယ်နော် ... ဘယ်လောက်ချမ်းသာပြီး ပညာတတ်လဲ ... မောင့်ဦးလေးသုတဆိုရင် အမေရိကားမှာ ပညာသင်လာခဲ့တာ လေးလေးက အရက်သမား"

တူမ ... မိမိအချစ်ဆုံးတူမ ခင်ရတနာက စေ့စေ့ကြည့်ကာ ပက် ပက်စက်စက် ပြောခဲ့သည်။ ဘယ်လောက်ရင်နာရလဲ၊ အရက်သမားတဲ့ ... ပြောရက်တယ်။ မိမိတို့ မိသားစုကို အမြဲတမ်း နှိမ်ချဆက်ဆံသည်။

"ဟုတ်တယ် မောင်လေးရယ် ... သမီးစကားက မှန်တယ်၊ သမီး လက်ထပ်မယ့်ကောင်လေးက မြင့်တယ်၊ မင်းမလာစေချင်တော့ဘူး ... မမပိုက်ဆံပေးမယ်၊ မောင်လေး အိမ်မှာပဲ အရက်သောက်နော်"

မိမိအား ပိုက်ဆံပေးသည်။

ဦးမောင်မောင် ဒေါသဖြစ်ရသည်။ တဲအိမ်လေးထဲမှာ မိမိတစ်ယောက်ထဲ မောင်လရိပ်ထင်ရှိနေလို့ပေါ့။ အားငယ်မိနေ၏။

သမီး မြရိပ်ညို ဘယ်ရောက်နေလဲ။ မိမိတာဝန်မဲ့မှုတွေကို တွေးမိလာသည်။

"ဦးလေးက ဒေါ်လေးသဲကို အဆင့်အတန်းမတူဘူးဆိုပြီ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ်နဲ့တန်းတူကို ရှာလေ ... ဒေါ်လေးသဲက ရိုးသားသူပါ၊ ဒေါ်လေးသဲ မိသားစုကလည်း အရှက်အကြောက်ကြီးကြသူတွေလေ ... သူတို့သမီး နာမည်ပျက်ရမယ့်ကိစ္စလေ"

"အင်း"

"မြရိပ်ညိုလည်း သူ့ခြွေးမြေးပဲ၊ ဘယ်လောက်အထိ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရလဲ ... အနှိမ်ခံဘဝနဲ့လေ"

လရိပ်ထင်ပြောတာ မှန်တယ်။ မိမိက အမွေတွေရသင့်ပါလျှက်နှင့် အစ်မကိုပဲ အကုန်ပေးခဲ့ပြီး မိမိကတော့ ပေးသလောက်နဲ့ ကျေနပ်နေခဲ့သည်။

"အဲဒီတော့ ဦးလေးမောင် ဆက်ပြီးအနှိမ်ခံလေ ... မြရိပ်ညိုဘယ်ဘဝကိုရောက်နေပြီလဲ၊ ဦးလေးက အစ်မအိမ်မှာ ကျွန်မခံကောင်းလားဆိုပြီး သတ်ပစ်ချင်နေတယ်၊ ဦးလေးပဲ ခံလေ"

"တောက်"

"ဦးလေးက ဒီအိမ်လေးကိုတောင်ရောင်းပြီး အစ်မလက်ထဲအပ်မလို့ မဟုတ်လား ... အခု လက်ခံလား"

"တော်ပါတော့ လရိပ်ထင်ရာ ... မင်းပြောတာတွေမှန်တယ် ငါ့သမီးလေး ဘယ်မှာလဲ၊ ဘယ်ရောက်နေပြီလဲ ... မဖြစ်တော့ဘူး၊ ငါ့အစ်မဆီက ရသင့်တဲ့အမွေတောင်းရမယ်"

"ကျွန်တော်ကတော့ ဝင်မပါချင်ဘူး ဦးလေးမောင်၊ မြရိပ်





ညိုအတွက်လည်း စိတ်ပူတယ်၊ ဦးလေးမောင် အသိတရားရပါတော့ ဗျာ"

တူမ ခင်ရတနာက မိမိအား ဦးလေးအရင်းလို မသတ်မှတ်၊ တွေ့မတန်ဘူးဟုပဲထင်သည်။ သမီးလေး ဘယ်နေချင်ပါ့မလဲ။ မိမိ နောင်တရမိနေ၏။

သဲသဲ ... မိမိကို ချစ်လွန်းတဲ့မိန်းမ၊ အမေဖြစ်သူက အိမ်ကို တောင် မလာနဲ့တော့တဲ့။ ပိုက်ဆံပေးတာက မလောက်မငါး မိမိ သင့်တဲ့ အမွေတွေ အများကြီးပဲ။

"မောင်လရိပ်ထင်"

"ဗျာ"

"ဦးလေးမောင် ရသင့်တဲ့အမွေတွေရအောင် တောင်းမယ်၊ မင်း ကူညီပါ"

"ကျွန်တော် တတ်နိုင်သလောက်တော့ ကူညီပါ့မယ်၊ အမေ လည်း စိတ်ချမ်းသာမယ် ... မြရိပ်ညိုအတွက် စိတ်ပူနေတာလေ"

"အင်း ... ဦးလေးမောင် မှားတယ်၊ သမီးလေး ဘယ်ရောက် နေပြီလဲကွာ၊ ရှာမှဖြစ်မယ် ... ဒုက္ခရောက်နေရှာမှာပဲ၊ ဦးလေးမောင် မှာ အထီးကျန်လာတော့ သမီးကိုသတိရတယ်၊ တကယ်တမ်းကျ တော့ ဦးလေး တာဝန်မဲ့ခဲ့တာပါ"

သဲသဲကိုလည်း သတိရတယ်။ သမီးလေးရောပဲ မိသားစုတွေ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းသာသာနေရမှာ။ မိမိက ပေတေသုံးဖြုန်းနေသည်။

"မောင်လရိပ်ထင် … ဦးလေးသမီးအတွက် တိုက်ပွဲဝင်တော့မယ်၊ မင်းကူညီပါ … သမီးကိုလည်း ရှာပေးပါကွာ"

"ဟုတ်ကဲ့ … ဦးလေးမောင်၊ ကျွန်တော် ကြိုးစားပါ့မယ်၊ မြရိပ်ညိုလည်း ဘယ်လိုဘဝမျိုးမှာ ဖြတ်သန်းနေရပြီလည်းမသိဘူး"

"ဘယ်လိုဘဝမျိုးပဲဖြစ်နေပါစေ ဦးလေးမောင် ခွင့်လွှတ်မယ် မဟုတ်လား"

"အေးပါကွာ … ဘဝတစ်လျှောက်လုံး အပြစ်မဲ့တဲ့သားအမိကို ဦးလေးနှိပ်စက်လာခဲ့တာပါ၊ အစ်မကလဲ မြှောက်ပေးတယ်၊ အမွေတွေကိုလက်ဝါးကြီးအုပ်တယ်၊ ဦးလေး အသုံးမကျဘူးကွာ"

"ခင်ရတနာက ဘယ်သူနဲ့လက်ထပ်မှာလဲ ဦးလေးမောင်၊ ဘယ်လောက်ချမ်းသာတဲ့လူလဲ"

"မသိပါဘူးကွာ … ဦးလေးမောင်ကို အရေးအရာတောင် မလုပ်ဘူး၊ ဦးလေးသိသလောက်တော့ နာမည်က သတိုးမဟာ ဆိုလားပဲ"

"ဗျာ"

"သတိုးမဟာတဲ့ ကြီးကျယ်ခမ်းနားလိုက်တဲ့နာမည်၊ အရမ်းချောမောခန့်ညားတယ်တဲ့ … လုပ်ငန်းရှင်ကြီးတဲ့လေ"





မြရိပ်ညိုနှင့်ပတ်သက်ဆက်ဆံနေသူကလဲ သတိုးမဟာပဲ။ မြရိပ်ညိုအတွက် စိတ်ပူသွားသည်။

"မင်းနဲ့သိလို့လား လရိပ်ထင်"

"မသိပါဘူး ဦးလေးမောင်ရာ … ဒါပေမဲ့ အရမ်းကြီးကျယ်ခမ်းနားလို့ပါ"

ဘယ်လိုလုပ်ကြမလဲ မြရိပ်ညို နင်ဘာတွေဖြစ်နေပြီလဲဟာ။ မြရိပ်ညိုကို တွေ့မှဖြစ်မယ် နင်လုပ်ချင်တာတွေလုပ်နေတော့မှာလား။

"ဦးလေးမောင် တကယ်ပဲ နောင်တတွေရပြီလား … မြရိပ်ညိုကိုလည်း သမီးအဖြစ် အသိအမှတ်ပြုပြီလားဗျာ"

"လရိပ်ထင်ရာ မြရိပ်ညိုက ငါ့သမီးပါကွ၊ တဖြည်းဖြည်းနဲ့ ငါ့အစ်မ မိသားစုရဲ့သဘောထားကို သိလာတယ် … ယုတ်မာကြတာပဲ … မောက်မာလွန်းတယ်၊ ငါ့တူမ ခင်ရတနာက ပိုဆိုးတယ်၊ ဦးလေးက အရက်သမားတဲ့ … သတိုးမဟာ ဦးလေးက အမေရိကားမှာတောင် ပညာသင်ခဲ့တဲ့လူကြီးလူကောင်းတဲ့ … ဟား … ဟား … ဟား"

ဦးမောင်မောင် အော်ဖ်စ်ရယ်မောပစ်မိသည်။ မိမိက ငယ်ငယ်လေးထဲက ပညာမသင် ဘာမသင်။ အပျော်မက်ခဲ့သူ ပေတေနေခဲ့၏။ ဖနီးဖြစ်သူ သဲသဲမှာ ဘာအပြစ်မှမရှိဘူး။ သဲသဲမိဘအမွေ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်တွေကိုလည်း မိမိ သုံးဖြုန်းခဲ့သည်။

"မောင်လေး မလာပါနဲ့တော့တဲ့ ... ပိုက်ဆံတောင် မ အလုပ်သမားတွေကို လာပေးနိုင်းပါ့မယ်တဲ့လေ ... ဟား ... ဟား ဟား"

မြရိပ်ညိုကို တွေ့ရမယ်။ သူမ ဖုန်းကိုသိသည်။ ဦးလေး မောင် နောင်တရပြီဆိုတော့ မြရိပ်ညိုလည်း ရှောင်ပုန်းနေစရာမ တော့ပေ။ တိတ်တိတ်ပုန်းဘဝ နေစရာမှ မလိုတော့တာ။

"ကျွန်တော် ကျောင်းသွားတော့မယ် ... မြရိပ်ညိုကိုလည်း ရှာရမယ်၊ ဦးလေးရဲ့ ဆုံးဖြတ်ချက်တွေကို မပြင်ပစ်ပါနဲ့နော်"

"မပြင်ပါဘူးကွာ ... ငါရင်နာလွန်းလို့ပါကွာ၊ ငါ့သမီးလေး တွေ့ချင်တယ်၊ ငါမသေခင် သမီးရဲ့လိုအပ်မှုတွေကို ဖြည့်စွမ်းပေး မယ်၊ သမီးကို ချမ်းချမ်းသာသာထားရမယ်၊ ဖခင်တစ်ယောက် တာဝန်ကျေရမယ်ကွာ"

လရိပ်ထင် ဝမ်းသာပျော်ရွှင်လွန်း၍ မြရိပ်ညိုနှင့်တွေ့ ဖုန်းဆက်သည်။

"မြရိပ်ညို"

"လရိပ်ထင်"

"နင် ခဏလေးပဲဖြစ်ဖြစ် ငါ့ကိုလာတွေ့ပါဟာ ... တို ယောက် ထိုင်နေကျနေရာလေးမှာ ငါစောင့်နေတယ် လာခဲ့ပါ"





"လရိပ်ထင် ... ငါ့ကိုမေ့ပစ်လိုက်စမ်းပါ၊ နင်သံယောဇဉ် တွယ်ရသူတစ်ယောက်မဟုတ်ဘူး၊ နင့်လမ်းနင်လျှောက်စမ်းပါ"

"နင်လာတွေ့ပါ ... ငါပြောစရာတွေ အများကြီးရှိတယ်၊ နင့် အဖေအကြောင်းလည်းပါတယ်"

"အဖေ့အကြောင်းဆို ငါပိုတောင် မကြားချင်သေးတယ်၊ ငါ့ကို သတ်ပစ်ဖို့၊ ကျွန်လုပ်နိုင်းဖို့၊ သူ့ဆွေမျိုးတွေကို ပြုစုပေးဖို့"

"မြရိပ်ညို"

"တော်ပြီ ... နင်ထပ်ပြီး ဖုန်းမဆက်နဲ့တော့ နင်နဲ့လည်း မပတ်သက်ချင်ဘူး ... နင့်ကောင်မလေး နေရီရီက အရမ်းမြင့်တယ်၊ ဆက်ကြိုးစားပြ နင့်ကိုလည်း ချစ်တယ်"

"မဟုတ်သေးဘူး မြရိပ်ညို ... နင်လာတွေ့ပါဟာ၊ နင့်အဖေ လုံးဝပြောင်းလဲနေပြီ ... ဟဲလို ... ဟဲလို ... "

မြရိပ်ညိုက သူ့စကားတွေကို နားမထောင်တော့ဘဲ ဖုန်း ပိတ်သွားသည်။

ထပ်ဆက်သွယ်လည်း လက်ခံစကားပြောမှာ မဟုတ်တော့။ မြရိပ်ညိုကို မဖြစ်မနေ တွေ့မှဖြစ်မည်။ ကိုသတိုးမဟာက ခင် ရတနာနှင့်လက်ထပ်တော့မယ်ဆိုတာရော သိရဲ့လား။

မဖြစ်ဘူး ... မြရိပ်ညိုကို သွားတွေ့ဖြစ်အောင် တွေ့ရမယ်။

"ငါ နင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး မြရိပ်ညို ...



www.burmeseclassic.com

www.burmeseclassic.com



နင်ဘယ်ဘဝပဲရောက်ရောက်ဟာ၊ သတိုးသာ လက်ထပ်သွားရင် နင် ပိုပြီး ဘဝပျက်လိမ့်မယ်"

မြရိပ်ညိုကို မဖြစ်မနေ သွားတွေ့ဖို့ လရိပ်ထင် ဆုံးဖြတ်ထားသည်။ နင့်ဆန္ဒမရှိဘဲ မထင်မှတ်ဘဲ နင် နွံထဲနစ်သွားရတာ ငါ အသိဆုံးပါ မြရိပ်ညိုရယ်။ နင့်ကို ပစ်မထားနိုင်ဘူး။

သူ ကျောင်းကိစ္စတွေ ပြီးသည်နှင့် မြရိပ်ညို အခန်းသွားဖို့ စိတ်ကူးမိသည်။ နေရီရီကို ရှောင်နေရ၏။ မြရိပ်ညိုထံသွားပြီး အကူအညီပေးတဲ့အကြောင်းတွေ ပြောပြပေမယ့် သူစိတ်မဝင်စားတော့။ သူ့အတွေးတွေထဲမှာ မြရိပ်ညို ဘဝလမ်းခရီး ဖြောင့်ဖြူးဖို့ပဲ စဉ်းစားနေသည်။

ဦးလေးမောင်ရဲ့ စိတ်ခံစားမှုတွေကို မြရိပ်ညို သိစေချင်၏။ သူဆုံးဖြတ်လိုက်ပြီး မြရိပ်ညိုအခန်းရှေ့ ရောက်လာခဲ့သည်။

"ကလင် ... လင်"

"ကလင်"

သူမ သိသည်။

လရိမ်ထင် ရောက်လာတာပဲ။ ကိုသတိုး မဖြစ်နိုင်။ အဖေ ဘာဖြစ်လို့လဲ။ အဖေနှင့်ပတ်သက်တာတွေကို မြရိပ်ညို မကြားချင်ပေ။

တကယ်ဆို လရိပ်ထင်ကိုတွေ့ချင်နေခဲ့သည်။ သူမစိတ်ကို





လရိပ်ထင် နားအလည်ဆုံးပါ။

"လင် ... လင် ..."

"ကလင်"

"မြရိပ်ညို"

"မဖွင့်နဲ့"

"သမီး မရှိဘူးလို့ ဒေါ်လေးထွက်ပြောမယ်လေ၊ သမီး ပုန်းနေပါ"

"နေပါစေ"

ပုန်းနေလည်း လရိပ်ထင် ဖွတ်အတင်းဝင်လာမှာ သေချာသည်။ နင်နဲ့တန်တာက နေရီရီပါဟယ်။ နင့်လမ်းနင်လျှောက်စမ်းပါ။ နေရီရီနဲ့က တင့်တယ်ပါတယ်။

ငါလေ ... ကိုသတိုးနဲ့ပဲပတ်သက်မယ်။ ခင်ရတာနာ အရှက်ကွဲအောင် ငါလုပ်ပစ်မယ်။ ငါခွင့်မလွှတ်နိုင်ဘူး။

"ကလင် ... လင် ..."

"ကလင် ..."

သူမ မျက်စိကို မှိတ်ထားပစ်မိသည်။ အရမ်းကို နာကျင်ရပါတယ် လရိပ်ထင်ရယ်။ နင့်အချစ်တွေကိုလည်း ငါအသိအမှတ်ပြုအန်ဖိုးထားပါတယ်။

ငါ့ဘဝတစ်ခုထဲပဲ ပျက်စီးစုတ်ပြတ်သတ်သွားပါစေ နေရီရီက



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို အရမ်းချစ်တယ် နင်ပျော်ရွှင်ရမှာပါ။

"ကလင် ... လင်"

"ကလင် ... "

မြရိပ်ညို ကမင်မဖွင့်ပေးဘူးဆိုတာ လရိပ်ထင်သိသည်။ အသံလည်း မကျယ်ရဲ။ မျက်နှာချင်းဆိုင်မှာက နေရီရီရှိနေ၏။ ဘယ်လိုလုပ်ရမလဲ။

"ကျေးဇူးပြုပြီး ဝါ့ရင်ထဲက ပြောချင်တဲ့စကားတွေကို နားထောင်ပေးပါ မြရိပ်ညို ... တောင်းပန်ပါတယ်"

အရေးထဲ နေရီရီတို့ အခန်းတံခါးက ပွင့်လာ၍ သူနေရာပြောင်းပြီး နေရီရီတို့အခန်းရှေ့မှာ ပြောင်းရပ်လိုက်ရသည်။ တံခါးကပွင့်လာပြီး နေရီရီအဖေနဲ့အမေ ထွက်လာကြ၏။ သူ့ကိုတွေ့တော့ အံ့သြနေကြသည်။

"မောင်လရိပ်ထင် ... သမီးဆီလာတာလား မင်းပြန်သွားပြီဆို"

"ဟုတ်ကဲ့ ... အိမ်ရောက်မှ နေရီရီ့ဆီ စာအုပ်ပါသွားလို့ပါ အရေးကြီးနေလို့ ပြန်လာယူတာပါ"

"ဖုန်းဆက်လိုက်ရောပေါ့ကွာ ... အန်ကယ်တို့က အပြင်သွားစရာရှိတယ် ဝင်သွားပါ"

"အန်ကယ်တို့မရှိရင် ကျွန်တော် မဝင်တော့ပါဘူး"





"အလုပ်သမားကောင်မလေးတွေ ရှိပါတယ်ကွ ... ဝင်သွားပါ"

နေရီရီကလည်း အခန်းထဲကနေ ထွက်လာ၍ လရိပ်ထင်ပြန်လစ်သွားလို့ မရတော့ ရောယောင်၍ ဝင်သွားရသည်။

"လရိပ်ထင် ပြန်သွားပြီလို့ထင်နေတာ ... နေရီဆီလာတာလား၊ ဝင်လေ ... "

မထူးတော့ သူဝင်လိုက်ရသည်။ မိဘတွေလည်း အပြင်သွားကြသဖြင့် နေရီရီကပျော်ပြီး သူ့အနားကပ်ထိုင်၏။

မြရိပ်ညို ... နင် ရက်စက်တယ်။ ငါ့ဘဝကောင်းစားရေးဆိုပြီး နင်ထင်တိုင်းကြံနေ တော့မှာလားဟာ။

"လရိပ်ထင်"

"ဟင်"

"တို့အပြင်ထွက်မလား"

"ဟာ ... မထွက်တော့ပါဘူး၊ ကိုယ့်စာအုပ်တစ်အုပ်ပါသွားလို့ပါ ... ကိုယ် ဖုန်းနံပါတ်တစ်ခု မှတ်ထားလို့"

"ဟင့်အင်း မပါဘူး ... ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေး စကားပြောရအောင်ပါ တစ်ခုခုစားမလား လရိပ်ထင်အိမ်တောင်ရောက်သေးဘူးထင်တယ်"

"လမ်းမှာသတိရလို့ပါ ... ကိုယ်ပြန်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်ထင်"

"ဟင်"

"ခဏနေပါဦး ... ဘာဖြစ်လို့လဲ ဖေဖေနဲ့မေမေ မရှိလို့လား နေရီ့ကို ယုံကြတယ် ... လရိပ်ထင်ကိုပို့ပြီး အထင်ကြီးလေးစား ကြတယ်လေ"

"ကိုယ်လည်း အမေနဲ့တွေ့ရဦးမယ် ... ကိုယ့်အမေ နေ မကောင်းဘူး ဆေးခန်းပြရဦးမှာပဲ ... ကိုယ် အခုမှသတိရတယ် ကိုယ်ပြန်မှဖြစ်မယ်နော်"

သူ ထလာခဲ့သည်။ နေရီရီနှင့်ဆက်မနေချင်တော့။ နေရီရီ၏ အောက်အထိ လိုက်ပို့နေ၍ မြရိပ်ညိုအခန်းဝင်ဖို့ မကြိုးစားနိုင်တော့။ သူ့ရင်ထဲမှာ နာကျင်နေသည်။

"ဖေဖေတို့ကလေ လရိပ်ထင်ကို အရမ်းသဘောကျနေကြ တယ်၊ ထူးချွန်ထက်မြက်လို့တဲ့ ... အထောက်အပံ့ အကူအညီတွေ ပေးချင်နေကြတယ်၊ နေရီ့ကိုလည်း စောင့်ရှောက်ပေးချင်နေကြ တယ်တဲ့"

"ကိုယ့်အတွက် အထောက်အပံ့ကတော့ မလိုအပ်ပါဘူး နေရီရီ ... ကျေးဇူးတင်ပါတယ် သွားပြီနော်"

"လရိပ်ထင် လိုက်ပို့ပေးမယ် ... လရိပ်ထင်တို့အမေနဲ့လည်း တွေ့ချင်တယ်"





"နောက်မှနော် ... အမေက သိပ်နေမကောင်းလို့ပါ"

နေရီရီကို နှုတ်ဆက်ပြီး လရိပ်ထင် ပြန်ထွက်လာခဲ့သည်။

ဘယ်လိုလုပ်ရမလဲ။ သူတွေ့ချင်တာက မြရိပ်ညိုပါ။ နှင် ...ာတွေ ဖြစ်နေတာလဲ။ ငါနဲ့နေရီရီက မိတ်ဆွေသူငယ်ချင်းတွေ ...ပါဟာ။

မြရိပ်ညိုထံ ဖုန်းအဆက်အသွယ်ရဖို့ ကြိုးစားခဲ့ပေမယ့် ...ုန်းကပိတ်ထား၍ လရိပ်ထင် ဘယ်လိုမှမတတ်နိုင်တော့။ ဦးလေး ...မောင်ကိုလည်း လွှတ်လို့မဖြစ်ဘူး။

သူ အိမ်ပြန်ရောက်တော့ အမေက သားဦးလေးမောင် ...ရောက်ဖြတ်နေပြီတဲ့။ တစ်ယောက်ထဲ ငြိမ်နေတယ်တဲ့။ အမေလည်း ...မ်းသာနေသည်။

"မြရိပ်ညိုလေးရော ရှာလို့မတွေ့သေးဘူးလား သားရယ်၊ ...င်းကိုတောင် အဆက်အသွယ်မလုပ်ဘူးလား"

"မလုပ်ဘူးအမေ ... မြရိပ်ညိုက ပြတ်သားတယ်၊ ဦးလေး ...မောင်ကိုလည်း အားပေးရမှာပဲ"

"အေးကွယ် ... အမေကတော့ သွေးသားရင်းတွေလို နေ ...ိုင်လာခဲ့ကြတဲ့သူတွေဖြစ်နေလို့ ပြေလည်အေးချမ်းစေချင်တယ်၊ ...ားစာတွေလည်း ကြိုးစားဦးနော်၊ ဒေါ်လေးထောက်ပံ့ပေးထား ...ုန်း စိတ်မပျက်သွားစေနဲ့၊ အမေ့ညီမကမှ ကောင်းပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့တယ်လေ”

လရိပ်ထင် စိတ်မသက်မသာနှင့် သူ့အိပ်ခန်းလေးထဲဝင်သွား ခဲ့သည်။ မြရိပ်ညို ကြီးကြီးထက်စာရင်တော့ လရိပ်ထင်အဒေါ် အမွေခွဲဝေပေးစရာမရှိဘဲနှင့် သူတို့သားအမိအား လိုလေသေးမ အောင် ထောက်ပံ့ကျွေးမွေးခဲ့၏။

လရိပ်ထင် ကြိုးစားမှာပါ။

ပြီးတော့ ... မြရိပ်ညို အထင်ကြီးစေရန်ဖြစ်သည်။

## အခန်း ( ၁၅ )

“မောင် ဘာတွေအေးစက်နေတာလဲ၊ လက်ထပ်ပွဲအတွက် မောင်ရက်တွေ ရွှေ့နေတာ ရတနာ လက်မခံနိုင်ဘူးနော်၊ တရားဝင် လည်း စေ့စပ်ထားပြီးသွားပြီ ... ရတနာက မိန်းကလေးပါ”

မောင် တွေဝေနေတာကို ရတနာ သည်းမခံနိုင်ပေ။ ဘာ ကြောင့်လဲ ... မောင့်မှာချစ်သူရည်းစားရှိနေပုံပင်။ အဆင့်မရှိတဲ့ မိန်းမပဲဖြစ်ရမယ်။

ရတနာကတော့ မောင့်ကိုလက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး အမြန်ဆုံး လက်ထပ်မင်္ဂလာပွဲ ကျင်းပပြုလုပ်ဖို့ပဲ ဖြစ်သည်။

“ဖိတ်စာတွေ ရွေးရမယ်၊ မင်္ဂလာခန်းမငှားရမယ်၊ ရတနာ ကတော့ တစ်လအတွင်း အမြန်စီစဉ်မယ် ... ရတနာက ဘယ် လောက်အထိ ဂုဏ်ဒြပ်တွေနဲ့ပြည့်စုံလဲ တစ်စက်လေးမှ အပွန်းအပဲ့ မခံနိုင်ဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ပွဲကိစ္စ မင်းပဲစီစဉ်လေ၊ ကိုယ်ကအလုပ်တွေများ တာ မင်းအသိပဲ ... ပြီးတော့လဲ ကိုယ်တို့နှစ်ယောက်အတွက် အရေး တကြီး လက်ထပ်စရာမှ မလိုအပ်ဘူး ရတနာ"

"မောင်"

"ဟင်"

"ကျွန်မကို မောင်ဆိုတဲ့အသုံးအနှုန်းလေးတောင် မသုံးနှုန်း နိုင်ဘူးလား"

သူချစ်တာက မြရိပ်ညိုပဲ။ မောင်ဆိုတဲ့ အသုံးအနှုန်းကို မြ ရိပ်ညိုအပေါ်ပဲ သုံးနှုန်းချင်သည်။ ရတနာ့ကို စိတ်ပျက်မိ၏။ မောင် မာလွန်းတဲ့မိန်းမ။ နေရာတကာ ဆရာကြီးလုပ်ချင်တာ မကြိုက်မိ ပြောလျှင်လည်း လေးလေးကရှိနေသည်။

"မရဘူး ... မောင်လို့ပဲ သုံး ... မောင်ယောကျ်ားနော် ကိုယ် လုပ်ပြီးသားကိစ္စအတွက် မောင်အကောင်းဆုံး တာဝန်ယူပါ၊ လူကြီး လူကောင်း တစ်ယောက်ဆိုတာ မေ့မထားပါနဲ့"

"မင်းနဲ့ကိုယ်က သိပ်ပြီးမရင်းနှီးသေးဘူးလေ၊ နည်းနည်း တော့ လိုအပ်နေမှာပဲ ရတနာရာ ... ကိုယ် တောင်းပန်ပါတယ် အဲ ... မောင် တောင်းပန်ပါတယ်ကွာနော်"

ရတနာ ကျေနပ်အောင်လည်း စိတ်ကိုထိန်းပြီး ချော့မော့ရ သည်။ အခြေအနေက ရတနာနှင့်အတိုက်အခံလုပ်လို့ မဖြစ်နိုင်။





သူ့လုပ်ငန်းတွေ သူ့နာမည်ဂုဏ်သတင်းတွေအတွက် သူ့ယောကျ်ား ပီသစွာဖြင့် လုပ်ဆောင်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"မောင်ရယ် ... လောကကြီးထဲမှာ နာမည်ဂုဏ်ဒြပ်ကြီးမြင့် ခြင်းတွေ ထပ်မှမြတ်တာလေ ... ရတနာကတော့ အလျှော့ပေးမှာ မဟုတ်ဘူးနော်၊ ရတနာ့ဂုဏ်ကို အထိပါးမခံနိုင်ဘူး ... ပြီးတော့ မိန်းမထိန်းချုပ်တဲ့ အိမ်ထောင်ရေးက ကြီးပွားတိုးတက်နိုင်တယ်"

ကိုသတိုးမဟာကို ငြိမ်ဝပ်ပိပြားသွားအောင် ထိန်းချုပ်ဖို့ ရတနာ ကြံစည်ထားသည်။ သူမလက်ထဲ အားလုံးရောက်စေရမယ်။

မင်္ဂလာကိစ္စလည်း ရတနာဦးဆောင်၍ အကောင်းဆုံးဖြစ် စေရန် ရတနာလုပ်နေ၏။ လေးလေးသုတကလဲ ဂုဏ်ပကာသန မက်မောသူ။

"ကျွန်မတော့ မင်္ဂလာပွဲက အကြီးကျယ်အခမ်းနားဆုံးဖြစ် စေရမယ်၊ လူတွေအားလုံး အားကျစေရမယ်နော် မောင်"

"အင်း"

"မောင်က အရမ်းအေးစက်နေတာပဲ ... ကျွန်မတင်းကြပ် တဲ့ စည်းကမ်းတစ်ခုပြောထားမယ်၊ မောင် လုံးဝမရှုပ်ပွေပါနဲ့"

"ရတနာ ... မင်းဒီလောက်အထိ မင်းချုပ်ကိုင်စရာလိုလို့ လား"

"လိုတယ်လေ ... ကျွန်မတို့ မျိုးဆက်တွေအတွက်ပါ၊ ဒါဘ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ အဓိကကျတယ်"

"အင်းပါကွာ"

"တာဝန်မဲ့တဲ့ သစ္စာမရှိတဲ့ ကိုယ်ကျင့်သိက္ခာကို မစောင့်ထိန်းနိုင်တဲ့ ယောကျာ်းတစ်ယောက်ဘဝကိုတော့ မခံယူချင်ဘူး မောင်"

စိတ်ပျက်သည်။ ရတနာရဲ့ ထိန်းချုပ်မှုတွေက သူ့အတွက် မလိုအပ်ဟုထင်မိ၏။

ပြောရင်လည်း ရတနာလေသံက အထက်က။ နာခံမည့်သူလည်းမဟုတ်။ အသံကျယ်လွန်းနေသည်။

"ကောင်းပြီလေ ... ရတနာ မင်းစိတ်စဉ်ပါ ... မောင် ဘာလုပ်ပေးရမလဲ၊ ဒီနေ့တော့ မောင်အလုပ်တွေ ရှုပ်နေတယ်၊ အရေးကြီးတဲ့ ကိစ္စတွေလည်း ရှိနေတယ်'

"မောင့်မှာ ဘာအရေးကြီးတဲ့ကိစ္စရှိနေလဲ ပြော ... ရတနာလည်း သိသင့်တယ်လေ ... ပြောရမယ် ... ကဲ ပြော ... "

သူ့ကိုယ်ရေးကိုယ်တာတွေပါ တရားဝင်ဇနီးမယားမဖြစ်ခင်ကပင် ရတနာက ချုပ်ကိုင်လိုနေသည် မကြိုက်။

သူက မြရိပ်ညိုဆီ သွားချင်နေ၏။ သူမအတွက် စီစဉ်စရာရှိတာတွေလည်း ရှိနေသည်။ ကိုယ့်ကို လက်ထပ်ဖို့ မင်းဆန္ဒပဲ ရတနာ။ တခြားကိစ္စတွေမှာ မင်း ဆန္ဒတွေအတိုင်း ဖြစ်စေရပေမယ့်





မြရိပ်ညိုကို စွန့်လွှတ်ဖို့ကိစ္စကတော့ ကိုယ်ဘယ်လိုနည်းနဲ့မှ လက်လျှော့မှာမဟုတ်ဘူး ရတနာ။ ငါ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်ဘူး။

"လောလောဆယ်တော့ မောင့်အလုပ်ကိစ္စတွေ မင်းကိုပြောမပြနိုင်သေးဘူးရတနာ ... လက်ထပ်ပွဲအတွက်ပဲ မင်းစီစဉ်ပါ ... သွားပြီ"

သူ ထွက်လာခဲ့သည်။ ရတနာက တကယ့်ပြဿနာပဲ။ စိတ်ရှုပ်စရာပါ။ ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ကိစ္စ။ လေးလေးကြောင့်ပဲ။ ရတနာကို အထင်ကြီးလွန်းနေလေသည်။ သူကတော့ လုံးဝ မကြိုက်။ မြရိပ်ညိုကို ဘယ်လိုပဲချစ်နေပါစေ သူ့ရဲ့ ပွဲတက်မယား အဖြစ်ကလည်း မဖြစ်နိုင်ဘူးမဟုတ်လား။

မြရိပ်ညိုဆီ ရောက်လာသည်။ ကြိုတင်ဖုန်းဆက်လိုက်၍ တံခါးကဖွင့်ပြီးသား ချောမောလှပလွန်းတဲ့ မြရိပ်ညိုက ဆီးကြိုနေသည်။

"မောင် ... ကျွန်မအရမ်းလွမ်းတယ် ... မောင့်ဖုန်းသံလေးကိုပဲ ကျွန်မ နားစွင့်နေခဲ့တာပါ"

"မြရိပ်ညိုရယ်"

သူ့ရင်ခွင်ထဲ တိုးဝင်လာတဲ့ ချစ်ရသူမြရိပ်ညိုကိုယ်လုံးလေးအား ပွေ့ဖက်ထားသည်။ နာကျင်လွန်းရ၏။ မင်းကိုချစ်တယ်။

"မောင်က အရမ်းအလုပ်ရှုပ်တဲ့သူပါ၊ ကျွန်မနားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော် ... ပြီးတော့လေ မောင့်ကိုယ်ရေးကိုယ်တာကိစ္စတွေရော ကျွန်မ အလွမ်းကို ဖြေသိမ့်နေပါတယ်နော်"

"မောင့်ကို နားလည်ပေးပါကွာ ... ပြီးတော့ မောင်မလွဲမသွေ မိန်းမတစ်ယောက်ကို လက်ထပ်ရမယ်၊ မင်းသိတယ် မဟုတ်လား"

"အင်း"

ခင်ရတနာ ... နင် အရမ်းမောက်မာထောင်လွှားနေမှာပဲ။ ကိုသတိုးမဟာရဲ့ ကြီးကျယ်ခမ်းနားနေမှုတွေက နင့်လိုငွေဂုဏ်မက်တဲ့မိန်းမတစ်ယောက်အတွက် လက်လွှတ်လို့မရအောင် တန်ဖိုး ကြီးမားနေလိမ့်မယ်။ နင်အရယူမှာမဟုတ်လား။

ဒါပေမဲ့ ... နင်ယူမယ့် ယောကျ်ားက မဖြူစင်စေရဘူး။ ငါက တမင် တိတ်တိတ်ပုန်းမိန်းမအဖြစ် နေပေးရမယ်။ ခင်ရတနာ့ကို အနိုင်ရဖို့အတွက် မြရိပ်ညို ဘယ်လိုဘဝမျိုးပဲ ခံယူရ ခံယူရ ကျေနပ်စွာ ခံယူနေမည်ဖြစ်သည်။

"မောင်လေ ... မြရိပ်ညိုကို ဘယ်လောက်အထိ ချစ်ရလဲဆိုတာ မြရိပ်ညို သိရဲ့လားကွာ"

"သိပါတယ်မောင်ရယ် ... မြရိပ်ညို သိတယ်၊ မောင်လက်ထပ်ပါနော်၊ မောင်ထားရာနေ စေရာသွားမယ့် မြရိပ်ညိုပါ၊ ကျွန်မလေ အချစ်တွေဖြစ်ထွန်းမလာအောင် ထိန်းချုပ်နေရင်းနဲ့ အချစ်





တွေက တားမရတော့ဘူး ... မောင့်အချစ်တွေက ကျွန်မနှလုံးသားထဲမှာ အချစ်တွေထပ်မံရှင်သန်ပေါက်ပွားစေဖို့ ဖြစ်လာရတယ် မောင်ရယ် ... နော်"

မြရိပ်ညိုရဲ့ သရုပ်ဆောင်မှုက ပီပီပြင်ပြင်ပဲ။ မောင့်မျက်နှာပြင်ကို သူမလက်လေးတွေနှင့် ပွတ်သပ်ကိုင်တွယ်ရင်း ညို့မျက်ဝန်းလေးတွေ မောင့်မျက်ဝန်းတွေထဲ စူးနစ်တိုးဝင်တော့မတတ်။

တကယ်တော့ ဒီလိုမျိုး ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်းတာမျိုး ဘယ်တုန်းကမှ မလုပ်ချင်ခဲ့ပါဘူး။ မုန်းတီးမိသည်။

"မင်းက ယုတ်မာကောက်ကျစ်တဲ့မိန်းမတစ်ယောက်ပဲ မိသဲ၊ ငါ့ကိုမြူဆွယ်တယ် အရှက်မရှိတဲ့မိန်းမ ... လင်ကောင်ဖမ်းတယ်၊ ငါ့ဘဝကို မင်းဖျက်စီးပစ်ခဲ့တာ၊ ငါ့ဘဝကို စုတ်ပြတ်သပ်သွားအောင် မင်းလုပ်ခဲ့တာ ... အသုံးမကျဘူး"

အမေ့ကို အဖေကပြောခဲ့သည်။ နေ့စဉ်နှင့်အမျှ နှစ်ပေါင်းများစွာပါ။ မြရိပ်ညိုကိုတောင် မျိုးရိုးမကောင်းတဲ့သမီးဟု အဖေက သတ်မှတ်ထားသည်။

"နင်တို့သားအမိက ဒေါ်ဖွကို သွေးထိုးပေးခဲ့တာပဲ ခင်ရတနာ ... ငါက နင်တို့သွေးသားပါ၊ နင်တို့က ငါအဖေရသင့်တဲ့အမွေတွေ လက်ဝါးကြီးအုပ်ထားပြီး အရှက်မရှိ သူ့ဌေးအမည်ခံထားကြ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ နင့်အရှက်ကို ငါကောင်းကောင်းခွဲပစ်မယ်"

အချစ်တွေ အကြင်နာတွေ အယုအယတွေကို မြရိပ်ညိုက ဦးဆောင်နေခဲ့သည်။

ကိုသတိုးမဟာကို ချုပ်ကိုင်ထားနိုင်ဖို့ပါ။ မရည်ရွယ်ပါဘူး ကိုသတိုး ... ရှင်ရဲ့ဘဝလမ်းကြောင်းပေါ်မှာ မြရိပ်ညိုက ကျောက်မှန် အပိုင်းအစလေးတစ်ခုလောက်တောင် မဖြစ်စေချင်ခဲ့ပါဘူး။ ကျွန်မရဲ့ ကျေးဇူးရှင်လေ။

ခင်ရတနာနဲ့မှ လက်ထပ်ဖြစ် ဖို့အကြောင်းဖန်လာတာ ကံဆိုးမိုးမှောင်ကျဖို့ပဲလေ။

"မောင်လေ ... နောင်တတွေရနေတယ် မြရိပ်ညိုကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ မင်းကိုချစ်တယ်၊ မောင်သတ္တိမရှိတာတော့ ဝန်ခံပါတယ်ကွာ၊ မောင်က ယောက်ျားမပီသဘူး"

"တော်ပါတော့မောင်ရာ ... ဆက်မပြောပါနဲ့ မြရိပ်ညိုသိပါတယ်၊ ဘဝပေး ကံကြမ္မာအရပဲလေ ... မောင်လက်ထပ်ပါ၊ ကျွန်မလက်ခံပါတယ် ... မောင်ထားပစ်ခဲ့မယ်ဆိုရင်လည်း ကျွန်မနေရစ်ခဲ့မယ့် မိန်းကလေးလေ ... ကျွန်မတို့အစထဲက အပေးအယူတွေနဲ့ စတင်ခဲ့ကြတာ"

"တော်ပါတော့ အချစ်ရယ်"

သူမ နှုတ်ခမ်းလေးကို မောင်က အတင်းအကြပ်ပိတ်ပစ်





သည်။ ရင်ခုန်လှိုက်ဖိုမှုတွေအစား ခါးသည်းနာကြည်းမှုတွေပဲ တိုးဝင်နေရ၏။

လရိပ်ထင်ရယ် ... ငါ့ဘဝကလေ တန်ဖိုးမဲ့လွန်းပါတယ်ဟာ စုတ်ပြတ်သပ်နေပါပြီ။ ကိုသတိုးနဲ့လက်ထပ်မယ့် တခြားသူသာဆိုရင် မြရိပ်ညို အသာတကြည်နဲ့ ရှောင်ဖယ်စွန့်ခွာသွားမှာပါ။

ခင်ရတနာကိုတော့ လုံးဝခွင့်မပြုနိုင်ဘူး။ သူ့အရင် ငါနဲ့တွေ့ဆုံခဲ့တာလေ။ ငါလုပ်ပစ်သင့်တယ် မဟုတ်လားဟယ်။

လရိပ်ထင်ကို သတိရမိလာသည်။

"နင် အကြောင်းတစ်ခုခုကြောင့် ငါ့ကိုတွေ့ဆုံဖို့ သတိပေးဖို့ကြိုးစားတာပါ ... ငါသိတယ်၊ ဒါပေမဲ့လည်းလေ နင့်ကိုငါ့ဘဝထဲ ဝင်ရောက်စွက်ဖက်ခွင့် မပြုနိုင်တော့လို့ပါဟာ"

ကိုသတိုးမဟာရဲ့ ရင်ခွင်က မြရိပ်ညိုအတွက် ပူပြင်းလောင်မြိုက်လွန်းသည်။ ရွံမုန်းစက်ဆုပ်ဖွယ်အတိပါပဲ။ ကိုသတိုးမဟာက သူမကို ချစ်မြတ်နိုးလွန်းခဲ့တာလည်း သူမသိ၏။ ဆိုးဝါးလိုက်တဲ့ ကံကြမ္မာတွေ။ သူမ ငိုပစ်ချင်သည်။

"မောင်"

"ဟင်"

"မောင့်ဖုန်းကို မက်ဆေ့ ပို့နေတယ်လေ"

"ရတနာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ကြည့်လိုက်လေ မောင် ..."

"ရှုပ်တယ် ... မောင်အရမ်းစိတ်ညစ်နေပြီ၊ မောင့်ကိုအချိန်ပြည့် စိစဉ်ညွှန်ကြားနေတယ်၊ ဘာတွေလဲကွာ ... တစ်ခါတလေ မောင် ဘာကိုမှဂရုမစိုက်ဘဲ မြရိပ်ညိုနဲ့အဝေးကို ထွက်သွားချင်တယ်"

"မဟုတ်တာမောင်ရယ် ... မောင့်လေးလေးက အဆိုင်တောင်သောက်တာ၊ အဲဒီလိုတော့ မလုပ်ပါနဲ့နော် ... မောင်ပြန်ပါ လက်ထပ်ပွဲအတွက် လုပ်ပါ ... ကျွန်မ ကျေနပ်ပါတယ်ဆို၊ တကယ်ပါကွယ်"

ကိုသတိုးက ခင်ရတနာကို အရေးမစိုက်။ သူမက ပြန်ဖို့ပြောလေ မပြန်လေဘဲ။

နင် ဘာတတ်နိုင်သေးလဲ ခင်ရတနာ။ မကြာခင် နင် မယားယေ် ရှိတဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ရတော့မယ်လေ။

ငါမယူပါဘူး။ ငါ့ကိုလည်း ကိုသတိုးက အတိအလင်း လက်မထပ်ပါဘူး။ အစောကြီးထဲက ငါသိနေခဲ့တာလေ။

အရမ်းပျော်တယ်။ လောကကြီးထဲမှာ နင်လုပ်ချင်တိုင်း လုပ်လို့ ရမယ်ထင်နေလား ခင်ရတနာ။

"မင်းသမီးကို ငါ့ခဲဆိထည့်လိုက်တော့ မောင်မောင် ... တစ်ယောက်ထဲပစ်ထားလို့မရဘူး၊ မျိုးဖျက်မ ဖြစ်ဦးမယ် ... မမလည်း





အသက်ရပြီ၊ မမဝေယျာဝစ္စတွေလုပ်ပေးရမယ်၊ ကျောင်းဆက်ထားပေးမယ် ဒင်းအမေနဲ့ နေထိုင်ရတဲ့ဘဝထက်တော့ ကောင်းမှာပါ"

အဖွေ့အစ်မအရင်း နိမ့်ကျတဲ့သွေးဆိုပြီး အမိပွါယ်မဲ့စွာ သတ်မှတ်သည်။ မုန်းလိုက်တာ။

မောင့်ကို သူမတတွတ်တွတ်ပြောင်းဖျ နားချနေခဲ့၏။ မောင်က ပို၍ချစ်လေပဲ။ အနစ်နာခံတတ်တယ်တဲ့။ မောင့်ကို လက်ထပ်ပါလို့ ဘာဖြစ်လို့ မတောင်းဆိုရတာလဲတဲ့။ တောင်းဆိုခွင့် ရှိတဲ့ မိန်းကလေးပါ။

"ကျွန်မလေ မောင့်ဆီကနေ ဘယ်လို အခွင့်အရေးမှ မတောင်းဆိုရက်ပါဘူးကွယ် ... မောင်ပေးခဲ့တာတွေက ကျွန်မဘဝကို ပြည့်စုံစေခဲ့တာပဲ၊ တော်ပါပြီနော် ... လောဘလည်း မကြီးပါဘူး၊ တဖြည်းဖြည်း မောင့်ကိုချစ်မိသွားရလို့ မောင့်ကိုထိခိုက်နစ်နာစေမယ့် အပြုအမူမျိုးဆွေ ဆက်ပြီးမပြုရက်တော့လို့ပါနော်"

ကိုသတိုး ကြွေပြီပဲ။

စတွေ့ထဲကလည်း သူမကို အပျော်ကြံစည်ခြင်းမျိုး မဟုတ်ဘာ သူမယုံခဲ့သည်။ ရှင့်ဆီကနေ လက်ထပ်ခွင့် ဘယ်တော့မှ မြရိပ်ညို ရယူမှာမဟုတ်လို့ပါ။

အမေကြောင့်လေ အမေ့ဘဝကို မုန်းတယ်။ ကျွန်မ သားစဉ်မြေးဆက်တွေကိုလည်း ဆက်ပြီး လက်ဆင့်ကမ်း ရင်မဆိုင်စေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ။

“မောင် ပြန်ပါနော် ... မင်္ဂလာပွဲစီစဉ်ပါ၊ လက်ထပ်ဖြစ်အောင် လက်ထပ်ပါ။ ကျွန်မဆီ ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် မောင်လာခဲ့ပါ၊ မောင်က ကျေးဇူးရှင်လေ”

“တော်ပါတော့ကွာ ... မောင် မခံစားနိုင်တော့ဘူး၊ မင်းထက်ဆိုးမလေးပါ ... မောင်ဘယ်လိုအကြောင်းနဲ့မှ မထားခဲ့ဘူး လက်ထပ်ပြီးလည်း မင်းကမောင့်ဓနီးပဲ၊ စွန့်ပစ်သွားမှာ မဟုတ်ဘူး မြရိပ်ညို”

ကိုသတိုးစကားတွေက မြရိပ်ညို ရင်ထဲသို့အပျော်တွေစီးဆင်းသွားစေသည်။

နင့်ကို တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် အထက်စီးကနေ ဆက်ဆံကြည့်ချင်သေးတယ် ခင်ရတနာရေ။

ကိုသတိုး အချိန် အကြာကြီးနေပြီး သူမနှင့်ညစာ အတူစားပြီးမှ ပြန်ထွက်သွားသည်။

“မောင် သွားပြီနော် ... မြရိပ်ညို ဘာမှအားငယ်မနေနဲ့ မင်းရဲ့ ဘဏ်စာရင်းမှာလည်း မောင်ငွေထပ်ထည့်ပေးမယ်၊ မင်းပျော်အောင်နေပါ”

မောင်က သူမပါးပြင်လေးအား ခပ်ဖွဖွလေးနမ်းရင်း ပြန်သွားသည်။





“ဟား ... ဟား ... ဟား ... ”

“ဟင်း ... ဟင်း အား ... ပျော်လိုက်တာ၊ နင်ကံဆိုးတာပဲ ခင်ရတနာရေ ... ဟား ... ဟား ... ဟား”

သူမ မျက်ဝန်းတွေထဲမှာက မျက်ရည်တွေ ပြည့်နေသည်။ ရယ်မောသံတွေကအစ ပထမပဲ ပီသခဲ့ပြီး တဖြည်းဖြည်း အဖျားခတ်တုန်ရင်နေ၏။

သူမ ငိုမိသည်။

“တူမလေး မြရိပ်ညို ... အခန်းအပြင်ဘက်မှာ ဧည့်သည်တစ်ယောက်ရောက်နေတယ် တူမလေးနဲ့ တွေ့ချင်လို့တဲ့”

“ဘယ်သူလဲ”

“လရိပ်ထင်တဲ့”

“သွား ... သွားပြောလိုက်စမ်းပါ ဒေါ်လေးရယ်၊ ကျွန်မအပြင်ထွက်သွားတယ်လို့ ပြောပါ ... လုံးဝ တံခါးဖွင့်မပေးလိုက်နဲ့နော်”

“သူက တောင်းပန်နေတယ် ... ခဏလေးဖြစ်ဖြစ်ပါတဲ့ ဖုန်းဖြစ်ဖြစ် နားထောင်ပေးပါတဲ့”

“မပတ်သက်ချင်ဘူး သူနဲ့လည်း မတွေ့ချင်ဘူး ... သူ့ဆီကနေ ဘာအကြောင်းမှလည်း မကြားချင်လို့ပါ မောင်းထုတ်ပေးပါ”

“အေးပါကွယ်”



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီး ပြန်ထွက်သွားသည်။ လရိပ်ထင် နင်ဘယ်အချိန်အထိ ငါ့ကိုတွေ့ဖို့ ကြိုးစားနေမှာလဲ၊ သူမ လုံးဝမတွေ့ဖို့ဘဲ ဆုံးဖြတ်ထား၏။ အဒေါ်ကြီးက သွား၍ နှင်ထုတ်နေသည်။

"မြရိပ်ညို မရှိဘူးမောင်ရင် ... အဒေါ်က အလုပ်သမားပါကွယ် ... ဒုက္ခလာမပေးပါနဲ့ ပြန်ပါ"

"ကျွန်တော် ပြန်မှာပါအဒေါ်၊ ဒါပေမဲ့ ... မြရိပ်ညိုကို ပြောပြပေးပါ၊ သူ့အဖေ နေမကောင်းဘူးလို့ သမီးကို အရမ်းတွေ့ချင်နေပါတယ်၊ နောင်တတွေလည်း ရနေပါပြီလို့ ပြောပြပေးပါ"

"အေးကွယ် ... ပြောပြထားပေးပါ့မယ် ပြန်ပါတော့"

"ဟုတ်ကဲ့ ... ကျွန်တော့်ဖုန်းကိုလည်း လက်ခံပေးပါလို့ ပြောပေးပါဗျာ"

"ပြောပေးပါ့မယ် မောင်ရင်"

လရိပ်ထင် ပြန်သွားတော့မှ မြရိပ်ညို အပြင်ထွက်လာခဲ့သည်။

"ကြားတယ်မဟုတ်လား မြရိပ်ညို ... ကောင်လေးက ရည်ရည်မွန်မွန်လေးပဲ၊ ဘယ်သူလဲကွယ် ... သြော် မပြောပါနဲ့၊ အဒေါ်လည်း မမေးသင့်ပါဘူး၊ စောစောက ကောင်လေးပြောပြသွားတာ တူမလေး ကြားပါတယ်နော်"

"ဟုတ်ကဲ့"





အဖေ နေမကောင်းဘူးတဲ့။ သူ့ဆွေမျိုးတွေရှိတာပဲ။ အဖေအားကိုးလွန်းတဲ့ အစ်မနှင့်တူမ။ လရိပ်ထင်ကိုတော့ တွေ့ချင်သည်။

"တူမလေးက တခြားမိန်းကလေးတွေနဲ့ မတူဘူး ... ကံအကြောင်းမလှလို့ ဒီဘဝမျိုးနဲ့နေထိုင်ခဲ့ရတယ်ဆိုတာ ဒေါ်လေးသိပါတယ်၊ ရင်ဖွင့်လို့ရတယ်နော် ... အဒေါ့်ဘဝမှာ မင်းပဲရှိတယ်လေ"

"မြရိပ်ညို အတိတ်ကအကြောင်းတွေ ဘာမှမသိချင်ပါနဲ့ ဒေါ်လေးရယ် ... တွေးတောင်မတွေးချင်တော့ပါဘူး၊ အဖေက နောင်တရနေပြီဆိုတာ လရိပ်ထင် ဖြစ်စေချင်နေတာပါ"

သူမ အိပ်ခန်းလေးထဲပြန်ဝင်လာခဲ့သည်။

အဖေ နောင်တ မရနိုင်ပါဘူး။ အစ်မနဲ့တူမကပဲ အဖေ့ဘဝပါ။ အမွေတွေရှိနေပါလျက်နှင့် မိသားစုအတွက် မသုံးစွဲခဲ့။ အစ်မဆန္ဒအတိုင်းပဲ ရှိစေ၏။

အမေ အလုပ်ကြမ်းတွေလုပ်ရတယ် သူများအိမ်မှာ အဝတ်လိုက်လျှော်ခဲ့ရတယ်။ မြရိပ်ညို ငယ်စဉ်လေးထဲက အမေတစ်စက်လေးမှ မနားခဲ့ရ။ အမေကတော့ မြရိပ်ညိုကို မခိုင်းရက်။ ပင်ပန်းမှာစိုးရိမ်ခဲ့သည်။

"နင့်သမီးကိုလည်းခိုင်း ဘာပညာရေးလဲ ... အသုံးကျမှာမဟုတ်ဘူး ... နင့်သွေးပဲ ကောင်းမှာမဟုတ်ဘူး၊ ငါ့အကြောက်ဆုံးက နင့်သမီးကလည်း နင့်လမ်းစဉ်လိုက်မှာကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



အဖေရယ် ... မြရိပ်ညိုသွေးထဲမှာ အဖေ့သွေးလည်းရှိနေပါတယ်။

အဖေ့ရက်စက်မှုတွေက မတွေးရဲအောင်ပင်။ မဖြစ်နိုင်ပါဘူး အဖေက ပြောင်းလဲဖို့မှမရှိတာ။ အဖေ့အတွက် အဖေ့အစ်မထာ တာဝန်ယူပေးမှာပါ။ အမွေမခွဲဝေပေးရအောင်လေ။

အခန်းလေးထဲမှာ မြရိပ်ညို အထီးကျန်စွာ ငိုမိသည်။

## အခန်း ( ၁၆ )

"မမ ... ကျွန်တော် နေမကောင်းဘူး၊ ဆေးဖိုးပေးပါဦး၊ အဟွတ် ... ဟွတ် ... အဟွတ် ... "

"ဟဲ့ ... မောင်မောင် နင်ဘာလာလုပ်တာလဲ၊ သမီးရဲ့သတို့သားလောင်းဘက်က ဦးလေး ... မကြာခဏရောက်လာတတ်တယ် တွေ့သွားရင် အထင်သေးစရာဖြစ်မယ်"

"ဘာပြောတယ် မမ"

"ငမောင် ... နင့်ကို ဘယ်လောက်အထိ ရှင်းပြနေရမှာလဲ သွားပြန်တော့ ... ရော့ ... ဆေးဖိုး ... နင့်အရမ်းတောင်းလွန်းတယ် နောက်မလာနဲ့ ... "

အစ်မအရင်းဖြစ်သူရဲ့စကားကြောင့် ဦးမောင်မောင် ကြေကွဲဝမ်းနည်းသွားပြီး ဒေါသတွေ ပေါက်ကွဲရသည်။

အရင်ကတော့ သူ့ကို အချိုသတ်ပြီး အမွေတွေ ခွဲမပေးရ



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်နေခဲ့၏။ အစ်မစကားတွေကြောင့် မိန်းမနှင့်သမီး အပေါ်ပင် မိမိရက်စက်ခဲ့သည်။ အခုတော့ မောင်ကို မတူမတန် သလိုလို။ ဦးမောင်မောင် သည်းမခံနိုင်။

တူမ ခင်ရတနာပါ ရောက်လာသည်။

"လေးလေးကို ဘယ်နှစ်ခါပြောထားရမလဲ ... အဝင် အထွက် မလုပ်ပါနဲ့လို့၊ အရက်သမားရုပ်နဲ့ လူတောထဲဘယ်လိုလုပ် ဝင်မှာလဲ ... မာမီက ပိုက်ဆံတွေပေးနေတော့ အမြဲတမ်း အချောင် လိုချင်နေမှာပဲ"

"ခင်ရတနာ ... နင် ... နင် စော်ကားလှချည်လား၊ ငါရမယ့် အမွေတွေတောင် မယူခဲ့တာ၊ နင်တို့သားအမိအတွက်ပဲ ထားခဲ့ တယ်"

"ဘာအမွေလဲ ... မင်းတို့မိသားစုကို နှစ်ပေါင်းများစွာ ထေး ကမ်းထောက်ပံ့နေရတာလေ ... ကုန်ပြီ ... "

"ဘာပေးလို့လဲ၊ မသထာရေစာလေ ကျွန်တော့်မိန်းမနဲ့သမီး လေး ဆင်းရဲဒုက္ခရောက်ရတယ်၊ ကျွန်တော်က အစ်မအပေါ် ငဲ့ညှာ ခဲ့လို့ပါဗျ"

"မောင်မောင် ... နင်ပြန်တော့၊ ဘာအမွေမှမရှိဘူး၊ နင့် တာဝန်လည်း မသေမချင်း မယူနိုင်ဘူး၊ ပြန် ... နောက် ဘယ်တော့ မှ ထပ်မလာခဲ့နဲ့တော့ နင်သောင်းကျန်းရင် ရဲလက်ကို အပ်ပစ်မှာ





နော် ... နောက်မှ ငါက ရက်စက်တယ်မပြောနဲ့"

"ဘာပြောတယ်ဗျ"

အစ်မကိုယ်တိုင်က ရက်စက်တဲ့စကားတွေ ပြောလာခဲ့ သည်။ တူမကလဲ ခွေးမောင်းသလို မောင်းထုတ်ပစ်၏။ ယခင်ကနှင့် မတူတော့။ မိမိကို ဆွေမျိုးတော်ရတာပင် ရှက်နေကြသည်။

"လေးလေး ပြန်ပါ ... မောင့်အသိုင်းအဝိုင်းက မြင့်တယ်၊ မိုးထိနေတာ၊ လေးလေးရာ မြရိပ်ညိုရောက လုံးဝအဆင့်အတန်း မရှိဘူး ... လေးလေးသမီး ဘာတွေလုပ်နေလဲ လေးလေးသိရဲ့လား ရှက်တယ် ... အမျိုးမတော်နိုင်တော့ဘူး၊ မာမီ ပြတ်ပြတ်သားသား လုပ်နော် ... ရတနာတို့ ဂုဏ်သိက္ခာမဲ့ရမယ်"

"ဘာကွ"

ဦးမောင်မောင် ထ၍ ရိုက်နှက်ပစ်တော့မလိုလုပ်ပြီးမှ ဒေါသကို ထိန်းချုပ်ပစ်လိုက်သည်။

အမွေတွေ တောင်းရမယ်။ မိမိ ဆိုးပေပြီး ယူချင်တဲ့မိန်းမ ယူခဲ့ပေမယ့် မိဘတွေက အမွေမဖြတ်ခဲ့ပေ။ သားအဖြစ်က မစွန့် လွှတ်ခဲ့။ မိမိအမွေရစရာတွေ အများကြီးပဲ။

တောင်းမယ် ... မမ သွေးထိုးပေးနေလို့ မိဘတွေက အဆက်အဆံ မလုပ်ခဲ့တာပဲရှိသည်။

"ကောင်းပြီလေ မမ ... ကျွန်တော်က အဖက်မတန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်း အဆင့်မရှိတဲ့ကောင်ဆိုပြီး ခွေမျိုးမတော်ချင်နေပါ အမွေတွေတော့ ခွဲပေးပါ"

"ဘာအမွေတွေလဲ ... မရှိဘူး၊ နင်တို့မိသားစုကို ထောက်ပံ့ထားခဲ့တာပဲ မိဘတွေလဲ ဘာမှမကျန်ဘူး"

"အတွင်းပစ္စည်းတွေကတော့ ထားလိုက်ပါတော့ဗျာ၊ ဒီခြံနဲ့ တိုက်ကြီးက မိဘအမွေအနှစ်ပဲ၊ ကျွန်တော်တစ်ဝက် ရသင့်တယ်လေ၊ မိဘပိုင်တာ သက်သေအထောက်အထားတွေရှိတယ်၊ ကျွန်တော့်ကို အထင်မသေးပါနဲ့ ... ကျွန်တော် စာရွက်စာတမ်းမိတ္တူတွေ သိမ်းထားတယ်ဗျ ... သိရဲ့လား"

"ဘာပြောတယ် မောင်မောင် ... "

"ရှေ့နေကြီး ဦးဘသက်ကလဲ ကျွန်တော့်ဘက်က လိုက်မှာပဲ၊ ကျွန်တော်က မတောင်းခဲ့လို့လေ၊ မိသားစုအတွက် မသုံးလို့ အမြဲတမ်း ဆူနေခဲ့တာပါ"

ဒေါ်ချိုချို အထိတ်တလန့်နှင့် မျက်လုံးပြူးသွားရသည်။

တကယ်တော့ ဒီခြံကြီးက မိဘအမွေအနှစ်ပါ။ မိဘတွေကိုယ်တိုင်က သားကိုတစ်ဝက်ခွဲပေးစေလို၍ ဒေါ်ချိုချို နာမည်နှင့် အပြီးအပိုင် လွှဲမပေးခဲ့။

မိမိ ဘယ်လိုလုပ်ရမလဲ။ အရင်ကတော့ ချော့မော့နှစ်သိမ့်ထားခဲ့တာ ဒီကောင် အရက်သမား မသေနိုင်ဘူး။





"ဒီမှာ လေးလေး ... အမွေလိုချင်ရင် တရားရုံးကတောင်းလေ၊ ကျွန်မကို ယှဉ်ပြိုင်ရဲလို့လား"

"ခင်ရတနာ ... နင်တော်တော် ရိုင်းစိုင်းတာပဲ၊ ငါ့သမီးလေး မြရိပ်ညိုတောင် ဆင်းရဲဒုက္ခခံခဲ့တာ၊ ငါ့အစ်မမိသားစုအပေါ် မရိုင်းစိုင်းခဲ့ဘူး"

"အပိုတွေပြောမနေနဲ့ ဦးမောင်မောင် မြန်မြန်ထွက်သွားပါ၊ ပြောစရာရှိရင် ရုံးတော်ကပဲ စကားပြောပါ၊ ကျွန်မတို့ကို ပြဿနာရှာနေရင် ရဲကိုအကြောင်းကြားရလိမ့်မယ်"

"နင် ... နင် ... တော်တော် စော်ကားပါလား၊ ငါကငဲ့ညှာထောက်ထားသလောက် လူပါးဝလွန်းတယ်"

"ပြောနေတယ်နော် ... ကျွန်မ အခုပဲ ရဲကိုအကြောင်းကြားတော့မယ်"

"ကောင်းပြီလေ ... ဒီနေ့ကစပြီး နင်တို့ကို ထောက်ထားငဲ့ညှာစရာမှ မလိုတော့တာပဲ၊ ဥပဒေအရပဲ စကားပြောမယ်၊ နင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

"တောက် ... စိတ်ပျက်တယ်၊ ဒါကြောင့် မာမီ့ကို ပြတ်ပြတ်သားသား ဆက်ဆံပါလို့ပြောထားတာ ... အခုတော့ တွေ့ပြီလား ကျေးစွပ်နေပြီ"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမ ... "

"ဒိုင်း"

ဦးမောင်မောင် တွေ့ရာတွေ ဆွဲယူကောက်ပစ်ပြီး ပြန်ထွက်လာခဲ့သည်။

ရက်စက်လိုက်တာ။ ယုတ်မာကောက်ကျစ်လွန်း၏။ မိမိအပေါ် ဒီလောက်အထိ ပျစ်ပျစ်နှစ်နှစ် ပြောဆိုဆက်ဆံလိမ့်မည်ဟု မထင်မိ။

ဒေါသတွေ ပေါက်ကွဲသွားရသည်။

"အဟွတ် ... အဟွတ် ... "

"အဟွတ်"

ချောင်းကလဲ အဆက်မပြတ် ဆိုးနေသည်။

အရက်တွေလည်း ဖြတ်ထား၍ ခြေလက်တွေ တုန်ယင်ချင်နေ၏။ မသောက်ဘူး သေသွားပါစေ မိမိမိုက်ပစ်တွေကို ဆေးကြောဖို့ အချိန်တန်ပါပြီ။

မိမိ အိမ်လေးထဲ ပြန်ရောက်လာသည်။

"အဟွတ် ... အဟွတ်"

"အမလေး ရင်တွေအောင့်လိုက်တာ"

သဲသဲကို သတိရသည်။ ချောင်းတွေဆိုးပြီး ရောဂါဝေဒနာတွေ ခံစားနေရတုန်းက မိမိသနားညှာတာမှု ကင်းမဲ့ခဲ့၏။ ပြော





ဆူပွက်ခဲ့သည်။

"ရောဂါသည်မ ကျက်သရေကိုမရှိဘူး၊ ချောင်းတဟွတ်ဟွတ်နဲ့ မသာမ ... "

ငယ်စဉ်ထဲက အမြဲတမ်း စိတ်မထင်လျှင် မထင်သလို ရိုက်နှက်တတ်သည်။ သမီးကိုရောပဲ နိမ့်ကျတဲ့မိန်းမရဲ့သွေးဆိုပြီး ချစ်ခင်ကြင်နာမှု မရှိခဲ့။ အစ်မအပေါ် ခေါင်းမထောင်ရဲစေရန် ချိုးနှိမ်နှိပ်ကွပ်ထားခဲ့၏။

သမီးလေး ဖေ့ဖေ့သမီးလေး ဘယ်ရောက်နေလဲကွယ်။ ဖေဖေ တွေ့ချင်လိုက်တာ။

မိမိချောင်းတွေဆိုးလွန်း၍ လရိပ်ထင် ရောက်လာသည်။

"ဦးလေးမောင် ... ချောင်းတွေအရမ်းဆိုးနေတယ် ... ဆေးခန်းသွားပြရအောင်၊ အရက်လည်း တဖြည်းဖြည်းဖြတ်ပါ၊ ရုတ်တရက်ကြီး မဖြတ်ပါနဲ့"

"မောင်လရိပ်ထင်"

"ပြောပါ ဦးလေးမောင်"

"ဦးလေးအမွေတွေ တောင်းတော့မယ်"

"ဗျာ"

"အစ်မကိုယ်တိုင်က ငါသေမယ့်နေ့ကို စောင့်နေတာက ခင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးမကြီးပဲ၊ အရမ်းကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်”

မိမိတွေ့ကြုံခဲ့ရတာတွေကို မောင်လရိပ်ထင်အား ပြောပြ လိုက်သည်။ လူတော်လေး။ မိမိတိုင်ပင်စရာ လုပ်စရာရှိတာ လုပ်ရ မည်ဖြစ်သည်။

“ငါ့ကို အမျိုးမတော်ချင်တော့ဘူးတဲ့၊ အရက်သမားတဲ့ကွ ဘာလဲ ... သူလက်ထပ်မယ့် သတိုးမဟာဆိုတဲ့ကောင်ရဲ့ဦးလေးက အမေရိကားမှာတောင် ပညာသင်လာတာဆိုပဲ”

“ဖြစ်မှဖြစ်ရလေ ဦးလေးမောင်ရယ်”

“ငါအမွေတောင်းရမယ်၊ ရှေ့နေကြီး ဦးဘသက်ကို သွား တွေ့ရမယ်၊ ဒါပေမဲ့ ... ငွေက မရှိဘူးလေ၊ မင်းဝင်ပါမှဖြစ်မယ် လရိပ် ထင်”

“ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကူညီမှာပါ၊ စိတ်မပူပါ နဲ့ ဦးလေးရာ၊ ငွေကြေးလည်း ကျွန်တော်ရှာဖွေပေးပါ့မယ်၊ ဦးလေး မောင် ရသင့်ပါတယ်လေ”

ခင်ရတာနာနှင့်လက်ထပ်မယ့်သူက မြရိပ်ညို့နှင့်ပတ်သက်နေ တာဆိုတာ ဦးလေးမောင် မသိသေးပေ။ ပြဿနာတွေကကြီးထွား လာနိုင်သည်။

“ဦးလေးမောင်”

“ပြော”





“ဘာပဲဖြစ်ဖြစ် ဦးလေးမောင် အသက်ရှည်ကျန်းမာဖို့ လိုအပ် ပါတယ် ... စိတ်ကို ထိန်းချုပ်ပါဗျာ၊ တကယ်လို့ မြရိပ်ညိုက ဦးလေး မကြိုက်တဲ့ ဦးလေးဆွေမျိုးဂုဏ်သိက္ခာတွေ ထိခိုက်နိုင်တဲ့ဘဝမှာ ရောက်နေခဲ့မယ်ဆိုရင်ရော”

“ဘာပြောတယ် လရိပ်ထင် ... မင်းစကားက ဘာလဲ၊ သမီး မြရိပ်ညို ဘာတွေဖြစ်နေပြီလဲကွ၊ ပြောစမ်းပါ ... အဟွတ် ... ဟွတ်”

“စိတ်ကိုထိန်းပါ ဦးလေးမောင်ရာ၊ သဘောကို ပြောပြတာ ပါ”

“ငါခွင့်လွှတ်တယ်ကွာ ... ငါ့အမှားတွေပဲဟာ၊ ငါ့သမီးလေး က ရိုးသားဖြူစင်စွာ နေထိုင်လာခဲ့တာ ငါသိတယ်၊ ငါ့သမီးလေးဘဝ ကို ကယ်တင်ရမယ်၊ ငါအရမ်းတွေ့ချင်နေတယ် ... မင်းကြိုးစားပေး ပါကွာ”

“လောလောဆယ် ဦးလေးမောင် ကျန်းမာရေးကောင်း အောင်လုပ်ပါ၊ ငွေရေးကြေးရေးကိစ္စတွေ အားလုံး တာဝန်ယူပါ တယ် ... စိတ်အေးအေးထားပါနော်”

“အင်း ... မင်းကိုပဲ အားကိုးရမယ်၊ သမီးလေးကိုရှာပါ၊ အမေ ရသင့်တဲ့ အမွေတွေ တောင်းတော့မယ်လို့ ဦးလေး မိုက်မဲတာပါ၊ အစ်မနဲ့တူမအတွက်ပဲ ဦးစားပေး စဉ်းစားခဲ့တာလေ ... မှားတယ် ကွာ”



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင် နောင်တစကားတွေပြောလာ၍ လရိပ်ထင်ဝမ်းသာမိသည်။

မြရိပ်ညိုကို မတွေ့တွေ့အောင် ကြိုးစားမယ်။ နင် စိတ်ဆန္ဒတွေကို ငါအသိဆုံးပါဟာ။ ခင်ရတနာကို နင်ပိုပြီးလက်တုန့် ပြန်တော့မယ် မဟုတ်လား မြရိပ်ညို။ နင်လုပ်ချင်တာတွေ လုပ်နေတာကို ရပ်ပါတော့ဟာ။

ညနေရောက်တော့ ဦးလေးမောင်အား ဆေးခန်းပြသည်။

"အဆုတ်ထဲရေဝင်နေတယ်၊ ဆေးသောက်ရမယ် ... အစားအသောက်အစ သတိထားပြီး အားပြည့်အောင်စားပါ၊ ခင်ဗျား အားအရမ်းနည်းနေတယ် ... ဆင်ဆင်ခြင်ခြင်နေပါဗျာ"

"ဟုတ်ကဲ့"

ဦးမောင်မောင် နောင်တတွေအကြီးအကျယ်ရနေသည်။ မိမိမိုက်မဲခဲ့တာပဲ။

အစ်မခင်ပွန်းက သုံးဖြုန်းပစ်သူ လောင်းကစားသမားပါ။ စီးပွားရှာကောင်းတာမဟုတ်။ မိမိရမယ့်အမွေတွေ ဖြုန်းသုံးတာကုန်နေ၏။

စောစောသေသွားလို့ ကံကောင်းတာပါ။

"မောင်လေးရယ် ... အမွေတွေမတောင်းပါနဲ့ မမတို့သားအမိ အခြေပျက်သွားမယ်၊ မင်းတူမလေးက ငယ်သေးတယ် ...





မောင်လေး စောင့်ရှောက်ပေးရမယ်နော်"

အစ်မနှင့်တူမလေးကို သနား၍ မိဘအမွေကိုပင် အစ်မထံ အပ်ထားခဲ့သည်။ အစ်မ အခြေမပျက်ခဲ့။

တူမလေးကြီးပြင်းလာတော့ စီးပွားရေးတွေ လုပ်ကိုင်တတ်၍ ကြီးပွားချမ်းသာလာခဲ့၏။ တူမလေးအောင်မြင်လာလေ ဂုဏ်သိက္ခာကျမှာ စိတ်ပူလေ။

မိမိတို့ မိသားစုကိုပင် နှိမ်ထားခဲ့သည်။

"အမွေကတော့ မရမနေ တောင်းရမယ် မောင်လရိပ်ထင်၊ ဦးလေးမောင်အပေါ် နည်းနည်းလေးမှ မညှာတာကြဘူး၊ အခု ကျန်းမာရေးချို့တဲ့တော့ ခွေးမောင်းသလို မောင်းထုတ်ခံရတယ်ကွ၊ မင်းကို အားကိုးပါရစေ မောင်လရိပ်ထင်"

မောင်လရိပ်ထင်။ လူတော်လူကောင်းလေး အစွမ်းအစနှင့် အရည်အချင်းတွေ အပြည့်ရှိသည်။ သမီးနဲ့တောင် သဘောတူထားတာပါ။

"မြရိပ်ညို ... သမီးလေး ဘယ်ရောက်နေလဲ၊ အဖေမှားပါတယ် ... အမှန်တကယ်ပဲ သမီးလေးကို ကျွန်ဘဝရောက်တောင် အဖေ တွန်းပို့ခဲ့တာပဲ"

မိမိတောင် ဘယ်လောက်အထိ အပြောအဆိုခံလိုက်ရလဲ။ မိမိအသက်ထင်ရှားရှိနေတုန်း အမွေတွေတောင်းဖို့ပဲ ဆုံးဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှေ့နေကြီး ဦးဘသက်ထံ ဖုန်းဆက်၏။ ဝမ်းသာအားရ[illegible]ကူညီမယ့်အကြောင်း ပြောခဲ့သည်။

"မောင်မောင် ... မင်းအစောကြီးထဲက တောင်းသင့်တာ[illegible] မိသားစုရှေ့ရေး မင်းဘာကြည့်လဲ၊ ငါကကြားမဝင်ချင်လို့ပါ ... မင်း[illegible] ကို အခုတော့ အဖက်မတန်သလို ဆက်ဆံခံခဲ့ရပြီ မဟုတ်လား"

"ကျွန်တော် နောင်တရနေပြီ ဦးဘသက် အကူအညီပေး[illegible]"

"မင်းမိန်းမလည်း ဆုံးသွားပြီ၊ သမီးလည်း ဘယ်ရောက်[illegible] မှန်းမသိဘူး၊ မင်းလည်း ရောဂါသည် ... ကောင်းကွာ ... "

ဦးဘသက် လာခဲ့မည်ဟုပြောသည်။

မောင်လရိပ်ထင်အပေါ်က ငွေကြေးကူညီမည်တဲ့။ မိမိ ကျန်း[illegible] မာရေးကောင်းအောင် လုပ်ရမယ်။ သမီးလက်ထဲ အမွေတွေ အပ်[illegible] ထားရမယ်။

သဲသဲရေ ကိုမောင့်ကို ခွင့်လွှတ်ပါကွာ။ မင်းလင် လူဆိုး[illegible] လူမိုက်ကြီးနှိပ်စက်သမျှ မင်းခံခဲ့ရတယ်။ မင်းက ဖနီးကောင်းပါ[illegible]

"အဟွတ် ... အဟွတ် ... "

"အဟွတ်"

"ဆန်ပြုတ်လေးသောက်လိုက်ပါနော် ... ဦးလေးမောင် ဆေးသောက်ရမယ် အားရှိမှဖြစ်မှာလေ"





"အင်း ... ကျေးဇူးပဲကွာ"

ဦးလေးမောင်နှင့်အတူတူ လာနေပေးရသည်။ အမေကလဲ [illegible]တ်နိုင်သလောက် စောင့်ရှောက်ပါတဲ့။ မြရိပ်ညိုအတွက် အနာ[illegible] [illegible]တ် လှုပလာ၍ အမေ ဝမ်းသာနေသည်။

"သား ... မြရိပ်ညိုလေးကိုရှာပါ၊ သတင်းစာထဲကနေ အမေ[illegible] [illegible]မကောင်းလို့ အမြန်ဆက်သွယ်ပါလို့ ကြော်ငြာထည့်လိုက်ပါလား [illegible]ွယ်"

"မြရိပ်ညို ဘယ်မှာနေလဲဆိုတာ သားသိပါပြီအမေ၊ ဒါပေမဲ့ [illegible]က မပတ်သက်ချင်ဘူးဖြစ်နေတယ်၊ ဦးလေးမောင်ကိုလည်း စိတ် [illegible]နေတယ် မယုံဘူး ... "

"အမေကတော့ စိတ်ပူနေပြီ၊ တကယ်လို့သာ မြရိပ်ညိုလေး [illegible]န်လာရင် ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် သားနဲ့လက်ထပ်ပေးမယ်၊ [illegible]ရိပ်ညိုအပေါ် သားဘယ်လောက်သံယောဇဉ်ကြီးပြီး ချစ်နေတယ် [illegible]ိုတာ အမေအသိဆုံးပါကွယ်"

မြရိပ်ညိုအတွက် လရိပ်ထင် ခံစားရသည်။ သူတွေ့နိုင်ဖို့ ကြိုး[illegible] [illegible]းပေမယ့် လက်မခံခဲ့။ နေရီရီနဲ့ ဘဝသစ်ကို ထူထောင်ဖို့ ကြိုးစား[illegible] [illegible]။ သူအကြိမ်ကြိမ်သွားခဲ့ပေမယ့် မြရိပ်ညိုက ငြင်းဆန်နေခဲ့၏။

သူကလည်း မလျှော့။ ဖုန်းအခါခါဆက်သည်။ နေရီရီအိမ်ကို [illegible]သည်း မကြာခဏ ရောက်သွားတတ်၍ နေရီရီ့မိဘတွေကပင်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ထင်နေခဲ့သည်။

"မောင်လရိပ်ထင် လာလည်တာ အန်ကယ်တို့ဝမ်းသာအား ရကြီးဆိုပါတယ်ကွယ်၊ လာပါ ... အန်ကယ်တို့မရှိလည်း ဝင်ထွက်ပါ သမီးလေးကို ဂရုတစိုက် စောင့်ရှောက်ပေးနေတာလည်း ကျေးဇူး တင်ပါတယ်"

လရိပ်ထင်လည်း မတတ်နိုင်တော့။ မြရိပ်ညို့နှင့် မျက်နှာ ချင်းဆိုင် တွေ့လိုတွေ့ငြား လာနေခဲ့ပါသည်။

"နေရီကတော့ လရိပ်ထင်နဲ့အတူတူနေရတာ ပျော်တယ် တကယ်ကိုပဲ အခုတလော အရမ်းဂရုစိုက်လာလို့ အပျော်ကြီးပျော် နေရတယ်၊ နေရီ့မိဘတွေကလဲ နေရီ့ကိုတောင် သမီးတို့ဘာဖြစ်ချင် လဲ ပွင့်ပွင့်လင်းလင်းပြောပါတဲ့လေ ... နေရီက တစ်ဦးတည်းသော သမီးဆိုတော့လေ မိဘတွေ ချမ်းသာသမျှ နေရီပဲရမှာ၊ လရိပ်ထင် အိမ်လည်း နေရီလိုက်လည်ချင်တယ် ခေါ်ပါနော်"

အားတော့နာပါတယ် နေရီရီ ကိုယ်ရောက်ရောက်လာတာ က မြရိပ်ညို့ကို တွေ့ချင်လို့ပါ။ မြရိပ်ညို့ အခန်းရဲ့ လှုပ်ရှားမှုတွေကို မသိမသာ အကဲခတ်နေခဲ့သည်။

"ဟိုရှေ့ခန်းက မြရိပ်ညို့လေ၊ အရမ်းသနားစရာကောင်း တယ် ကိုသတိုးမဟာက သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ် တော့မယ်တဲ့ ... မြရိပ်ညို့ကို တချို့က သနားနေကြပေမယ့် အမြင်





ကတ်တဲ့သူတွေရှိတယ်၊ မြရိပ်ညို့က လိုင်းထဲကပဲလေ"

"နေရီ"

"ဟို ... ဟို ... နေရီက မိန်းကလေးချင်း ကိုယ်ချင်းမစာလို့ ပြောခဲ့တာ မဟုတ်ပါဘူး လရိပ်ထင် ... ပတ်ဝန်းကျင်က ပြောတာ ကို ပြောပြတာပါ"

မြရိပ်ညို့အကြောင်း မကောင်းပြောသံကြားတော့ လရိပ် ထင် ဒေါသတကြီး အော်ဟစ်တားဆီးမိနေသည်။

အခန်းတံခါးကို ဆွဲဖွင့်၍ လက်ဆွဲခေါ်ထုတ်သွားချင်မိ၏။ ကိုသတိုးမဟာကလဲ အခုတလော မလာဘူးတဲ့။

ဘယ်လိုဖြစ်မှန်း မသိဘဲ မြရိပ်ညို့ နိုက်ကလပ်တစ်ခုမှာ သီချင်းဆိုခဲ့တာပင် ပတ်ဝန်းကျင်က သိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"လက်ထပ်ပွဲကို အလောတကြီးလုပ်ဖို့ မဖြစ်သေးဘူး ရတနာ"

"ကျွန်မကတော့ လုပ်ရမှာပဲမောင်၊ ရှေ့အပတ်အတွင်းမှာ မောင်နဲ့တရားဝင် လက်မှတ်ထိုးကြမယ်၊ ရတနာအားလုံးစီစဉ်ထားပြီးပြီ"

"မောင်တို့ရဲ့အဆင့်နဲ့ ပေါ့ပျက်ပျက်လုပ်လို့မှ မဖြစ်တာပဲ ရတနာရယ်"

"ရတနာ နာမည်ပျက်မခံနိုင်ဘူး၊ စီးပွားရေးလောကမှာ မောင်သိပါတယ်လေ၊ ပေါ့ပျက်ပျက်မဖြစ်စေရပါဘူး၊ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးဖြစ်စေရမှာပါ၊ ကျွန်မ စီမံတတ်ပါတယ်မောင် စောင့်ကြည့်လိုက်စမ်းပါ"

ရတနာကတော့ အမြန်ဆုံးလက်ထပ်ရမည်ဖြစ်သည်။





လေးလေးမောင်က အမွေတွေတောင်းနေပြီ။ မောင်ကို အမြန်ဆုံး ချည်နှောင်ဖြစ်မည်။ အမွေတွေခွဲပေးရလျှင် ရတနာတို့မှာ ကျန်တော့။

လုပ်ငန်းတွေကို အကြွေးနှင့်လည်ပတ်နေတာပါ။ မာမီက တော့ အမွေခွဲပေးရမှာ ‌ သေချာသည်တဲ့။

လေးလေးမောင်ကို မိသားစုရှေ့နေကြီး ဦးဘသက်က ကူညီနေ၍ဖြစ်သည်။

"ရတနာ လက်မှတ်ထိုးပြီးတာနဲ့ မောင်တို့တိုက်မှာလာနေတော့မယ်၊ မိန်းကလေးဆိုတာ ကိုယ်ကျင့်သိက္ခာနဲ့ နာမည်ပျက်ဖြစ်သွားရင် သွားပြီ ... ရတနာ စိတ်ပူတယ်လေ"

ရတနာနှင့် လက်ထပ်ပွဲကတော့ မဖြစ်မနေ ကျင်းပရတော့မည်ဖြစ်သည်။

မြရိပ်ညိုကို ဘယ်လိုလုပ်ရမလဲ။ စွန့်လွှတ်ဖို့လည်း သတ္တိမဖြစ်နိုင်ပေ။ မြရိပ်ညိုကတော့ သူ့ထားရာနေပါ့မယ်တဲ့။ မောင် စိတ်မကောင်းဘူးကွာ။ မောင်ချစ်တာ မြရိပ်ညိုပါ။

"မောင်"

"ဟင်"

"ကျွန်မနဲ့လက်ထပ်ဖို့ မောင်ဒီလောက်အထိပဲ အေးစက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ ... မောင်က အေးအေးဆေးဆေး စီးပွားရှာ
စေချင်တာပါ၊ ရတနာ သဘောပဲကွာ"

သူ ... ရတနာကို အလိုက်အထိုက်ဆက်ဆံနေရသည်။ ကြောက်စရာကောင်းလွန်းတဲ့ မိန်းမပဲ။ သူ့ရဲ့စည်းစိမ်ဥစ္စာတွေကို ချုပ်ကိုင်ဖို့ ကြိုးစားနေတာပင်။ သိနေပေမယ့် သတိုး မတားဆီးနိုင်တော့။

ရတနာက သူမဂုဏ်သိက္ခာအတွက်ဟု အကြောင်းပြချက်ဖြင့် သူ့ကို အကြီးအကျယ် ထိုးနှက်တော့မည်ဖြစ်သည်။

"ရတနာက ဘယ်လုပ်ငန်းကိုမဆို နိုင်နိုင်နင်းနင်း စီမံကွပ်ကဲတတ်တယ်ဆိုတာ မောင်သိပါတယ်၊ မောင်နဲ့ရတနာတို့ရဲ့ မျိုးဆက်အတွက်လေ"

မြရိပ်ညို့နှင့်ပင် မတွေ့ဆုံနိုင်။ သူ့အား နားလည်မှုအပြည့်အဝပေးနေတဲ့ မြရိပ်ညို့ကိုတော့ သူလုံးဝ မစွန့်လွှတ်ဘူး။

ရတနာနှင့် လက်ထပ်ပြီး သူလုပ်ချင်တာ လုပ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ကိုယ့်ကို အတင်းအကြပ် လက်ထပ်ခဲ့တာက မင်းပဲလေ မင်းက ကိုယ့်ရဲ့ပွဲတက်မယားဖြစ်နိုင်ပေမယ့် ကိုယ့်နှလုံးသားကို မြရိပ်ညို့ကိုပဲ ပေးအပ်မှာ"

သူ့စိတ်ထဲကနေ ပြောမိသည်။ ရတနာကတော့ မိန်းထ



လေးတစ်ယောက်ရဲ့ အရှက်သိက္ခာကို အကြောင်းပြ၍ လက်ထပ်ပွဲကျင်းပမှာ သေချာနေ၏။ သတိုး လေးလေးသုတအကြောင့် မဖြစ်မနေ လက်ခံလိုက်ရမည်ဖြစ်သည်။ ရတနာကလဲ နည်းနည်းလေးမှအလစ် မပေးပေ။

မြရိပ်ညို့ထံ ဖုန်းခိုးဆက်တော့ ရတနာမိသွား၏။ အကြီးအကျယ် ပြဿနာရှာသည်။

"မောင် ဘယ်သူ့ဆီ ဖုန်းဆက်တာလဲ ပြောစမ်းပါ"

"မင်းနဲ့မဆိုင်ဘူးထင်တယ် ရတနာ ... ကိုယ်အလုပ်ကိစ္စတွေပါ မင်းနဲ့လက်ထပ်ရင်ပြီးတာပဲ မဟုတ်လား"

ရတနာကလဲ လက်ထပ်ပွဲမပျက်ချင်၍ မောင့်ကို ပြဿနာမရှာတော့။ ရှင့်ကိုမယုံတော့ဘူး။

အရေးကြီးတာက လက်ထပ်ပွဲပြီး မြောက်အောင်မြင်ဖို့ပင်။ သတိုးမဟာ ပိုင်ဆိုင်မှုတွေက အများကြီး ပဲ။ ရတနာပိုင်ဆိုင်ရမယ်။ လက်ထပ်ပွဲကိုပဲ အာရုံစိုက်နေမိသည်။

သူမ အိမ်ပြန်ရောက်တော့ မိဘအမွေတောင်းတဲ့ လေးလေးရှေ့နေထံမှ နို့တစ်စာ ရောက်နေ၏။ ရတနာ ဒေါသဖြစ်လိုက်တာ အရက်သမားကများ။ မာမီကတော့ အမှုကိုရင်ဆိုင်ရင်း အချိန်ဆွဲထားမယ်တဲ့။ အရက်သမား သေမှာပါတဲ့။

"မာမီ ... ရတနာမင်္ဂလာပွဲရှိသေးတယ်၊ သမီးအမိအရ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ဂဏာလောက် အချိုသတ်ထားလိုက်ပါ၊ မာမီ့မောင်က တော်တော်ယုတ်မာတယ်”

“သူ့ကိုပေးရမယ့်အမွေကရှိတယ် ရတနာ ... ဘယ်လိုလဲ ညှိနှိုင်းပြီးပေးသင့်သလောက် ပေးလိုက်မယ်၊ နောက်မှ ဖြည်းဖြည်းချင်းပေးမယ်လေ”

“မပေးဘူး ... ဘာဖြစ်လို့ပေးရမှာလဲ၊ အမှုပဲစွဲပါစေ၊ မာမီကလည်း အစောကြီးထဲက အပိုင်လုပ်မထားဘူး”

“လုပ်လို့မရဘူးလေ၊ မာမီလည်း လုပ်ချင်တာပေါ့ ဒီအရက်သမားကြောင့် ...”

“ရတနာကတော့ လုံးဝအမျိုးမတော်နိုင်ဘူး၊ ဒီမှာ မင်္ဂလာပွဲအတွက် အကြီးအကျယ် ပြင်ဆင်နေပါတယ်ဆိုမှ”

ရတနာ ဒေါသတွေဖြစ်နေသည်။ မောင်ကလဲ လက်ထပ်ပွဲကို အချိန်ဆွဲချင်နေ၏။ ရမလား ... ရတနာပဲဟာ တရားဝင်လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲရန် ကြိုးစားနေသည်။

“သမီး အချိန်ဇွေ အရှမ်းဆွဲနေလို့မဖြစ်ဘူးမာမီ ... မနက်ဖြန်ပဲ လေးလေးသူတကို ပြောပြပြီး တရားဝင်လက်ထပ်မယ်၊ မောင့်တိုက်မှာ ရတနာပြောင်းနေမယ်၊ အမှုကို မာမီတစ်ယောက်ထဲကြိတ်ပြီး ရင်ဆိုင်ပါ ... ရတနာတို့က အမွေတွေကို အပိုင်စီးထားတာ သတင်းပေါက်ကြားလို့ မဖြစ်ဘူးနော်”





“မာမီသိပါတယ်ကွယ် ... စိတ်မပူနဲ့ သမီးဘဝအတွက် သတိုးမဟာကို အပိုင်ချုပ်ကိုင်ဖို့ပဲလုပ်” သ

မြရိပ်ညိုရော။ လေးလေးမောင်ရဲ့ သမီးကပျောက်နေ ယုံ မျိုးဖျက်မ ... ဘာတွေလုပ်နေလဲ။ ရတနာကတော့ ခွေးမျိုး ပိုနေ မသတ်မှတ်နိုင်ပေ။ မတူမတန်ဟုပဲ သတ်မှတ်ထား၏။

မောင်နှင့် မနက်ဖြန်ပဲ တရားရုံးမှာ တရားဝင်လက်မှတ်ထိုးမည့်အကြောင်းကို လေးလေးသူတထံ ဖုန်းဖြင့် ခွေးနွေးတိုင်ပင်ရသည်။

“တူမလေး ရတနာဆန္ဒအတိုင်း လုပ်လေ၊ လေးလေးသူတ သဘောတူပါတယ် ... တူမလေးဆန္ဒအတိုင်းသာ လုပ်ပါကွယ်”

“မောင့်ကို လေးလေးသူတ တွန်းအားပေးပါ၊ မောင်က အေးစက်စက်နဲ့၊ ဒါကြောင့်လည်း ... ရတနာ အရမ်းစိတ်ပူကာ”

“ကောင်းပါပြီကွယ်၊ ရတနာ့သဘောပါ၊ တူလေးသဟိုးကိုလည်း လေးလေးသူတ စိတ်မချဘူး ... အမြန်ဆုံးလက်ထပ်ပြီး အတူတူနေကြတော့”

“မောင့်ကိုလည်း ပြောပေးပါ၊ မင်္ဂလာပွဲကိစ္စ မောင်ကအေးစက်နေသလိုပဲ၊ လေးလေးတူကို နိုးဆော်ပေးပါဦးနော်”

“လေးလေးတာဝန်ထားစမ်းပါ၊ တူမလေးဘာမှမပူနဲ့ လက်မှတ်ထိုးဖို့သာ စီစဉ် ...”



www.burmeseclassic.com

www.burmeseclassic.com



ရေ

"ဟုတ်ကဲ့"

တေ

ရတနာ အရမ်းပဲဝမ်းသာပျော်ရွှင်ရသည်။ သတိုးမဟာနှင့်

ညှိနှိုင် ဉ်ထပ်ဖို့ အရေးကြီး၏။ ရှင့်စီးပွားရေးတွေ ကျွန်မလက်ထဲ

ာ်စေရမယ်။

ချင်းေ

"မာမီ ... သမီး မနက်ဖြန်ပဲ မောင်နဲ့လက်ထပ်မယ်၊ လေးလေးကလဲ သဘောတူပြီ ... စီစဉ်တော့မယ်"

"ကောင်းလိုက်တာ သမီးရယ်၊ စီစဉ်တော့ မာမီကတော့ သမီးကောင်းစားရေးအမိကပဲ ... ဟိုကောင် အရက်သမားကို မာမီ နှိပ်ကွပ်ပြမယ် ... အမွေအမှု မပြီးခင် သေမှာပါ"

"မနက်ဖြန်ပဲ မောင်တို့တိုက်မှာ သမီးလိုက်နေတော့မယ်။ မာမီတစ်ယောက်ထဲ ဖြစ်တယ်နော်"

"ဖြစ်ပါတယ်ကွယ် ... သမီး ချမ်းသာဖို့ပဲ လုပ်စမ်းပါ"

ရတနာကတော့ လက်ထပ်ပွဲအတွက် အမြန်ဆုံးစီစဉ်သည်။ မောင်ဏ ကန့်ကွက်နေ၏။ သူမထံ ဖုန်းဆက်ပြီး အမိပွါယ်မရှိတဲ့ အလုပ်တွေကို မလုပ်ဖို့ ပြောနေသည်။

"မောင်စကားများမနေနဲ့ လေးလေးသဘောပဲလေ ... ရတနာ အရမ်းစိတ်ပူလို့ပါ၊ လက်မှတ်ထိုးထားမှ ရတနာစိတ်အေးရမှာလေ"

"ရတနာ"

"မောင် ဘာဖြစ်နေတာလဲ၊ မောင်အမြဲတမ်း ငြင်းနေလို့





ရတနာစိတ်ပူတာ၊ မဖြစ်ဘူး ... မောင် အဆင်သင့် ပြင်ဆင်ထားပါ၊ ကျွန်မ တရားရုံးကိစ္စတွေ စီစဉ်ထားပြီးပြီ ... မောင့်ကိုဝင်ခေါ်မယ်"

"အဓိပ္ပါယ်မရှိတာဘဲကွာ ... မင်းဘာဖြစ်လို့ မောင့်ကိုမယုံနေရတာလဲ ... မင်းနဲ့မောင်က ဘဝတစ်လျှောက်လုံး အတူတူနေကြရမှာပါ"

"ကျွန်မက မိန်းကလေးပါ၊ အရာရာ ယုံကြည်နေလို့မဖြစ်ဘူးလေ ... ရတနာ့အသိုင်းအဝိုင်းက ဘာတွေလဲဆိုတာ မောင်သိပါတယ်"

ရတနာက ဘယ်လိုမှပြောလို့မရတော့ဘူးဆိုတာ သတိုး သိသည်။ ဘယ်လိုမိန်းမမျိုးလဲ။ ယောကျ်ားတစ်ယောက်အား ငမ်းငမ်းတက် လိုချင်နေတဲ့ပုံပင်။

"သတိုး ... မင်းကလဲမင်းပဲ တူလေး ... ရတနာနဲ့လက်ထပ်ဖို့ မင်းဘက်ကပိုပြီး လှုပ်ရှားရမှာလေ"

"လေးလေး"

"ပြော"

"ရတနာက မလွယ်ဘူးနော်၊ ကျွန်တော့်ကိုယ်ရေးကိုယ်တာရော စီးပွားရေးလုပ်ငန်းတွေမှာပါဝင်ပြီး စွက်ဖက်ချင်နေတယ်၊ မဖြစ်သင့်ဘူးလို့ ထင်တယ်ဗျာ"

"ထက်မြက်တဲ့ မိန်းကလေးကွ၊ မင်းအတွက်လိုအပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးလက်ထပ်ဖို့ လေးလေးတိုက်တွန်းထားတာလေ၊ မနက်ဖြန်ပဲ တရားဝင်လက်ထပ်ပါ … လေးလေးတောင် စိတ်ပူနေပြီ သတိုး … မင်းအတွက် ဘယ်လောက်ရင်ပူနေရလဲ မဟုတ်မဟတ်တွေနဲ့ အတွေ့မခံနိုင်ဘူး၊ အချစ်ဆိုတာ မလိုအပ်ပါဘူးကွာ၊ လက်ထပ်ပြီးရင် တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွယ်ပြီး ချစ်လွန်းလို့မှ မခွဲနိုင်မခွာရက် ဖြစ်နေမယ်”

“လေးလေးရာ”

မြရိပ်ညိုကို ဇွန့်လွှတ်လိုက်ရတဲ့အထိ ဖြစ်လာမှာ သတိုးအကြောက်ဆုံးပင်။ ရတနာက မလွယ်ဘူး။ ထက်မြက်လွန်းသည်။ အခုတောင် လက်ထပ်ပွဲကိစ္စ သူမကပဲ ဦးဆောင်စီစဉ် ခန့်ခွဲနေ၏။

ရတနာနှင့် လက်ထပ်ရမှာ သတိုးစိတ်အညစ်ကြီး ညစ်သည်။

“မင်းစိတ်ညစ်နေတာလား သတိုး … မင်းအိမ်ထောင်ရေးကိစ္စကိုတော့ လေးလေး အလိုမလိုက်ဘူးနော်၊ မင်းက ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ပါကွ၊ မနက်ဖြန် ရတနာလာနေလိမ့်မယ်၊ မင်္ဂလာအိပ်ခန်းပြင်ထားဖို့တောင် ကိုညိုကို တာဝန်ပေးထားပြီးပြီ”

“ဗျာ”

“ဘာဗျာလဲ …”

“မင်္ဂလာအိပ်ခန်း လိုသေးလို့လား လေးလေးရာ”





ရတနာနှင့်အတူတူအိပ်စက်ဖို့ သူလုံးဝစိတ်မပါပေ။ အဓိပ္ပါယ်မရှိတဲ့ မင်္ဂလာကိစ္စတွေ အလျှင်အမြန်စီစဉ်နေသည်။ ရတနာကို သူအထင်မကြီးမိ။

မြရိပ်ညိုနှင့် မတွေ့ရတာကြာပြီဖြစ်၍ စိတ်တွေ ရှုပ်ထွေးလွန်းစွာဖြင့် သူမထံသွားရောက်ခဲ့သည်။

“မောင်နဲ့ရတနာ မနက်ဖြန်ပဲ လက်ထပ်တော့မယ် မြရိပ်ညိုရယ် … မောင်အရမ်းကြေကွဲနေတယ်၊ မောင် လုံးဝလက်မထပ်ချင်ဘူး၊ မောင့်အချစ်တွေကို မြရိပ်ညို ယုံရဲ့လားကွာ”

“ယုံပါတယ်မောင်ရယ် … မြရိပ်ညိုမှာက ဝေဖန်သုံးသပ်ပိုင်ခွင့်မှ မရှိတာဘဲ၊ မြရိပ်ညိုအတွက် လုံးဝနောက်ဆံမတင်းဘဲ လက်ထပ်ပါ”

“မြရိပ်ညို”

“မောင်”

“မောင့်ဆီကနေ တစ်စုံတစ်ခုလောက် တောင်းဆိုစမ်းပါ၊ မင်းဘာတွေဖြစ်ချင်လဲ … မောင်ဘာလုပ်ပေးရမလဲ၊ မင်းအလိုအပ်ဆုံးဆန္ဒတစ်ခုခုပေါ့ တောင်းဆိုပါ”

“ဟင့်အင်း”

“တောင်းဆိုပါအချစ်ရယ် … မောင်လိုက်လျောပါ့မယ်၊ မင်း တောင်းဆိုစမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



မောင်က သူမခန္ဓာကိုယ်လေးအား အတင်းအကြပ် ဖွေးပွေ့ထားကာ တောင်းဆိုနိုင်းနေသည်။ မြရိပ်ညို ဘာတွေတောင်းဆိုရမှာလဲ။ တရားဝင်လက်ထပ်ယူပါဆိုရင်ရော မောင်က ဖြည့်စွမ်းပေးမှာလား။

သူမအဖေလို ယောကျ်ားမျိုးတွေပဲ ဖြစ်သွားမှာပါ။ မြရိပ်ညို လူသတ်တရားခံ မဖြစ်လိုပါဘူးမောင်။

ရှင့်ဦးလေးက အဖေ့အစ်မထက်တောင် ဆိုးဦးမယ်။

"မောင်"

"ပြောပါ"

"ရတနာနဲ့ပဲ အေးချမ်းစွာ တင့်တင့်တယ်တယ် လက်ထပ်ပါ အဲဒါက မြရိပ်ညိုရဲ့ အကြီးမားဆုံးဆန္ဒပါပဲ"

"မြရိပ်ညိုရယ် ... မောင့်ကိုမင်း ငဲ့ညှာထောက်ထားတာ မဟုတ်လားကွာ၊ ပြောစမ်းပါ ... မင်းဆန္ဒက အမှန်ပဲလား မောင့်ကို တရားဝင်လက်ထပ်ပေးပါလို့ မတောင်းဆိုတော့ဘူးလား"

"မတောင်းဆိုပါဘူးမောင်၊ ဖြစ်လည်းဖြစ်နိုင်တာမှ မဟုတ်တာ၊ အလကား စိတ်ဆင်းရဲရတယ် ... ကျွန်မမှာလည်း ဒီလိုဆန္ဒတွေမရှိပါဘူး လက်ထပ်ပါ ..."

"မောင် မနက်ဖြန် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရမယ် ... ရတနာက မောင်နဲ့လာနေတော့မယ်၊ မောင် မိန်းမယူတာ





တကယ်ကို ပေါ့ပျက်ပျက် ... ခံစားလို့လည်းမရဘူး"

သူမ ရယ်ပစ်ချင်သည်။

နင်ဝင့်လည်တော့မယ် ခင်ရတနာ ... ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်းယူခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားချက်လေ။ ငါ့အမေလို ဘဝမျိုးပေါ့။

"မောင်"

"ရတနာ"

"လက်ထပ်ပြီးရင် မောင့်အိမ်ထောင်ရေးဘဝကိုပဲ တည်ငြိမ်အေးချမ်းသွားအောင် တာဝန်ယူပါ၊ မြရိပ်ညိုက ဘာလဲ ... မောင့်ဘဝကြီး အေးချမ်းသာမှုတွေ ဂုဏ်သိက္ခာကြီးမြင့်မှုတွေအတွက် ဘာတစ်ခုမှ လုပ်ပေးနိုင်စွမ်းမရှိပါဘူး၊ မောင်တို့ကို တကယ်ပဲ ပျော်ရွှင်စေချင်တာပါနော်"

ခင်ရတနာ။ နင့် ... သတိုးမဟာနဲ့ပဲ လက်ထပ်ရမှာပါ။ မပူပါနဲ့။ ယောကျ်ားတစ်ယောက်ကို ဒီလောက်ကြီးမက်မောပြီး အငမ်းမရ လက်ထပ်ရလောက်အောင် နင့်ဘဝက အရှက်မရှိတော့ဘူးလား။ ငါတောင် မလုပ်ဘူး။ မိန်းမမာနရှိစမ်းပါ ခင်ရတနာ။

"ရတနာ ... ဒီမိန်းမက မောင့်ကို အတင်းအကြပ်လက်ထပ်ဖို့ ကြိုးစားနေတာ မရိုးသားဘူး မြရိပ်ညို၊ ပြောတော့ ဂုဏ်သိက္ခာကြောင့်တဲ့ အရှက်မရှိဘူး၊ ပြီးတော့လည်း မင်္ဂလာဆည့်ခံပွဲတောင်



www.burmeseclassic.com

www.burmeseclassic.com



မကျင်းပရသေးဘဲနဲ့ ယောက်ျားလေးအိမ်မှာလာနေတော့မယ်။ လေးလေးက မင်္ဂလာအိပ်ခန်းတောင် ပြင်ဆင်နေတယ်၊ ဘာတွေလဲ ကွာ ... ခံစားလို့ကို မရဘူး"

"မောင်ရယ် ... ရတနာက မောင့်ရဲ့ပွဲတက်မယား ထားရ လက်တွဲဖော်လေ၊ အရမ်းလိုက်ဖက်ပါတယ် ... နောက်တော့ မောင် အရမ်းချစ်သွားမှာပါနော်"

ဖြစ်နိုင်ပါ့မလား။ မြရိပ်ညိုက စိတ်သဘောထား ဖြူစင်လွန်းတဲ့ မိန်းမ။ သူနှစ်သက်မြတ်နိုးသည်။ ရတနာက သူ့ကိုချုပ်ကိုင်ထားတော့မှာ သေချာ၏။ ဘယ်လိုလုပ်ရမလဲ၊ စိတ်ညစ်နေရသည်။

"မောင်အရက်သောက်ချင်တယ်၊ မြရိပ်ညို ပြင်ဆင်ပေးပါ ဘယ်လိုအကြောင်းပဲရှိရှိ မြရိပ်ညိုနဲ့နေမယ် ... တစ်နေ့လုံး တစ်ည လုံးကွာ"

"မြရိပ်ညို ပြင်ပေးမယ်နော်၊ မောင့်ဆန္ဒအတိုင်းပါပဲ၊ အဖေ ကြီးထဲက မောင်နဲ့ကျွန်မ ကြိုတင်တွေးထားခဲ့တာလေ၊ မထူးဆန်း လို့ မောင်အရမ်းမခံစားပါနဲ့ ... မြရိပ်ညိုက မောင့်ပွဲတက်မယား မဖြစ်ထိုက်ပါဘူး၊ ကျွန်မ ကျေနပ်ပါတယ်လေ"

"မြရိပ်ညိုရယ် ... မောင်ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုး လည်း ထားပါတယ်"

မြရိပ်ညိုကတော့ မောင့်အား လိုလေသေးမရှိအောင် မြှုံ





နေသည်။ နောက်ဆုံးရက်တွေလည်း ဖြစ်နိုင်ပါတယ်။

ရတနာက ကိုသတိုးအား မျက်စိအောက်ကပင် အပျောက် မှာမဟုတ်။ မောင်နဲ့ဝေးရတော့မှာပါ။

ခင်ရတနာ နင်တော့ ဒုက္ခတွေ သောကတွေ ရင်မှာပိုက် ထားရတော့မယ်။ ငါ့အမေလိုလေ ... ငါနဲ့ဝေးရလေ မောင်က နင့်ကိုနာကြည်းနေလေပဲ။ စောင့်ကြည့်ရဦးမယ်။

မြရိပ်ညိုကတော့ အေးအေးဆေးဆေးပဲလေ။ သူမ ဟား တိုက် ရယ်မောပစ်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားနည်းနေတာတဲ့ ဘာရောဂါမှမရှိဘူး"

"အေးပါကွာ ... မင်းကိုတော့ ကျေးဇူးတင်ပါတယ် လရိပ်ထင်ရာ ... မင်းရှိလို့သာပေါ့၊ သမီးလေးကိုပဲ တွေ့ချင်တယ်၊ စိတ်ထဲမှာ နောင်တတွေနဲ့ အရမ်းခံစားနေရတယ်၊ ဖြေလို့တောင်မရဘူး"

ဦးမောင်မောင် မျက်ရည်တွေပင် ပြည့်ဝိုင်းလာသည်။

အဖေ မှားပါတယ် သမီးရယ်။ အခု အဖေချစ်တဲ့ အစ်မနဲ့တူမက ဆွေမျိုးတော်ရမှာတောင် ရှက်နေကြ၏။ အဖေ မှားတယ်။ ဇနီးနဲ့သမီးအပေါ် တာဝန်မကျေတဲ့အပြင် နှိပ်စက်လာခဲ့တယ်။

သမီးလေးဘဝ ပျက်ရရင်လည်း အဖေ့အပြစ်ပါ။

"သမီးကိုရှာပေးပါ ... ဦးလေးမောင် မသေခင် တွေ့ချင်ပါတယ်၊ သတင်းစာထဲကပဲ ဖြစ်ဖြစ် ခေါ်ပေးပါ"

မြရိပ်ညိုက သတင်းစာလည်းဖတ်မှာ မဟုတ်။ သူကတော့ အတတ်နိုင်ဆုံးပဲ မြရိပ်ညိုနှင့်တွေ့ဖို့ ကြိုးစားရမယ်။

ခင်ရတနာနှင့်လည်း လက်ထပ်ကြတော့မည်။ မြရိပ်ညိုကို တွေ့ရမယ်။

ဦးလေးမောင်ကို ချော့မော့ခေါ်၍ ဆေးခန်းပြကာ၊ အားဆေးသွင်းပေးခဲ့ရသည်။

"ဦးလေးမောင် အနားယူပါတော့ ... ကျွန်တော် ကျောင်းသွားရမယ်၊ အမေလည်း လာကြည့်မှာပါ"



အခန်း ( ၁၈ )

"ဦးလေးမောင် ... ဆေးခန်းကို သွားရအောင်၊ အားဆေး လေး ဘာလေးသွင်းရမယ်၊ စိတ်ကိုတင်းထားပါဗျာနော်"

ဦးလေးမောင် အရက်ဖြတ်ထား၍ အားနည်းနေသည် အစားအစာတွေလည်း သိပ်မစား၍ လရိပ်ထင် ချော့မော့ကျွေးနေ ၏။

အမွေကိစ္စလည်း မပြီးပြတ်သေး။ ဦးလေးမောင် တစ်ခုခုဖြ သွားမှာ စိတ်ပူသည်။

"သမီးလေး မြရိပ်ညိုရော ... ဦးလေးမောင် တွေ့ချင်တယ် ရှာပေးပါကွာ ... အမွေကိစ္စ သမီးလေးကို လွှဲအပ်ရမယ်၊ ဦးလေး မောင် တွေ့ချင်လိုက်တာ"

"မကြာခင် တွေ့ရတော့မှာပါ၊ စိတ်ကိုတင်းထားပါ ဦးလေး မောင်ရယ် အစာစားပါ ... ဆေးသောက်ရမယ်၊ အရက်ဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ဦးလေးမောင်ကို စိတ်ချပါ၊ သမီးလေး မြရိပ်ညိုကိုသာ ရှာခဲ့ပေးပါ လရိပ်ထင်"

"မကြာခင် တွေ့ရမှာပါ ... ဦးလေးမောင် ကျန်းမာရေး ဂရုစိုက်ပါနော်"

ဦးလေးမောင်ကို စားစရာတွေ အပြည့်အစုံထားခဲ့ပြီး အနေ ကိုလည်း စောင့်ရှောက်ပေးဖို့ မှာခဲ့သည်။

လရိပ်ထင် ကျောင်းသွားတော့ လမ်းမှာ ဦးလေးမောင် အစ်မ ဝတ်စားပြင်ဆင်ပြီးကားနှင့် ထွက်သွားတာ ဆုံလိုက်ရသည်။

"ဟဲ့ ... ကောင်လေး လရိပ်ထင်၊ ဟိုအရက်သမားကိုပြော လိုက်နော် ... ငါ့သမီး လက်ထပ်ပွဲသွားနေလို့ လာမတွေ့တာလို့ လောဘကောင် ... သေလည်းမသေနိုင်ဘူး"

ခင်ရတနာ လက်ထပ်တော့မယ်။ တရားဝင်ဖြစ်ပြီပဲ။ မြရိပ် ညိုရော သိရဲ့လား။ လရိပ်ထင် မျက်နှာထားတွေ တင်းသွားသည်။ ဦးလေးမောင်အား အရက်သမားတဲ့။ ဒေါသဖြစ်ရ၏။ အမွေတွေ လည်း မတရားလက်ဝါးကြီးအုပ်ထားသေးသည်။ တော်တော် လော ဘကြီးတယ်။

ခင်ဗျားကြီးတို့ တစ်နေ့နေ့ ဒုက္ခရောက်လိမ့်မယ်။ လရိပ်ထင် ကတော့ မြရိပ်ညိုအတွက်ပဲ နာကျင်နေရသည်။

"လရိပ်ထင် ... နေရီတို့အိမ် လိုက်ခဲ့ဦးနော်၊ စာမေးပွဲနီးပြီ





လေ၊ နေရီကို စာလာပြပေးပါ"

"ကောင်းသားပဲ နေရီ"

သူလည်း မြရိပ်ညိုနှင့် တွေ့ရန် အခွင့်အရေးတစ်ခုအနေဖြင့် နေရီအိမ် စိတ်မပါဘဲ ဝင်ထွက်နေရသည်။ မြရိပ်ညို အခန်းက ပိတ် ထားဆဲပင်။ ဒီနေ့ ကိုသတိုးနဲ့ ရတနာ တရားဝင်လက်မှတ်ထိုးကြ မယ်။ မြရိပ်ညို အဆင်ပြေရဲ့လားဆိုတာ သိချင်နေ၏။

နေရီ့ကို စာပြပေးရသေးသည်။

"လရိပ်ထင်ကို ပြောရဦးမယ်သိလား ... ဟိုရှေ့ခန်းက မြရိပ် ညိုလေ ... သူ့စပွန်စာက လက်ထပ်တော့မယ်၊ ဒီနေ့တဲ့ ... မြရိပ် ညိုကတော့ အိမ်ထဲကနေ လုံးဝမထွက်ဘူး၊ နေရီကတော့ မကြာ ခဏ သွားပြီး ကူညီပေးပါတယ်"

"နေရီ"

"ဟင်"

"အဲဒီ အမျိုးသမီးက ကိုယ့်အသိရဲ့သမီးဆိုတာလားလို့ ကိုယ် သံသယဝင်လာတယ်၊ သူ့အဖေ အရမ်းနေမကောင်းဖြစ်နေတယ်၊ ကိုယ် တွေ့ချင်တယ်"

"ဟင် ... ဟုတ်လား၊ နေရီ အကူအညီပေးမယ်လေ၊ လရိပ် ထင်ကလဲ လူမှုရေးတွေလုပ်တာ သဘောကျတယ် မဟုတ်လား"

"ဟုတ်တယ် နေရီရီ ... "



www.burmeseclassic.com

www.burmeseclassic.com



"စောစောကပြောရောပေါ့ လရိပ်ထင်"

"ကိုယ်လည်း အခုမှတွေးမိတာပါ။ ဟုတ်မဟုတ်တော့ မသိသေးဘူး၊ ကိုယ်နဲ့မိတ်ဆက်ပေးပါ"

"လာလေ သွားမယ် ... လရိပ်ထင် ဆန္ဒရှိမယ်ဆိုရင် နေရီ ဘာပဲလုပ်ရ လုပ်ရပါနော်၊ လရိပ်ထင် ရှိနေရင် နေရီလေ အားတက်သလိုပဲ ပျော်တယ်"

ကိုယ်ကတော့ မင်းအတွက် စိတ်မကောင်းပါဘူးနေရီရီ ဆောရီးပဲ။ ကိုယ်တောင်းပန်ပါတယ်။ ကိုယ်ချစ်တာက မြရိပ်ညိုပါ။

နေရီရီက မြရပ်ညိုအခန်းရှေ့မှာရပ်ပြီး ဘဲလ်တီးတော့ အိမ်ဖော် မိန်းမကြီးက တံခါးလာဖွင့်ပေးသည်။

"ဟင် ... မိန်းကလေး ... မင်း ... "

"သမီးတို့အထဲဝင်မယ်နော် ... မြရိပ်ညိုရောဟင်"

"နေမကောင်းဘူး"

"ခဏလေးပါ ... နေရီတို့ ပြောစရာရှိလို့လေ"

အခန်းထဲမှ မြရိပ်ညို ထွက်လာသည်။

လရိပ်ထင်ကို တည်တင်းတဲ့ မျက်ဝန်းတွေနှင့်ကြည့်၏။ နှင် ဘယ်အချိန်အထိ ရှောင်ပုန်းနေမှာလဲ မြရိပ်ညို။ နည်းနည်းလေး ပိန်သွားသည်ဟု ထင်နေသည်။

"မြရိပ်ညို ... သူက လရိပ်ထင်ပါ နေရီ့သူငယ်ချင်းလေ"





"တို့နှစ်ယောက်က အိမ်နီးနားချင်းတွေပါ နေရီ"

"ဟုတ်လား"

"မြရိပ်ညို"

"အဖေ နေကောင်းရဲ့လား"

"မကောင်းဘူး ... အရက်ဖြတ်လိုက်လို့ အိပ်ရာထဲမှာလဲနေတယ်၊ နင့်ကို အရမ်းတွေ့ချင်နေတယ် မြရိပ်ညို"

မြရိပ်ညိုလည်း စိတ်တွေညစ်နွမ်းရှုပ်ထွေးနေသည်။ ကိုသတိုး လက်ထပ်မဲ့နေ့ပဲ။ အခုလောက်ဆိုရင် တရားဝင်အကြင်လင်မယားအဖြစ် လက်မှတ်ထိုးပြီးနေပြီပေါ့။ အဖေ့ကိုလည်း မြရိပ်ညို တွေ့ချင်နေသည်။

"နင်သွားတွေ့သင့်တယ် မြရိပ်ညို ... နင့်ကိုပြောစရာတွေလည်းရှိတယ်၊ ဦးလေးမောင် စိတ်ထိခိုက်နေပြီ"

"ကောင်းပြီလေ ... သွားကြမယ်၊ ငါလည်း အဖေ့ကိုတွေ့ချင်တယ်၊ ခဏလေး ... ငါအဝတ်အစားလဲလိုက်မယ်"

မြရိပ်ညို အခန်းထဲပြန်ဝင်သွားသည်။ နေရီရီ့ကို အခြေအနေတွေ ရှင်းပြလိုက်၏။ သူ့သူငယ်ချင်း မြရိပ်ညိုလို့။

"ကိုယ်သွားလိုက်မယ် နေရီ ... မနက်ဖြန်မှ ပြန်လာခဲ့မယ်"

"နေရီလည်း လိုက်မယ်လေ"

"မလိုက်နဲ့ဦး နေရီရီ ... ဖြေရှင်းရမယ့်ကိစ္စတွေရှိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှနော်"

မြရိပ်ညို ထွက်လာသည်။ သူမကားနှင့်ပဲ အပြင်ထွက်လာကြ၏။ လရိပ်ထင်ကို ကားမောင်းစေသည်။

"ငါ အဖေနဲ့မတွေ့ချင်ဘူးနော် လရိပ်ထင် ... နင်ညာခေါ်တာလား၊ နေရီရှိ့ကို အားနာစရာကောင်းတယ်ဟာ"

"မြရိပ်ညို ... နင့်ကို ငါပြောစရာတွေ အများကြီးရှိတယ်"

"ကိုသတိုး လက်ထပ်တဲ့ကိစ္စလား၊ ဒီနေ့လေ ... ရတနာနဲ့ ငါအားလုံးသိပါတယ်ဟာ"

"နင်ဘာတွေလုပ်နေတာလဲ၊ အခုဆိုရင် ဦးလေးမောင်အရက်ဖြတ်ထားတယ်၊ နေမကောင်းဘူး ... အမွေတွေလည်းတောင်းဖို့ လုပ်နေတယ်"

"ဟား ... ဟား ... ဟား"

"မြရိပ်ညို ... နင် ဘာရယ်တာလဲ"

"ရယ်ချင်လို့လေ ... အဖေက ဘာအမွေတောင်းတာလဲ၊ ငါ့ဘဝကြီးတစ်ခုလုံး ကြေမွပျက်စီးနေပြီ၊ အဖေအမွေရတော့လည်း ငါ့ဘဝက ကောင်းသွားမှာလား လရိပ်ထင်"

"ဘဝဆိုတာ ဒီလိုပဲဟ ... နင့်စိတ်ကိုလျှော့လိုက်ပါတော့ နင့်အဖေ သေတာ နင်မြင်ချင်လို့လား ... နင်တို့သားအဖ နှစ်ယောက်ပဲ လူ့လောကကြီးထဲမှာ သံယောဇဉ်တွယ်စရာရှိတာ၊





ဦးလေးမောင် အရမ်းနောင်တတွေရနေတယ် ... ကျန်းမာရေး ထိခိုက်နေရှာတယ်၊ နင့်ကိုတွေ့အောင် ရှာပေးပါတဲ့"

"ငါအမွေလည်း မလိုချင်တော့ပါဘူး လရိပ်ထင် ... ကိုသတိုး ငါ့ကိုထားခဲ့ရင်လည်း သူထောက်ပံ့ထားတဲ့ စည်းစိမ်တွေရှိပါတယ်"

"နင်ဘယ်လိုဘဝမျိုးမှာ နေမှာလဲ ကိုသတိုးကို မျှော်လင့်နေသေးတာမျိုးလား၊ ကိုသတိုးလက်ထပ်မှာက နင့်အမျိုးနော်၊ ခင်ရတနာ့အကြောင်းလည်း နင်အသိဆုံးလေ"

"လရိပ်ထင်"

"ပြော"

"နေရီရှိနဲ့လက်ထပ်လိုက် ... နေရီကိုပဲ ရွေးချယ်ပါ၊ သူက နင့်ကိုချစ်နေတယ်"

"နင့်ကြောင့်လေ ... နင့်ကိုစောင့်ရှောက်ပေးဖို့အတွက် ငါ နေရီနဲ့ပတ်သက်တာ ငါလုံးဝမချစ်ဘူး ... ငါ ကိုသတိုးမဟုတ်ဘူး နော် ... နင့်ကိုပဲချစ်တာ အမေကလဲ နင်နဲ့ပဲ သဘောတူတယ်"

"အရူး"

"မြရိပ်ညို ဘဝကို အသစ်ပြန်စပါ၊ နင့်အဖေကို ခေါ်ထားလိုက်၊ ဦးလေးမောင် အရမ်းခံစားနေရပါပြီ"

"အဖေကလား"

"နင် ငါပြောတာကိုယုံပါ မြရိပ်ညို ... ကိုသတိုးက လှုပ္ပတ်



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်တော့တာ၊ သူ့ပစ္စည်းတွေကိုပြန်အပ်ပြီး ပြန်စကြရအောင်"

ငါလုပ်မှာပါ။ ကိုသတိုးကို လုံးဝ အဆက်အသွယ်ဖြတ်တော့မယ်။ ခင်ရတနာ့ကို အပြီးသတ် ထိုးနှက်ပြီးရင်လေ။

"ဦးလေးမောင်ကို သွားတွေ့ပါ၊ ငါတောင်းပန်ပါတယ်၊ နင့်အဖေပါ … ဘယ်လောက်ဆိုးသွမ်းပေတေနေပါစေ အဖေကအဖေပဲ"

"တော်ပြီဟာ … ငါက နေရီရီ့ရှေ့မှာမို့ ထွက်လာခဲ့တာ၊ တော်ကြာ … အမွေလိုချင်လို့ ထင်နေမယ်"

"နင်ဘယ်အချိန်အထိ ဘဝကို ရေစုန်မျှောနေမှာလဲဟာ"

"ငါ ဒီလိုဘဝရောက်ရတာ အဖေ့ကြောင့်လေ အဖေ့အမျိုးတွေဆီ ကျွန်အဖြစ် ပို့ဖို့လုပ်တာအဖေပဲ"

"ထားလိုက်ပါတော့ဟာ … နင်အမွေတွေ မလိုချင်ရင်တောင် နင့်အဖေကို နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ် တွေ့လိုက်ပါ၊ ပြီးရင် နင်နေချင်တဲ့နေရာမှာနေပါ"

လရိပ်ထင်ရယ်။ ငါ့ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေ များလွန်းနေတယ်။ ကိုသတိုး လက်ထပ်တဲ့နေ့မှာ ငါအရမ်းခံစားနေရတယ်။ အချစ်တွေကို ဘယ်တော့မှ ငါမွေးမြူမထားဘူးဆိုတာတောင် ငါ နာကျင်နေတယ်။

လရိပ်ထင်ကို သံယောဇဉ်တွယ်မိပေမယ့် အချစ်တွေက ဖြစ်





ပေါ်မလာပေ။

"ငါ့အပေါ် နင်မကောင်းပါနဲ့ဟာ၊ ငါ့ခန္ဓာကိုယ်ကိုတောင် ငါရွံ့ရှာနေတယ်၊ မသိဘူး … အဖေကိုတွေ့ရင်လည်း ငါဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ၊ အဖေသိသွားရင် ငါ့ကို ခွင့်လွှတ်မှာမဟုတ်ဘူး။ အဖေက သူ့ဆွေမျိုး ဂုဏ်သိက္ခာကို အထိပါးမခံနိုင်ဘူးတဲ့"

"ဦးလေးမောင် အရမ်းပြောင်းလဲသွားပါပြီ၊ နောင်တွေရနေပါတယ်ဆိုမှ မြရိပ်ညိုရာ … သမီးကို အရမ်းတွေ့ချင်နေတယ်၊ တွေ့လိုက်ပါဟာ နင့်အဖေ အရမ်းခံစားနေရလို့ပါ"

သူမ တွေဝေနေသည်။ အဖေ့ကိုတော့ တွေ့ချင်တယ်။ သူမ ရင်မဆိုင်ရဲပေ။ အဖေ မကြိုက်ဆုံးက ကိုယ်ကျင့်တရားပျက်ပြားတာကိုပင်။

သူမနှင့်ရတနာ ယှဉ်ပြိုင်ရဦးမယ်။ နင့်ကိုတော့ လုံးဝခွင့်မလွှတ်ဘူး ခင်ရတနာ။

"မြရိပ်ညို"

"ဟင်"

"ဦးလေးမောင်ကို သွားတွေ့ရအောင်ဟာ ဒီသားအဖပဲရှိတာလေ၊ တွေ့လိုက်ပါ ငါတောင်းပန်ပါတယ် မြရိပ်ညို"

"ငါ ပြဿနာတွေ ပြီးပြတ်အောင် ရှင်းရဦးမယ် လရိပ်ထင်"

"ဘာတွေလဲ … နင်ဘာလုပ်မှာလဲ၊ အမိပွါယ်မရှိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့တော့ဟာ၊ အမေကလဲ နင့်ကိုတွေ့ချင်နေတယ်၊ သူ့သမီးတဲ့"

"ငါ့ကို နင်ကတိတစ်ခုပေးရင် အဖေနဲ့တွေ့မယ်"

"ဘာကတိလဲ"

"နေရီရီနဲ့ လက်ထပ်မယ်လို့လေ"

"မဖြစ်နိုင်ဘူး နေရီရီကို ငါဘယ်တော့မှ လက်မထပ်ဘူး။ နင်မတွေ့ရင်လည်းနေတော့"

"ငါ နင့်ကို ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူးလရိပ်ထင် နင်မျှော်လင့်မနေနဲ့"

"မျှော်လင့်နေမှာမဟုတ်ဘူး မြရိပ်ညို ... စောင့်နေမှာ၊ ငါ အသက်ရှင်နေသရွေ့ပဲ၊ နင်နဲ့တွေ့ပြီးလို့ ငါနဲ့နေရီရီပတ်သက်စရာ မရှိတော့ဘူး"

"လရိပ်ထင် ... နင်မကြောင်စမ်းပါနဲ့ဟာ၊ နေရီရီက နင့်ကို ချစ်နေတယ်၊ မိဘတွေကလဲ သဘောတူတယ်၊ နင့်အတွက် အကောင်းဆုံးပဲ ... ငါက ... "

"တော်ပြီဟာ ... နင်ပြောနေတာတွေ ငါဆက်မကြားချင်ဘူး၊ နင်က လက်မခံလည်း ငါဘယ်မိန်းမကိုမှ လက်မထပ်နိုင်ဘူး မြရိပ်ညို ... မင်းအဖေကို မတွေ့ရင်လည်းနေ ငါပြန်မယ်"

"လရိပ်ထင်"





"တော်ပြီဟာ"

"ငါ အဖေ့ကို လိုက်တွေ့မယ်"

"နင် တကယ်ပြောနေတာလား မြရိပ်ညို"

"အခုတော့ မဟုတ်ဘူး"

"ဦးလေးမောင်က သေတော့မှာဟ နင့်အဖေပါ"

"အဖေ့ကို ပြောထားပေးပါ၊ ငါလာတွေ့မယ်လို့ နင်ပဲစောင့်ရှောက်ထားပေးပါ လရိပ်ထင်"

"နင် ဘာဖြစ်လို့လဲ"

"ငါ့မှာလုပ်စရာတွေ ရှိသေးတယ်"

"မြရိပ်ညိုရယ် ... နင်လည်းအမွေတွေရပြီး ချမ်းသာတော့မှာပါဟာ၊ ကိုသတိုးကို လွှတ်ပေးလိုက်ပါတော့"

"ငါဖမ်းထားတာ မဟုတ်ပါဘူး"

"နင်က ခေါင်းမာလွန်းတာပဲ"

"နင် ပြန်တော့"

လရိပ်ထင် ငါအဖေ့ကို လာတွေ့မယ်။ ဒါပေမဲ့ ... ခင်ရာနာနဲ့ စာရင်းရှင်းရမယ်။ ကိုသတိုးကိုငါစွန့်လွှတ်မှာပါ။ ငါပျော်နေမယ်လို့ နင်ထင်လား။ ငါ့ရင်ထဲမှာ အမြဲတမ်း နာကျင်ကြေကွဲနေရတယ်။ ငါ့မာနကို နင်သိပါတယ်။

"မြရိပ်ညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နှင်အသိဝင်ပါတော့ဟာ ... နှင့်အဖေကို ပစ်မထားပါနဲ့ အသက်ကြီးပါပြီ"

"ငါ သိပါတယ်"

လရိပ်ထင် ပြန်ထွက်သွားသည်။

သူမအပေါ် အနစ်နာခံမှုတွေနှင့် လရိပ်ထင် ချစ်ခဲ့တာကို ဝမ်းနည်းကြေကွဲစွာ သိလိုက်ရ၏။ ငါ့ကို မေ့ပစ်လိုက်ပါတော့ လရိပ်ထင်။ အချစ်တွေကို ငါမမွေးမြူချင်တော့ပါဘူး။ ငါက ကံဆိုးတဲ့ မိန်းမပါ။

သူမအခန်းပြန်ရောက်လာတော့ နေရီရီက လရိပ်ထင်ကို မေးသည်။

"မြရိပ်ညို ... တကယ်ပဲ အိမ်နီးနားချင်းတွေလားဟင် လရိပ်ထင်က ဆင်းရဲပေမယ့် နေရီမိဘတွေက အထင်ကြီးလေးစားကြတယ်၊ သူအရမ်းတော်လို့ ..."

"နေရီတို့က ချစ်သူတွေလား"

"လရိပ်ထင်က မချစ်ဘူး၊ နေရီက ချစ်တယ် ... သူကတော့ မိတ်ဆွေအဆင့်ထက်မကျော်ဘူး၊ မြရိပ်ညိုကပဲ သူ့သဘောထားကို မေးပေးပါလား"

"အင်းလေ ... နေရီကို ကူညီပါ့မယ်"

စိုးလပြည့်စာပေ



မြရိပ်ညို အခန်းထဲဝင်ခဲ့ပြီး ဆက်တီတစ်လုံးပေါ် ပစ်ထိုင်ရင်း ရင်ထဲက မွန်းကြပ်နေမှုတွေကို ပြေလျော့စေရန် ကြိုးစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"မြရိပ်ညို ... မြရိပ်ညိုရယ် ... မင်းမောင့်ဆီကိုလာခဲ့စမ်းပါ မြရိပ်ညို ... "

"မောင် ဘာတွေယောင်နေတာလဲ ဘယ်သူ ... မြရိပ်ညို ဟုတ်လား"

သတိုး အိပ်ရာကနေ လန့်နိုးသွားရသည်။

ရတနာရဲ့ဒေါသ မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရ၏။ အိပ်မက်မက်နေတာပဲ။ မြရိပ်ညိုက သူ့ကိုထားပြီး ကျောခိုင်းထွက်သွားသည်။ သူ အထိတ်တလန့် အော်ဟစ်ခေါ်ရင်း ပြေးလိုက်မိသည်။

"မြရိပ်ညိုဆိုတာ ဘယ်သူလဲ ... ပြောစမ်းပါ ရှင့်တိတ်တိတ်ပုန်းမိန်းမလား"

"ဟုတ်တယ် ရတနာ ... ကိုယ်ချစ်မြတ်နိုးရတဲ့မိန်းမတစ်ယောက်ပဲ၊ အခုမင်းကြောင့်လေ ငါအရမ်းခံစားနေရတယ် ... မင်း





ယောက်ျားတစ်ယောက်ကို အရမ်းအငမ်းမရ ယူရလားကွ"

"ဘာပြောတယ်မောင် ... ရှင့်မှာ တိတ်တိတ်ပုန်းမယားရှိတယ် ဟုတ်လား ... ရတနာတော့ ရှက်လို့သေတော့မယ်၊ ရှင့်ကို မရှုပ်မပွေဘဲ ဖြူစင်တဲ့ယောက်ျားလို့ ထင်ခဲ့တာ"

"မင်းပဲ အပူတပြင်း အရယူခဲ့တာလေ ရတနာ ... ငါ့ကိုအမိဖမ်းခဲ့တယ်၊ ပြီးတော့ ငါ့ကို ချုပ်ကိုင်တယ်၊ မြရိပ်ညိုက မင်းလိုမဟုတ် ဘူးကွ"

"မြရိပ်ညို ဟုတ်လား ... "

ရတနာ တွေးမိနေတာက မြရိပ်ညိုဆိုတဲ့နာမည်အား တရင်းတနှီးသိနေခြင်းပင်။

ဟုတ်တယ် ... လေးလေးမောင်သမီးပဲ မိန်းမယုတ်မ။ ကိုယ်ကျင့်တရား ပျက်ပြားလိုက်တာ။ မျိုးရိုးဂုဏ်သိက္ခာ ထိခိုက်စေသည်။

"မင်းက မိန်းကလေးပဲ ရတနာ၊ မင်းသေသေချာချာလေ့လာသင့်တယ် ... မင်းကို ငါအေးအေးဆေးဆေး စဉ်းစားပြီးမှ ခေါ်လာပွဲကို စီစဉ်ပါလို့ မင်းကိုပြောခဲ့တာပဲ"

"ကိုသတိုးမဟာ ရှင်ဘာပြောလိုက်တာလဲ ... ရတနာ့ကို များ"

"မင်းကို ငါအထင်မကြီးဘူး ရတနာ ... အခု မင်းလို



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တရားဝင်လက်ထပ်ပြီးပြီလေ ... ကျေနပ်ပါတော့"

"ရှင် ... အဲဒီလိုပြောလို့မရဘူးလေ ... မြရိပ်ညိုဆိုတဲ့မိန်းမဆီ ရှင်သွားစရာလိုတော့ဘူး၊ လုံးဝပြတ်ပြတ်ရှင်းရှင်းနေပါ၊ ရှင့်တိတ်တိတ်ပုန်းမိန်းမနဲ့ မပတ်သက်ပါနဲ့"

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါရတနာ ... သူနဲ့က မင်းအရင်တွေ့ခဲ့တာပဲ ... ငါအရမ်းချစ်တဲ့မိန်းမ"

"အောက်တန်းစား အရက်သမားသမီး ရပ်ကွက်ထဲက မိန်းမကို ကျွန်မနဲ့ မယှဉ်ပါနဲ့"

သူမ အော်ဟစ်သည်။ မြရိပ်ညို အရှက်မရှိတဲ့မိန်းမ။ ငါ့အကြောင်းသိစေရမယ်။

မောင့်မျက်နှာကြီးက တင်းမာလွန်း၍ ရတနာ နည်းနည်းလေးတော့ ထိတ်လန့်သွားရသည်။

"မင်းဘာလုပ်ချင်လဲ ရတနာ ... မင်းက ငါ့ဘဝကြီးတစ်ခုလုံးကို ချုပ်ကိုင်ဖို့ ကြိုးစားမလို့လား၊ မဖြစ်နိုင်ဘူးထင်တယ် ... ငါ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ မင်းက ပိုင်းလုံးမပဲ"

"ရှင် ... ရှင်"

"လေးလေးကို သွားပြောလေ ... ငါ့တာဝန်ကျေပြီပဲ၊ ငါ့မှာ အချစ်ဆိုတာ မရှိဘူး ... မင်းကိုလုံးဝမချစ်ဘူး"

သတိုး ခေါင်းထဲမှာ မူးယစ်ဝေသီနေသည်။ ညက အမူး





သောက်ပစ်မိသည်။ သူဘာတွေဖြစ်နေပြီလဲ။

မြရိပ်ညိုကို ခွဲခွာဖို့ဆိုတာ တွေးမိတိုင်း နာကျင်ကြေကွဲနေရသည်။ မခံစားနိုင်ဘူးကွ။ ရတနာနှင့်လက်ထပ်မိတာ နောင်တတွေ အရမ်းရနေခဲ့၏။ ရတနာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာ သိနေ၍လည်း ဖြစ်သည်။

"အား ... ငါ့ခေါင်းကိုက်နေတယ် ရတနာ၊ မင်းက ငါ့မိန်းမပဲ၊ ထပြီး အချိုရည်ယူပေးပါ ... ငါလက်ထပ်ချင်တာက ငါ့ကို တယုတယပြုစုပေးမယ့် မိန်းမမျိုးကွာ"

"ရှင်အရမ်းမူးနေပြီ၊ ရှင်လူကြီးလူကောင်းပါ၊ အရှက်သိက္ခာမရှိ ဘာတွေလုပ်နေတာလဲ"

"ဘာအရှက်သိက္ခာလဲ၊ ယောကျ်ားတစ်ယောက်ကို မရမက အတင်းယူဖို့လုပ်တာက မင်းလေ ... ကြည့်စမ်း ... တရားဝင် မင်္ဂလာအခမ်းအနားတောင် မလုပ်ရသေးဘဲ မင်းငါနဲ့လာနေတယ် လိုချင်ရမက်ကြီးတဲ့မိန်းမ"

"မောင်နော်"

"မင်းမအော်နဲ့ ငါက မင်းအအော်ခံရမယ့် အတန်းအစား မဟုတ်ဘူးကွ ... ယောကျ်ား အိမ်ဦးနတ် ... မင်းသိလား"

သတိုး အလျှော့မပေးနိုင်တော့။ ရတနာ ဘယ်လိုအကြံအစည်နှင့်ဆိုတာ သူသိနေ၍ အထင်သေးနေမိသည်။ အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိ။ ဘယ်လိုမှခံစားမရဖြစ်နေ၏။ ပြဿနာ ရှာပစ်ချင်သည်။

"မင်း ... မင်းပြဿနာမရှာပါနဲ့ မြရိပ်ညိုကိုလည်း အရှက်ခွဲ ဖို့ ကြိုးစားရင် ငါလုံးဝခွင့်မလွှတ်ဘူးနော် ... မင်းနေရာမင်းနေပါ မင်းကပွဲတက်မယားပဲ"

ရတနာ့ကို အလျှော့ပေးထားလို့မဖြစ်တော့ဘူးဆိုတာ သတိုးသိသည်။ ဒီမိန်းမ နေရာတကာ လွှမ်းမိုးထားချင်နေ၏။ မင်း ကို မြှောက်စားလို့မရတော့ဘူး။ မင်းက အရမ်းကြောက်စရာ ကောင်းတယ်။ လောဘရမက်ကြီးလွန်းတဲ့ မိန်းမပဲ။ မြရိပ်ညိုရဲ့ သူ့ လုံးဝ မစွန့်လွှတ်နိုင်။ မတတ်နိုင်ဘူးကွာ။

ရတနာ ထွက်သွားသည်။ လေးလေးရောက်လာ၏။ သူ့ကို ချူသည်။

"မင်း ဘာတွေလုပ်နေတာလဲ ... အိမ်ထောင်ဦးစီးတစ် ယောက်အနေနဲ့ မင်းတာဝန်ယူရလိမ့်မယ် ... မင်းမှာနောက်မိန်း ရှိနေတယ်ဆို"

"မရှိပါဘူး၊ ဒီမိန်းမ လျှောက်ပြောနေတာပဲ၊ ကျွန်တော့်မှာ ဘယ်လိုလုပ် မယားငယ်ရှိမှာလဲ ရှိနေတယ်ဆိုရင်တောင် သူ့ မယားငယ်ပဲ"

"သတိုး ... တူလေး ... မင်းဘယ်လိုဖြစ်နေတာလဲကွာ လေးလေးကို စိတ်ဆင်းရဲအောင် မင်းလုပ်နေတာလား၊ လေးလေး





က မင်းအိမ်ထောင်ရေးကို ဂုဏ်သိက္ခာတွေနဲ့ မွမ်းမံပြီး ကြီးကျယ် ခမ်းနားနေစေချင်တာကွ"

"ကျွန်တော် စိတ်ညစ်နေတယ်၊ ဒီမိန်းမက ကျွန်တော့်ကို အငမ်းမရ ယူထားလို့လေ"

"သတိုးမဟာ ... တိုးတိုးပြောပါကွာ၊ ရတနာကြားသွားပါ့ မယ်၊ မင်းဘဝတစ်လျှောက်လုံး လက်တွဲဖော်လေ"

"ကျွန်တော့်ဘဝကိုရော ကျွန်တော့်စီးပွားရေးကိုရော အားလုံးထိန်းချုပ်ချင်တယ် ... ကျွန်တော် သေပစ်ချင်တယ်"

"မင်းဘာတွေလျှောက်ပြောနေတာလဲ ... သတိုးမဟာ လေးလေးကို သေသွားစေချင်တာလား၊ မင်းအတွက် လေးလေး ဘယ်လောက်အထိ စွန့်လွှတ်အနစ်နာခံပြီး ကျွေးမွေးပြုစုခဲ့ရလဲ၊ မင်းမိဘတွေ ဆန္ဒကွ"

"ကျွန်တော် လက်ခံတာပဲ ... လေးလေးသဘောကျတဲ့ မိန်းမကို ကျွန်တော် လက်ထပ်ခဲ့တယ်လေ ... ပြီးပြီပေါ့"

"မင်းအိမ်ထောင်ဦးစီးဖြစ်နေပြီ၊ ရတနာကလည်း စီးပွားရေး လုပ်ငန်းတွေ ဦးစီးလုပ်ကိုင်တတ်တယ်လေ၊ ဘာဖြစ်လဲ ... မင်းအပ် သင့်တယ်"

"တော်ပါပြီ လေးလေးရာ ... မကြားချင်တော့ဘူး၊ ခေါင်း တွေအရမ်းကိုက်နေလို့ပါ၊ ကျွန်တော် အကုန်အပ်မယ် ... ဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲအကုန်အပ်ပစ်မှာ”

ခင်ရတနာကတော့ အအေးခွက်လေးယူခဲ့ပြီး မောင့်စကား တွေကြောင့် ဒေါသ ထောင်းခနဲ ထွက်သွားရပေမယ့် သည်းခံနေ လိုက်သည်။ မောင့်စည်းစိမ်တွေ ရတနာ့လက်ထဲမရောက်သေးလို့ ပါ။

မြရိပ်ညို … နင်တော်တော်လေး အဆင့်အတန်းမရှိတာဘဲ ငါတားဆီးပစ်ရမယ်။ နင့်ဘဝ စုတ်ပြတ်သပ်သွားအောင် လုပ်ပစ် မယ်။

နင့်အဖေကလဲ အမွေလာတောင်းနေတယ်။ ရတနာတွေးမိ တိုင်း ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေသည်။

“ရတနာ … တူလေးက အိမ်ထောင်မပြုချင်သေးဘူးလေ ဒါကြောင့်ပါ … တောင်းပန်ပါတယ်”

“ရပါတယ် လေးလေးသုတ မောင့်သဘောထားကို နား လည်ပါတယ်၊ ရတနာကတော့ မိသားစုစီးပွားရေးအတွက် စီမံအုပ် ချုပ်ပေးရမှာပဲ”

“ကောင်းတယ် တူမလေး … မင်းစီမံပါ လေးလေးအပ်ပါ တယ်၊ အေးအေးချမ်းချမ်း နေထိုင်ကြပါ”

လေးလေးသုတ ပြန်ထွက်သွားသည်နှင့် သတိုးအပြင်ထွက် ဖို့ ပြင်ဆင်သည်။





မြရိပ်ညိုကို တွေ့ချင်တယ်။ ကြေကွဲဝမ်းနည်း အားငယ်နေ ပြီလားကွာ။ မောင်လာခဲ့မယ်။ မင်းကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ် နိုင်ဘူး။ မင်းဘဝရှေ့ရေးအတွက် မောင်ယောက်ျားပီသစွာ တာဝန် ယူ ပေးမယ်။

သူပြင်ဆင်တော့ ရတနာက လက်မခံ ဘဲ ကန့်ကွက်သည်။

“မောင် ဘယ်သွားမလို့လဲ … ရတနာတို့ မင်္ဂလာဆောင်ခံဖို့ အတွက် ပြင်ဆင်စရာတွေရှိတယ် … မောင်မသွားရဘူး”

“သွားမယ်ကွာ … မင်းပဲစီစဉ်နေတာ မဟုတ်လား၊ မင်း စိတ်တိုင်းကျ စီစဉ်လေ … ငါ့စီးပွားရေးလုပ်ငန်းတွေလည်း မင်းပဲ ဦးစီးတော့၊ ဒါပေမဲ့ … ငါ့လွတ်လပ်ခွင့်ကိုတော့ မတားနဲ့”

“တားရမှာပဲ … ရတနာတို့က တရားဝင်လင်မယားဖြစ်နေ ပြီလေ၊ မိန်းမတစ်ယောက်အနေနဲ့ ယောက်ျားကို တားဆီးရမယ်၊ ရတနာ လက်ထပ်ခဲ့တဲ့ ယောက်ျားမှာ နောက်မိန်းမရှိနေရင် မိန်းမ ရှိနေတယ်ဆိုလို့ မဖြစ်ဘူး၊ မောင် ကျွန်မ မျက်စိအောက်မှာပဲနေရ မယ်”

“နောက်မိန်းမဆိုတဲ့စကားကြီးကို မသုံးစမ်းပါနဲ့ရတနာ၊ နောက်မိန်းမက မင်းကွ … မြရိပ်ညိုနဲ့က ငါအရင်ယူထားတာ”

“ဘာပြောတယ် မောင်ရူးနေလား၊ တိတ်တိတ်ပုန်းမိန်းမကို များ ရတနာနဲ့ မနှိုင်းယှဉ်ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းထက်တန်ဖိုးထားရတဲ့ မိန်းမလေ၊ ငါ့ကိုဘယ်တော့မှ စိတ်သောကရောက်အောင် မလုပ်ဘူး၊ လောဘရမက်မကြီးဘူး"

"တော်ပါတော့မောင် ... ဆက်မပြောနဲ့တော့ ပြောထားမယ်နော် အရှက်မကွဲချင်ရင် ငြိမ်ငြိမ်နေပါ"

"အရှက်ကွဲမှာက မင်းလေ ရတနာ ... ငါက မရှက်ပါဘူး။ မင်းလိုမိန်းမတစ်ယောက်က ငါ့ဘဝတစ်ခုလုံးကို စိုးမိုးချုပ်ကိုင်တော့မယ်လေ၊ ငါစိတ်ညစ်ရမယ် ... အဲဒါကြောင့် ငါပျော်သလိုပဲနေမယ်။ မင်းကသာ အဆင့်အတန်းမရှိတာကွ"

"ကိုသတိုးမဟာ ရှင်မစော်ကားနဲ့နော် ... ရတနာ့ကို ဘယ်လိုမိန်းမမျိုး အောက်မေ့နေလဲ"

"တော်ပြီကွာ ... ဆက်မပြောနဲ့တော့၊ မင်းက ငါ့ဘဝတစ်ခုလုံးကို အချိန်တိုတိုအတွင်းမှာ ဖျက်ဆီးပစ်လိုက်တဲ့မိန်းမ"

မောင် ပြစ်ပြစ်နှစ်နှစ်ပြောဆိုပြီး ထွက်သွားဖြင့် ရတနာ ဒေါသတွေ ထွက်ရသည်။

မြရိပ်ညို့ နင်ပဲ ငါတို့အိမ်မှာမနေချင်လို့ဆိုပြီး ထွက်သွားတာ။ နင်က ငထောတစ်ယောက် ကိုင်ထားနိုင်လို့ကိုး။

တွေ့မယ် ရတနာအကြောင်း ကောင်းကောင်းသိစေရမယ်။ မြရိပ်ညိုကို ပြဿနာရှာဖို့ လေးလေးမောင်ဆီရောက်လာခဲ့၏။





တဲစုတ်လေးထဲက ကောင်မကများ။ ရတနာ ဒေါသတကြီးနှင့် လေးလေးမောင်နေတဲ့ တဲလေးထဲ ဝင်ခဲ့သည်။

"လေးလေးမောင် ... "

"ဘာလဲ ရတနာ ... နင်ဒီကို ဘာလာလုပ်တာလဲ နင်နဲ့ပြောစရာစကားမရှိဘူး ... ပြန်ထွက်သွားစမ်း"

"ဒီမှာ ... အပိုတွေပြောမနေပါနဲ့၊ ကျွန်မကလဲ ပြောချင်လို့လာတာမဟုတ်ဘူး၊ လေးလေးမောင်သမီးကြောင့်ပဲ"

"ငါ့သမီး မြရိပ်ညို့ ဘာဖြစ်လို့လဲ ဘယ်မှာလဲ ... နင်နဲ့ဘယ်လိုမှ မပတ်သက်ဘူး၊ ခင်ရတနာ ... ထွက်သွား"

"ပတ်သက်နေတယ်လေ၊ မြရိပ်ညိုက ကျွန်မယောကျ်ား သတိုးမဟာရဲ့ တိတ်တိတ်ပုန်းမယား"

"ဖြန်း"

"ဘာဖြစ်လို့ ကျွန်မကို ရိုက်တာလဲ၊ ကိုယ်သမီးကိုယ်မဆုံးမဘဲနဲ့ ကျွန်မယောကျ်ားနဲ့ ကင်းကင်းရှင်းရှင်းနေပေးဖို့ ဆုံးမထားပါ။ မျိုးရိုးဂုဏ်သိက္ခာကို ဖျက်စီးနေတဲ့ဟာမ"

"ဘာပြောတယ်"

"ကျွန်မပြောတာ ရှင်းရှင်းလေးပဲ၊ ကျွန်မယောကျ်ားရဲ့ အမြှောင်မယားက လေးလေးသမီး မြရိပ်ညိုလေ၊ အမွှေတွေလည်း တောင်းမနေပါနဲ့၊ မြရိပ်ညိုက ချမ်းသာနေပါပြီ ... တော်ပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင် ယိုင်ခွေလဲကျသွားပေမယ့် သူမကတော့ လှည့်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။

မြရိပ်ညိုက ရတနာ့ထံ ဖုန်းဆက်၏။ ရတနာ အသားတွေ တဆတ်ဆတ်တုန်ရီလာရသည်။

"ခင်ရတနာ ... ငါ့အဖေကို နင်ဘာသွားပြောတာလဲ၊ နင်တို့ တစ်သက်လုံး ငါတို့မိသားစုကို ဖိနှိပ်ချိုးချိုးဖွဲ့ဖွဲ့ပြောနေတော့တာဝဲ ကိုး ... ငါ့အဖေကို နင်ဘာသွားပြောမလဲဆိုတာ ငါသိတယ်၊ မျိုးရိုး ဂုဏ်သိက္ခာကို ထိခိုက်အောင်လုပ်တယ်လို့လေ ... နင်ကရော ယောက်ျားတစ်ယောက်ကို အရှက်သိက္ခာမရှိ အမိဖမ်းပစ်လိုက်တာ ပဲနော် ... အခု ငါ့အမေဝဋ်တွေ နင်လည်တော့မယ်"

"ဟဲ့ကောင်မ ... နင်ဘာတွေလာပြောနေတာလဲ၊ ကိုယ် ကျင့်တရားပျက်ပြားတဲ့မိန်းမ ... နင့်ကိုငါသတိပေးထားမယ်နော် ငါ့ယောက်ျားနဲ့ကင်းအောင်နေပါ၊ အမွေတော့ မစဉ်းစားနဲ့ ဘာမှမရှိ တော့ဘူး၊ နင်တို့မိသားစုတွေကို ပေးကမ်းထောက်ပံ့ထားရတာ လေ"

"အမွေတောင်းတာက ငါ့အဖေကိစ္စပါ၊ ငါက ငမွဲငတေ ဆင်းရဲသားကောင်မလေ ခင်ရတနာ ... နင့်မှာပဲ ဂုဏ်သိက္ခာတွေ အသိုင်းအဝိုင်းတွေရှိနေတာ၊ နင့်လင်ကို နင်ထိန်းထားနော်၊ ငါက တော့ သေမထူးနေမထူးလေ၊ ငါ့အမေနေရာမှာနေကြည့်လိုက်စေ





ချင်တယ် ခင်ရတနာ ... ဒါပဲနော် ... ဟား ... ဟား ဟား ဟား"

"ကောင်မ ... အရှက်မရှိတဲ့ဟာမ"

မြရိပ်ညို ... ဖုန်းကိုပိတ်ပစ်လိုက်ပြီး တဟားဟား အော် ရယ်ပစ်မိသည်။

အဖေ့ဆီကို ခင်ရတနာသွားပြီး နှိမ်နှိမ်ချချပြောနေတာ မြရိပ်ညို သိနေ၏။ အဖေ့ကိုတွေ့ဖို့ မြရိပ်ညို သွားခဲ့တာပါ။ ခင်ရတနာကို အဖေပါးရိုက်ပစ်တာလည်း မြရိပ်ညို တွေ့ခဲ့သည်။

"တူမကို ခေါင်းပေါ်တင်ပြီး ဖူးဖူးမှုတ်ထားတဲ့အဖေ၊ အခု တော့လည်း ရိုက်နေပြီလား ... အမွေတောင်းနေပြီတဲ့ ... ဟား ဟား ... ဟား ..."

အမေ့ကို သတိရတော့ မြရိပ်ညိုမျက်ဝန်းတွေထဲမှာ မျက် ရည်တွေ ပြည့်လျှံလာသည်။ မဖြစ်မနေဘဲ ခင်ရတနာကတော့ အမေ့နေရာကို ရောက်စေရမယ်။

ကိုသတိုး ရောက်လာခဲ့သည်။

"မြရိပ်ညို"

"မောင်"

"မင်းအားငယ်နေလား ... မင်းမျက်ဝန်းတွေထဲမှာ မျက် ရည်တွေပြည့်နေတယ်၊ မင်းအရမ်းကြေကွဲဝမ်းနည်းနေလားကွာ မောင် ဘာလုပ်ပေးရမလဲ ... မင်းတောင်းဆိုစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအဖေဆီ ပြန်တော့မယ်"

"မြရိပ်ညို ... မင်း ... "

"အဖေ နေမကောင်းဘူး၊ ကျွန်မပြန်သွားမှဖြစ်တော့မယ်၊ မောင့်ဆီက စည်းစိမ်ဥစ္စာတွေ ဘာတစ်ခုမှ မယူသွားပါဘူး၊ အားလုံးပြန်အပ်ခဲ့ပါရစေ"

"မဟုတ်ဘူး မြရိပ်ညို ... မင်းယူသွားပါ၊ မင်းရသင့်တာပဲယူပါ ... ပြီးတော့ မောင့်ကိုစွန့်ပစ်မသွားပါနဲ့၊ မင်းကိုမောင်မခွဲနိုင်ဘူး၊ ဒီမိန်းမ မောင့်ကိုအတင်းအကြပ် လက်ထပ်ယူခဲ့တာ"

ကိုသတိုးစကားတွေကို မြရိပ်ညို လုံးဝလက်မခံနိုင်တော့။ သူမအဖေ့ဆီပဲ ပြန်သွားတော့မည် ဖြစ်သည်။ ယခင်က ဘဝလေးကိုပဲ အေးချမ်းသည်ဟုထင်မိ၏။

မြရိပ်ညိုဘဝကို တစ်ကနေ ပြန်စချင်တယ်။

"မြရိပ်ညိုကို ခွင့်လွှတ်ပါ ကိုသတိုး၊ အရာအားလုံးပြီးဆုံးသွားပြီလို့ပဲ မှတ်ထားပေးပါ၊ ကျွန်မအဖေ အရက်ဖြတ်လိုက်လို့ ကျန်းမာရေး ချို့တဲ့နေပါတယ်၊ ကျွန်မသွားရမယ် ... ကျွန်မဘဝကို တစ်ကနေ ပြန်စတော့မှာမို့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအားလုံးကို မေ့ပစ်ပေးပါ"

သူမ ဆုံးဖြတ်ထားပြီးသားဖြစ်နေသည်။ အဖေ့ဆီပဲ ပြန်သွားမယ်။ ခင်ရတနာ့အပေါ် နည်းနည်းလေးအကြောရသဖြင့် ကျေနပ်ပါ





ပြီ။

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ ကိုသတိုး ... တောင်းပန်ပါတယ်နော် ... ကျွန်မကြောင့်ပဲ ကိုသတိုးဘဝ အမဲစက်ထင်ကျန်ရစ်ခဲ့ရတာပါ၊ ကိုသတိုးအိမ်ထောင်ရေးကိုသာ ပျော်ရွှင်ချမ်းမြေ့အောင်မိသားစုဘဝလေး တည်ဆောက်စေချင်ပါတယ်နော်"

"ကိုယ် ဒီမိန်းမကို မချစ်ဘူး၊ ကိုယ့်ကို အပိုင်ချည်နှောင်သွားတာပါ၊ လောဘရမက်ကြီးတဲ့မိန်းမနဲ့ ကိုယ့်ဘဝ ဘယ်လိုလုပ်ပြီးအေးချမ်းနိုင်မလဲ မြရိပ်ညို ... မင်းမသွားပါနဲ့ မင်းကိစ္စတွေအားလုံးကိုယ်တာဝန်ယူတယ်၊ မင်းဘာဖြစ်ချင်လဲကွာ တောင်းဆိုစမ်းပါ"

"အဖေ့ဆီပဲ ပြန်တော့မယ် ... ကိုသတိုး လုံးဝလာပြီး မပတ်သက်ပါနဲ့တော့၊ ဒီလိုဘဝကြီးကို ကျွန်မမုန်းတယ်၊ ရွံတယ်၊ ကျွန်မကိုချစ်ရင် မေ့ပစ်ပေးပါ ... ကျွန်မ ဆုံးဖြတ်ပြီးသားဖြစ်လို့ မပြင်တော့ပါဘူး"

မြရိပ်ညိုကတော့ သူမပိုင်ဆိုင်တဲ့ အိတ်တစ်လုံးကိုပဲ ယူဆောင်၍ ကိုသတိုး အတင်းတားနေသည့်ကြားမှ သူမနှုတ်ဆက်၍ထွက်လာခဲ့သည်။

အဖေကတော့ သူမကို ခွင့်လွှတ်နိုင်ပါတော့မလားဘဲ။ အဖေအမြဲတမ်း ဆုံးမသွန်သင်လာခဲ့တာက အဖေ့အစ်မ မိသားစုရဲ့ ဂုဏ်သိက္ခာကို မထိပါးဖို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ ဘာပဲပြောပြော သူမကတော့ ဒူးထောက်တောင်းပန်၍ အဖေ အပြစ်ပေးသမျှ ခံယူဖို့ပဲ နိုင်နိုင်မာမာ ဆုံးဖြတ်ထားသည်။

အခန်း ( ၂၀ )

"အဖေ"

"ဟင် ... သမီး မြရိပ်ညို၊ နင် ... နင်ဘာတွေလုပ်နေတာလဲ ပြောစမ်းပါ ... ခင်ရတနာရဲ့ ... အား ..."

"အဖေ စိတ်ကိုထိန်းပါ၊ ခင်ရတနာရဲ့ခင်ပွန်းဆိုတာက အခုမှ ဖြစ်လာတာပါအဖေ ... သမီးမိုက်မဲခဲ့မိပါတယ်၊ သူတို့အိမ်မှာ ကျွန်အဖြစ်သွားမနေချင်လို့ ကိုသတိုးမဟာရဲ့ အထောက်အပံ့ကိုယူပြီး နေထိုင်လာခဲ့တာပါနော် ... သမီးမှားပါတယ် ခွင့်လွှတ်ပေးပါအဖေ"

ဦးမောင်မောင် ဒေါသတွေဖြစ်ပေမယ့် သမီးကိုအပြစ်မတင်ရက်တော့။ မိမိကြောင့်ပဲ သမီးကိုကြည့်ပြီး မျက်ရည်တွေပင် ကျမိနေသည်။

"အဖေ့ရဲ့ ဆုံးမစကားတွေကို သမီးနားမထောင်ခဲ့တာပါ၊ အခု သမီးအရာအားလုံးကို ခွင့်လွှတ်ခဲ့ပါပြီ၊ အဖေ့ရင်ခွင်ထဲမှာနေပြီး

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးဘ၀ကို တစ်ကပြန်စချင်ပါတယ်”

“သမီးရယ်”

လူ့လောကကြီးထဲမှာ သံယောဇဉ်တွယ်စရာဆို၍ သမီးလေးမြရိပ်ညိုတစ်ယောက်ပဲ ရှိတော့သည်။

မိမိနောင်တတွေ ထပ်မရချင်တော့ပါဘူး။ မိမိကိုယ်တိုင် သဲသဲနှင့်သမီးလေးအား နှိမ်ချ ဆက်ဆံ၍ ဥပက္ခာပြုထားခဲ့မိ၏ ရက်စက်ခဲ့သည်။

သမီးလေး … ချောမောလှပလွန်းတဲ့ သမီးလေးကို မိမ ဖြစ်ထားခဲ့မိတာပါ။

ခင်ရတနာ မိမိအချစ်ဆုံး ဦးစားအပေးဆုံး တူမက ပက်ပ စက်စက် ပြောဆိုနှိမ်ချဆက်ဆံခဲ့၏။ မိမိရောဂါဖြစ်လာတော့ အစ် က လက်မခံချင်။ ဆွေမျိုးပင်မတော်ချင်တော့ အရက်သမားတဲ့

မိမိလောက် တာဝန်မဲ့တဲ့ယောကျ်ား လောကကြီးထဲမှာ မရှိတော့ပေ။

“အဖေ ခွင့်လွှတ်ပါတယ် သမီးရယ် … အဖေ မှားခဲ့တာပါ အဖေသာ တာဝန်ယူခဲ့ရင် သမီးလေးဘဝ ဒီလိုဘယ်ဖြစ်လာမှာလဲ”

အဖေ့စကားကို ကြားရတော့ မြရိပ်ညို ဝမ်းသာပီတိတွေနှင့် အဖေ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသည်။

“သမီးက အဖေ့ချစ်ခြင်းမေတ္တာတွေကို ရယူချင်ခဲ့တာပါ





အမြဲတမ်း ဆင်းရဲဒုက္ခတွေနဲ့ ငိုကျွေးနေရတဲ့ အမေကိုလည်း သနားတယ်၊ ချမ်းချမ်းသာသာထားချင်တယ်၊ ဆေးတွေကုသပေးချင်တယ်၊ ဒါကြောင့်ပါ … သမီးကိုယ်ကျင့်သိက္ခာကိုတောင် မထိန်းသိမ်းနိုင်ခဲ့လို့ တန်ဖိုးမဲ့ခဲ့ရပါတယ်”

“ဖြစ်ပြီးသားတွေကို မေ့ပစ်လိုက်တော့သမီး။ အသုံးမကျတဲ့ အဖေကိုရခဲ့တာပဲ၊ သဲသဲလည်း အဖေနှိပ်စက်သမျှ ခံခဲ့ရတယ်၊ အဖေ သတိရလိုက်တာ … အခုတော့ သမီးလေးနဲ့ ဘယ်လိုဘဝမျိုးမှာပဲ ဖြစ်ဖြစ်နေပြီး ဖြတ်သန်းတော့မယ်ကွယ်”

အဖေ နောင်တတွေရပြီး အမေ့ကို တမ်းတနေ၍ မြရိပ်ညို ကြေနပ်ဝမ်းသာမိသည်။ အမေ့ရှေ့မှာ မဟုတ်ရင်တောင်မှ အမေ့ ကွယ်ရာမှာပဲဖြစ်ဖြစ် အမေ့ကို တမ်းတစေချင်မိ၏။ အဖေ့ကို အမေ အချစ်ကြီးချစ်ခဲ့တာ မြရိပ်ညိုအသိဆုံးပါ။

ကိုသတိုးထံမှ သူမပစ္စည်း တစ်ခုတလေပင် ယူဆောင် လာခဲ့။ ငါစွန့်ပစ်ခဲ့တဲ့ ယောကျ်ားကို နင်ရခဲ့တာကိုပဲ ငါဂုဏ်ယူ မ်းမြောက်စွာ ပျော်ရွှင်ရတယ်။

“အဖေ အမွေတွေတောင်းရမယ်၊ အဖေ ရသင့်တာပဲ၊ သမီး ောင်ရွက်ပေးပါ … အဖေ့ရှေ့နေကြီး ဦးဘသက်နဲ့လည်း မိတ်ဆက် းမယ်”

“ဟုတ်ကဲ့ပါ အဖေ … သမီးတို့ ရသင့်တာတောင်းရမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးဘဝရှေ့ရေးရော သမီးအမေ သဲသဲအတွက်လည်း အဖေတို့ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးပြီး အမျှအတန်းဝေပေးရမယ်"

အမေရယ် ... အဖေပြောင်းလဲသွားပြီလေ။ အမေ တောင်းတနေခဲ့တဲ့ မိသားစုအပေါ် အချစ်တွေ သံယောဇဉ်တွေ အဖေပေးနေပြီ။ မြရိပ်ညို ရင်ထဲမှာ အမေ့ကို သတိတရ လွမ်းဆွတ်နေမိသည်။

"အဖေ ... အနားယူဦးမယ်၊ မောင်လရိပ်ထင်ကလဲ အဖေ့ကို စောင့်ရှောက်တယ် မချိုရောပဲ ... တကယ်တမ်းကျတော့ အဖေဆွေမျိုးတွေက အဖေရသင့်တဲ့ အမွေတွေကို မပေးချင်လို့အချိုသတ်ဆက်ဆံပြီး နည်းနည်းပါးပါး ထောက်ပံ့ပေးကမ်းခဲ့တာပဲ၊ အဖေအသုံးမကျတာပါ"

"ဖြစ်ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါတော့အဖေ ... ဘဝသစ်နဲ့ပြန်စကြမယ်၊ မြရိပ်ညိုလည်း နောင်တတွေ ရနေပါပြီ၊ ဘဝသင်ခန်းစာတွေလည်း အများကြီးရပါတယ်အဖေ ... "

အဖေက သူ့အိမ်ခန်းလေးထဲ ဝင်ပြီးနားနေသည်။ အဖေအရိပ်ကပဲ အေးမြနေသလိုပင်။

တစ်ဖက်အိမ်မှ ဒေါ်လေးချို ရောက်လာ၏။ မြရိပ်ညိုမြင်တော့ ဝမ်းသာအားရပွေ့ဖက်ထားသည်။

"မြရိပ်ညို ... သမီးလေး ပြန်ရောက်လာတာ ကောင်းလိုက်





တာ၊ ဒေါ်လေးအရမ်းဝမ်းသာတယ်၊ သားလည်းပျော်မှာပဲ၊ သမီးအတွက် ဘယ်လောက်အထိ သားစိတ်ထိခိုက်နေရလဲကွယ်"

"ဒေါ်လေးရယ် ... မြရိပ်ညို မှားပါတယ်၊ နာကြည်းမုန်းတီးမှုတွေကြောင့် တဒင်္ဂလေး ဆုံးဖြတ်ချက်မြန်သွားတာ၊ ဘဝမှာ ထိခိုက်နစ်နာဆုံးရှုံးမှုတွေက အဖတ်ဆယ်လို့တောင် မရတော့ပါဘူး၊ အဖေ့ကို စောင့်ရှောက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"သမီးအမေက ဒေါ်လေးနဲ့ညီအစ်မအရင်းတွေလို နေထိုင်ခဲ့ကြတာပါကွယ်၊ သမီးလေးက ဒေါ်လေးသမီးလေးပါ ... ဘာမှအားမငယ်နဲ့၊ ဒေါ်လေးတို့ရှိပါတယ်၊ မြရိပ်ညိုလေးကိုမြင်ရတာ စိတ်ချမ်းသာလိုက်တာ ... "

လရိပ်ထင်ရဲ့အမေ ဒေါ်လေးချိုက ချွေးသားမတော်စပ်ပေမယ့် သူ့မအပေါ် သမီးအရင်းလေးလို ချစ်ခင်ကြင်နာစောင့်ရှောက်ခဲ့သည်။

ညနေစောင်းတော့ လရိပ်ထင် ပြန်ရောက်လာ၏။ နေရီရီလည်းပါလာ၍ မြရိပ်ညို ရင်ထဲမှာ ဆူးချွန်ချွန်လေးတစ်ချောင်း စိုက်ဝင်သွားသလိုလို ရှုးရှနာကျင်သွားရသည်။

တကယ်ပဲဟယ် လရိပ်ထင် ... နင့်ကို ငါ့ဘဝထဲ ဆွဲမခေါ်ရက်ပါဘူးနော်၊ နင့်အတွက် နေရီရီက အကောင်းဆုံး ရွေးချယ်မှုပဲလေ။ ငါ ဘာဖြစ်လို့ မနာလို ဝန်တိုဖြစ်သွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နေရီရီ့နေရာမှာ ငါနေချင်သွားတယ်။

"လရိပ်ထင်က မခေါ်ပေမယ့် နေရီရီ အတင်းလိုက်လာခဲ့တာပါ။ မြရိပ်ညို ... ဒီကိုပြန်လာတယ်နော်၊ အဖေ နေမကောင်းလို့လာကြည့်တာလား"

"ဟုတ်တယ် နေရီရီ ... အဖေအနားမှာပဲနေဖို့ အားလုံးကိုစွန့်လွှတ်ပြီး ပြန်လာခဲ့တာလေ"

"ကောင်းလိုက်တာ နေရီရီ ဘာကူညီရမလဲဟင်"

"မလိုပါဘူး ... မြရိပ်ညိုက ဘဝဟောင်းမှာ နေသားကျပြီးသားပါနော် ... ဒေါ်လေးချို၊ အဲဒါလေ ... ဒေါ်လေးချွေးမလောင်းနော်၊ ကြည့်ထား ... စိတ်သဘောထားဖြူစင်တယ်"

"ဟုတ်လားကွယ် ... သားချစ်သူလား ချစ်စရာလေးပဲ နာမည်လေးက နေရီရီတဲ့လား"

"အမေ ဘာတွေလျှောက်ပြောနေတာလဲ မြရိပ်ညို အလကားလျှောက်ပြောနေတာပါ။ နေရီရီနဲ့သားက အတန်းအတူတက်နေတာပါ၊ သူငယ်ချင်းတွေလေ ... မြရိပ်ညို နင်ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ နေရီရီက ငါနဲ့ဘယ်တော့မှ မပြောင်းလဲတဲ့ သူငယ်ချင်းတွေပါနော် နေရီ ... "

"အင်း ... အင်း ဟုတ်ပါတယ် ... "

မြရိပ်ညို ငါ့ချစ်သူက နင်ပဲ။ အဲဒါမှတ်ထားပါ။ ဘယ်တော့မှ မပြောင်းလဲဘူး။ နင်ဘာပဲဖြစ်နေ ဖြစ်နေပါ။ မြရိပ်ညို ပြန်ရောက်လာ၍ လရိပ်ထင် အပျော်ကြီးပျော်ရွှင်နေမိသည်။ ကိုသတိုးအား စွန့်ခွာလာခဲ့တာသိနေ၏။ မြရိပ်ညိုက မာနတွေကြီးမားစွာ နေထိုင်ခဲ့သူပါ။

"သမီးလေးရယ် ... အားနာလိုက်တာ တောင်းပန်ပါတယ်၊ အဒေါ် မသိလို့နော်"

"ရပါတယ် အန်တီရယ် ... လရိပ်ထင်ကလေ တကယ်ပဲ မာနကြီးလွန်းတယ်၊ နေရီ့အဖေနဲ့အမေက အရမ်းလေးစားတယ်၊ ဒါပေမဲ့ ... လရိပ်ထင်ကလေ ... "

"နေရီ ... နင်ပြန်တော့နော် ... မြရိပ်အဖေ ဦးလေးမောင်ကို ဆေးခန်းပို့ပေးရဦးမယ်၊ မနက်ဖြန်မှ တွေ့မယ်၊ ပြန်တော့နော်"

"ကောင်းပါပြီရှင် ... နေရီ ပြန်ပါတော့မယ်၊ မြရိပ်ညို လိုအပ်တဲ့ အကူအညီရှိရင်ပြောနော် ... အားမနာပါနဲ့ မြရိပ်ညိုကို အားပေးချင်ပါတယ်"

နေရီရီ ပြန်သွားတော့ လရိပ်ထင်အား ခပ်စိမ်းစိမ်းကြီး မဆက်ဆံဖို့ မြရိပ်ညို ပြောမိသည်။

"နေရီက အရမ်းပြည့်ဝတဲ့ မိန်းကလေးနော် လရိပ်ထင်၊ နင်စိတ်ကူးမလွဲနဲ့၊ ဒေါ်လေးချိုသားကို ပြောထားဦး ... ချွေးမ အကောင်းစားလေးပါ၊ မြရိပ်ညိုတော့ သဘောတူတယ်၊ ဟဲ့ ...







www.burmeseclassic.com

www.burmeseclassic.com



လရိပ်ထင် နင်စိတ်ကူးမလွဲနဲ့နော် နေရီ့ကိုရွေး ...”

“ငါရွေးချင်တဲ့သူကိုရွေးမယ်၊ နင်ဝင်ပါစရာမလိုဘူး မြရိပ်ညို အမေက အိမ်ထောင်ရေးကိစ္စ ငှါသဘောပဲ ...”

“ဟုတ်ပါတယ် သမီးရယ် ... သားနဲ့ တစ်သက်လုံး ပေါင်း သင်းနေထိုင်သွားရမှာလေ ... သားချစ်မြတ်နိုးတဲ့မိန်းကလေးပဲဖြစ် စေချင်ပါတယ်၊ ဒေါ်လေး မဆုံးဖြတ်ပါဘူး”

ဒေါ်လေးချိုက ပြောပြီး တစ်ဖက်အိမ်သို့ ပြန်ကူးသွားသည်။

လရိပ်ထင်ရဲ့ ဆုံးဖြတ်ချက်ကို မြရိပ်ညို ကျေနပ်ပျော်ရွှင် သွားသလို ခံစားရပေမယ့် သူမဘဝကို ရှက်ရွံ့မုန်းတီးမိနေ၏။

လရိပ်ထင်ကို တစ်သက်လုံး အရိပ်မဲကြီး အုပ်မိုးထားတော့ မှာပါ။ နင်က တစ်နေ့နေ့မှာ အင်ဂျင်နီယာကြီးဖြစ်လာပြီး လူကြီး လူကောင်းတစ်ယောက် ဖြစ်လာရမှာပါ။ နင့်ဇနီး ငါက မလှပတဲ့ ဘဝ။

နင့်ကို ဂုဏ်သိက္ခာမဲ့စေမယ့် အဖြစ်မျိုးတွေကို ငါ မလုပ် ရက်ဘူး လရိပ်ထင်။

“မြရိပ်ညို”

“ဘာလဲ လရိပ်ထင်”

“နင့်ကို ငါချစ်တယ် ငါလက်ထပ်မှာက နင်ပဲနော် ... နေ့ တွေ ဘာတွေ လာလုပ်မနေနဲ့ ... ဒါပဲ”





“လုံးဝမဖြစ်နိုင်ဘူး၊ ငါ အဲဒီလို တောင်းဆိုနေရင် [illegible] ရောင်းပြီး နင်နဲ့အဝေးဆုံးကို ပြောင်းပစ်မယ် မြရိပ်ညိုနော်၊ ဆုံးဖြတ် ထားပြီးရင် ဘယ်တော့မှ မပြင်ဘူး ... နင် နေရီရီ့ကိုပဲရွေးချယ်ပါ လရိပ်ထင်ရာ ... ငါကလေ နင့်ဘူငယ်ချင်းအဖြစ် နင့်ကလေးတွေ ကို ထိန်းပေးမယ်ဟာနော်”

လရိပ်ထင်က သူမအား စူးစိုက်စွာကြည့်နေရာကနေ ရုတ် တရက် သူမအား ပွေ့ဖက်လိုက်၍ သူမ အထိတ်တလန့် ရုန်းဖယ် ပစ်မိသည်။

“လရိပ်ထင် ... နင်ဘာလုပ်တာလဲ”

“ရှူး ... တိုးတိုး ဦးလေးမောင် ကြားသွားမယ် ငြိမ်ငြိမ်နေ”

“လွှတ် ... ကောင်စုတ် ... ငါ့ကို အထင်သေးပြီး စော်ကား တာပေါ့လေ ... လွှတ် ...”

လရိပ်ထင်က ပြန်လွှတ်ပေးသည်။ ပြီးတော့ ပြန်ထွက်သွား သည်။

သူမ တုန်တုန်ယင်ယင်ဖြင့် သူမ အခန်းလေးထဲ ပြန်ဝင်လာ ခဲ့မိ၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ စီးကျလာပြီး ကြမ်းပြင် ပေါ် ယိုင်နဲ့ခွေကျသွားရသည်။

“ငါလေ နင့်ရင်ခွင်ထဲဝင်ပြီး အေးချမ်းတဲ့ဘဝလေးမှာ နေချင် ပါတယ် လရိပ်ထင် ... ပြီးတော့လေ မထင်မှတ်ဘဲ နင့်ကိုချစ်မိသွား လို့ ငါပြန်လာခဲ့တာပါဟာ၊ ဒါပေမဲ့လေ ... နင်နဲ့ငါ ပေါင်းဖက်လို့ရ



www.burmeseclassic.com

www.burmeseclassic.com



လာမယ့် ငါတို့ရဲ့ မျိုးဆက်တွေ အရိပ်မဲ့တွေ လွှမ်းခံရမှာ ငါ ... အကြောက်ဆုံးပဲ”

သူမ ခေါင်းလေးကို ခါရမ်းပစ်လိုက်မိ၍ မျက်ရည်စက်တွေက ကြမ်းပြင်ပေါ် လွင့်စင်ပြုတ်ကျသည်။

မဖြစ်နိုင်ဘူး ... နင့်နှလုံး သားတွေက အချစ်ဆိုတာတွေကို ဘယ်အတိုင်းအတာအထိ နိုင်နိုင်မြဲမြဲ သိုဝှက်သိမ်းဆည်းထားနိုင်မလဲ။ လောကကြီးက ရင်ဆိုင်ဖို့ ထင်သလောက်မလွယ်ဘူး ထင်တယ်နော်။ ငါ့အမေလို ကံကြမ္မာမျိုး ငါအကြောက်ဆုံးပဲ။

လရိပ်ထင်ကြောင့် သူမနှလုံးသားတွေ ပထမဆုံးအကြိမ် တဆတ်ဆတ်တုန်ယင်လှိုက်ခါနေရသည်။

“နင့်ကို ငါချစ်တယ် ... အရမ်းချစ်မိသွားပြီထင်တယ်၊ နင်နဲ့ ငါဝေးရရင်တောင်မှ ငါ့တစ်သက်လုံး ဖြေလို့မရအောင် ဝမ်းနည်းကြေကွဲနေရမှာပါ လရိပ်ထင်”

သူမ စိတ်ဓာတ်တွေ ကြံ့ခိုင်စေရန်ပဲ ကြိုးစားရမည်ဖြစ်သည်။ မျက်ရည်တွေကို သုတ်ပစ်လိုက်၏။ လရိပ်ထင်နှင့် ကင်းကင်းရှင်းရှင်းပဲ မိတ်ဆွေသူငယ်ချင်းအဖြစ်ပင် မနေထိုင်ခဲ့။

အရင်ကလို ခပ်စိမ်းစိမ်းလေးနေ၍ အဖေက လရိပ်ထင်နှင့် ဒေါ်လေးချိုကို အားနာနေသည်။

“အဖေ”

“ပြောလေ သမီး ...”





“ဒီအိမ်လေးကိုရောင်းပြီး သမီးနဲ့အဖေ ပြောင်းကြရအောင်ပါ၊ အမွေကိစ္စကလဲ ကြာဦးမှာလေ ... သမီးတို့ တခြားတစ်နေရာမှာ နေပြီး ဘဝသစ်ကို စကြရအောင်ပါ”

“သမီးရယ် ... အဖေလည်း စိတ်ကူးထားပါတယ်၊ ဒါပေမဲ့ မောင်လရိပ်ထင်ကို သနားတယ်၊ သမီးအပေါ် သံယောဇဉ်ကြီးတဲ့ ကောင်လေးပါ။ အဖေ မလုပ်ရက်ဘူး”

“သမီး ဘယ်တော့မှ လရိပ်ထင်ကို လက်မထပ်ဘူး၊ သမီး စိတ်တွေလည်း မလုံဘူး ... သံယောဇဉ်ဖြတ်လိုက်တာပဲ အကောင်းဆုံးလို့ထင်ပါတယ် အဖေ”

အဖေကလဲ မြရိပ်ညို့ရဲ့ဆန္ဒကို ဖြည့်စွမ်းပေးလိုပေမယ့် လရိပ်ထင်ကို သနားနေသည်။ မြရိပ်ညိုကတော့ လရိပ်ထင်ကို ဘယ်တော့မှ လက်ထပ်မှာမဟုတ်ပါဘူး။

ဒေါ်လေးချိုနှင့်လရိပ်ထင်တို့ တားဆီးနေသည့်ကြားမှပင် အဖေနှင့်မြရိပ်ညိုတို့ အိမ်လေးရောင်းပြီး အဝေးကို ပြောင်းရွှေ့လာခဲ့ကြသည်။

“လရိပ်ထင် ... နင် နေရီရီ့ကိုပဲ ရွေးချယ်ပါ မြရိပ်ညိုကို မေ့လိုက်ပါတော့နော် ...”

www.burmeseclassic.com

www.burmeseclassic.com



လရိပ်ထင်ကို သတိရလွမ်းဆွတ်တမ်းတခဲ့ရပေမယ့် မြရိပ်ညို မေ့ပစ်နိုင်ဖို့ပဲ ကြိုးစားခဲ့သည်။ အရင်ထဲကသာ လရိပ်ထင်ကို ရွေးချယ်ခဲ့လျှင် အတွေးနှင့်ပင် နာကျင်ကြေကွဲရ၏။

အဖေ့အစ်မနှင့် အမွေကိစ္စက အဖေနိုင်၍ အမွေတစ်ဝက်ရခဲ့သည်။ ခင်ရတနာကတော့ အမှုတွေဖြစ်ပြီး ထောင်ကျသွားခဲ့၏။ အဖေ့အစ်မလည်း ဆုံးသွားသည်။

"အကုသိုလ်တွေက အရမ်းပဲကြောက်စရာကောင်းတယ်နော်အဖေ ... သမီးတော့ သင်ခန်းစာတွေရတယ်"

ကိုသတိုးမဟာတို့ တူအရီးကတော့ နိုင်ငံခြားသို့ အပြီးအပိုင်ပြောင်းရွှေ့သွားကြောင်း သတင်းကြားရသည်။

မြရိပ်ညိုပင် အတိတ်ကဖြစ်ရပ်တွေအားလုံးအား မေ့ပျောက်စ ပြုနေပြီဖြစ်၏။ သူမ ကိုယ်တိုင် ဦးစီး၍ အဝတ်အစားဒီဇိုင်းတွေ ထုတ်လုပ်ရောင်းချရာတွင် နာမည်ကြီးအောင်မြင်နေပြီ ဖြစ်သည်။

"မြရိပ်ညို ... မြရိပ်ညို ဟုတ်ပါတယ်နော်၊ မတွေ့ရတာတောင် ကြာပြီပဲ၊ ပိုတောင်လှပလာတယ်၊ ကျွန်မ နေရီရီလေ မှတ်မိလား ..."

"သြော် ... မှတ်မိပါတယ် နေရီရီ ... အခု ဘယ်မှာနေလဲ ဒီကလေးက ..."

"နေရီ အိမ်ထောင်ကျသွားပါပြီ ... လရိပ်ထင်နဲ့မဟုတ်ပါဘူး





တခြားတစ်ယောက်နဲ့ပါ မြရိပ်ညို ..."

"လရိပ်ထင်က ..."

"သူက မြရိပ်ညိုကိုပဲ ချစ်တာပါတဲ့၊ တခြားမိန်းမတစ်ယောက်နဲ့ သူဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူးတဲ့၊ သူလည်း ဘွဲ့ရပြီး ကိုယ်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု ထူထောင်ပြီး အောင်မြင်နေပါတယ်"

နှင့်ရဲ့အချစ်တွေကိုတော့ ငါအရမ်းလေးစားသွားပြီ လရိပ်ထင်။ အချိန်တွေ နှစ်ပေါင်းဘယ်လောက်ပဲ ကြာမြင့်ပါစေ ငါ့အတိတ်က အမဲစက်ကို ဖျက်ပစ်လို့မရနိုင်ဘူးမဟုတ်လား။ စာသင်ခန်းထဲက Black board ပေါ်က အမှားမဟုတ်ဘူးလေ။

လရိပ်ထင် ဘာတွေ လုပ်ပြီး ဘယ်လိုနေထိုင်နေသည်ကိုပင် မသိတော့။

လွန်ခဲ့တဲ့ ခြောက်လလောက်က လရိပ်ထင်အမေ ဒေါ်လေးချို ဆုံးသွားတာပင် မြရိပ်ညို မသွားခဲ့။ အဖေ့ကိုပင် အသိမပေးမိ။ မြရိပ်ညို လူမှု ရေး ညံ့ပြီး ရက်စက်စိမ်းကားခဲ့တာလား။

လရိပ်ထင်နှင့် မပတ်သက်မိဖို့ သူမစိတ်တွေကို ထိန်းချုပ်ထားခဲ့သည်။

မထင်မှတ်ဘဲ နေရီရီနှင့် ဆုံမိပြီး လရိပ်ထင်အား သတိရလွမ်းဆွတ်တမ်းတမိလာရ၏။ တကယ်ပါပဲဟယ် ... အရမ်းလွမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နင့်ကိုတွေ့ချင်တယ်။

နာကျင်တဲ့ နှလုံးသားတွေကို ရင်ထဲမှာ ပွေ့ပိုက်၍ သူမ ပြန်လာခဲ့သည်။

"မြရိပ်ညို"

"ဟင် ... လရိပ်ထင် ... နင် ... "

"နေရီရီက ကိုယ့်ဆီ ဖုန်းဆက်တယ်၊ မြရိပ်ညိုကိုအပျိုကြီး ဘဝနဲ့ လှလှပပတွေ့ခဲ့တယ်တဲ့၊ ဒါကြောင့် ... ကိုယ်လာခဲ့တာလေ၊ မင်းရက်စက်လိုက်တာ မြရိပ်ညိုရယ်၊ အမေဆုံးသွားတာတောင် အဆက်အသွယ် မလုပ်ခဲ့ဘူး"

"ငါက အရာအားလုံးကို မေ့ပစ်ထားတာလေ၊ နင်လည်း အရမ်းခန့်ညားချောမောလာတယ် လရိပ်ထင် ... ဝမ်းသာပါတယ် ဟာ၊ နင်မိန်းမယူမှ နင့်မင်္ဂလာပွဲကို ငါလာခဲ့မယ်လို့ ဆုံးဖြတ်ထား တာ"

"ဟုတ်လား ... ကိုယ့်မင်္ဂလာပွဲကို မင်းတကယ်လာမယ် လား မြရိပ်ညို"

"အင်း ... နင်တွေ့ပြီလား၊ မြရိပ်ညိုကို မိတ်ဆက်ပေးဟာ ဝမ်းသာတယ်"

လရိပ်ထင် အကြည့်တွေက ရူးစိုက်လွန်း၍ မြရိပ်ညို မျက်နှာ ကို ဘယ်လိုထားရမှန်းမသိအောင် ပူထူသွားသည်။





နင်လက်ထပ်မယ့် မိန်းကလေးတွေ့နေတာ ငါပျော်မယ် ထင်နေလား။ ငါလည်း နာကျင်ရပါတယ်။

"ဘာကြည့်နေတာလဲ လရိပ်ထင်"

"နင်အရမ်းပျော်သွားလား ဝမ်းနည်းကြေကွဲနေလားဆိုတာ သိချင်လို့"

"ပျော်တာပေါ့ ... မြရိပ်အဖြစ်ချင်ဆုံးဆန္ဒပဲလေ၊ ပျော်တယ်"

သူမ အသံလေးက ထိန်းချုပ်ထားသည့်ကြားထဲမှ အဖျား ခတ်တုန်ရီသွား၍ မျက်တောင်ကော့တွေကို ပုတ်ခတ်ထိန်းသိမ်း နေစဉ် လရိပ်ထင် လက်တွေက သူမမျက်နှာလေးအား ဆွဲယူမော့ စေပြီး မင်းဝမ်းနည်းကြေကွဲသွားတာမဟုတ်လားဟု မေးသည်။

"ဝမ်းမနည်းပါဘူး ဘာဖြစ်လို့ ကြေကွဲရမှာလဲ ... ငါအားလုံး ကိုမေ့ထားတယ် နင်လက်ထပ်တာ ငါအပျော်ဆုံးပါ လရိပ်ထင်ရယ်"

"ငါ လက်ထပ်မယ့်သတို့သမီးက ဘယ်သူလဲသိလား ... ဒီမှာလေ"

လရိပ်ထင်က မှန်လေးတစ်ချပ်ကို ထုတ်ပြီး သူမရှေ့မှာ ထောင်ပြသည်။

ဝမ်းပမ်းတနည်းနှင့် ကြောင်ကြောင်ငေးငေးကြည့်ပြီးမှ သူမ နှုတ်ခမ်းလေးက ဟန်ဆောင်နိုင်ခြင်းတောင်မရှိဘဲ ပြုံးယောင်လေး သန်းသွားသဖြင့် လရိပ်ထင်က သူမခန္ဓာကိုယ်လေးအား ရဲရဲတင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းလေး ပွေ့ဖက်လိုက်သည်။

သူမလည်း ရှန်းကန်ငြင်းဆန်မနေဘဲ သူမလက်လေးတွေက တုန့်ပြန်၍ ဖက်တွယ်ထားလိုက်၏။ လရိပ်ထင်နှင့် မြရိပ်ညို့တို့ရဲ့ ရင်ခုန်သံတွေ ရောထွေးစီး မျှောသွားကြလေတော့သည်။

ရှင်မြတ်နိုး။

BURMESE CLASSIC
www.burmeseclassic.com